www.burmeseclassic.com

# ရှင်ဖိုး

# ဝူးဆိန်းရှာပတဲ့ဝိုဂျိန်စာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးပုံနှိပ်သူ ။ ဒေါ်[illegible] (၀၈၆၉၂)
မြတ်လေးပုံနှိပ်တိုက်
အမှတ် ၁၂၄၊ မြတ်လေးရုံ၊
ပြည်ထောင်စုရိပ်သာလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
စာမူခွင့်ပြုချက်အမှတ်.... ၅၀၂/ ၉၆ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်.... ၅၇၆/၉၆(၁၀)
ပထမအကြိမ်၊ ၁၉၉၇ ခုနှစ်၊ ဧပြီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၃၀ ကျပ်

ရှင်မိုး (ဆေးတက္ကသိုလ်)


# ရေးဆန်းလှပတဲ့ကျိန်စာ

ဝတ္ထုသစ် (အစ, အဆုံး)



www.burmeseclassic.com

www.burmeseclassic.com



# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းတိုက်ညီ ဘေးကင်းသည်

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။



www.burmeseclassic.com

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား
ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မောင်ကျော်ဖြိုင်

# ရွှေဟင်္သာ

တ၁၆၀

မှစီစဉ်ထုတ်လုပ်ပါသည်။

# ငွေရှင်မိုး

(ဆေးတက္ကသိုလ်)

# ထူးဆန်းလှပတဲ့ကျိန်စာ

www.burmeseclassic.com

# နိဒါန်း

ဤအဖြစ်အပျက် စတင်ဖြစ်ပွားသည့်အချိန်ကား မြန်မာနိုင်ငံသို့ ဂျပန်တပ်များ ဝင်ရောက်ကြီးစိုးနေခဲ့သော အချိန်ကာလပင် ဖြစ်၏။ (၁၉၄၄) ခုနှစ်နှင့် (၁၉၄၅) ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်ရပ်ငယ်လေး တစ်ခုပင်တည်း။

အထက် မြန်မာပြည်၏ မထင်မရှား ရွာကလေး တစ်ရွာတွင် ဂျပန်တပ်များ အခြေစိုက်စခန်းချနေခြင်းက ဤအဖြစ်အပျက်နှင့်တော့မဆိုင်။

ဤအဖြစ်အပျက်နှင့် ဆိုင်သည်က ထိုရွာကလေးတွင် ဂျပန်များကို အင်မတန်မှ ကပ်ဖါးပြီး မျက်နှာလိုအားရ လုပ်တတ်သော ရွာမျက်နှာဖုံး သူဌေးကြီး၏ တစ်ဦးတည်းသောသား မောင်မောင်ကြီးနှင့် အစိက သက်ဆိုင်ခဲ့လေသည်၊ တဖန် ထိုမောင်မောင်ကြီးက အသေအလဲ ချစ်မြတ်နိုးခဲ့သော ထိုရွာကလေးမှာ

www.burmeseclassic.com

www.burmeseclassic.com

နေထိုင်သည့် သာမန်လယ်သမားကြီးမိသားစုအတွင်းမှ တစ်ဦးတည်းသောသမီးကလေးဖြစ်သူ ဒေါင်းမလေးနှင့်လည်း အဓိကသက်ဆိုင်ပါသည်။

မောင်မောင်ကြီးသည် ဒေါင်းမလေး၏ အချစ်ကို ပိုင်ဆိုင်ခွင့်ရရန် ပြီးတော့ ဒေါင်းမလေးအား ပိုင်ဆိုင်ခွင့်ရရန် ဒေါင်းမလေးအား လက်လွှတ် မဆုံးရှုံးသွားစေရန် စသည့်စိတ်ဓါတ်များ ပိုမိုစိတ်အားထက်သန်လာရခြင်းမှာ ဒေါင်းမလေး၌ ကိုရင်နောင်ဆိုသော ချစ်သူတစ်ယောက် ရှိသွားခဲ့ခြင်းကြောင့်ပဲဟု ဆိုရပေမည်။

မောင်မောင်ကြီးချစ်မြတ်နိုးရသော ဒေါင်းမလေးက မောင်မောင်ကြီးကို မချစ်၊ ကိုရင်နောင်ဟူသော သာမာန် ရွာသားကလေးကို ချစ်သူအဖြစ် ရွေးချယ်ခဲ့လေသောအခါ ဤအဖြစ်အပျက်များ စတင်ခဲ့တော့တာဖြစ်သည်။

# ပထမတစ်ပိုင်း

## (၁၉၄၄ - ၁၉၄၅)

## ဒေါင်းမလေး၊ မောင်မောင်ကြီး၊ ကိုရင်နောင်

www.burmeseclassic.com

# ဂ

"ဘာပဲဖြစ်ဖြစ်... အခွင့်အလမ်းသာရင် ကိုယ့်ဘက်က မြန်မာတစ်ယောက်အနေနဲ့ ငြိမ်မနေသင့်ဘူးလို့ ထင်တယ်... ဂျပန်ကို တော်လှန်တဲ့နေရာမှာ ဝင်ပါသင့်ရင် ပါရမှာပဲ... တစ်ရွာလုံး သူ့ကို ချယ်လှယ်နေတာကို မတတ်သာလို့ ကိုယ်ငြိမ်ခံရနေတာ... တကယ့်အကယ် စိတ်ထဲမှာတော့ လုံးဝ မခံချင်ဘူးကွာ၊ ကိုယ်နဲ့ပိုပြီး သက်ဆိုင်တာက ဟိုကောင် မောင်မောင်ကြီးပဲ။ သူက ကိုယ့်ရဲ့ဒေါင်းမလေးကို အသေအလဲ ကြိုက်နေတဲ့ကောင် ပြီးတော့ သူ့အဖေဟာလည်း သူဌေးဆိုတဲ့ ဂုဏ်ကိုမှ မညှာဘူး... ဂျပန်စစ်ပိုလ်ရှေ့ ဒူးထောက်ရန်၊ အိမ်မှာ တင်ကျွေးရတဲ့ ဂျပန်စစ်သားတွေအတွက် ကုန်ကျစရိတ်မှန်သမျှသာ ရွာကမရှိဆင်းရဲသားတွေကို ဝေမျှခဲ့ရင်ဆိုတဲ့ စိတ်ဓါတ်မျိုးမရှိဘူး၊ သို့ပ် တကိုယ်ကောင်းဆန်တဲ့ သားအဖပဲ... မောင်မောင်ကြီးကလဲ ဖအေ့ခြေရာ တစ်ထပ်တည်း နင်းတဲ့ကောင်... ၊



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စကားလေး မတောက်တစ်ခေါက် ပြောကြည့်ပြီး ဂျပန် အလိုတော်ရှိ ဘဝကို သူမ္မိ ခံ့မင်တယ် အံ့ရော… သူတို့သားအဖ ဂျပန်နဲ့ အဆင်ပြေတာဟာ ကိုယ့်အတွက် စိုးရိမ်ရမဲ့ အချက်ပဲ… ”

“အစ်ကိုရယ်… ကိုယ့်ဘာသာ အေးအေးဆေးဆေး ငြိမ်နေရင် အန္တရာယ် ကင်းပါတယ်… ကျွန်မကိုလည်း ယုံပါ၊ ကျွန်မ… အစ်ကိုကလွဲရင် ဘယ်ယောကျ်ားတစ်ယောက်ကိုမှ ရွေးချယ်မှာ မဟုတ်ပါဘူးရှင့်… ပြီးတော့… မောင်မောင်ကြီးဘာသာ ကျွန်မကို ဘယ်လောက် သဘောကျကျ… ၊ သူ့ဘာသာ ဘယ်လောက် ဂျပန်နဲ့အဆင်ပြေပြေ စိုးရိမ်စရာမရှိပါဘူး အစ်ကိုရဲ့… ။ အဖေတို့ကလည်း မောင်မောင်ကြီး ကျွန်မကို ဘာနဲ့ပဲ တင်တောင်းပါစေ… ကျွန်မ သဘောမတူရင် ပေးစားမှာ မဟုတ်ပါဘူး… ”

ဒေါ်ငွေမလေးက အစ်ကို့ကိုသာ စိုးရိမ်ပါသည်။ အစ်ကိုသည် အတန်းပညာကို ခုနစ်တန်းအထိ သင်ဖူးသူဖြစ်၏။ ဒီရွာ၏ အနီးအနား မြို့ကြီးတစ်မြို့မှာ အစ်ကို အတန်းပညာတွေ သွားသင်ခဲ့စဉ်တုန်းက အစ်ကိုနဲ့ ဒေါ်ငွေမလေးတို့ ချစ်သူတွေတောင် မဖြစ်သေး။ ကျောင်းပိတ်ရက်တွေ အစ်ကိုပြန်လာလျှင်တော့ ဒေါ်ငွေမလေး အင်မတန် ပျော်ရပါသည်။

သူမထက် အသက်သုံးနှစ်ကြီးသော အစ်ကို





ကိုရန်နောင်၏ သူမအပေါ် ချစ်ခြင်းက နှမလေးတစ်ယောက်ထက် ပိုခဲ့ပါပြီ ဟု ဖွင့်ဟဝန်ခံခဲ့ဖူးသည့် တစ်နေ့မှာ ဒေါ်ငွေမလေး၏ အပျော်များ ထပ်ဆင့်ခဲ့သောနေ့ဟု ဆိုရပေမည်။

အစ်ကို့ကို ခင်မင်ရင်းစွဲနှင့် အားကိုးတကြီး ချစ်မြတ်နိုးခဲ့သူမှာ ဒေါ်ငွေမလေးဆိုသည့် ကောင်မလေးပဲဖြစ်သည်။

“ကိုယ်… အတန်းပညာတွေ ဆက်မသင် တော့ဘူး… ဒေါ်ငွေမလေး… ကိုယ့်ကို ပညာသင်ပေးနေတဲ့ ဦးကြီးမှာ စီးပွားရေး တော်တော်ကျပ်တည်းနေပြီ၊ နိုင်ငံရေးကလည်း မတည်မငြိမ်နဲ့ ကျောင်းတွေကလည်း ဖွင့်လိုက်… ပိတ်လိုက်နဲ့။ ပညာသင်ရတာ ကိုယ် အတော်စိတ်ပျက်လာပြီကွာ… ဒါကြောင့်… ကိုယ်… ရွာမှာ ပြန်နေပြီး အမေနဲ့ အစ်ကိုတို့နဲ့ အတူတူ ယာလုပ်ဖို့ ဆုံးဖြတ်မိတယ်… ဦးကြီးက စိတ်တော့မကောင်းဘူး… ကိုယ့်ကို သူက သာမန်လူတစ်ယောက်အဝထက် ကိုယ်တို့ အမျိုးထဲမှာ မရှိဖူးတဲ့ အစိုးရအရာရှိ တစ်ယောက်ဘဝအထိ မျှော်မှန်းထားခဲ့တာပေါ့… ဒါပေမယ့်ကွာ ဘဝဆိုတာ မျှော်မှန်းတိုင်း ဖြစ်ထိုက်မှ ဖြစ်တာပါ… အခု လောလောဆယ် ကိုယ်ဖြစ်ချင်တဲ့ ဘဝကတော့ ကိုယ့်ချစ်သူကလေးနဲ့ လက်ထပ်ပြီး အေးအေးချမ်းချမ်း နေချင်တဲ့ ဘဝတစ်ခုပဲ ဖြစ်ချင်တယ်”

အစ်ကိုသည် မြို့မှ အပြီးအပိုင် ပြန်လာပြီးမကြာမီ



www.burmeseclassic.com

www.burmeseclassic.com



ပင် သူမနှင့် တတွဲတွဲ ရှိလာချော်အခါ သူမအား အရင်ထဲက ပိုးပန်းနေခဲ့ပြီးဖြစ်သည့် မောင်မောင်ကြီးဘက်မှ ခြေလှမ်းတွေက တော့ အံ့ဩဖွယ် ကောင်းလှစွာ နောက်ဆုတ်မသွားခဲ့ချေ။

မောင်မောင်ကြီးသည် အတန်းပညာလေးတန်းမျှ သင်ဖူး၏။ သူ့ရုပ်ရည်က သာမန်ရုပ်ရည် အမျိုးအစား ဖြစ်ပေမဲ့ သူ့စိတ်ထားကတော့ ယုတ်ညံ့လှသည်ဟု ဒေါင်းမလေးက မှတ်ချက်ချချင်သည်။ သူနဲ့ဒေါင်းမလေးက သက်တူရွယ်တူဖြစ်၏။ ငယ်ငယ်ကတော့ အတူတူ ကစားခဲ့ဖူးတာ မှတ်မိသေးသည်။ သူ့မှာ အဲဒီအရွယ်ထဲက သူတစ်ပါးကို အနိုင်ကျင့် ဗိုလ်ကျလိုစိတ်၊ သူလိုချင်တာကို တရားသည် ဖြစ်စေ၊ မတရားသည်ဖြစ်စေ မရမကယူတတ်သောစိတ်၊ အညိုးကြီးအတေးကြီးသောစိတ် ဘယ် အရာမဆို သူသာအနိုင်ရမှ ကျေနပ်သောစိတ် ရှိသူမှန်း ဒေါင်းမလေး သိခဲ့ရလေသည်။

မကြာခဏ အနိုင်ကျင့်ခံရဖန်များလာ၍ နောက်ပိုင်းတော့ ဒေါင်းမလေးကမောင်မောင်ကြီးနဲ့ မကစားတော့ဖို့ သူ့မဲဘာသာ ရှောင်ရှားခဲ့စဉ်တုန်းကတော့ အရသား။ အပျိုအရွယ်ဘဝကို ရောက်လာသောအခါ မောင်မောင်ကြီးသည် တစ်ရွာလုံးမှာ အလှဆုံး မိန်းကလေးဟု တင်စားခံရသော ဒေါင်းမလေးကို အရှုအမူး စွဲလမ်း ချစ်ခင်ခဲ့ခြင်း၊ လိုက်လံ ပိုးပန်းခြင်း၊ ရည်းစားစကား မကြာခဏ လာပြောခြင်းတို့ကိုတော့ ရှောင်ရှား မရခဲ့ပါ။





"အဖေတို့မှာ လယ်တစ်ကွက်ပိုင်တယ်… အဲဒီမှာ အဖေကိုယ်တိုင်လုပ်တယ်၊ သမီးရဲ့အမေတွေ အဒေါ်တွေ ကောက်စိုက်တယ်… ဒါပေမဲ့ ငါ့သမီးကတော့ ကောက်မစိုက်ရဘူး၊ လယ်ထဲမဆင်းရဘူး သိလား… အိမ်မှာ အေးအေးဆေးဆေး ဗိုင်းငင်ပြီး ချက်ရေးပြုတ်ရေး တာဝန်ယူ။ အဘွားကို ပြုစု… အဖေတို့ဆီ ထမင်းလာပို့တဲ့ အလုပ်လောက်ပဲ လုပ်။ ငါ့သမီးရုပ်ရည်ကလေးက အင်မတန်မှလှတာ။ လယ်သူမဖြစ်ဖို့ မလိုက်ဖက်တဲ့ ရုပ်ရည်ကလေးမို့ အဖေတို့ တမင်မခိုင်းတာ။ အဲဒါကို ဝမ်းနည်းမနေနဲ့…"

အဖေ၏ စေတနာစကားကြောင့် ဒေါင်းမလေး၏ ဘဝမှာ လယ်သူမ ဖြစ်ခွင့် မကြုံခဲ့ချေ။

"ဒေါ်လေးတို့ပဲ ကောက်စိုက်မယ်ဟေ့… ညည်းကလေးက အိမ်မှာ အေးအေးနေ… ရှိတာမှ ဒီတူမကလေး တစ်ယောက်ထဲရယ် လှတပတမို့ ရွှေလိုဥထားရမှာ… ညည်း ငယ်ငယ်က သိပ်ချူချာတာ… အလုပ်ကြမ်းလုပ်လို့ ရမယ် မထင်ဘူးအေ့… ကောက်စိုက်ဖို့ စဉ်းကိုမစဉ်းစားနဲ့… စဉ်းစားရင် ခေါင်းခေါက်ပစ်မယ်…"

အဖေ့ညီမ အဒေါ်အပျိုကြီး နှစ်ယောက်၏ မေတ္တာစကားကြောင့် ဒေါင်းမလေး၏ဘဝမှာ ဗိုင်းငင်တာ



www.burmeseclassic.com

www.burmeseclassic.com



လောက်၊ နွားစာစဉ်းတာလောက်၊ မောင်းထောင်းတာလောက် ကလေးကိုသာ အင်မတန် ပူဆာပြီး ဝင်လုပ်မှ လုပ်ခွင့်ရခဲ့သည်။

"မောင်ရန်နောင်ကလည်း သမီးကို တော်တော် မြတ်နိုးရှာတာ သမီးက ပျော့တီးပျော့ဖတ်မို့ အမေတို့က အလုပ်မခိုင်းတာကို သူလဲ ကောင်းကောင်းသိနေတာပဲ။ သူနဲ့ အိမ်ထောင်ကျရင်လဲ သမီးကို လယ်ထဲမဆင်းခိုင်းဖို့ အမေတို့ကတောင် မှာစရာ လိုမယ်မထင်ဘူး။ သူကိုယ်တိုင်က လယ်ထဲမဆင်းခိုင်းမှာ မြင်ယောင်သေး.. သူ့အမေက လာတောင်းရမ်းတဲ့ နေ့ကျရင်တော့ အမေတစ်ခု တောင်းဆိုရဦးမယ်။ မောင်ရန်နောင်ကို သမီးနဲ့လက်ထပ်ပြီးတဲ့ အခါမှာ အမေတို့ အိမ်မှာပဲ လိုက်နေစေဖို့.. အမေ့သမီးကလေးက ဒီမိသားစုထဲမှာ တစ်ယောက်ထဲရယ်.. သူများ မိသားစုလက်ထဲ မထည့်နိုင်ပါဘူး။ မောင်ရန်နောင်တို့ မှာကမောင်နှမတွေအများကြီးရယ်သူ့အမေ မခင်သိန်းက ဒီသားတစ်ယောက် ပေးလိုက်ရလို့လဲ အကြောင်း မဟုတ်ဘူးအေ့.. သူ့မှာ စိတ်ဖြေစရာ တခြားသားတွေ၊ သမီးတွေမှ အများကြီး.. အဲဒီကိစ္စ မခင်သိန်းနဲ့ တွေ့ရင် ပြောကို ပြောရဦးမယ်... "

အမေ၏ ကြိုတင်ပြင်ဆင်သော စကားများ အမေ့နှုတ်ဖျားမှ ထွက်ပေါ်လာသည့် အကြောင်းရင်းကတော့ အစ်ကို ကိုရန်နောင်၏ အမေ ဒေါ်ခင်သိန်းက ဒေါင်းမလေးနဲ့ အစ်ကို့





ကိစ္စကို စီစဉ်ပေးတော့မည်ဟု အစ်ကိုထံမှ တဆင့် သူမက အမေ့ကို ပြန်ပြောသည့်နေ့က ဖြစ်၏။

"ကျုပ်မြေးက ဒီရွာမှာ အချောဆုံး အလှဆုံးကလေး၊ တကယ်ဆို မြို့တက်ပြီး ပညာတွေသင်သင့်တာ.. ရာထူးဂုဏ်ထူးတွေ ပိုင်ဆိုင်တဲ့ ပညာတတ် မိန်းမချောကြီး ဖြစ်သင့်တာ။ ကျုပ်က သူ့မွေးကတည်းက အဲဒီလောက်ထိကြို စိတ်ကူးယဉ်တယ်ဟေ့။ တကယ်ဆို.. မြို့မှာ အဆင့်အတန်းမြင့်မြင့် နေထိုင်ရတဲ့ ဘဝမျိုးပဲ ရစေချင်တာပေါ့.. ဒါပေမဲ့ မြို့တက် ပညာသင်ပေးနိုင်လောက်အောင်လဲ ငွေကြေးက မတတ်နိုင်.. မြို့မှာ ဆွေမျိုးရင်းချာကလဲ မရှိနဲ့ ဘယ်လိုလုပ် ဒီဘဝရတော့မလဲ။ ဘုန်းကြီးကျောင်းက သင်သလောက်ကလေး ရေးတတ်ဖတ်တတ်တာကို ကျေနပ်ပြီးခဲ့ရပေမဲ့ မောင်ရန်နောင် မြို့တက်ပညာသင်တော့ အံမယ်... ကျုပ်က ဘာမှန်းသလဲဆိုရင် ကျုပ်မြေးက ဝန်ထောက်ကတော်၊ မြို့ပိုင်ကတော်၊ ဒါမှမဟုတ်.. ရှေ့နေကြီးတို့ တရားသူကြီးတို့ရဲ့ ကတော်ဖြစ်ဖြစ်.. အဲဒီဘဝကို ရတော့မှာလို့ မှန်းတာရှင်... အေး ဒါပေမဲ့ အခြေအနေက တစ်မျိုးပြောင်းသွားတော့လဲ ဘယ်တတ်နိုင်မလဲ ဘဝပေးအခြေအနေပဲပေါ့.. "

အဘွားကတော့ အစ်ကို လာရောက် တောင်းရမ်းသည့် သတင်းကိုကြားစဉ် အိပ်ရာထဲမှာ ပန်းနာရင်ကျပ် ရောဂါကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လှဲနေရင် မကျေမချမ်း ရေရွတ်တာသာကြည့်။

ဒေါင်းမလေး၏ဘဝမှာ ငွေကြေး မပြည့်စုံပေမဲ့ မေတ္တာ စေတနာတွေ လက်ခံ ရရှိခဲ့သူဖြစ်၍ စိတ်ချမ်းသာမှု အဲတိန့်ပင်။ ပြီးတော့ ဒေါင်းမလေးကို ချစ်သော အစ်ကို့ အချစ်တွေ။ အဲ့ဒီအချစ်တွေကလဲ ဒေါင်းမလေး၏ ဘဝကို သာယာလှပ စေခဲ့ပါသည်။

ဘယ်လောက် ပြီးပြည့်စုံရတဲ့ ဘဝလဲလို့။

ဂျပန်တွေ မြန်မာပြည်ကို ကျူးကျော်တာလဲမသိ။ အင်္ဂလိပ်ထွက်ပြေးရတာလဲ မသိ။ အရှေ့အာရှ စစ်မီးကြီး စတင်နေတာလဲ စိတ်မဝင်စား။ သူမတို့ရွာနဲ့ တော်တော်ကြီး အလှမ်းဝေးသည့် ရန်ကုန်မြို့ဆိုသည့် နေရာကြီးမှာ ဗုံးကျဲခံရတာတွေ၊ တိုင်းပြည်အနှံ့ ဗုံးကျဲခံရတာတွေ၊ ဗုံးခိုကျင်းတွေ တူးထားရတာတွေလောက်တော့ အစ်ကို ပြောပြောနေ၍ သိရတာဖြစ်သည်။

“အင်္ဂလိပ်လေထီးတပ်တွေ ဗမာပြည်ထဲ ဝင်လာပြီဆိုပဲ... မဟာမိတ်ဗုံးကျဲ လေယာဉ်တွေကြောင့် ဂျပန်တွေ ဒုက္ခရောက်တာအကြောင်း မဟုတ်ဘူး... ကိုယ်တို့ ပြည်သူတွေက ဘယ်နေ့ ကိုယ့်ရွာ ကိုယ့်ဒေသ ဗုံးကျဲခံရမလဲ ဆိုတာ တထိတ်ထိတ်နဲ့... တကယ်တော့ စစ်ဆိုတာ သူတို့ ဘာသာ ဘာကြောင့်ပဲ တိုက်တိုက် တွေးကြည့်ရင် ဘယ်လိုမှ အကောင်းမြင်လို့ မရတဲ့အရာတစ်ခုပဲ။ ကိုယ့်ကိုပဲ





ကြည့်... ဒီ 'စစ်' ဆိုတာ စတင်တာကြောင့် ကိုယ့် ရည်မှန်းချက် ပျက်ရပြီ။ ဒါပေမဲ့... ကိုယ် စိတ်မပျက်ပါဘူး။ စစ်ပြီးသွားတဲ့ တစ်နေ့ ကိုယ်... ပညာတွေ ဆက်သင်ဦးမယ် အခု လောလောဆယ်တော့ ဂျပန်ကို အခါအခွင့် သင့်ရင် ဝင်တိုက်ချင်သေးတယ်။ သူတို့ကို မုန်းတယ်... အင်္ဂလိပ်ကိုလဲ မုန်းတယ်... အလကားနေရင်း သူများမြေပေါ် ကျူးကျော်ချင်တာကို မခံချင်ဆုံးပဲ... ”

“အစ်ကိုရယ်... ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကြီးပါ။ ကျွန်မကို ချစ်ရင် အစ်ကို ဒီအလုပ်တွေကို ဝင်မပါနဲ့နော်... အဲ့ဒါ တော်လှန်ရေးသမားတွေ အလုပ်ပါ။ ကျွန်မ အစ်ကို့ရဲ့ အလုပ်မဟုတ်ပါဘူးကွယ်... အစ်ကို့အလုပ်က သူတို့ ရန်ဖြစ်တာတွေကို ဘေးကနေ ငြိမ်ငြိမ်ကလေး ထိုင်ကြည့်ဖို့ပဲလို့ ကျွန်မ အကြံပေးမယ်... ”

အစ်ကိုသည် သာမန်ရွာသူတလေးဖြစ်ပြီး ဗဟုသုတ ခေါင်းပါးသော ဒေါင်းမလေးကို ဖြူးကြည့်တတ်တာကလွဲရင် သူ့မှာ ဘာကြောင့် ဒီစိတ်ဓါတ် ရှိနေသလဲဆိုတာကို ရှင်းပြခြင်း မရှိခဲ့ချေ။ ဒေါင်းမလေးကလည်း အစ်ကို့ကို ရိုးရိုးသာမန် ...သမားကလေး အဖြစ်သာ သတ်မှတ်ပါသည်။

အမှန်လည်း အစ်ကို့မှာ ဒီလို စိတ်ဓါတ်ရှိတာ၊ ...ဆိုနေတတ်တာကလွဲရင် ဒီလို အလုပ်တွေ လုပ်ခဲ့ခြင်းအရှ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သူမ ကိုနှိုက်ပြောရပါသည်၊

သို့သော် အဖြစ်ရှာလိုသော မောင်မောင်ကြီး အတွက်တော့ အစ်ကို၏ ပညာတတ်ခြင်း၊ ရွာထဲက လူငယ်တွေကို သူသိသမျှ စစ်အကြောင်း ပြောပြတတ်ခြင်း၊ ပြီးတော့ ဒေါင်းမလေး၏ အချစ်ကို ပိုင်ဆိုင်ခွင့်ရခဲ့ခြင်းများက အဓိက ဖြစ်ချက်များ ဖြစ်စေခဲ့ကြောင်း မကြာမီမှာ သိခွင့်ရခဲ့ပါသည်၊

ထို မကြာမီသော အချိန်သည် အစ်ကို့ မိခင် ဒေါ်ခင်ဆိန်းက သူမ၏ မိဘများထံ သူမ,အား လာရောက်တောင်းရမ်း စေ့စပ်ပြီးသည့် နောက်မှာပင် ဖြစ်လေသည်။

..... ◎ .....

မေမေသိန်းဟု သူမ ငယ်ငယ်ထဲက နှုတ်ကျိုးစွာ ခေါ်ဝေါ်ခဲ့ပြီးသည့် အစ်ကို့မေမေသည် အိမ်၌ သူမတယောက်ထဲ ကျန်နေခဲ့ချိန်မှာ ငိုကြီးချက်မဖြင့် ရောက်လာခဲ့၏။ သူမအတွက် ကံဆိုးစေမည့် သတင်းကို သယ်ဆောင်လာခဲ့သည့် နံနက်ခင်းမှာ အစ်ကိုနဲ့သူမတို့ လူကြီးစုံရာဖြင့် စေ့စပ်စကား ပြောကြားပြီးသောနေ့၏ ခုနှစ်ရက်မြောက်နေ့ပင် ဖြစ်ပါသည်။

"အံမလေး... ကိုယ်ကျိုးတော့ နည်းပါပြီ ဒေါင်းမရဲ့ လုပ်ပါဦး သားကို သူတို့ လာဖမ်းသွားကြပြီ... ဒီမနက်ပဲ... သူတို့တတွေ အမေ့သားကို လာဖမ်းသွားကြပြီ"





"ဘယ်သူတွေလဲ မေမေသိန်း... ပြောပါအုံး... ကျွန်မကို သေသေချာချာ ပြောပြပါအုံး... မေမေသိန်းရဲ့။ ကျွန်မရင်တွေ တုန်လိုက်တာရှင်... အစ်ကို ဘာများ ဖြစ်လို့ အဖမ်းခံရတာလဲ"

"သူတို့ပေါ့... သူတို့...။ ဂျပန်စစ်သားတွေ... ဂျပန်စစ်ဗိုလ်တစ်ယောက်လဲပါတယ်... ပြီးတော့ မောင်မောင်ကြီးလဲ ပါတယ်၊ အမေ့သားကို အင်္ဂလိပ် သူလျှိုဆိုပြီး ဖမ်းတာတဲ့... သူတို့ဘာတွေ ပြောသလဲ အမေတော့ နားမလည်ပါဘူး... မောင်မောင်ကြီးရဲ့ ခြေသလုံးကို ဖက်ပြီး အမေငိုယို မေးလွန်းလို့ သူတစ်ခွန်းပြောပြသွားမှ သိခွင့်ရတာ။ အမေ့သားက မြို့တက်ပြီး အင်္ဂလိပ်ကျောင်းမှာ ပညာသင်ဖူးတာပဲ ရှိပါတယ်... ဒီလို အလုပ်တွေ မလုပ်ပါဘူးဆိုတာ ပြောပေးပါလို့ မောင်မောင်ကြီးကို အမေ လိုက်တောင်းပန်ခဲ့ပါသေးတယ်ကွယ်... ဒါပေမဲ့... မောင်မောင်ကြီးက ဘာမှ ပြောမပေးဘူး... ခေါင်းခါပြပြီး... စစ်ဆေးပြီးရင် ပြန်လွှတ်မှာပါလို့ အာမခံသွားလေရဲ့... အဲဒါ အမေ မယုံဘူး... မောင်မောင်ကြီးက သိမ်ကောက်ကျစ်တာ... သူ့မျက်လုံးတွေထဲမှာ အမေ့သားကို ဒုက္ခရောက်စေချင်နေတဲ့ အရိပ်တွေ ပြည့်နှက်နေမှန်း အမေတွေ့လိုက်ရတယ်... ဒေါင်းမရဲ့..."

ဒေါင်းမလေးသည် မထင်မှတ်ခဲ့သော အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက် တစ်ခုအား ကြားလိုက်ရသည့် ခဏ၌ တိတ်ဆိတ်စွာ ကြောင်ငေးသွားခဲ့သည်မှာ တကယ့်ကို အကြာကြီးပင် ဖြစ်၏။ မေမေသိန်းက ငိုနေရင်းမှ ဘူမဆီမှ အသံတစ်ခုမျှ မကြားရ၍ သတိရပြီး ဒေါင်းမလေးအား အကဲခတ်မိလျှင်..

"ဒေါင်းမ... ဒေါင်းမ... ဟဲ့ သမီး ဒေါင်းမ... အံမယ်လေး ဒုက္ခပါပဲ ဒေါင်းမ ထိုင်ရက်ကြီး သတိလစ်သွားပါပြီ.. လုပ်ကြပါဦး အရပ်ကတို့ရဲ့... ကျုပ်မှာ သားလဲ အဖမ်းခံရ.. ချွေးမလောင်းလဲ ဆုံးရှုံးရတော့မယ်... "

တဟီးဟီး ရင်ဘတ် စည်တီး ငိုချင်းချကာ ဒေါင်းမလေး၏ ပုခုံးတွေကို ရှေ့တိုးနောက်ငင် ဆွဲလှုပ်မှ 'ဟင်း' ကနဲ သက်ပြင်းရှည်ကြီးဖြင့် သူမ ပြန်လည် သတိဝင်ခဲ့ရပါသည်။

နံဘေးအိမ်မှ လူတချို့ အပြေးအလွှား ရောက်ရှိ။ အဘွားကလဲ အိပ်ရာထဲက ကုန်းရုန်းထကာ ဒေါင်းမလေး အနား ဝင်ထိုင်။ မေမေသိန်းကို တစ်ယောက်တစ်ပေါက် ဝိုင်းမေး စသည့် ဖြစ်ရပ်များအား စကားတစ်ခွန်းမျှ ဝင်မပါမိပဲ ငြိမ်နားထောင်နေမိ သူမှာ ဒေါင်းမလေး တစ်ယောက်သာ ဖြစ်သည်။

"မောင်မောင်ကြီး တမင် ယုတ်မာတာ.. ဒေါင်းမက သူ့ ပြန်မကြိုက်လို့.., ရန်နောင့်ကို အညှိုးအတေး ထားတာ... သူတမင် ဂျောက်တွန်းလို့ ဂျပန်တွေ ရန်နောင့်ကို အပြစ် မရှိဘဲ လာဖမ်းတာပေါ့.. "





တစ်ယောက်က အခြေအနေတစ်ရပ်ကို သဘောပေါက်ကာ ဝင်ပြောတာကို သူမ, လက်ခံခဲ့ပါသည်။

"ရန်နောင်ကလည်း နိုင်ငံရေးကို တော်တော်စိတ်ဝင်စားတာ အမြဲတမ်း တပြောပြောနဲ့ဗျ.. ကျုပ်တို့တောင် ရန်နောင်ပြောပြမှ သိရတာ.. သူ.. ဒီလို ပြောနေလို့လဲ မောင်မောင်ကြီး အပြစ်ရှာစရာ ရသွားတာနေမှာ.. "

"မြို့မှာ အင်္ဂလိပ်ကျောင်း သွားတက်ဖူးတာကိုလဲ အပြစ်လို့ ဆွဲယူရမှာပေါ့.. ။ ရန်နောင်က သူလျှိုလုပ်ဖို့ မပြောနဲ့ သူက အင်္ဂလိပ်ကိုတောင် မုန်းနေသေးတာ။ ဒါကြောင့်.. အင်္ဂလိပ်တွေနဲ့ ရန်ဖြစ်ရင် သူတို့ကို ပြန်ပြောနိုင်ဖို့ တမင် အင်္ဂလိပ်စာသင်တာဆိုလား.. သူက သိပ်ရည်မှန်းချက်ကြီးတာပဲ။ ပညာတတ်ကြီး ဖြစ်ချင်ရှာတာ.. စစ်ကြောင့် သူ့ပညာရေးမတတ်သာလို့ ရပ်ဆိုင်းရတာကို သူ့ခမျာ ယူကြုံးမရလို့ နိုင်ငံရေးအကြောင်း စစ်အကြောင်း ပြောပြောနေရတာပါဗျာ၊ ရန်နောင် သူလျှို မဟုတ်ဘူးဆိုတာ ကျုပ်တို့ ယုံတယ်"

"နင်တို့ယုံလဲ အလကားပဲ.. မောင်မောင်ကြီး စကားကိုပဲ ဂျပန်က ယုံတာ။ မောင်မောင်ကြီး ဂျောက်တွန်းတာကို အဟုတ်ထင်ကြမှာပေါ့.. လဒရဲ့... "

မေမေသိန်းသည် တစ်ယောက်တစ်ပေါက်သော



www.burmeseclassic.com

www.burmeseclassic.com



အိမ်နီးချင်းတွေ၏ စကားကို နားထောင်လိုက်၊ ငိုလိုက်။ ဒေါင်းမလေးကတော့ မျက်ရည် တတွေတွေကျကာ စကားတစ်ခွန်းမှ မဆိုဖြစ်တာကို ဘယ်သူမှ ဝရှုမပြုမိကြချေ။ အဘွားက ချောင်းတွေ တဟွတ်ဟွတ် မိုးဆိုးလာလျှက်က သူ့မြေးကလေးကို ပုခုန်းဖက်၍ နှစ်သိမ့်ရှာသားပင်။

"ကျွန်မသားလေးကို ပြန်လွှတ်ပေးကြပါ့မလား မသိဘူးရှင်... ကျွန်မ သားက လူလိမ္မာလေးပါ.. အမိုးတန့်တဲ့သားတလေးပါ.. သူ့အစ်မတွေ အစ်ကိုတွေကဆို စစ်ကြိုးမြီးလို့ နိုင်ငံရေးငြိမ်သက်သွားရင် မြို့မှာ ပညာဆက်သင်ဖို့ ငွေတွေ ကြိုစု ထားကြတဲ့အထိ ရည်မှန်းထားခဲ့ရတဲ့သားပါ..အမယ်လေး သားရဲ့... အမေ့ရင်တွေ ကွဲပါပြီ..."

မေမေသိန်းက ထိုသို့ပြော၍ ငိုရင်း တစ်ချက်သတိလစ်သွားတော့ ခြေမချိုးသူ၊ နှာနပ်သူ၊ ယပ်ခတ်သူ၊ သံပုရာသီး နှာခေါင်းနားတေ့ပေးသူတွေနှင့် အလှုပ်ရှုပ် ဗျာများတုန်တော့သည်။ မေမေသိန်း ဘာပြောချင်သလဲ။ သူ့သား ဒီလိုဖြစ်ရတာ သူမရဲ့ ပယောဂ မကင်းဘူးလို့ အပြစ်တင်ချင်သလား။ သူမကို ချစ်မိလို့ သူ့သား ဒုက္ခရောက်တယ်လို့ ဆိုချင်သလား။

ပြီးတော့ အစ်ကို့ရဲ့ မောင်နှမတွေ အိမ်မှာဘာတွေ ထင်မြင်ချက်ပေးပြီး ကျန်ရစ်နေကြမလဲ။ ဒေါင်းမကြောင့်။ မောင်မောင်ကြီးက ဒေါင်းမကို မရလို့ သူတို့မောင်ကို အညှိုးထားတယ်။





ဒေါင်းမကြောင့် ဒီလို အဖြစ်ဆိုးနဲ့ တွေ့ရတယ်လို့ သူတို့တတွေ ပြောကျန်ရစ်မည်ဆိုတာ ဒေါင်းမလေးက အလိုလိုတွေး သိခဲ့ပြီးခဲ့ပြီ။

ဒေါင်းမလေးက ဒါဟာ သူမ,ကြောင့်ဟု ဝန်ခံပါသည်။ အစ်ကိုတာ သူမကြောင့် ဒီလို ဒုက္ခတွေ ကြုံရပါသည်ဟု အများက လက်ညှိုးထိုးလျှင်လည်း ငြိမ်ခံပါမည်။ ဒါ အမှန်တရားတွေပဲ။

မောင်မောင်ကြီး ဘာကြောင့်အစ်ကို့ကို ချောက်ချသလဲဆိုတာ သူမ,ကိုယ်တိုင် အတပ်သိခဲ့ခြင်းမှာ...

"ဒေါင်းမ... နင်က ငါ့ကို မချစ်နိုင်တာ လက်စသတ်တော့ ဟိုအကောင်ကြောင့်ကိုး... ငါ အခုမှသိရတာ ငါညံ့တာပဲ။ မြို့တက် ပညာသွားသင်တဲ့ ရန်နောင့်လို့ကောင်မှ နင်က အထင်ကြီးတဲ့ သဘောလား... အဲဒီပညာတွေ တတ်တော့ရော... သူ့လို သခမန်အကောင်ကို အင်္ဂလိပ် အစိုးရက ဘယ်လိုလုပ် ဘာရာထူးတွေနဲ့ နေရာပေးမလဲ၊ အင်္ဂလိပ် အစိုးရပိုင် ရာထူးတွေကို ဗမာတစ်ယောက် နေရာရဖို့ဆိုတာ အတော့ကို ခဲယဉ်းတာ နင့်အကောင် မသိရှာဘူး။ နင်ကလဲ မြို့ပိုင်ကတော်ဘဝ စိတ်ကူးယဉ်နေတာဟာ မပိုင်ဝက်မွေးတာပဲလို့ ငါကဲ့ရဲ့တယ် သိလား... နင်ငါ့ကို ယူလိုက်တာတမှ သူဌေးကတော်ဖြစ်ဦးမယ်။ နင့်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



ယူစမ်းပါဟာ ငါ့လိုကောင်ကို ဒီရွာက ကောင်မတွေ ငမ်းငမ်းတက် မှန်းနေတဲ့ အထဲကမှ ငါက ဘယ်သူ့ကိုမှ စိတ်မဝင်စားပဲ နင့်တစ်ယောက်ထဲကိုပဲ သတ်သတ်မှတ်မှတ် ချစ်တာကို နင်က အသိအမှတ် မပြုဘူး... ငါ့အချစ်ကို စော်ကားတယ်၊ မြို့တက်ပညာသင်တဲ့ အကောင်ကိုမှ စိတ်ဝင်စားတယ်... အထင်ကြီးတယ်... နင်ကြည့်နေ နင့်အကောင်ဟာ ငါ့လောက်တောင် အစွမ်းအစ မရှိပါဘူး ဆိုတာ နင် တစ်နေ့သိသွားစေရမယ်... ”

ဟူ၍ မောင်မောင်ကြီးက သူမနှင့်လယ်ကန်သင်းမှာ မျက်နှာချင်းဆိုင် ဆုံသည့်တစ်နေ့တွင် ထန်းရေတွေ မူးနေရင်း ဤသို့ ရန်တွေ့ခဲ့ဖူးပါသည်။

“အစ်ကို့မှာ နင့်လောက် မချမ်းသာတဲ့ အစွမ်းအစသာ မရှိရင် မရှိမယ်... နင့်ထက် အရည်အချင်းရော၊ စာရိတ္တရော၊ ပညာအဆင့်အတန်းရော၊ အမြော်အမြင်ရော လိုက်မမီအောင် သာတာအမှန်ပဲ။ ပြီးတော့... နင့်လို ဂျပန်ရွှေမှာ ဒူးထောက်ပြီး မျက်နှာချို မသွေးတာကို ငါ ပိုအထင်ကြီးတယ်... ”

“ဟင်း... နင်တော့လား... ငါ ဒီလို ဂျပန်တွေကို ကပ်ဖါးနေလို့ နင်အားကင်းနေတယ်မှတ်ပါ... ဂျပန်စစ်ဗိုလ်က ဒီရွာလုံးမှာ အချောဆုံး အလှဆုံး မိန်းမ ရှာပေးဆိုတုန်း





က ငါ့မှာ ကြံလိုက်ဖန်လိုက်ရတာ... နင့်ကိုလဲ ဂျပန်စစ်ဗိုလ်တွေ မသွားပါစေနဲ့လို့ ဆုတောင်းရတာတစ်မျိုး။ နင့်အဖေဆီ ထမင်းသွားပို့တာတောင် ငါ့မှာ စိတ်မချလို့ နောက်က လိုက်စောင့်ရှောက်ရတာ တစ်မျိုး။ နင့်ကို ငါ လာသတိပေးထားပြီး အိမ်ထဲက အိမ်ပြင် သိပ်မထွက်နဲ့လို့ မှာရတာတစ်မျိုးနဲ့ နင့်ကိုငါ ကာယ်ထားရတဲ့ ကျေးဇူးကို တယ်စော်ကားချင်တာပဲ... နင့်ကိုသာ ငါတကယ် မမြတ်နိုးဘူး၊ တကယ်မချစ်ဘူးဆိုရင် ဒီလောက်တောင် အကာအကွယ်ပေးမိမှာ မဟုတ်ဘူး။ နင့်ကို သိပ်ချစ်လွန်းလို့ အရိပ်တကြည့်ကြည့် စောင့်ရှောက်နေရတဲ့ ငါ့အချစ်တွေကို နင်သိပ်ပျက်ရယ်ပြုလွန်းတယ်... တကယ့်တကယ်တွေးကြည့်ရင် နင့်အကောင် ရန်နောင်က ငါ့လောက် အစွမ်းအစ မရှိပါဘူး... ဘယ်မှာလဲ ချစ်သူတစ်ယောက်ကို ကာကွယ်ပေးနိုင်တဲ့ အစွမ်းအစချစ်သူကို မဲ့တစ်ပေါက်မစွန်းအောင် သူ ဘယ်လို ကာကွယ်ပေး နိုင်မလဲ နင်စဉ်းစားပါဦး... ဂျပန်ဗိုလ် ဖါးတစ်ချက် ပစ်ရိုက်လိုက်တာနဲ့တင် ကြောက်ဒူးတုန်ပြီး နင့်ကို ဖွတ်ထားရာက ထုတ်ပေးမဲ့ကောင်မျိုး။ ငါကတော့ မရဘူးဟေ့ သူ့ခေတ် သူ့အခါအရ ဖါးသင့်သူကို ဖါးရမယ်... သို့သော် ကိုယ့်ချစ်သူကိုတော့ ဘယ်တော့မှ အထိမခံဘူးမှတ်... အဲဒီ့ ပတ်သက်ရင်တော့ အသက်နဲ့လဲပြီး ကာကွယ် ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ် ဘာမှတ်သလဲ။ အင်္ကျီလိပ်ဝင်ရင် အင်္ကျီလိပ်ကို ဖါးရမှာပဲ... ဂျပန်ဝင်ရင် ဂျပန်ကို ဖါးရမှာပဲ။ တိုင်းပြည် လွတ်လပ်ရေးရတာ၊ မရတာ ငါ့အလုပ် မဟုတ်ဘူး၊ သူကျွန်ဖြစ်တာ ငါ့အလုပ် မဟုတ်ဘူး၊ ငါနဲ့မဆိုင်ဘူး၊ အဲဒါ တော်လှန်ရေးသမားတွေအလုပ်... ငါက သူတို့ကိုလဲ မနှောင့်ယှက်မိအောင်နေတယ်... ကျူးကျော်လာတဲ့ ကောင်တွေနဲ့လဲ တည့်အောင်ပေါင်းတယ်... အဲဒါ ငါ့ အလုပ်ပဲ... သိလား ဒေါင်းမ... နင်လဲ ရန်နောင့်စကား တွေကို နားယောင်မနေနဲ့ ကိုယ့်ဘာသာ အပြစ်လွတ် အောင်နေ... ”

“နင် မြဲမြဲ မှတ်ထားရမှာ တစ်ခုက နင်ဟာ ဘယ်တော့မှ ငါတလွဲရင် ဘယ်ယောက်ျားကိုမှ လက်မထပ်စေရဘူး ဆိုတာပဲ စောင့်ကြည့်နေ... မယုံရင်... နင်ဟာ ငါ့ကို လက် မထပ်ပဲ ရန်နောင့်ကို လက်ထပ်သွားတာမျိုး ငါ လုံးဝ မဖြစ်မခံမှာ မဟုတ်ဘူး... ဒေါင်းမ။ စောင့်ကြည့်လိုက် စမ်းပါ... ”

အဲဒီတုန်းက ပြောခဲ့ ကြိမ်းဝါးခဲ့သော စကားများ ကို ပြန်လည်အမှတ်ရခဲ့တာကြောင့် မောင်မောင်ကြီးဟာ အစ်ကို့ ကို တမင်ပင် ဂျပန်တွေ ဖမ်းဆီးချင်သွားအောင် လုပ်ကြံခဲ့ခြင်း ဖြစ်ကြောင်း သူမ ယုံကြည်လေသည်။ လူတွေအားလုံး ဒေါင်းမ ကြောင့်ဟုစွပ်စွဲတာကိုမငြင်းပါ။ ဘာဖြစ်လို့လဲဆိုရင် ဒေါင်းမလေး





ကိုယ်တိုင်ကပင် အစ်ကို ဒီလို ဒုက္ခရောက်ရတာဟာ သူမကြောင့် ပါပဲဟု အတပ်သိနေခဲ့သလို သူမကိုယ် သူမလည်း အစ်ကို့ကို ဒုက္ခပေးသူဟု အပြစ်တင်မိရှာတည်း။

“မောင်မောင်ကြီးကို အဘွားကိုယ်တိုင် သွားတောင်းပန် ပေးပါမယ် မြေးရယ်... ဒီလို တွေတွေကြီး ငြိမ်ပြီး မျက်ရည်တွေ ကျမနေပါနဲ့... ဒီမှာ... အရပ်ကတို့ရဲ့ ဒေါင်းမကို ဝိုင်းအပြစ်တင်တာ မတရားဘူးလို့ ကျုပ်ပြောမယ်... ကျုပ် မြေးကလဲ သူ့မေတ္တာရှိတဲ့လူကို ဒီလိုဘယ်ဖြစ်စေချင်ပါ့ မလဲ... အဲဒါကို ထည့်စဉ်းစားကြပါဦး... နောက်ပြီး... ရန်နောင်ကရော ဘာလို့ ကျုပ်မြေးမှ လာမေတ္တာရှိသလဲ ဒါတွေဟာ ဖြစ်ချိန်တန်လို့ ဖြစ်သွားတာပဲ... ”

“ဩော်... အကြီးဒေါ်မြရင်ရယ်... ကျုပ်တို့က ဒေါင်းမကို အပြစ်တင်နေကြတာမှ မဟုတ်တာ... မောင်မောင်ကြီး ယုတ်မာတာကို အပြစ်တင်နေကြတာပဲ... ဒေါင်းမခမျာလဲ ရန်နောင့်ကို ဘယ်လောက် စိတ်ပူရှာမလဲ ကျုပ်တို့ ကိုယ်ချင်းစာတာပေါ့၊ သမီးဒေါင်းမကို မမေသိန်း အပြစ်တင် တာမဟုတ်ပါဘူးကွယ်... အမေ့ သားကလေးအတွက် စိတ်ပူလွန်းလို့ ဦးနှောက်တွေတောင် ကွဲထွက်ရတော့ မယ်ပ သမီးရဲ့... ဘုရားသခင် အရှင်ကိုယ်တော်မြတ်ကြီး ကယ်မ တော်မူပါဘုရား သားကလေးကို မောင်မောင်ကြီး ကျေ အေးချင်တဲ့စိတ်ကလေးသာ ထည့်ပေးလိုက်လို့ ကတော့



www.burmeseclassic.com

www.burmeseclassic.com



သားလွတ်မှာပဲ... ”

ထိုအခါ ဒေါင်းမလေးသည် ယခုမှပင် အိပ်မက်မှ နိုးထလာသူပမာ ခပ်တိုးတိုး ရေရွတ်မိပါသည်။

“မောင်မောင်ကြီးက ဘယ်တော့မှ အစ်ကိုကို ကျေအေးမှာ မဟုတ်ဘူး... သူက သိပ်အညှိုး အတေးကြီးတာ။ ကျွန်မအမှားပါ... အစ်ကိုကို ချစ်မိတာ ကျွန်မ အမှားပါ။ အစ်ကို ဒုက္ခ ရောက်အောင် ကျွန်မလုပ်မိပြီ။ မောင်မောင်ကြီးက ကျွန်မ အစ်ကိုကိုယူရင် သူက မဖြစ်၊ ဖြစ်တဲ့နည်းနဲ့ ဖျက်မှာပဲလို့ ကြိမ်းဝါးထားခဲ့ရက် ရှေ့ဆက်တိုးမိတာ ကျွန်မ အမှားပါရှင်... ”

ဒီသတင်းက ဘယ်ကဘယ်လို လယ်ထဲရောက်နေသော အဖေတို့ အမေတို့ ကြီးဒေါ်တို့ဆီ ရောက်သွားသည် မသိ။ အမောတကော အိမ်ပြန်ပြေးလာကြ၊ သတင်းမေးမြန်းကြ၊ မောင်မောင်ကြီးအား ကျိန်ဆဲကြနှင့် ပွက်လောရိုက်သွားပြန်ပါသည်။

အဖေက မောင်မောင်ကြီး၏ ဖခင်ကို သူကိုယ်တိုင်သွားပြောမည်ဟု ကျေညာလေသည်။

“ဖြစ်ပါ့မလား... အစ်ကိုရဲ့... ဦးအောင်ကြီးက ဒီရွာမှာသာ နေတာ... ဒီရွာကလူတွေကို လူလို့တောင် မထင်ရတဲ့





အထဲ... အစ်ကိုကို အိမ်ထဲ အဝင်ခံရင်တောင် ကံကောင်းနောက်ပြီးသူတို့အိမ်မှာ ဂျပန်ဗိုလ်က အမြဲရှိနေတာ တော်ကြာ အလကားနေရင်း အစ်ကို ပါးရိုက်ခံနေရဦးမယ်...”

“ဘာပဲ ဖြစ်ဖြစ်ကွာ... မခင်သိန်းသားပေမယ့် မောင့်ရန်နောင်က ငါတို့သားပဲ... ငါသွားပြောရမယ်... အပြစ်မရှိဘဲ ဗိုလ်ကျခံရတာကိုတော့ ငြိမ်ခံလို့ ဘယ်ဖြစ်မလဲ”

“အေးလေ... ဘယ်နေ့ ပြန်လွှတ်နိုး ပြန်လွှတ်နိုးနဲ့ ရင်မှ မျှော်လင့်နေရတာထက်စာရင် အကျိုးအကြောင်း မြန်မြန်သိရတာ ပိုကောင်းတာပေါ့... သူတို့ ဘာဖြစ်စေချင်သလဲ ဘာပေးစေချင်သလဲ၊ ဘာလဒ်ထိုးစေချင်သလဲ... သိရရင် ဖြစ်အောင် ကြံဖန်ရတော့မှာပေါ့... ”

အဖေ မသွားနဲ့ဟု သူမ, မတားမြစ်ခဲ့ပါ။ တား၍လည်း ရမည်မထင်ပါ။ အဖေက သူလုပ်မည်ဟု ပြောထားပြီးသည့် ကိစ္စဆိုလျှင် ဘယ်တော့မှ မလုပ်ခဲ့တာ မရှိ။

သူတို့ ဘာဖြစ်စေချင်လဲ။ ဘာပေးစေချင်သလဲ။ ဘာလာဒ်ထိုးစေချင်သလဲ တဲ့။ မေမေသိန်းတ ကြံဖန်ပေးဖို့ ရည်ရွယ်သတဲ့လား။ “ဒေါင်းမလေးနဲ့ရန်နောင်ကို လက်မထပ်ပေးဖို့ ရန်နောင်နောက်ဆုတ်ဖို့” လို့ မောင်မောင်ကြီးက တဘက်သတ်တောင်းဆိုလာလျှင် မေမေသိန်းက သားဇောနှင့် လိုက်လျောတော့မှာပဲလားဟင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို အစ်ကိုနဲ့ ကျွန်မတို့ရဲ့ ချစ်ခြင်းဆိုတာကို ဘယ်နား သွားထားရတော့မလဲ။ အစ်ကိုနဲ့ကျွန်မရဲ့ အနာဂတ်၊ အိပ်မက်၊ ရည်မှန်းရာ အဲဒါတွေကို အစ်ကို့ အသက်တစ်ချောင်း အတွက် ကျွန်မတို့ရဲ့ ချစ်ခြင်းကို မေ့ပစ်ရမှာပဲ မေမေသိန်းရဲ့ ဒါကို မေမေသိန်းမသိဘူး။

..... ◎ .....

ထိုနေ့ညမှာ ဒေါင်းမလေးက မအိပ်နိုင်ခဲ့ပဲ နဖူး ပေါ်လက်တင်ကာ အကြောင်းအရာတစ်ရပ်ကို အထပ်ထပ် အဖြေထုတ်နေခဲ့ပါသည်။

ရွေးရမည်။ အစ်ကို့ကို သူမ စာကယ်ချစ်ကြောင်း သက်သေပြရန် ဘာကိုရွေးရမလဲ။ အစ်ကို့အသက်ကို သူမ,ကယ် နိုင်ဖို့ အစ်ကို့ဘဝ အန္တရာယ်ကင်းဖို့။ အစ်ကို့မှာ သူမကြောင့် ကျရောက်ခဲ့ရသည့် ဒုက္ခဆိုးတွေ ချုပ်ငြိမ်းဖို့။ အစ်ကို့ဘဝ ဖြောင့် ဖြူးသာယာဖို့။

ဒေါင်းမလေးက တစ်စုံတစ်ရာကိုတော့ ရွေးချယ် ရတော့မည်ပင်။

..... ◎ .....



# ၁

"ဒေါင်းမလေးက အစ်ကိုလေးကို တွေ့ချင်တယ်လို့ မြော နိုင်းလိုက်တယ်.. သူလာတွေ့ရမလား။ အစ်ကိုလေး သူ့ကို လာတွေ့မလားတဲ့"

"ဟာ.. ဘယ်ဖြစ်မလဲ.. ငါသွားတွေ့ရမှာပေါ့.. ဒေါင်းမ ဒီအိမ်လာရင် ဟိုဂျပန်တွေ တွေ့ပြီး သဘောကျသွားမှ ဒုက္ခ... ငါ.. လာတွေ့မယ်လို့ အကြောင်းပြန်လိုက်.. ဘယ်ကို လာတွေ့ရမလဲဆိုတာ ဘယ်အချိန်လဲဆိုတာ သေသေချာချာမေးခဲ့.. ကြားလား.. "

"ဟုတ်ကဲ့.. ဟုတ်ကဲ့ အစ်ကိုလေး.. "

မောင်မောင်ကြီးသည် တစ်စုံတစ်ခုသော အကြောင်းအရာကို တွေးကာ ကျေကျေနပ်နပ် ပြုံးလိုက်ပါသည်။ ကိုယ် ဒီလို အခြေအနေမျိုးရောက်အောင် ဘယ်လောက် ကြံစည်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးခဲ့ရသလဲ မင်းမသိဘူး ဒေါင်းမရေ။ ကိုယ် မင်းကိုသိပ်ချစ်လွန်းလို့ ဘယ်လောက်ခံစားနေရသလဲ မင်းနဲ့ဟိုကောင် ရန်နောင်တို့ ယူကြတော့မဲ့သတင်းက ကိုယ့်ကို ဒီလို အကြံအစည်မျိုးကို အကောင်အထည်ပေါ်ဖြစ်ဖို့ တိုက်တွန်းစေခဲ့တာ။

"ဒေါင်းမက... သူ့အဖေ လယ်ထဲကို ထမင်းသွားပို့တဲ့ အချိန်လောက်မှာ တွေ့မယ်တဲ့... သူလယ်ထဲကို သွားတဲ့ လမ်းကို အစ်ကိုလေး သိပါတယ်တဲ့... အဲဒီလမ်းမှာပဲ စောင့်ပါတဲ့... "

ဖိုးခွေးသည် တပည့်ရင်းပီသစွာမင် တာဝန်ကျေပွန်လွန်းနေခဲ့၏။ အဲဒီအတွက် သူက ဖိုးခွေးကို ဆုကောင်းကောင်းချဖို့ စဉ်းစားထားခဲ့ပြီးပြီ။

"ဖိုးခွေး... ရော့ ဒီမှာ ငါ့ကိုမာစတာတွေပေးထားတဲ့ ဂျပန်အရက် မင်းသောက်ချင်နေတယ် မဟုတ်လား... ယူသွားလိုက်တော့... သိပ် အလွန်အကျွံကြီးလဲ သောက်ပစ်မနေနဲ့ဦး... ချွေချွေတာတာသောက်... အဲ့ဒီကောင် သိပ်ပြင်းတယ်ဆိုတာ ငါတောင်လက်ခံသွားတာသာကြည့် မင်းကိုငါက ငါ့အကျိုးဆောင်ပေးလို့ ဆုချတာ မင်းကြိုက်တယ် မဟုတ်လား"





"ဘယ်နှယ့် ပြောလိုက်တာလဲ ကြိုက်တာပေါ့ အစ်ကိုလေးရယ်... ကျုပ် တကြိုက်လားသောက်ခွင့်ရတယ်... စွဲသွားတာပဲ... အစ်ကိုလေးနဲ့ဒေါင်းမ အဆင်ပြေပါစေဗျာ မင်္ဂလာဆောင်တဲ့အခါကျရင် ကျုပ်တို့ဒီ့ထက်မကသောက်ရမှာလား အစ်ကိုလေး... "

"မင်း သောက်နိုင် သလောက်ပေါ့ကွာ... ငါတိုက်မှာ စိတ်ချ... "

ကိုယ်... သိနေတယ်ဒေါင်းမ။ မင်းဟာ ဘယ်နည်းနဲ့မဆို ကိုယ့်ကိုလက်ထပ်စေရမယ်။ အဲဒီ့တစ်ချက်ကိုပဲ ကိုယ်က တောင့်ဆိုမှာပါ ဒေါင်းမရယ်။ ကိုယ့်ကို မင်းချစ်သည်ဖြစ်စေ။ ချစ်သည်ဖြစ်စေ ကိုယ့်ဘဝမှာ မင်းကို ပိုင်ဆိုင်ရဖို့က အဓိကပဲ။

မောင်မောင်ကြီးသည် သူချစ်သူနှင့် တွေ့ရမည့်အချိန်သို့ နီးလာလေလေ ရင်တွေ ပိုခုန်လာလေပင်။ မရိုးနိုင်သောခုန်ခြင်းကို ဖန်တီးပေးနိုင်ခဲ့သူမှာ သူ့လောက၌ ဒေါင်းမတစ်ယောက်သာရှိကြောင်း ဝန်ခံချင်သည်။ ဒေါင်းမလေး လျှောက်သွမ်းလာရာ လယ်ကန်သင်းနံဘေးတွင် ရပ်၍ ခြေလှမ်းမှန်မှန်သွမ်းလာသူကလေး၏ တည်ငြိမ်ခြင်းကိုတော့ သူ အံ့ဩ၍ မဆုံးနိုင်တော့ပြီ။

"နင့်ကို တွေ့စရာရှိလို့ ငါတမင်စောထွက်လာတာ... နင်စောင့်လက်စနဲ့စောင့်ဦး... ငါအဖေတို့ကို ထမင်းပေးတောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားပို့ထားလိုက်ဦးမယ်... ပြီးမှ နင်နဲ့ဆွေးနွေးနိုင်မယ်"

"ငါစောင့်နေပါ့မယ်... နင့်အလုပ်တွေ နင်ပြီးအောင်သာ လုပ်ပါ ဒေါင်းမရဲ့... "

မောင်မောင်ကြီးသည် လိုအပ်တာထက် ပိုတည် ငြိမ်လွန်းနေသော မိန်းကလေးကို မြတ်နိုးစွာ ရပ်ကြည့်ကျန်ရ ခဲ့၏။ နေပူကျဲတဲကြီးမှာ တမင် အချိန်အကြာကြီး ရပ်စောင့်ခိုင်း တာကိုလဲ အပြစ်မယူ ရက်သူမှာ မောင်မောင်ကြီးဆိုသည့် လူတကာက လူဆိုးလူသွမ်းအဖြစ် သတ်မှတ်ခံရသူပဲတည်း။ ယ အခါမှာတော့ သူ့မျက်နှာမှာ အလိုပြည့်ခြင်း အရိပ်တွေဖြင့်။

နေလုံးကြီးက သူ့ခေါင်းပေါ် တည့်တည့်ကျရော သောအချိန်ကျမှ ဒေါင်းမလေး၏အရိပ်ကို လည်ကာန်သင်းရိုးပေ မှာ ပြန်တွေ့ခွင့်ရတော့သည်။ ကြည့်စမ်း ဘယ်လောက်တော ကြာသွားပြီလဲ မသိ။ တကယ်ဆို ထမင်းသွားပို့ပြီး ပြန်ချိန်လော မှ မှန်းပြီး စောင့်ဆိုလဲရသားနဲ့။ အခုတော့ သူ့ကို တမင်နှိပ်စ လို၍ ထမင်းပို့ချိန်လား၊ ထမင်းပို့ပြန်ချိန်လား ခွဲခြား မပြောခဲ့ ကြောင့် နေပူထဲမှာ အကြာကြီး ရပ်စောင့်နေခဲ့သော မောင်မော ကြီး၏ ဖြစ်အင်ကို ဒေါင်းမလေးက သဘောတကျ မဲ့ပြုံးပြုံး ကို မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

"တော်တော်မှ ချွေးဒီးဒီးကျသွားရဲ့လား... "





"ရပါတယ်... ဒီလောက်က ပင်ပန်းတဲ့အလုပ်မှ မဟုတ် တာ"

"ဟုတ်တာပေါ့.. ပင်ပန်းတဲ့ အလုပ်ဆိုတာက သူတပါး ဒုက္ခရောက်အောင် ဘယ်လိုဂျောက်တွန်းရမယ်ဆိုပြီး ကြံ စည်ရတဲ့ အလုပ်မျိုးကိုမှ ပင်ပန်းတဲ့အလုပ်လို့ ခေါ်တာ... ရှင်သိပြီးသားပဲ ဖြစ်မယ်ထင်ပါရဲ့... "

"အဲဒါလဲ မပင်ပန်းပါဘူး... ရန်နောင်ဆိုတဲ့ကောင်ကို ဘယ်လို ဂျောက်ချရမလဲဆိုတာ သိပ်ပင်ပင်ပန်းပန်း စဉ်း စားစရာမှမလိုတာ... ဒီကောင်က အေးအေးဆေးဆေး နေခဲ့ရင် ငါ့အတွက် သူ့ကို ဂျောက်ချဖို့ပင်ပန်းမှာ မဟုတ် ဘူး ဒေါင်းမရဲ့... ခုတော့ ဒီကောင်က ရွာထဲမှာ လားလား လားလား၊ ဟိုဆရာလုပ်.. ဒီဆရာလုပ်၊ စကားကြီး စကား ကျယ်တွေပြော။ ကာလသားတွေက သူ့ကို စွတ်အထင် တွေကြီး... အေး... သူ အဲဒီ့လို လုပ်နေတာကို မာစတာ တွေက သတိမပြုမိဘဲ နေမလား... တိုက်တိုက်ဆိုင်ဆိုင် ငါ့ကို ခေါ်မေးတော့ ငါက ဒီကောင်က မြို့မှာ အင်္ဂလိပ် ကျောင်းသွားတက်တယ်လို့ ပြောရုံနဲ့တင်မက သူ့ကို အထင်ပိုလွဲသွားအောင် အင်္ဂလိပ်သူလျှိုလိုလို တော်လှန် ရေးသမားလိုလို ပိုပြောပစ်လိုက်တာပေါ့.. ငါ့အတွက် နှစ်ခါ မပြောလိုက်ရပါဘူး... သူတို့က ဖမ်းမယ် ဆီးမယ် ထဖြစ်ကြတော့ ငါက အလိုက်သင့်ကလေး ရန်နောင့်အိမ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြရုံပါဘဲ... ဒါပဲ... ဘာမှ မပင်ပန်းလိုက်တဲ့ အလု ကလေးပဲပေါ့... ဒေါင်းမရဲ့... ငါ့အတွက် ပင်ပန်းတ အလုပ်ဆိုတာက နင့်ကို ပိုင်ဆိုင်ခွင့်ရဖို့ပဲ"

"နင် သိပ်ယုတ်မာတယ် မောင်မောင်ကြီး... အစ်ကို အေးအေးဆေးဆေး နေတဲ့လူဆိုတာ နင်သိရဲ့သား တမင် ယုတ်မာတာ... အစ်ကိုဟာ ငါ့ချစ်သူဖြစ်ရတာ နင်ဒီလောက် အညှိုးအတေး မထားသင့်ဘူး... အစ်ကို ဘာမှ အပြစ်မရှိဘူး... ဘယ်တော့မှလည်း အပြစ်လုပ် မဟုတ်ဘူး..."

"ရန်နောင့်မှာ အပြစ်မရှိဘူးဟုတ်လား... ဟားဟား သိပ်ရှိတာပေါ့ ဒေါင်းမရယ်... ရန်နောင်က နင့်ကိုချစ် အပြစ်ပဲ... နင်က ရန်နောင်ကို ပြန်ချစ်တာလဲ ရန်နေ အပြစ်ပဲ"

ဒေါင်းမလေးသည် ဒေါသဖြစ်ရလွန်း၍ အသာ တွေပင် တဆတ်ဆတ် တုန်ယင်လာခဲ့ပေသည်။ သူမ၏ မျက် ထဲမှာ ကြိတ်မနိုင်ခဲမရ၍ ဒေါသကြောင့် ဖြစ်တည်လာသောမျ ရည်များ၊ မောင်မောင်ကြီးကို အခဲမကြေသော အကြည့်များ၊ ရွ တီးစက်ဆုပ်သော အကြည့်များဖြင့် ပြည့်နှက်နေခဲ့လေပြီ။

ဒါကို မောင်မောင်ကြီးလည်း မသိမဟုတ်။ သိ ကြီးနှင့်ပင် ရယ်ကျဲကျဲလုပ်ကာ ထိုအကြည့်များ၏ ဒဏ်ကို ခံ





တဲ့ ခံယူနေသူ ဖြစ်တော့သည်။

"လောကမှာ နင့်လောက် မုန်းစရာကောင်းတဲ့သူ မရှိတော့ဘူး၊ နင့်ကို ငါသတ်ပစ်ရဲတဲ့ သတ္တိရှိရင် သတ်ပစ်လိုက်ချင်တယ်..."

"သတ်လေ ဒေါင်းမရဲ့ နင်သတ်ရဲရင် ခုချက်ချင်း ငါ့အမြဲဆောင်ထားနေကျ ဓားမြှောင်နဲ့ ထိုးသတ်လိုက်စမ်းပါ..."

"မသတ်ရဲလို့ပေါ့ မောင်မောင်ကြီးရယ်... လူတစ်ယောက် မပြောနဲ့ ပိုးဟပ်တောင်မှ မသတ်ရဲတဲ့ ငါက နင့်ကို ဘယ်လိုလုပ် ဓားနဲ့အရှင်လတ်လတ် ထိုးသတ်ရဲမလဲ..."

"နေစမ်းပါဦး... ဒေါင်းမရဲ့ နင်ငါနဲ့တွေ့ပြီး စကားပြောချင်တယ်ဆိုတာ ဒီအကြောင်းအရာတွေ ပြောဖို့လား... ငါ့ကို ရန်တွေရှာ့ သက်သက်နဲ့တော့ နင်ငါ့ကို တွေ့ဖို့ ချိန်းမယ်မထင်ဘူး"

"သိပ်မှန်တာပေါ့... နင့်မျက်နှာကို ကြည့်တောင်မကြည့်ချင်အောင် စက်ဆုပ်နေပေမယ့် အစ်ကို့အတွက် ငါမေးစရာရှိလို့ နင့်ကို တမင် ခေါ် တွေ့ရတာပဲ..."

မောင်မောင်ကြီးက ဘာလဲ ပြောဟူသော ပုံစံဖြင့် ကတ်ခုံးပင့် မေးဆတ်ပြတော့ ဒေါင်းမလေးမှာ သူ့ကို ထုရိုက် ကျတ်ဖဲ့ချင်၍ မဆုံးတော့။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့အတွက်မို့ သူ့ကို ဒီလောက်သည်းခံနေတာ။ အစ်ကို့ကို ဒေါင်းမလေးတတ်နိုင်တဲ့ဘက်က ကူညီမယ်။ အစ်ကိုမှာ အပြစ်မရှိဘဲ ဒေါင်းမလေးကြောင့် အစ်ကို ဒုက္ခမရောက်စေချင်ဘူး။ အစ်ကို့ကို ဒေါင်းမလေးချစ်တယ် အစ်ကို။ အဲဒါမှန်သော သစ္စာစကားပါပဲ။

"အစ်ကိုတို့ အဲဒီ ဂျပန်စစ်သားတွေက ဘယ်တော့ လွှတ်ပေးမှာလဲ… အဲဒါ ငါသိချင်တယ်"

မောင်မောင်ကြီးသည် တွေတွေဝေဝေဖြင့် အကြာကြီး ငြိမ်သက်တွေးတောနေခဲ့၏။ ဒေါင်းမလေးက ဒါကို စိတ်မရှည်ချင်။ 'ပြောလေ' ဟု ခပ်ကျယ်ကျယ် အော်ချရင်း မရှည်ရှယ်ပဲနှင့် သူ့လက်မောင်းတစ်ဘက်ကို အနုံးကနဲ မြည်သွားအောင် လက်သီးဆုပ်ကြီးဖြင့် ထုချမိတော့သည်အထိ။ ကိုယ့်လက် အစ အနကို ကိုယ်သိလိုက်တာမို့ တော်တော့်ကို နာကျင်သွားမယ်မှန်း ဒေါင်းမလေးသိလိုက်လျှင် ဤသို့ မောင်မောင်ကြီး နာကျင်သွားရခြင်းအတွက် ကိုယ့်ဘာသာ ကျေနပ်သွားခဲ့သေးသည်။

"ရန်နောင်ပြန်လွတ်စေချင်ရင် ငါလုပ်နိုင်တာက တစ်ခု တည်းရှိတယ်..မာစတာတို့ထင်တာ မမှန်ပါဘူး၊ ရန်နောင်က သူလျှိုမဟုတ်ဘူး ဆိုတာ သေချာပါတယ်လို့ ငါက ရော၊ အဖေကပါ အာမခံ လိုက်ရုံတင်ကလေး.. ကျွန်တော်တို့ ရွာသားကို ကျွန်တော်တို့ တာဝန်ယူပါတယ်လို့





အာမခံလိုက်ရင်… လွှတ်ဖို့လမ်းရှိမယ်… ငါတို့ မပြောပေးလို့ကတော့ လွှတ်မှာမဟုတ်ဘူး အခုလောက်ဆို ဒီကောင့်သွားတွေ တစ်ချောင်းချင်းပဲ ဆွဲနှုတ်နေပြီးပြီလား… လက်သဲခွံတွေပဲ ခွာခံရပြီးပြီလား… ပါးဘယ်နှစ်ချက် ရိုက်ခံပြီးပြီလဲဆိုတာတွေးသာကြည့်တော့… ငါ ပိုမပြောချင်ဘူး"

ဒေါင်းမလေးသည် ကြားဖူးနားဝရှိသော ဂျပန်ညှဉ်းပန်းနှိပ်စက်နည်းများကို အစ်ကို ခံစားနေရပြီဟူသော အသိဖြင့် အစ်ကို့ကို သနားစိတ်၊ စိုးရိမ်စိတ်များ ပြည့်လျှံလာရတော့၏။ အပြစ်ဆိုးလိုက်တာ အစ်ကိုရယ်။ အစ်ကိုသာ တစ်ခုခုဖြစ်သွားလို့ကတော့ ကျွန်မ တစ်သက်လုံး ယူကြုံးမရ ဖြစ်နေမိတော့မှာ။

"နင် လုပ်ပေးနိုင်ရင် လုပ်ပေးပါလား မောင်မောင်ကြီးရယ်… ငါနင့်ကို ခြေသလုံးဖက် တောင်းပန်ဆိုလဲ တောင်းပန်ပါတယ်… အစ်ကို့မှာ ဘာမှ အပြစ်မရှိဘူး… ငါ့ကြောင့် ငါ့ကြောင့်… အစ်ကို ဒုက္ခရောက်ရတာ ငါ့ကြောင့်… ငါနဲ့ ပတ်သက်ပြီး နင်က အညှိုးအတေးထားလို့ အစ်ကို ဒုက္ခရောက်ရတာ… နင့်ကိုငါ သိပ်မုန်းပေမယ့် အစ်ကို့အတွက် နင့်ရှေ့ ဒူးထောက်တောင်းပန်ဆိုလဲ တောင်းပန်ပါ့မယ်"

မောင်မောင်ကြီးသည် သူချစ်မြတ်နိုးရသော မိန်းမ၏ချစ်သူအပေါ် အပြစ်သည်းမှုကို အင်မတန် နားခါးလာတော့သည်။ ကြည့်စမ်း။ သူချစ်ရသော မိန်းမက သူ့ကို ဒီလိုတော့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး ချစ်မပြုပါလား။ သူ့မဟုတ်တဲ့ အခြားတစ်ယောက်ကို ဒီလောက်သည်းသည်းလှုပ် ချစ်ပြနေတာကို နားမခံသာလို့တော့ပြီ။

"ဒူးထောက် တောင်းပန်စရာမလိုပါဘူး.. ပုင်လိုက်လျှောပေးရမှာက တစ်ခုတည်းပါပဲ ဒေါင်းမရဲ့... နင့် အကောင်မသေစေချင်ရင်၊ သူ့မိအရပ်ထဲ အကောင်းပကတိအတိုင်း ပြန်သွားစေချင်ရင်၊ နင်လိုက်လျှောပေးရမှာက တစ်ခုတည်းပဲ ရှိတယ်၊ ငါ့ရဲ့တောင်းဆိုချက်ကို နင်လိုက်လျှောရင် နင့်အကောင် လွတ်ကို လွတ်စေရမယ်... စိတ်ချ"

"ဘာလဲ... ငါက ဘာလိုက်လျှောပေးရမှာလဲ"

"နင်... ငါ့ကို လက်ထပ်ရမှာ... "

သူတို့နှစ်ယောက်ကြား၌ ထိုစကားသံအဆုံးမှာ တဒင်္ဂမျှ တိတ်ဆိတ်ငြိမ်သက်သွားပါသည်။ မောင်မောင်ကြီးနှင့် ဒေါင်းမလေးတို့သည် တစ်ယောက်နဲ့တစ်ယောက် အရှုံးမပေးကြ စတမ်းပင် အကြာကြီး မျက်လုံးချင်း ပြိုင်ကြည့်နေခဲ့ကြသေးသည်။

မောင်မောင်ကြီး၏ မျက်လုံးများက အနိုင်ရသူ၏ မျက်လုံးတွေ။ ဒေါင်းမလေး၏ မျက်လုံးများက နာကျည်းမှုများ အတိဖြင့် ပြည့်လျှံနေသော မျက်လုံးတွေ။ မောင်မောင်ကြီးက ဒေါင်းမလေး၏ အဖြေကို ရင်တထိတ်ထိတ် ဖြင့် စောင့်မျှော်လေ





သည်။ အကယ်၍ ဒေါင်းမလေးက ရန်နောင် ဖြစ်ချင်ရာဖြစ်စေတော့ ဟု စိတ်ဆုံးဖြတ်ပြီး သူ့ကို လက်မထပ်လိုပါဘူး ဟူ၍ငြင်းလိုက်လျှင် သူ့ဘက်က ဘာတွေ ဆက်ကြံစည်ရဦးမလဲ ဆိုတာကိုလဲ ကြိုတင်တွေးထားပါသေးသည်။

"နင့်ကို ငါက လက်ထပ်ရင် အစ်ကို တကယ်လွတ်မှာ သေချာသလား... နင်ကတိပေးသလား... အာမခံရဲသလား... ငါပြတ်ပြတ်သားသား သိချင်တယ်"

"နင်နဲ့ငါ လက်ထပ်တဲ့နေ့ဟာ ရန်နောင် သူ့အိမ်ပြန်ရောက်တဲ့နေ့ပဲဖြစ်ကို ဖြစ်စေရမယ်... ငါက အဲဒီလောက်ထိ အပိုင်ပြောရဲတယ်... ဒေါင်းမ"

"အံ့သြပါရဲ့... ကိုယ့်ကို တစ်စက်မှ မချစ်နိုင်ပါဘူးလို့ ဝန်ခံထားပြီးတဲ့ မိန်းမတစ်ယောက်ကို နင်မို့လို ပိုင်ဆိုင်ချင်တဲ့ စိတ်ရှိတယ်... နင်ငါ့ကို လူပဲရချင်ရမယ်... ငါ့အချစ်တော့ ရမှာမဟုတ်ဘူး... တစ်သက်လုံး နင့်ကို ငါ မုန်းသွားလိမ့်မယ်"

"မောင်မောင်ကြီးဆိုတဲ့ ကောင်က သူချစ်တဲ့ မိန်းမက သူ့ကို ပြန်ချစ်သည်ဖြစ်စေ၊ ပြန်မချစ်သည်ဖြစ်စေ ဂရုမစိုက်ဘူး ချစ်တဲ့သူကို ပိုင်ဆိုင်ရရင် ကျေနပ်တဲ့လူစားထဲမှာ ငါက ထိပ်ဆုံးကပါတယ် ဒေါင်းမရဲ့... "



www.burmeseclassic.com

www.burmeseclassic.com



"နင်ယောကျ်ား ပီပီ.. ကတိတည်ရမယ်.. ဘုရားရှေ့မှာ ကျိန်ပြရမယ်.. သစ္စာရည်သောက်ပြရမယ်.. ကဲ.. ဘယ်လိုလဲ လုပ်ပြရဲပါ့မလား အဲဒါဆို နင့်ကိုငါယုံမယ်... နင့်ရဲ့ အပေးအယူနဲ့ တောင်းဆိုတဲ့ ဆန္ဒကို ငါလိုက်လျောမယ်"

မောင်မောင်ကြီးသည် ချစ်သူကို ပိုင်ဆိုင်ခွင့်ရတော့မည့် ဘဝလောက် ပျော်ရွှင်ချမ်းမြေ့စရာကောင်းတာ မရှိပြီဟု စိတ်ကူးယဉ်ပစ်လိုက်ပါသည်။ သူသည် သူ့အရည်အချင်းကို သူယုံကြည်ပါသည်။ ဂျပန်တွေက သူတို့သားအဖအား တော်တော် ယုံကြတာ၊ သူတို့သားအဖပြောလျှင် သံသယမရှိတာတွေကို သူကိုတိုင်လည်း သိထားခဲ့ပြီးပြီ။ ထို့ကြောင့် ရန်နောင့်ကို လွှတ်ရန် ကိစ္စမှာ သူ အလွယ်တလေး ပြောကြည့်၍ ရနိုင်မည်ဟု သူက ယုံကြည်စွာ ဒေါင်းမလေးကို ကတိပေးဖို့ ဆုံးဖြတ်၏။

ထိုနေ့မှာပဲ ဒေါင်းမလေး၏ ဆန္ဒအရ သူတို့ရွာမှာရှိသော ဆုတောင်းပြည့်စေတီ (ရွာက ရှေးလူကြီးများအဆိုအရတော့ နန်းတွင်းက မထင်မရှား မိဖုရားတစ်ပါးတည်ခဲ့သောဘုရားဟု သိရပြီး ဆုတောင်းများ၊ ကျိန်စာများ တော်တော်များများမှာ ထိရောက်လှသည်ဟူ၍ ပြောစမှတ်ရှိသည်) ၌ ကတိသစ္စာ ကျိန်ဆိုဖို့ မောင်မောင်ကြီးနှင့် ဒေါင်းမလေးတို့ မဆိုင်းမတွ သွားဖို့ ဆုံးဖြတ်ကြသည်။





"နင့်လက်မောင်းသွေးကို ဖေါက်ရမယ်... ဒီဘုရားရှေ့မှာ ကျိန်ဆိုပြီး သစ္စာရည်သောက်ပြရမယ်... အဲဒါမှ နင့်ကို ငါယုံမယ်... အဲဒါမှ နင့်ကို ငါလက်ထပ်နိုင်မယ်"

"ငါက အကျင့်ဆိုးပေမဲ့ ကတိတော့ တည်ပါတယ် ဒေါင်းမရဲ့..."

မောင်မောင်ကြီးသည် သူ့အိမ်သို့ သွားပြန်ယူလာခဲ့သော ငွေဖလားခပ်သေးသေးအတွင်းသို့ သူ့လက်မောင်းမှ သွေးတချို့ ဖေါက်ထုတ်နိုင်ဖို့ ပြင်ဆင်လေသည်။ ဒေါင်းမလေးက သူ့လုပ်ရပ်များကို စိမ်ပြေနပြေ ဘေးကထိုင်ကြည့်၏။

ဖခေါင်းကိုချသည်။ ညာလက်မောင်းကို ဆန့်တန်းလိုက်၏။ လက်မောင်းသွေးကြောများ ထောင်ထလာစေရန် ညာလက်သီးကို ခပ်ကျစ်ကျစ် ဆုပ်ပစ်လိုက်လေသည်။ ပြီးတော့ သူ့အိတ်ဆောင် ဓါးမြှောင်ကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ကာ သွေးကြောထောင်ထောင်များဆီ ထိုးစိုက်လိုက်၏။ ဆစ်ကနဲ နာကျင်ခြင်းအတွေ့နဲ့အတူ သွေးတွေ တလဟော ယိုစီးကျလာလေသည်။ ငွေဖလားကလေးဖြင့် အဆင်သင့်ခံထားပြီး လက်နှစ်လုံးစာမျှအရမှာ သူက ဖလားကို ဖယ်လိုက်၏။ သူ့ခေါင်းပေါင်းပုဝါဖြင့် လက်မောင်းမှာ ဒဏ်ရာကို ပတ်၍ ချည်နှောင်လိုက်ပြီးမှ...

"ကဲ... ပြီးပြီ... ငါ ကျိန်ရမဲ့ စကားကိုပြော..."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ… နှင့်ကျိန်တတ်သလို ကျိန်ပါ… ဒါပေမဲ့ ငါဖြစ်စေချင်တဲ့ သဘောတရားတော့ ပါကိုပါရမယ်… နင်က အစ်ကို့ကို လွတ်အောင် လုပ်ပေးမယ် ဆိုတာ မှန်ကန်ပါတယ်… အစ်ကိုပြန်လွတ်စေရပါမယ်… နင်နဲ့ငါ ယူဖြစ်တဲ့နေ့မှာ အစ်ကို့ကို ဖမ်းထားရာက ပြန်လွတ်ကို လွတ်စေရမယ် ဆိုတာမျိုးတွေ ပါရမယ်… မမှန်ခဲ့ရင် အသေဆိုးနဲ့သေပါစေတို့ ဘာတို့ ကျိန်ပေါ့၊ မှန်ခဲ့ရင် ဘာဖြစ်ချင်သလဲ နင်ဖြစ်ချင်တာကျိန်… ဒါပဲ၊ ကဲပါ… လျှာရှည်မနေနဲ့ မြန်မြန်လုပ်စမ်းပါ… "

မောင်မောင်ကြီးသည် ငွေဖလားကလေးကို သူ နဖူးနားထိအောင် လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်ထိုက်လေသည်။ ပုဆစ်တုပ်ထိုင်လျက် အနေအထားဖြင့် မျက်လုံးစုံမှိတ်ကာ ခပ်တိုးတိုး ရေရွတ်သံမှာ မောင်မောင်ကြီး နှင့် ဒေါ်င်းမလေးတို့၏ ဘဝများစွာအတွက် ကျိန်စာတစ်ခု ဖြစ်ခဲ့စေတော့၏။

"အရှင်ဘုရား… တပည့်တော်သည် မှန်ကန်သော သစ္စာစကားတစ်ခုကို ဘုရားရှင်ရှေ့၌ ကျိန်ဆိုပါမည်ဘုရား… တပည့်တော်သည် တပည့်တော်၏ နံဘေး၌ထိုင်နေသော ဒေါ်င်းမလေး၏ အလိုဆန္ဒအရ သူမ၏ချစ်သူကိုရန်နောင်အား ဂျပန်စစ်သားများ၏ အချုပ်အနှောင် လက်ထဲမှ လွတ်မြောက်အောင် အစွမ်းကုန် ကူညီပါမည်ဘုရား။





ကိုရန်နောင်သည် သူ၏ မိဘ ညီအစ်ကို မောင်နှမ များထံ ဘေးမသီ ရန်မခဘဲ ပြန်ရောက်အောင် တပည့်တော် ကြိုးပမ်းပါမည် ဟု ဝန်ခံကတိပြုပါသည်။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်သည် နောင်ဘဝဆက် တိုင်းဆက်တိုင်း၌ တပည့်တော်၏ နံဘေး၌ထိုင်နေသော ဒေါ်င်းမလေးအား ပိုင်ဆိုင်ခွင့်ရသောသူ ဖြစ်ရပါလို၏… ဒေါ်င်းမလေး၏ ချစ်ခြင်းမေတ္တာအား ရယူပိုင်ဆိုင်ရ တင်မက ဒေါ်င်းမလေးသည် ဘဝဆက်တိုင်း၌ပင် တပည့် တော်ကသာလျှင် သူမအား ပိုင်ဆိုင်ခွင့်ရသောသူ ဖြစ်ခြင်း နှင့် ကြုံရပါစေဟု ဆုတောင်းကျိန်ဆိုပါသည် ဘုရား…။ အကယ်၍… တပည့်တော်သည် ကိုရန်နောင်အား ဂျပန် များလက်ထဲမှ လွတ်အောင် မလုပ်ပေးနိုင်ခဲ့သည်ရှိသော်၊ သို့မဟုတ် ကိုရန်နောင်သည် မိဘရပ်ထံ အကောင်း ပကတိ သက်ရှိ ထင်ရှားစွာ ပြန်မရောက်ခဲ့သည်ရှိသော်… တပည့်တော်သည် သံသရာအဆက်ဆက်၌ လူဖြစ်လျှင် လည်း လူတို့၏ ဆင်းရဲ ဒုက္ခဆိုးဟူသမျှ ခံစားရသောသူ၊ သတ္တဝါဖြစ်လျှင်လည်း သတ္တဝါတို့၌ ကျရောက်တတ် သော ဆင်းရဲဒုက္ခဆိုး ဟူသမျှနှင့် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် စသော ဘုံဘဝများ၌ ကျင်လည်ရသော ကာလပတ်လုံး ဆင်းရဲဒုက္ခအတိဖြင့် ရင်ဆိုင်ရသောသူ၊ ဘယ်ဘဝရောက်ရောက် အသေဆိုးနဲ့သေရသောသူ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါစေသားဟူ၍ ဆုတောင်းပြည့်စေတီတော်၏ ရှေ့တွင် လက်မောင်းသွေးဖေါက်၍ သစ္စာရည်သောက်ကာ... ကတိသစ္စာ ကျိန်ဆိုပါသည် အရှင်ဘုရား.. ”

မောင်မောင်ကြီး၏ ကျိန်စာရွတ်သံ သဲ့သဲ့အပြီးတွင် ပတ်ဝန်းကျင်က တိတ်ဆိတ်သွားခဲ့ပါသည်။ လေတိုးသံ သဲ့သဲ့က ဘာကြောင့်မှန်းမသိ လိုအပ်တာထက် ကျယ်လောင်နေသည်သို့ပင် ရှိချေသည်။

ဒေါင်းမလေးသည် မောင်မောင်ကြီး၏ ကျိန်ဆိုသံကြောင့် ကြက်သီးမွေးညှင်းများပင် ထသည်အထိ ထိတ်လန့်သွားရပါသည်။ တစ်သက်နှင့်တစ်ကိုယ် မလုပ်ဖူးသော အလုပ်ကို လုပ်ခဲ့မိပြီဖြစ်၍ အလိုလိုပင် တစ်စုံတစ်ခုကို ကြောက်ရွံ့နေမိတာလဲ တစ်ဒုက္ခ။ မောင်မောင်ကြီး၏ ကျိန်ဆိုသံများထဲ၌ ပါဝင်သော သူ၏ ကတိသစ္စာသာ မှန်ကန်လျှင် သူမသည် နောင်ဘဝဆက်တိုင်းဆက်တိုင်းပင် သူမ မုန်းတီးစက်ဆုပ်သော မောင်မောင်ကြီး၏ ပိုင်ဆိုင်မှုကို ခံယူရမည့်သူ ဖြစ်တော့မည်လား ဟူ၍ အယူသီးတာကလည်း တစ်ဒုက္ခ။ မကြာခင်မှာ အစ်ကို လွတ်ခဲ့လျှင် သူမနဲ့ မောင်မောင်ကြီးတို့ မလွဲမသွေပင် လက်ထပ်ရတော့မည်ကို တွေးတောမိတိုင်း ကိုယ့်ဘဝကိုယ် ယူကြုံးမရဖြစ်ခြင်းလည်း တစ်ဒုက္ခဖြင့် ပူဆွေး သောကများ စတင်ရပါတော့၏။

အို... အယူသီးတယ်ပဲ ပြောပြော။ ဒီလူနဲ့ဒီဘဝ





ဆုံရတာတောင် ဘယ်လောက် မုန်းတီးစက်ဆုပ်ရသလဲ။ နောင်ဘဝတွေမှာ သူနဲ့သာ ဆက်လက်ဆုံဆည်းရရင်၊ သူ့ကို အရှုံးပေးမြဲတိုင်းပေးရရင်၊ သူက ပိုင်ဆိုင်တာကို ခံယူရရင်... အဲဒါမျိုးတွေတိုင်တောင် သူမက စက်ဆုပ်ပါသေးသည်။ မောင်မောင်ကြီးအား အနိုင်မယူနိုင်သောဘဝ၊ ဒူးထောက်အညံ့ခံ၍ သူတောင်းဆိုသမျှလိုက်လျောရသောဘဝ၊ သူမ၏ ချစ်သူနှင့်ကွေကွင်းရသော ဘဝမျိုးကို နောက်တစ်ခါ ထပ်မကြုံလိုတော့ပြီ။ မချစ် မနှစ်သက်သော သူ၏ ရင်ခွင်ထဲ၌ နေရမည့် ဘဝဆိုးကို မရယူလိုတော့ပြီ။

“ဟာ... ဟာ ဒေါင်းမ ဘာလုပ်တာလဲ... ငါ့မားမြောင်ကို ဘာလို့ လုရတာလဲ... ”

“ကိုယ့်ကိုကိုယ် သတ်သေမလို့ မဟုတ်ပါဘူး.. စိတ်ချလက်ချကြည့်နေစမ်းပါ.. ငါလဲ နင့်ကျိန်စာလိုမျိုး ကျိန်ပြဦးမယ်... နင့်လိုပဲ ငွေဖလားထဲ လက်မောင်းသွေးဖေါက်ပြီး ကျိန်လိုက်ရမှ ငါ နေပျော်မှာ... ”

“ဒေါင်းမရယ်... နင်က ဘာကျိန်စရာလိုလဲ.. ”

“လိုတယ်.. နင့်ဘက်က ငါ့ကို ဘဝအဆက်ဆက် ပိုင်ဆိုင်ရပါစေ ဘာဖြစ်ပါစေ ကျိန်တာကို ငါကမခံချင်ဘူး။ နင့်ကို မတတ်နိုင်လို့ အရှုံးပေးရအောင်ကို နင့်သဘောတွေကို လိုက်လျောရတာကို ငါ ယူကြုံးမရ ဖြစ်တယ် မောင်မောင်ကြီးရဲ့ ငါ့ချစ်သူနဲ့ တွဲရတာကိုလဲ အဲဒီ့အတွက် နင့်ကိုငါ ခံပြင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်... ဒါကြောင့် သံသရာတစ်ခုမှာ နင့် ကျိန်စာအရ နင်နဲ့ငါ ပြန်ဆုံတိုင်း ငါ့ဘက်က အနိုင်ရစေရအောင် ငါလဲ လက်မောင်းသွေး ဖောက်ပြီး သစ္စာရည်သောက် ကျိန် ရမှ ကျေနပ်မယ်... ငါ့သဘောနဲ့ငါလုပ်တာ... ဒီကိစ္စ နင် စင်ပါစရာမလိုဘူး... "

မောင်မောင်ကြီးသည် အညိုးအတေးကြီး လှပါ သည်ဟု သူ့ကို လူတွေ အပြောများသည်ကို သိထားသော်လည်း ယခုအခါ ဒေါင်းမလေး၏ အညိုးအတေးထားသော မျက်ဝန်း များကို တအံ့တဩ ငေးနေမိတော့သည်။

ဒေါင်းမလေးသည် သူ့ကဲ့သို့ပင် ပုဆစ်တုပ်ထိုင် ကာ ညာဘက်အကျီ လက်စကအား ပင့်တင်ကာ ညာလက် မောင်းကို ဆန့်တန်းနေခဲ့ပြီ။ ငွေဖလားကိုလဲ လက်မောင်းအောက် တည့်တည့် ချပြီးပြီ။ မောင်မောင်ကြီး၏ ဓါးမြှောင်ကိုလဲ သူမ၏ ဘယ်လက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ကာ ဓါးဦးက ညာလက် မောင်းထိပ်ကို ထိထားလေပြီ။ ပြီးတော့ အံတစ်ချက် ကြိတ်ကာ လက်မောင်းထဲသို့ ဓါးသွားကို နှစ်လိုက်ခဲ့ပေပြီ။

နာကျင်သော ဒဏ်ရာကို ဒေါင်းမလေး မျက်နှာ တစ်ချက်မဲ့ရုံအပြင် တင်းခံနိုင်ခဲ့လေပြီတည်း။

လက်ဖဝါး နှစ်ဘက်ဖြင့် သွေးလက်နှစ်လုံးစာမျှ ဖြင့်ရှိသော ငွေဖလားကလေးကို ဦးခေါင်းထက်စီ ပင့်တင်နေခဲ့





သပြီ။ ထိုသို့ မပင့်တင်ခင်ကလေးတွင် ဒေါင်းမလေးသည် ...ရားကို အကျအန ရှိခိုးလိုက်သေး၏။ ငါးပါးသီလကိုတောင် ...လိုက်သေးသည်။ ပြီးမှ မောင်မောင်ကြီးအား စိန်ခေါ်သော ...တ်လုံးများဖြင့်ကြည့်တာ ဖြစ်သည်။

ထိုနောက်တွင်မှ ငွေဖလားကလေးကို ကောက် ...င်ကာ ဦးခေါင်းထက်ဆီ ပင့်တင်၍ မျက်လုံးကို စုံမှိတ်ကာ ...န်စာ ရွတ်သံ တိုးတိုး ပြုတော့တာ ဖြစ်သည်။

"တပည့်တော်မသည် တပည့်တော်မ၏ ချစ်သူ ကိုရန် နောင်ကို အမှန်ကတယ် မေတ္တာစစ်နှင့် ချစ်ခင်ရသော ကြောင့် သူ့အပေါ်၌ ကျရောက်နေသည့် ဘေးအန္တရာယ် ဆိုးတို့ကို ပယ်ဖျက်ပေးနိုင်ရန် အတွက် တပည့်တော်မ မချစ်မနှစ်သက်သောသူနှင့် လက်ထပ်ရပါမည် အရှင် ဘုရား... တပည့်တော်မ၏ ရင်တွင်း ဆန္ဒမပါပဲနှင့် တပည့် တော်မအား မရမက ပိုင်ဆိုင်ခွင့်ရရန် ဖန်တီးသော မောင် မောင်ကြီးသည် တပည့်တော်မအပေါ် အနိုင်ရယူခြင်းဖြင့် ...သား သူ့ လိုအင်ဆန္ဒ ပြည့်ဝမှုကို ဤဘဝ၌သာ ရပါစေ ...ဂ် ဆိုးဖြတ်

"နောင်ဘဝ အဆက်ဆက်၌ တပည့်တော်မသည် မောင်ကြီးအားရှုံးနိမ့်ရသောသူမဖြစ်စေရ။ ...တည်းဟူသော ကြီးအား အမြဲတစေ အနိုင်ရရှိသော သူသာလျှ... ချစ်ခြင်းမှု စေသား။ တဖန် ဤဘဝ၌ တပည့်တော်မ၏ ချစ်ခြ... ထား



www.burmeseclassic.com

www.burmeseclassic.com



တုန့်ပြန်ရရှိခြင်း မရှိပဲ တပည့်တော်မကို ပိုင်ဆိုင် ရယူ
သော မောင်မောင်ကြီးသည် နောင်ဘဝဆက်တိုင်း ဆ
တိုင်း၌လည်း တပည့်တော်မကို အရူးအမူး ချစ်ရသော
တပည့်တော်မသည် သူ့ချစ်ခြင်း မှန်သမျှကို ပိုင်ဆိုင်
သောသူ၊ သူသည် တပည့်တော်မ၏ ရှေ့၌ အမြဲတ
အညံ့ခံ အရှုံးပေးရသော သူသာလျှင် ဖြစ်ရပါစေ
တပည့်တော်မသည် ဤဘဝမှာ ပိုင်ဆိုင်ရသော အလှ
အမင်း ချောမောလှပခြင်းတည်း ဟူသော ရုပ်ရည်မျိုး
နောင်သံသရာ အဆက်ဆက်၌ မပိုင်ဆိုင်လိုတော့
ဘုရား။ သာမန်ရုပ်ရည်မျိုး ကိုသာလျှင် ပိုင်ဆိုင်ရလို
သည်အရှင်ဘုရား။ သို့သော် ထိုသာမန် ရုပ်ရည်မိန်းမ
အရူးအမူး စွဲလန်းချစ်ခင်မည့် ယောကျ်ားတစ်ယော
သည် တပည့်တော်မ အင်မတန်မှပင် မုန်းတီးရသော
မောင်မောင်ကြီးသာလျှင် ဖြစ်ပါစေ။ လူအများတ
အံဩ ရလောက်အောင်ပင် သူသည် တပည့်တော်မ
ပတ်သက်တိုင်း အညံ့ခံ အရှုံးပေးရသောသူ ဖြစ်ပါစေ
သံသရာ အဆက်ဆက်တွင် ပြန်ဆုံကြသည့်အခါတိုင်း
တပည့်တော်မသည် မောင်မောင်ကြီးအား စိတ်၏ ဆ
က်မဲ့ရုံအပြင်းဒုက္ခကို ပေး၍ နှိပ်စက်ခွင့်ရသောသူ ဖြစ်ပါစေ"

"အရှင်ဘုရား... တပည့်တော်မသည် ဤဘဝ၌ တ
တော်မ၏ ချစ်သူကိုရန်နောင်ကို စစ်မှန်သော မေတ္တာ





ဖြင့် ချစ်ခင်ခြင်း ဖြစ်ကြောင်း ဤ သစ္စာစကားဖြင့် ကျိန်
ဆိုကာ လက်မောင်းသွေးဖောက်၍ သစ္စာရည် သောက်ပါ
မည်ဘုရား... ။ ကိုရန်နောင်အပေါ်၌ သစ္စာအနည်းမျှ
မလျော့ကြောင်း ဝန်ခံ ကတိပြုပါမည်... ဤမှန်သော
သစ္စာ စကားကြောင့် တပည့်တော်မ၏ ဆုတောင်းမှန်
သမျှတို့သည် မလွဲမသွေ ပြည့်ရပါလို၏။ ကိုရန်နောင်နှင့်
တပည့်တော်မတို့အပေါ် အနိုင်ရယူခဲ့သော မောင်မောင်
ကြီးအား အမြဲတစေ အနိုင်ရယူနိုင်သောသူ ဖြစ်ရိုးခြင်း
တည်းဟူသော ဆုတောင်းသည် အလုံးစုံ ပြည့်မြောက်
ရပါလို၏ ဟူ၍ ဤဆုတောင်းပြည့် စေတီတော်၏ ရှေ့
မှောက်၌ သစ္စာရည်သောက်ကာ ကျိန်ဆိုသစ္စာ ပြုပါ
သည်... အရှင်ဘုရား..."

ဒေါင်းမလေးသည် ဤသစ္စာစကားကို ဘာ
ကြောင့် ပြုမိသည် မသိ။ ပြီးတော့ ထိုသို့ ဘာကြောင့် ကျိန်ဆိုမိ
သလဲ။ သစ္စာရည်သောက်သည်အထိ ဖြစ်သွားခဲ့သလဲ ဆိုတာကို
လဲ မသိ။ သေချာတာက မောင်မောင်ကြီး၏ ကျိန်ဆိုစကားအား
ခံမရပ်ဖြစ်၍ ကလဲ့စား ချေလိုသောစိတ်ဖြင့် တဒင်္ဂ ဆုံးဖြတ်
တာ တန်ပြန်ကျိန်စာတိုက်မိတာပင် ဖြစ်ချေသည်။

မောင်မောင်ကြီးနှင့် ဒေါင်းမလေးတည်းဟူသော
လူသားနှစ်ယောက်တို့တွင် မောင်မောင်ကြီး၏ အချစ်ကြီးမှု၊
ဒေါင်းမလေး၏ အမုန်းတရားကြီးမှု တို့ကြောင့် မပျော်လင့်ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ကျိန်စာ တို့သည် ဘယ်ဘဝထိများ ခိုင်ခံ့ တည်မြဲကြမှာ ပါလိမ့်။

---- ၀ ----

ထိုသို့ ဖြစ်ပျက်ပြီး ရက်များမကြာမီ အတွင်း၌ ဇ ရွာကလေးအတွင်း၌ ပြောစမှတ်ပြုသော အခြေအနေ တစ်ရ ဖြစ်ပွားခဲ့ပါသည်။

အဲ့ဒါကတော့ မောင်မောင်ကြီး၏ ဖခင် ဦးအော ကြီးက သူ၏သားနှင့် တပည့်တပန်း အချို့နဲ့အတူ ဒေါင်းမလေ အား လာရောက် တောင်းရမ်းတာပင် ဖြစ်သည်။ ထိုခေ ထိုအခါကြီးမှာပင် ရွှေတစ်ဆင်စာဖြင့် တင်တောင်းနိုင်သူ ဦးအောင်ကြီးဆိုသည့် သားကို မျက်ကန်းအချစ်ဖြင့် ချစ်သေ သူဌေးကြီးပဲ ဖြစ်၏။

အများထင်ထားသည်မှာ ဒေါင်းမလေးက ခါး သီးသီး ငြင်းလိမ့်မည်ဟူသော ထင်မြင်ချက်ပဲ ဖြစ်သည်။ သို့သေ မိဘ များက သမီးဖြစ်သူ၏ စိတ်ရင်းအမှန်မှာ ကိုရန်နောင်ကိုသ မေတ္တာရှိနေသည်ဟု ထင်မြင်ထားလျက် ပရိတ်သတ် အရှေ့ မေးပြီး 'သမီး သဘောမကျလို့' ဟူသည့် သိက္ခာရှိသော ငြင်းနည် ဖြင့် ငြင်းရန် ကြံစည်ခဲ့သောအခါ

"ဒေါင်းမ... ကိုမောင်မောင်ကြီးက လက်ထပ်ယူဖို့ က





လှမ်းတာကို လက်ခံပါတယ်အဖေ။ ဒီရက်တွေ မတိုင် ခင်ကပဲ သူနဲ့ ဒေါင်းမတို့ တစ်ခါဆွေးနွေးပြီး နားလည်မှု ယူခဲ့ပြီးပါပြီ"

အားလုံးက တအံ့တဩ မင်သက်သွားစေသည့် ဖြေကို ဒေါင်းမလေးက ရဲရဲဝံ့ဝံ့ပင် ကြေငြာရဲသူတည်း။

အဖေ၊ အမေနဲ့ ကြီးဒေါ်များ၊ အဘွား၏ အံ့ဩ ာ်ဝန်း။ အို အားလုံး အားလုံးကို ဒေါင်းမလေး ရင်ဆိုင်ရဲ ခဲ့ပြီ။ ထဲက လူတွေ၏ အကြည့်များစွာကို လက်ခံရတော့မည် တာ ကိုလဲ သူမ, မမှုတော့ချေ။

သူမ၏ အဖြေစကားအဆုံး၌ အဖေက ဒေါင်းမ း၏ မျက်လုံးများ ဝင်းကနဲ လက်သွားသည်အထိ ပြင်းထန် ာ နားရင်းရိုက်ချက်ဖြင့် သူ၏ ဒေါသကို ပြသလေသည်။

"သမီးမိုက်... သစ္စာမဲ့တဲ့ မိန်းမစားမျိုးက ငါ့သမီး ဖြစ်နေ ပါရောလား... တစ်မျက်နှာပြီး တစ်မျက်နှာ ပြောင်းရဲတဲ့ မိန်းမ... တစ်ရွာလုံးက လက်ညှိုးထိုး ကဲ့ရဲ့မှာကို အရှက် မရှိ မျက်နှာပြောင်တိုက် ခံယူချင်တဲ့ မိန်းမ"

"ဘမောင်ရယ်... ကိုယ့်သမီးလေး တစ်ယောက်ထဲရှိ တာ... ဒီလောက် ရက်ရက်စက်စက် ရိုက်ဖို့ မသင့်ပါဘူး ကလေးတွေ သူတို့သဘောကျ ရွေးချယ်တာပဲ... ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



သားကို ရလို့ ခင်ဗျားသမီး ဘာမှ မနစ်နာစေရပါဘူး... တစ်ဦးတည်းသော သားမို့ ကျုပ်အမွေတွေ အကုန် ကျုပ်သားရမှာ... ခင်ဗျားသမီး သူဌေးကတော် ဖြစ်ရမဲ့ကိစ္စကို ဝှက်ယူစမ်းပါ... ကျုပ်က ကျုပ်သားကို ချစ်လွန်းလို့ အလိုလိုက်တယ် မှတ်ပါ... တော်ရဲ့ မိန်းမနဲ့ဆို ပေးစားချင်တာ မဟုတ်ဘူး"

ဤအဖြေ၏ နောက်ဆက်တွဲရလာဒ်တွေက ဘာလဲ။ မိဘများ၏ အထင်လွဲခြင်း၊ အဘွားနှင့်ကြီးဒေါ်များ၏ နားပူအောင် ဆူပူခြင်းနှင့် အစ်ကိုဘက်မှ ဝိုင်းဝန်း အပြစ်တင် ရှုတ်ချခြင်းများကို ခံယူရပါသည်။ ရွာထဲမှ လူတွေ၏ ကဲ့ရဲ့ လှောင်ပြောင်သော အကြည့်များနှင့် အထင်လွဲ စွပ်စွဲမှုများကို ရရှိခဲ့ပါသည်။

ဒေါင်းမလေးသည် ဤသည်များအား ခံနိုင်ရှိရှိဖြင့် ရပ်တည်နိုင်ရန် ပြင်ဆင်ထားခဲ့ပြီးဖြစ်၍ အထူးတလည် နာကျင်ရခြင်းမျိုးတော့ မရှိ။ သူတို့ ကြည့်ကြပါစေ၊ အပြစ်တင်ကြပါစေ ရှုတ်ချကြပါစေ။ အစ်ကိုကို ဘေးအန္တရာယ်ဆိုးတွေမှ လွတ်အောင် သူမ, လက်ခံခဲ့သော အခြေအနေဟူ၍ ဘယ်သူမှ မသိကြ။ အစ်ကိုကို သူမ, ဘဝနဲ့ရင်း၍ ချစ်ပြခြင်းဖြစ်ကြောင်း ဘယ်သူမှ မသိကြပါ။

တစ်နေ့ပေါ့ အဲဒီတစ်နေ့ဟာ သူတို့ နည်းနည်းပါး





ရိပ်မိမဲ့နေ့ပဲ။ မောင်မောင်ကြီးရဲ့ ကတိအတိုင်း သူနဲ့ ဒေါင်းလေးလက်ထပ်တဲ့နေ့ အစ်ကို ပြန်လွတ်လပ်လာမဲ့နေ့ ဖြစ်နေတာ ဘယ်သူကမှ သတိထားမိကြမလဲ။ ဒေါင်းမလေးသည် သူမ မောင်မောင်ကြီးတို့၏ အပေးအယူ ကိစ္စကိုတော့ ဘယ်သူ့ကိုမှ ပြောပြလိုစိတ် မရှိတော့၍ မပြောကြတော့ချေ။ အားလုံးက အပြစ်တင်ခြင်းကို ဒေါင်းငုံ့ခံလျက် အစ်ကို လွတ်မည့်တစ်နေ့ကို သာ ဆုတောင်းပေးလျက် မျှော်လင့်ခြင်းများဖြင့် ဖြတ်သန်းတော့သည်။

"ကြီးဒေါ်တို့ကို မှန်မှန်ပြောစမ်း... ညည်းစိတ်ထဲမှာ မောင်မောင်ကြီးကို လက်ထပ်ရင် မောင်ရန်နောင် လွတ်မယ်လို့ ထင်ပြီး ဒီလို ဆုံးဖြတ်တာလား... "

ဟူ၍ ကြီးဒေါ် အပျိုကြီးနှစ်ယောက်တို့ကသူတို့၏ ညီမငယ်အား မောင်မောင်ကြီးနှင့် လက်ထပ်မည့်နေ့မှာ မေးခဲ့ဟာ သည်။

ဒေါင်းမလေးက ဘာတစ်ခုမှ ပြန်မဖြေပဲ မျက်ရည်ဝဲသော မျက်လုံးများဖြင့် အဒေါ်များအား တုံ့ပြန်ကြည့်လျှင် ထိုအချစ်ကြီးသော အဒေါ်များက ဒေါင်းမလေးကို ဖက်၍ ငိုကြလေသည်။ မိဘမကြည်ဖြူသော၊ လူအများက မနှစ်မြို့သော မင်္ဂလာ လက်ထပ်ပွဲ၌ သတို့သား မောင်မောင်ကြီး၏ မျှော်များဖြင့် ပြည့်လျှံနေသည့် မျက်နှာကို မှုန်းတီးစွာ ငေးကြည့်



www.burmeseclassic.com

နေသူမှာ သတို့သမီး ဒေါင်းမလေးပဲ ဖြစ်၏။

"နင့်သဘောနဲ့နင် ဆုံးဖြတ်တဲ့ ဒီကိစ္စကို ငါ အားမပေး ဘူး… ဒီအကောင်ကို ယူပြီးရင် ငါ့အိမ်ပေါ် တက်လာစရာ မလိုဘူး ဒေါင်းမ နင့်ဘာသာ… သူဌေးချွေးမအဖြစ် သူဌေးအိမ်လိုက်နေပေတော့… နေချင်လှချည့်ရဲ့ဆိုပြီး ခြေသလုံးဖက် တောင်းပန်လဲ ငါက အလျှော့ပေးမှာ မဟုတ်ဘူးဟေ့… "

အဖေ၏ အမိန့်ကြောင့်ပင် ဒေါင်းမလေးသည် မောင်မောင်ကြီး၏ အိမ်သို့ လိုက်နေရပါသည်။ အစစအရာရာ ပြည့်စုံသော နေရာတစ်နေရာ၌ စိတ်မချမ်းသာခြင်းကို စတင် ခံစားရခြင်းအား ဒေါင်းမလေးက အံတစ်ချက် ကြိတ်ကာ စိတ် တင်းလိုက်သည်။

မင်္ဂလာဦးညတွင် မောင်မောင်ကြီး၏ ရင်ခွင်ထဲ မျက်ရည်ကျနေသော ဒေါင်းမလေးအတွက် ဝမ်းသာရမည့် သတင်းစကားကိုတော့ မောင်မောင်ကြီးက ပြောပြဖော်ရသ ပင်။

"ဒီညဆိုရင် ရန်နောင့်ကို ဂျပန်စစ်သားတွေ ပြန်လွှတ်ပြီ အခုချိန်လောက်ဆို… ရန်နောင် သူ့အမေအိမ် ရော ရောပေါ့… ကိုယ့်ကတိအတိုင်း သူ့အသက်ကို ဘာမှ ပါးမခံရပဲ လွတ်သွားဖို့ ကိုယ်ကြိုးစားပေး ပြီးပြီနော်





ဒေါင်းမဘက်ကသာ ကိုယ့်အပေါ် သစ္စာရှိပါ… ဒီနေ့ ဒီ အချိန်ကစပြီး ဒေါင်းမဟာ မောင်မောင်ကြီးရဲ့ ဇနီးမယား မို့ တခြားယောကျ်ားအပေါ် ယိမ်းယိုင်တာ၊ သတိရတာ၊ တမ်းတတာတွေ မမြင်ချင်ဘူး။ အင်း… ရန်နောင့်ကို ကိုယ်လုပ်မပေးနိုင်ခဲ့တာ တစ်ခုကတော့ သူ့ကို မနှိပ်စက် ဖို့ပဲ။ ဒီကောင် တော်တော် နှိပ်စက်ခံလိုက်ရတယ်ကွာ… ဒါပေမဲ့ အသက်အန္တရာယ်တော့ စိုးရိမ်စရာ မရှိပါဘူး။ ဒေါင်းမ… ကိုယ့်ကို မယုံမှာစိုးလို့ ပြောပြတာ… ရန်နောင့် ကို သွားကြည့်ချင်ရင်တော့ ကိုယ် လိုက်ပို့ဖို့ ဝန်မလေး ဘူး… "

"အို… နေပါစေ။ သွားမကြည့်တော့ပါဘူး… အစ်ကို လွှတ် သွားပြီး… အသက်အန္တရာယ်လဲ ကင်းပြီဆိုရင် ပြီးတာပဲ"

"ဒီကောင် ကံကောင်းသွားတာလဲ ပါတယ်… မာစတာ တွေက ဒီရွာကပြေးချင်နေတာလဲ တစ်ကြောင်းပေါ့… မဟာမိတ် ဗုံးကျဲလေယာဉ်တွေ ဒီဘက် ရောက်တော့မယ် လို့ သူတို့ သတင်းကြားနေကတည်းက ပြေးဖို့ စဉ်းစားနေ တာ ခုထိတော့ လေယာဉ်ပျံ တစ်စီးတစ်လေ ဖြတ်သွားရုံ ကလွဲရင် တစ်ခါမှတော့ ဗုံးကျဲ မခံရသေးတာတော်သေး တယ်… "

နောက်တစ်နေ့ မနက်မှာတော့ ဒေါင်းမလေး၏



www.burmeseclassic.com

www.burmeseclassic.com



ကြီးဒေါ် တစ်ယောက်က အစ်ကို ပြန်လွှတ်သည့် သတင်းကို ထပ်မံ၍ သယ်ဆောင်လာခဲ့ပါသည်။ ဘယ်သူမှ မတွေးတောမိသော ဒေါင်းမလေး၏ ဆုံးဖြတ်မှုကို နားလည်ပေးနိုင်ခဲ့သူမှာ ဒီကြီးဒေါ် နှစ်ယောက်ပဲ ရှိပါသည်။

"မောင်ရန်နောင်က အခုတော့ ဆေးကုနေရတာပေါ့.. ဒါပေမဲ့ သမီးဒေါင်းမတို့ သူ့ မနာကျည်းပါဘူးတဲ့။ သမီး ဘာကြောင့် ဒီလို ဆုံးဖြတ်သလဲဆိုတာ မောင်မောင်ကြီးက မပြောပြပေမဲ့ သူက သူ့ကိုလွှတ်ပေးတဲ့နေ့က သူ့ကို ကြည့်တဲ့ မောင်မောင်ကြီးရဲ့ မျက်လုံးတွေကို မြင်ကတည်းက သိသတဲ့… "

အို… အစ်ကို နားလည်ပေးသတဲ့ကွယ်။ အစ်ကိုက ကျွန်မကို မမုန်းဘူးပေါ့။ ကျွန်မကို မနာကျည်းဘူးပေါ့။ ကျွန်မရဲ့ အစ်ကို့အပေါ် ချစ်ခြင်းမေတ္တာကို အစ်ကို နားလည်တယ်ပေါ့။ ဒါဆိုရင် ဒီဘဝမှာ ဒီဝဋ်ကြွေးခံရတာကိုပဲ ကျေနပ်လှပါပြီရှင်။

ထို့နောက်ဒေါင်းမလေးသည် သူမ၏ ကျန်ရှိသော ဘဝသက်တမ်းတို့ကို မောင်မောင်ကြီး၏ သိမ်းပိုက် အနိုင်ယူမှုအောက်၌ ဘယ်လောက် ကြာကြာ ဝဋ်ခံရဦးမလဲဟု နာကျင်စွာ တွေးနေခဲ့သော်လည်း တကယ့်တကယ်တော့ မောင်မောင်ကြီးနှင့် ဒေါင်းမလေး၏ ထိုဘဝ သက်တမ်းမှာ ဘယ်လောက်မှ မကြာလိုက်ကြောင်း မင်္ဂလာဆောင်အပြီး ရက်သတ္တတစ်ပတ် အကြာ





မှာ သိခွင့်ရလိုက်တော့သည်။

…… ◎ ……

(၁၉၄၄) ခုနှစ်၏ နှစ်ကုန်ပိုင်းရက်တစ်ရက်၊ တစ်နည်းအားဖြင့် မောင်မောင်ကြီးနှင့် ဒေါင်းမလေးတို့၏ မင်္ဂလာသက်တမ်း ခုနစ်ရက်အကြာမှာ ထိုရွာကလေးပေါ်သို့ ဗုံးကျဲ လေယာဉ်များ၏ ဗုံးကျဲတိုက်ခိုက်မှုကို စတင်ခံရတော့၏။

လေယာဉ်ပျံများ အနီးကပ် ဝေါကနဲ ပြုဆင်းလာသော အချိန်တွင် မောင်မောင်ကြီးသည် ဒေါင်းမလေးအား တင်းတင်းဖက်လျက် ဗုံးခိုကျင်းအတွင်းသို့ ရောက်ရှိနေရာယူနေခဲ့ပြီးဖြစ်လေသည်။ သူ့ရင်ခွင်တွင်း၌ မလွှတ်တမ်း တင်းကြပ်စွာ ဖက်တွယ်ကာ ဒေါင်းမလေးသည် တဆတ်ဆတ်တုန်အောင် ကြောက်ရွံ့နေခဲ့၏။ မောင်မောင်ကြီးကို မုန်းတီးသော ဒေါင်းမလေးသည်လည်း အားကိုးတကြီးပင် မောင်မောင်ကြီး၏ ရင်ခွင်တွင်း၌ မျက်နှာအပ်ကာ သူ့ခါးကို ပြန်၍ ဖက်တွယ်ထားခဲ့သည်။

ဒီတစ်ချိန်မှာ ဒေါင်းမလေး၏ စိတ်အတွင်း၌အဖေသဲမရှိ၊ အမေလဲမရှိ၊ အဘွားတွေ ကြီးဒေါ်တွေလဲ ရှိမနေ၊ အစ်ကို့ကိုလဲ မေ့နေခဲ့သည်။ သူမ ခံစားရသမျှ စိတ် ဒုက္ခ ဆင်းရဲခြင်းများလည်း မေ့နေခဲ့ပြီ။ တစ်ခါမှ မကြုံဘူးသော စစ်မီး၊ ဗုံးအုံခြင်း၊ သွေးရူးသွေးတန်း အော်ဟစ်ပြေးလွှားသော လူသံ အဲဒါတွေကို ထိတ်လန့် ကြောက်ရွံ့နေတတ်ခဲ့တာပဲ ရှိ၏။ အနီးကပ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး လူတစ်ယောက်ကို အားကိုးတကြီး ဖက်တွယ်ထားမိတာပဲ ရှိ၏။

လေယာဉ်ပျံများ ဝေါကနဲ အနိမ့်ကပ် ပြန်ဆင်းလာပြီးနောက် ဟိုအဝေးဆီမှ အနီးသို့ တဝုန်းဝုန်း ပေါက်ကွဲသံများ ဆက်တိုက် ရောက်လာခဲ့ပြီ။ မြေကြီးမှာ သိမ့်ကနဲ သိမ့်ကနဲ တုန်သွား၏။ မီးခိုးလုံးများ၊ ဖုန်လုံးများ အဝေးမှ သက်ဆင်းနီးကပ်လာခြင်း။

ထို့နောက် မောင်မောင်ကြီးနှင့် ဒေါင်းမလေးတို့နှစ်ဦးတည်းသာ ရှိသော ဗုံးခိုကျင်းကလေးတည့်တည့်သို့ ကောင်းကင်ယံမှ ဗုံးတစ်လုံးက တည့်တည့် ကျရောက်လာခဲ့ပါသည်။

ကျယ်လောင်သော မြည်ဟီးသံကြီး၏ အဆုံးမှာ တစ်စစီ လွင့်သွားသော လူသားနှစ်ဦး၏ ခန္ဓာကိုယ် အစိတ်အပိုင်းအစအနများ။ အဲဒါ မောင်မောင်ကြီးနဲ့ ဒေါင်းမလေးတို့ပေါ့ပဲ။ (၁၉၄၄) ခု၏ နှစ်ကုန်သော ရက်တစ်ရက်တွင် မောင်မောင်ကြီးနှင့်ဒေါင်းမလေးဟူသော လူသားနှစ်ဦး၏ လူ့ဘဝ သက်တမ်းက ကုန်ဆုံးခဲ့လေသည်။

---- ◎ ----



ဒုတိယတစ်ပိုင်း

(၁၉၉၆)

နောင်... နှစ်ပေါင်းဆယ်စုနှစ်များစွာ

ကြာပြီးသောအခါ...

www.burmeseclassic.com

www.burmeseclassic.com

သူနဲ့သူမတို့ကြားတွင် ထင်မှတ်မထားခဲ့သော ဆက်နွယ်ပတ်သက်မှု တစ်ခုက ရှိနေခဲ့ကြောင်း သိလိုက်ရသည့် တခဏ်တွင် သူသည် သိပြီးသား အကြောင်းအရာတစ်ခု ပမာ အံ့ဩ၍ မရခဲ့ချေ။

ထိုဆက်နွယ် ပတ်သက်မှုက ဟိုးနှစ်ပေါင်းများစွာ ထဲကတဲ့လား၊ နှစ်ပေါင်းများစွာကတဲ့လား၊ ပြီးတော့ "ကျိန်စာ" တဲ့၊ သစ္စာရည်သောက်၍ ကျိန်ခဲ့ကြဖူးသော ကျိန်စာတစ်ခုက ယခုတိုင် ရှိသေးသတဲ့၊ ထိုကျိန်စာကို မှန်းလှမ်းပါပြီ၊ လက်မခံပါရစေနဲ့၊ မယုံကြည်ပါရစေနဲ့၊ မေ့ထားပါရစေ၊

သို့သော် သူသည် စိတ်ထဲမှာ အသိစိတ်က ဘယ်လောက် လက်မခံချင်ပါစေ၊ မသိစိတ်မှာ အလိုလို အသိအမှတ်ပြု နေခဲ့တာကတော့ ထူးဆန်းသည်ပင်။

www.burmeseclassic.com

www.burmeseclassic.com

သူနဲ့မတွေ့ခင်က အခြံမပြတ် မက်ခဲ့ဖူးသော အိပ်မက်တစ်ခု၊ ထပ်ခါတလဲလဲ မက်နေကျ အိပ်မက်တစ်ခု၊ သူမတောင် အလွတ်နီးပါး မှတ်မိနေပြီဖြစ်သော အိပ်မက်၊

သူ့မျက်နှာကို ရင်ဆိုင်တွေ့ရတိုင်း ဖြစ်ပေါ်လာတတ်သော မပြောင်းလဲသည့် ခံစားချက်များ...၊ အမုန်းတရားများ...၊ အလိုလို နာကြည်းခံပြင်းနေစိတ်များ...၊ စက်ဆုပ်မှုများ...၊

အဲဒါတွေနဲ့တင် သူနဲ့သူမဟာ တစ်ဦး၏ ကျိန်စာကို ကျန်တစ်ဦးက သင့်စေမည့် အပြန်အလှန် ကျိန်စာ ချတ်ခဲ့သူများလို့ လက်ခံလိုက်ရမှာတော့မလား ဟင်။

ဗိုး ရှုးသွပ်ချင်ပါဘိတော့။

ဝေါင်းမြကြည်

ကိုယ်... သူ့ကို ဘာကြောင့် ဒီလောက် ချစ်သလဲ မေးလျှင်လဲ ကိုယ်မဖြေတတ်၊ သူမ မောက်မာရင့်သီးသမျှကို ဘာကြောင့် သည်းညည်းခံနိုင်သလဲ၊ သူမ၏ ရိုင်းပျမှုများကို ဘာကြောင့် အပြုံးမပျက် ရှိခဲ့သလဲ၊ သူမကိုမှ ဘာကြောင့် တမ်းတမ်းစွဲ မက်မောနေသလဲ။ ဟုတ်သည်၊ အဲဒီမေးခွန်းတွေမေးတိုင်း ကိုယ် မဖြေတတ်တာတော့ သေချာသည်၊

ကိုယ်ကိုတိုင်ပင် ပြန်လည် ဆန်းစစ်တိုင်း အဖြေပေါ်ခဲ့သော သူမ အပေါ် ထားရှိသည့် ကိုယ့် သဘောထားများအတွက် ဘယ်မှာ အဖြေရှိနိုင်အုံးနည်း။

သို့သော် ကိုယ်သည် သူမနဲ့မတွေ့ခင်က ကိုယ်တော်နေကျ အိပ်မက်တစ်ခု၊ အထပ်ထပ် အခါခါ မက်နေ၍ အလွတ်ရလု နီးပါးဖြစ်နေသော အိပ်မက်တစ်ခု၊ အရွယ် ရောက်လာကတည်းက စပြီးမက်ခဲ့သော အိပ်မက်ကိုတော့ သံသယရှိချင်သား၊

www.burmeseclassic.com

www.burmeseclassic.com

ထို အခိုက်အတန့်ထဲက ကိုယ် လုံးဝမမြင်ဖူးသော လူသားနှစ်ယောက်နဲ့ ကိုယ်နှင့်သူမဟာ ပတ်သက်မှု ရှိကို ရှိရမည်ဟု ကိုယ် ဆက်စပ်ကြည့်ချင်သား။

ပြီးတော့ သူမကို စတွေ့ရသောနေ့က ကိုယ့်ရင်ထဲ၌ မဖြစ်ပေါ်ခဲ့ဖူးသော စွဲလမ်းတပ်မက်မှု၊ ချစ်မြတ်နိုးသော ပမာဏ ကြီးမားမှု၊ လွမ်းဆွတ်ကြေကွဲမှု ပျော်ရွှင်ကြည်နူးမှု စသည်စသည်ဖြင့် ရောမွှမ်းသော ခံစားချက်များသည် ထိုနေ့မှစ၍ ယနေ့ထက်တိုင် သူ့ကို မျက်နှာချင်းဆိုင် ဆုံရတိုင်း မပြောင်းလဲစွာ ခံစားရခြင်းများ။

ဟာကွာ... လောကကြီးဟာ တော်တော် ပဟေဠိဆန်တာပဲ။

နိုင်သမိန်ထေး

www.burmeseclassic.com

www.burmeseclassic.com

# ၃

ဘတ်(စ)တားကြပ်ကြပ်ပေါ်မှ တိုးဆင်းလာခဲ့သော အမျိုးသမီးကလေးသည် သူမ၏ အနည်းငယ် ပွရှုပ်သွားသော ဆံပင်တို့ကို ပခုံးတွင် သိုင်းလွယ်ထားသည့် အိတ်ငယ်လေးထဲမှ ဘီးဖြင့် သေသေချာချာ ဖီးသင်လိုက်သည်။ သူမ၌ ကျောလယ် မရောက်တရောက် ဆံမျှင် ပျော့ပျော့များကို ပိုင်ဆိုင်လေသည်။ ပျော့ပျောင်း၍ ပိုးသားမျှင်ကဲ့သို့ ပြောင်လက်သည့် ဆံပင်ကလေးများ ဖြစ်ပါသည်။ တီဗွီကြော်ငြာမှာ တွေ့ရသော PENTENE PRO-V ခေါင်းလျှော်ရည် ကြော်ငြာထဲမှ အမျိုးသမီးကလေး၏ ဆံပင်ပုံစံမျိုးအတိုင်းပင် ဖြစ်ကြောင်း သူမနှင့် ရင်းနှီးသူ တော်တော်များများက ပြောစမှတ်ပြုကြ၏။

သို့သော် သူမ၏ အသားရည်မှာ ညိုညိုဝင်းဝင်းကလေး ဖြစ်နေတာထားတော့၊ သူမ၏ ရုပ်ရည်မှာ တကယ်ကိုပင် သာမန်မိန်းကလေးတစ်ယောက်ရဲ့ မထူးခြားသော ရုပ်ရည်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလေသည်။ မျက်ခုံး မျက်လုံးများကလည်း ဆွဲဆောင်မှုမရှိ။ သွယ်လျသော မျက်နှာကလေးမှာ ခပ်ထူထူ နှုတ်ခမ်းများ ရှိသော်လည်း လှပသော နှုတ်ခမ်းထူပုံမျိုး မဟုတ်ချေ။ ဒီကြားထဲ မေးစေ့ချွန်ချွန်ကလေးနှင့် ဖြစ်နေသေးပေမယ့် အံ့ဩစရာကောင်းတာက သူမ၏ ရုပ်ရည် သာမန်ဖြစ်မှုမှာ ထိုမေးစေ့ချွန်ချွန်ကလေးကြောင့် ထူးထူးခြားခြား အရုပ်ဆိုးမနေ။ အဲဒီ မေးစေ့ချွန်ချွန် ထိပ်ဖျားလုံးလုံးကလေးက သူမ၏ မျက်နှာမှာ ကြည့်အကောင်းဆုံး လှပမှုတစ်ခုတည်းသာ ဖြစ်နေလေသည်။

ဒါပေမဲ့ သူမက လူကြားထဲ၌ ထင်းနေအောင်ပေါ် လွင်မှု မရှိသော တစ်ခါမြင်ရုံဖြင့် မေ့သွားနိုင်သော ရိုးရိုးသာမန် ရွက်ကြမ်းရေကြို ရုပ်ရည်ကလေးရှိသည့် အမျိုးသမီးကလေးသာ ဖြစ်နေတာကို ငြင်း၍မရ။

သူမ၌ ပိန်ပိန်သွယ်သွယ်၊ အရပ်ခပ်ပြတ်ပြတ်ကိုလည်း ပိုင်ဆိုင်နေသေးရာ ယောကျ်ားတစ်ယောက် အတွက် ဘာတစ်ခုမျှ ဆွဲဆောင်မှု မပေးနိုင်သော ပုံစံရှိသည့် မိန်းမတစ်ယောက်ပင် ဖြစ်ပါသည်။

ပြီးတော့ ရုပ်ရည် သာမာန်ရှိရုံတင်မက ငွေကြေးလည်း သိပ်ပြီး ပြည့်စုံတာ မဟုတ်၍ ခေတ်ပေါ် တန်ဖိုးကြီး၍ လှပ ဆန်းပြားသည့် အဝတ်အစားများကိုလည်း မဝတ်ဆင်နိုင်ချေ။ အပြာနုနုပေါ်တွင် အပွင့် အပြာရင့်ရင့် သေးသေးလေးတွေ





ပါသော အင်္ကျီစကို ရင်စေ့ လက်ပြတ်ခါးတို ... သာ အရိပ်နှစ်ရိပ်ကို သာလုံချည် အပြာရင့်ရင့်ဖြင့်။ ကတ္တီပါ အုပ်လုံးသိမ်း ဖ... သားတစ်အနက်ရောင်ကလေးနှင့်။ ပခုံးသိုင်းလွယ်သော သားရေအိတ်ငယ် ... ကလေးနှင့် ပလပ်စတစ်ခြင်းတောင်းနှင့် (ထိုခြင်းတောင်းထဲတွင် ထမင်းဘူး၊ ရေဗူးနှင့် အင်္ကျီအပိုထည့်သော ကျွတ်ကျွတ်အိတ်၊ ခါက်ထီးအနက်တစ်ခုတို့ ပါဝင်သည်)။

သူမသည် သိမ်ကြီးဈေး ဒဂုံကုန်တိုက်အတွင်း၌ ရှိသော အရောင်းခန်းမကြီးထဲမှ ကုမ္ပဏီတစ်ခု၏ အရောင်းဆိုင်တွင် အရောင်းစာရေးမ အလုပ်ကို လုပ်ကိုင်နေသူဖြစ်သည်။ ကုမ္ပဏီက သတ်မှတ်ထားသော ဝတ်စုံကို အဲဒီရောက်မှ ကျွတ်ကျွတ်အိတ်ထဲက ထုတ်ပြီး သူမ, ဝတ်လာသော အဝတ်အစားများနှင့် လဲလှယ်နေကျ။ အပြန်လဲ ထိုအတိုင်း လဲလှယ်ပြီးမှ ပြန်နေကျဖြစ်၏။

သူမ၏ အမည်မှာ ဒေါ်ခင်ကြည်ပင် ဖြစ်လေသည်။ နာမည်ကအစ ထူးခြားမှု မရှိသော ထိုသာမန် အမျိုးသမီးငယ်ကလေးသည် သူမ တာဝန်ယူရသော အရောင်းကောင်တာအား ကြက်မွေးကလေးဖြင့် အနည်းငယ် ဖုန်သုတ်ရင်း သူမ၏ နေ့တစ်နေ့ကို ခါတိုင်းရက်တွေလိုပင် စတင်လိုက်သည်။

ဒါပေမဲ့ သူမ, ကြိုမသိခဲ့သည်က ဒီနေ့မှာ သူမအတွက် သာမန်ဖြစ်ရိုး ဖြစ်စဉ်များကဲ့သို့ ဖြတ်သန်း ကုန်ဆုံးရ



www.burmeseclassic.com

www.burmeseclassic.com

ဟူသော အချက်ပဲ ဖြစ်၏။ ရိုးရိုးသာမန် မိန်းမ နေလေသည့် ...ကာ၏ သာမန် ဖြတ်သန်းနေကျ ဘဝတစ်ခုအတွင်း၌ ထူးခြားသော အဖြစ်အပျက်များကို ထိုနေ့မှာ စတင်၍ ရင်ဆိုင်ရတော့တာ ဖြစ်သည်။

ဒေါ်မြကြည်၏ ကောင်တာမှာ ကားအလှအပ ပစ္စည်းများ ရောင်းရသော ကောင်တာဖြစ်လေသည်။ ကားမှန်ရှေ့မှာကာသော ကားချပ်အလိပ်ကလေးများ၊ ကားရေမွှေးပုလင်း မျိုးစုံများ၊ ကားရှေ့မှာ ထောင်ထားတတ်သော တိုင်များ၊ ကားသုတ်သည့် Car Wax များ၊ ကားကူရှင်အစွတ်များ စသည်ဖြင့် ကားပစ္စည်းမျိုးစုံတို့ ရောင်းချရသည့် ကောင်တာကလေး ဖြစ်၏။

ဒေါ်မြကြည်သည် ဒီနေ့ ရောင်းရသော ပစ္စည်းများ မှတ်ရာ မှတ်စုစာအုပ်ကလေးအား ရှိုးကေ့စ်ကောင်တာပေါ် တင်ရင်း ဘောလ်ပင်နံအဖုံးကို ငုံ့ဖွင့်စဉ်မှာ သူ့မဘဝအတွက် ပြောင်းလဲမှု စတင်စေမည့် လူတစ်ယောက်ကို ဆုံဆည်းရတော့တာဖြစ်လေသည်။

"ကားရေမွှေး ကုန်နေတယ်ကွ… ဒီမှာ ရောင်းတယ်… အတော်ပဲ… ဝယ်သွားလိုက်ဦးမယ်"

ဒေါ်ငုံ့၍ စာရင်းစာအုပ်ထဲတွင် ဒီနေ့၏ နေ့စွဲကိုတပ်နေစဉ်မှာ အသံတစ်သံက ဒေါ်မြကြည်ရဲ့ နားထဲကို ဝင်ရောက်လာခဲ့သည်။





ကောင်တာရှေ့၌ ရပ်လိုက်သော အရိပ်နှစ်ရိပ်ကို တွေ့ရလေသည်။ မော့မကြည့်သော်လည်း အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးလေး တစ်ယောက်မှန်း ဒေါ်မြကြည်က မှန်းဆတတ်သတဲ့။ အမျိုးသမီးကလေးသုံးသော ရေမွှေးနံ့ သင်းသင်းကလေးကတော့ ရင်အေးစဖွယ်ဟု မှတ်ချက်ချမိသည်။

"ဒီမှာခင်ဗျာ… ဒီဘက်က Amber ဆိုတဲ့ ကားရေမွှေး ပုလင်းကလေးက ဘယ်လောက်လဲခင်ဗျ… Label ကပ်ထားတာ ကျွန်တော် မမြင်ရလို့"

ဒေါ်မြကြည်က ဒီပုလင်းကလေးထဲက ရေမွှေးနံ့ကို နှစ်သက်နေတာကြာပြီ။ တန်ဖိုးက ကိုးရာ့ကျပ်မှန်းလဲ အလွတ်ရနေခဲ့ပြီ။ ကားရေမွှေးဝယ်သူ တော်တော်များများက ဒီရေမွှေးပုလင်းကလေးကို ဝယ်ကြတာများ၍ ဤပုလင်း၏ တန်ဖိုးကို အလွတ်ရနေတာ ဖြစ်၏။

ဒေါ်မြကြည်သည် ခုချိန်ထိပင် ဝယ်သူအား မော့မကြည့်မိသေး။ ရှိုးကေ့စ်ထဲက ရေမွှေးပုလင်းကို ထုတ်ယူပေးအပြီး ရှိုးကေ့စ် မှန်ပေါ် တင်ပြီးမှသာ ဝယ်သူအား ကြည့်မိတော့တာဖြစ်သည်။ ထိုသူသည် အင်မတန်ကို မြင့်မားကြည့်ကောင်းသော ကိုယ်ထည်နှင့်ဖြစ်၏။ ထိုသူ့ ဆံပင်တွေက ယောကျ်ားမပီသသော ဆံပင်မဲ ပြောရမလား။ ကြမ်းရှခြင်းမရှိပဲ ပျော့ပျောင်းနေလေသည်။ ထို ပျော့ပျော့ဆံပင်တွေက အလယ်ခွဲ ရှေ့နဲ့နောက်



www.burmeseclassic.com

www.burmeseclassic.com



တညီတည်း နားရွက်အပေါ် ထိသာ အရှည်ရှိသည်။

ဖြူသော အသားအရည်မှာ လတ်ဆတ် သန့်ရှင်းနေသေးသည်။ သူက ခပ်ပွပွနဲ့ ဘာသားနဲ့ချုပ်မှန်း ဒေါင်းမြကြည် မသိသော ရှပ်အင်္ကျီလက်ရှည်ကို လက်ကြယ်သီး အပြည့်တပ် ဝတ်ဆင်ထား၏။ ရှပ်အင်္ကျီအရောင်ကလေးကတော့ ပြာမှိုင်းမှိုင်း။ ခပ်ပွပွ ဘောင်းဘီရှည်က ခြေကျင်းဝတ်နားမှာတော့ ခပ်စုစုကလေးမြင်ရုံနဲ့တင် တော်တော့်ကို ဆွဲဆောင်မှု အပြည့်ရှိသည့် ရုပ်ရည်ချောချော၊ စတိုင်လ် ခပ်မိမိကောင်ကလေး တစ်ယောက်မှန်း မှတ်ချက်ချမိသည်။

သူနဲ့ တွဲလာသော အမျိုးသမီးကလေးကတော့ လည်ကုပ်သား ဝင်းဝင်းကလေးတွေ ပေါ်နေစေသော ဒယ်မီမိုးဆံပင်ပုံစံတိုတိုကလေးနဲ့ ဖြစ်၏။ မျက်ခုံးမျက်လုံးတွေ သိပ်လှသော အမျိုးသမီးကလေးက ထိုအမျိုးသားကလေးနှင့် လိုက်ဖက်ညီစွာ အရပ် ခပ်မြင့်မြင့်နှင့် ဒါ့အပြင် နှစ်လက်မခွဲလောက်ရှိမည့် ခုံမြင့်ကြိုးသိုင်းဖိနပ် စီးထားပေမဲ့ အမျိုးသားကလေး၏ နားရွက်ထိပ်ဖျား အထိသာ မှီပါသည်။

သူမက ကျောပိုးအိတ် သေးသေးလေးအားကလေးတွေလို ပုခုန်းနှစ်ဘက် သိုင်းလွယ်ထား၏။ ရွှေနားကွင်းပါးပါးကလေးက လေးထောင့် ခပ်ကြီးကြီး၊ လည်ပင်းမှာတော့ ရွှေဆွဲကြိုးမျှင်မျှင် ပါးပါးကလေးတွေ ငါးကုံးလောက် ရှိမည်ထင်





သည်။ ထပ်၍ ဝတ်ထားသည်။ လည်ပြတ် စပို့ရှပ် အနက်ကလေးကြောင့် သူမ၏ ဖြူဝင်းသော အသားအရည်နဲ့ ရွှေရောင်တောက်သော လက်ဝတ်ရတနာများနဲ့ လိုက်ဖက်လှပါသည်။ လုံချည်ကတော့ တစ်ခြမ်းခွဲ လုံချည်ကလေးက ခန္ဓာကိုယ်နဲ့အတိ ချုပ်ထားရာ အင်မတန်မှ ကြည့်၍ အဆင်ပြေလှတာ ဝန်ခံသွားရ၏။

ရယ်စရာကောင်းတာကတော့ ဒေါင်းမြကြည်၏ အရပ် ခပ်နိမ့်နိမ့်ကို မိုးထားသော ထိုစုံတွဲအား ဒေါင်းမြကြည် မော့ကြည့်ရခြင်းပင်။ သူတို့နှစ်ဦးက ချစ်သူစုံတွဲကလေးပဲ ဖြစ်ည်။ ဒေါင်းမြကြည်က ကိုယ်တိုင် ရုပ်ရည် မချောမော၍လားသိ။ ရုပ်ရည်ချောမောသော လူတွေဆိုရင် တမေ့တမောေးကြည့် တတ်စမြဲ။ သူတို့၏ လှပမှုတွေကို အနုစိတ် ကြည့်တတ်မြဲ။ အဲဒီ့အခါမျိုးတွေမှာ သာမန်ထက် ပိုမထူးခြားသော ကိုယ့်အသွင်အပြင်ကိုတော့ ထူးပြီး ဝမ်းနည်းမိတာ မရှိ။ သူတို့၏ ရုပ်ရည်ချောမောခြင်းကို အားကျမိတာမျိုး မရှိ။

အင်း... ဘယ်လိုပြောရမလဲ၊ မျက်စိ ပသာဒဖြစ်၍သာ သဘောတကျ ငေးတတ်သည့် အကျင့်ပဲ ရှိတတ်သူမှာ ဒေါင်းမြကြည်ဆိုတဲ့ အမျိုးသမီးကလေးပင် ဖြစ်ပါသည်။

"ဘယ်လောက်လဲ... ဈေးမပြောရသေးဘူး..."

အမေ့မေ့ အလျော့လျော့ ငေးနေသော သူမ၏ မျက်ဝန်းတည့်တည့်ကို စိုက်ကြည့်လိုက်သည့် အမျိုးသားကလေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒေါင်းမြကြည်က ဇဝေဇဝါ ဖြစ်သွားလေသည်။ ရေမွှေးပုလင်းကို ရှိုးကေ့စ်မှန်ပေါ် တင်ပေးခါစက သူတို့နှစ်ယောက်စလုံး ရှိုးကေ့စ်ထဲက တခြားပစ္စည်းတွေကို စိတ်ဝင်တစား၊ ခေါင်းချင်းဆိုင်၍ ကုန်းကြည့်နေကြ၍ အခုမှသာ ထိုအမျိုးသားကလေး၏ ပြန်လည်မော့လာသော မျက်ဝန်းတွေကို မြင်ရခြင်းပင်။

"ကိုးရား... ပါ..."

ဟု ကမန်းကတန်း ဖြေလိုက်ရသော်လည်း ဒေါင်းမြကြည်သည် သူ့ကို သူမ ဘယ်နေရာမှာ တွေ့ဖူးပါလိမ့်ဟု ဇဝေဇဝါ အတွေးက ခုထိ မပျောက်သေး။

မြင်ဖူးလိုက်တာ။ တော်တော့်ကို မြင်ဖူးတာပဲ။ သူ့ကို။ ဟုတ်တယ်။ အဲ့ဒီ စုံတွဲထဲက အမျိုးသားကလေးကိုပေါ့။ ဒေါင်းမြကြည် ရင်းရင်းနှီးနှီးကို သိနေတာ။ ဟိုးအရင်တွေကတည်းက သိဖူးသလိုမျိုးပဲ။ ပြီးတော့ ထူးထူးဆန်းဆန်းပင် သူမကို သေသေချာချာ ပြန်စိုက်ကြည့်နေသော ထို အမျိုးသားကလေးအား အလိုလိုပင် မုန်းတီးချင်လာသည့်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်နေတာလဲ ပြင်း၍မရပါ။

အို... ဘယ်နှယ့်။ သူနဲ့သူမဟာ ဘာရန်ငြိုးရန်စမှ မရှိဖူးပါပဲ ဘာကြောင့် သူ့ကို ကြည့်နေရင်း အလိုလို မုန်းလာသလဲ။ အဲ့ဒီမျက်ဝန်းတွေနဲ့ ဆုံလိုက်ရမှ သူ့ကို မုန်းသွားတာတော့ သေချာသည်။ သူနဲ့သူမ တို့ဆိုတာ ဘယ်လိုမှ ဆက်စပ်၍ မနေ





သော အခြေအနေဖြင့် ရပ်တည်နေသော လူသားတွေမို့ ဘယ်တုန်းကမှလဲ မဆုံခဲ့ဖူးတာ သေချာပါရဲ့။ သို့သော် သူ့ကို သူမ စိတ်ထဲမှာ အလိုလိုသိနှင့်ပြီးသလိုပင်။

အင်မတန့်ကို ထူးဆန်းအံ့သြစရာ ကောင်းပါဘိတော့။ ပို၍ ထူးဆန်းသည်မှာ ထိုအမျိုးသားကလေးထံမှ စတင်လိုက်သော စကားသံကြောင့်ပင် ဖြစ်ပါသည်။

"ခင်ဗျားကို ကျွန်တော် ရင်းရင်းနှီးနှီး သိနေသလိုပဲဗျ... ခင်ဗျားနဲ့ ကျွန်တော်... အရင်က ဆုံဖူးကြတယ် ထင်တယ်... ကျွန်တော် မှတ်မိတော့မလိုလိုနဲ့ မမှတ်မိပြန်ဘူး"

နိုင်သမိန်ထောသည် သူ့ကိုယ်သူပင် ဝေခွဲမရ ဖြစ်သွားခဲ့၏။ ကိုယ့်ပါးစပ်က ဘာတွေ ပြောလိုက်မိသလဲ မဆန်းစစ်နိုင်ခင်မှာ သူမထံမှ တုံ့ပြန်သော မုန်းတီးနေသည့် အရိပ်များ သုတ်သန်းသွားသည့် အကြည့်အတွက် ရင်ထဲမှာ အော်ဟစ်ငိုကြွေး သွားချင်လောက်အောင်ပင် ဝမ်းနည်းသွားခြင်းက ထပ်ဆင့်လာသော အခြေအနေ တစ်ခုတည်း။

ပြီးတော့ သူမ မျက်ဝန်းတွေနဲ့ ဆုံလိုက်စဉ်မှာ ကိုယ့်ခေါင်းတွေ မိုက်ကနဲ ဖြစ်သွားသည်။ တဖန် ရပ်နေရင်းက အိပ်မက်မက်သလို မျက်လုံးတွေ ပြာဝေသွားလျက် သူ့အာရုံထဲမှာ အင်မတန် ရှေးကျသော အဝတ်အစားတွေ ဝတ်ဆင်ထားသည့် မင်္ဂလာပွဲ တစ်ခုကို ဖြတ်ကနဲ ပြေးမြင်သွားပြန်ခဲ့သည်။

www.burmeseclassic.com



ခဏလေးပါပဲ ထိုမြင်ကွင်း ဖြတ်ကနဲ အာရုံထဲမှာ ပေါ်လာ ပျောက်သွားတော့ သူက ထိုအမျိုးသမီးကို မေးခွန်းတွေ မေးနေ ပြီးပြီ။

"ဟုတ်တယ် မဟုတ်လား.. ကျွန်တော်နဲ့ခင်ဗျား သိဖူး တယ်နော်.. ဘယ်တုန်းကလဲ မသိဘူး ခင်ဗျားရော မှတ် လား... ခင်ဗျားလဲ ကျွန်တော့်ကို သိမယ်ထင်တယ်"

"ဟင့်အင်း... ကျွန်မတို့ တစ်ခါမှ မဆုံဖူးပါဘူး... အဲ သေချာတယ်... ကျွန်မ ဒီဒဂုံကုန်တိုက် စဖွင့်ကတည်း ဒီ အရောင်းကောင်တာမှာ တာဝန်ကျတာ ကြာပြီ။ ရှင့် ဒီတစ်ခါပဲ တွေ့ဖူးပါတယ်"

ထို အမျိုးသမီး၏ အဖြေကြောင့် သူ့ရင်ထဲမှာ ဝမ်း နည်းချင်သွားသတဲ့။ လူစီက သူ့ရဲ့ ခပ်ကြောင်ကြောင် အမူအရ ကို ပြုံးစိစိဖြင့် အကဲခတ်နေရင်းက သာမန်မိန်းမတစ်ယော အား အီစီကလီ လုပ်တယ်ဟု ထင်မြင်ယူဆနေတော့မှာ။

"ခင်ဗျားကသာ မဆုံဖူးဘူး ပြောတယ်... ကျွန်တော်တော တစ်နေရာရာမှာ ဆုံဖူးတယ် ထင်နေတယ်ဗျ... နေပါဦး ခင်ဗျား ဘယ်ကျောင်းကလဲ..."

"ဗိုလ်တထောင် (၅)က ဆယ်တန်းအောင်ပါတယ်... အ တော့ အလေးသင်တက်နေဆဲပဲ။ တဲ... တဲ... လူကြီး



ဒီလောက် စပ်စုရင် ကျေနပ်ရောပေါ့.. ဒီကားရေမွှေး ပုလင်းဝယ်မှာလား.. ကျွန်မ စာရင်းထဲ ရေးထည့်လိုက် တော့မလို့ရှင်... "

ဒီ ရေမွှေးပုလင်း ဝယ်ပြီးရင် ဒီနားက ထွက်သွား ရတော့မှာပေါ့။ ဒါဆို သူမနဲ့ကိုယ် ဝေးသွားရတော့မှာပေါ့။ သူမ ကို ကိုယ်ထားသွားရတော့မှာပေါ့။ ကြည့်စမ်း ကိုယ်ဘာဖြစ်သွား သလဲ။ ဒီလောက်ထိ သာမာန် မိန်းမတစ်ယောက်ကို မြင်ရုံနဲ့ မခွဲ နိုင် မခွါရက် ဖြစ်သွားတာ အဆန်းပဲ။ ကိုယ် သူ့ကို သိပ်စွဲလမ်း သွားသလိုပဲ။ အဲဒါလဲ ထူးဆန်းတယ်။

ပြီးတော့ ကိုယ်သည် သူမကို မြင်လိုက်စဉ်မှာ လွမ်းဆွတ်ကြေကွဲမှုနဲ့ ပျော်ရွှင်ကြည်နူးမှုတို့ကို တစ်ပြိုင်တည်းပင် ခံစားလိုက်ရတာလဲ ငြင်းလို့မရ။ ပို၍ ဇဝေဇဝါ ဖြစ်စရာကောင်း တာက ကိုယ်သည် သာမန်ရုပ်ကြမ်းရေကျို ရုပ်ရည် ပိုင်ရှင် မိန်းမ တစ်ယောက်အပေါ် တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးသော စွဲလမ်းတပ် မက်မှုအား စတင်ဖြစ်ပေါ်နေခြင်းကို ခံစားသိရှိနေရခြင်းတည်း။

မဖြစ်နိုင်တာကွာ။ နိုင်သမိန်ထော သဘောတကျ ရွေးချယ်တတ်တဲ့ မိန်းမမျိုးတွေထဲမှာ ဒီလို မိန်းမမျိုး ရှိမယ်ဆိုတာ လုံးဝ မဖြစ်သင့်တာပဲ ဟူ၍ ငြင်းပစ်လိုက်ချင်သား။

"နိုင်... ဝယ်မှာလားတဲ့ မေးနေတယ်... ဝယ်ရင်လဲဝယ် မယ်ဖြေလေ ဘယ့်နှယ့် ဖြေဖို့ မေ့နေရတာလဲ..."

www.burmeseclassic.com

www.burmeseclassic.com



"အင်း... အင်း ဝယ်မယ်"

လူစီက စိတ်မရှည်စွာ ကိုယ့်လက်မောင်းကို ကိုင်လှုပ်လျှင်။ ဒါ တမင် မကျောပ်တိုင် တက်ပြတာလို့ ကိုယ်ယူဆလျက် လူစီ့အပေါ် စိတ်ကွက်ချင်ချင် ဖြစ်သတဲ့။

"နေဦးကွ... ကားရှေ့မှာ ထည့်တဲ့ ဖန်ချောင်းတိုင်ကလေး ကိုယ်ဝယ်ချင်သေးတယ်... ပြီးတော့ Car Wax လဲ ကုန်နေတာ ဝယ်ရဦးမယ်။ ကားမှန်ရှေ့မှာ ကာတဲ့ ကားချပ်လိပ်ကလေးတွေလဲ စိတ်ဝင်စားတယ်... ခဏလောက် ယူကြည့်ပြီး ကြိုက်တဲ့ ဒီဇိုင်းတွေ့ရင် ဝယ်မလို့... လူစီပါ ဝိုင်းတူရွေးပေးပါဦး"

"ဟော... ဖြစ်ပြန်ပြီ။ နိုင်ပဲ ရေမွှေးပုလင်း ဝယ်ရုံဆို။ ခုတော့ စိတ်က အပြောင်းအလဲ မြန်ပါ့... ကားရှေ့မှာ ဖန်ချောင်း ထောင်ထားစရာ လိုလို့လား... နိုင်က ကားမောင်း ကျွမ်းကျင်ရဲ့သားနဲ့ လူစီကတော့ ကားမောင်း မကျွမ်းကျင်လို့ ရှေ့ကို မှန်းလို့ရအောင် တိုင်ထောင်ထားတယ်ဆိုရင် ထားပါတော့... "

"အလှတပ်တာလေကွာ... အဲ့ဒီ ဖန်ချောင်းကလေးက ညဘက်ဆိုရင် မီးကလေး လင်းနေတာ ပိုလှတယ်လို့ ထင်တယ်... ကိုယ့်ဘော်ဒါ တစ်ယောက်ရဲ့ကားမှာ တွေ့ဖူးတယ်... ညမီးတွေဖွင့်ရင် သူကပါ လင်းတာကွ... "





"အဲမယ်... သူ့ကားကြီး ဒီလောက် လှပခန့်ညားတာ ပိုလှအောင် ဖန်တီးနေပြန်ပြီ... ကျောင်းမှာ သူများ အမြင်ကပ်အောင် လုပ်နေသလို ဖြစ်မယ်... "

ကိုယ့်ရဲ့ ဆေးကျောင်းမှာက ရိုးရိုးအေးအေးနေဖြဲ့ ပမာဏက ပိုများပြီး ဤသို့ ကိုယ့်လို အဆန်းထွင်တတ်၍ ဂျိ ကျောင်းသား ပမာဏ နည်းတာကို လူစီက ရည်ရွယ်၍ ပြောဂုစ်ခဲ့မှု ဖြစ်၏။ သူတို့ ဆေးကျောင်း အထူးသဖြင့် ဆေး(၁)မှာက ၃နှမှ အမျိုးအစား သုံးမျိုးရှိသည်။ တစ်မျိုးက အတန်းတိုင်းမှာ (ဒီ)ထွဲသည့် အတွက် အမြင်းအထန် လုံးပမ်းသော၊ ဂရိတ်ဖိုးရဖို့ ရူးသွပ်မြှစ် သော၊ ကျောင်းပြီးတာတောင် ဘွဲ့တွေ တသီကြီးရလိုသော၊ ငွေကြေးချမ်းသာသည့် စာတော်သော ကျောင်းသူကျောင်းသား အုပ်စုဖြစ်သည်။ နောက်တစ်မျိုးက ငွေကြေးချမ်းသာ၊ ပစ္စည်းပြိုင်၊ ာနပြိုင်၊ ဖက်ရှင် အဆန်းထွင်ခြင်းပြိုင်၊ ကားချင်းပြိုင်ရုံမက ာင်ပေါ် ကျော်ကြားမှုကို တစ်နည်းမဟုတ် တစ်နည်းဖြင့် အရယူ ားတတ်ကြသည့် အုပ်စုဖြစ်၏။ ကျန် တစ်အုပ်စုကတော့ ာမန်လူတန်းစား အလယ်အလတ်များ ဖြစ်ပြီး ရိုးရိုးကုပ်ကုပ် နေထိုင်ကြခြင်း၊ ဆရာဝန်ဖြစ်ဖို့အတွက် ဆေးကျောင်းတက်ခြင်း၊ သူတို့တွေ အတန်းထဲမှာ ရှိမှန်း သိတောင်မသိနိုင်သည့် အနေ အထိုင် အေးဆေးခြင်းတွေနှင့်အတိပြီးသည့် သာမန် ကျောင်း သားအုပ်စုပင် ဖြစ်၏။

ထို ကျောင်းသား အမျိုးအစားတွေမှာ သူက



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ အမျိုးအစားဝင်။ ဆေးကျောင်းသားကလေးပီပီ၊ မိဘ ချမ်းသာမှုနဲ့ ရုပ်ရည်ချောမောမှုကို ပိုင်ဆိုင်သူပီပီ သတင်း ခပ် ကြီးကြီး၊ ရည်းစား ခပ်များများ ကျောင်းသားပင် ဖြစ်၏၊ လူ "နိုင်သမိန်ထော" ဆိုလျှင် ဆေးတစ်မှာသာမက တခြားကျောင်း လူစုံအဖွဲ့အထိပင် နာမည်ကြီးသူတည်း။

" ကဲ အဲဒီ နိုင်သမိန်ထောက သူ ရွေးချယ်တွဲနေကျ ကကဲ့သို့ ရုပ်ရည်ချောမော၍ ခေတ်ပေါ် ဖက်ရှင်တွေ မလွတ်တမ်း နိုင်သော တွဲနေကျ ရည်းစားများနဲ့ လားလားမှ မတူတဲ့ သာမန် အရောင်းစာရေးမိန်းမကို မြင်မြင်ချင်း စိတ်ဝင်စားသွား တာ မဆန်းလား။

ဤ အဖြစ် အပျက်ကို ကိုယ် လက်မခံချင်။ နိုင် သမိန်ထော တွဲလိုသောမိန်းမသည် ဤသို့ ခပ်တုံးတုံး ပုံစံမျိုး မဖြစ်စေရ။ သို့သော် ခုလောလောဆယ်တော့ ကားရေမွှေးပုလင်း ဝယ်ရုံသာ ရည်ရွယ်သော နိုင်သမိန်ထော၏ ခြေလှမ်းတွေက ကောင်တာရှေ့မှ မခွာနိုင်အောင် သံမှိုစွဲထားသလို ဖြစ်လျှင် တခြား ပစ္စည်းတွေကို အကြောင်းရှာ ဝယ်ဖို့ ကိုယ့်ဆန္ဒကို ကိုယ် လိုက်လျောမိသတဲ့။

"ကားရှေ့မှန်မှာ ကာတဲ့ ကားချစ်လိပ်ကလေးတွေ ထုတ် ပြပါလား ဒီဇိုင်းအကုန်ပေါ့.. "

"အခု... ကျွန်မ ထုတ်ပြထားတာတွေက ကျွန်မ ကောင် တာမှာတင်တဲ့ ဒီဇိုင်းအကုန်ပဲရှင်.. ဒီထက်ဆန်းတဲ့ ဒီဇိုင်း လိုချင်ရင်တော့ ပိုလ်ချုပ်ဈေးတို့... ယုဇန ကုန်တိုက်တို့ မှာ သွားရှာ... "

တချို့က ရောင်းတဲ့သူကိုပင် ပြေပြေပြစ်ပြစ် မဆက်ဆံတတ်သော၊ တချို့ ရိသဲ့သဲ့ နောက်တတ်သော၊ ဂျီ ဂျောင်များသော၊ အများကြီး လျှောက်ထုတ်ခိုင်းပြီးမှ တစ်ခုမှ မဝယ်ပဲ ထွက်သွားသော လူအမျိုးစုံနဲ့ ဆုံရတိုင်း အင်မတန်မှ သဘောကောင်းစွာ အပြုံးမပျက် စိတ်ရှည်သည်းခံနိုင်လွန်းသည့် ဒေါင်းမြကြည်သည် ဒီတစ်ခါမှာတော့ ထိုသူကို ပြေပြေပြစ်ပြစ် ဆက်ဆံမိခြင်း မရှိလိုတည်း။

ထွက်သွားစေချင်လှပြီ။ ဒီလူကို မမြင်ရတော့ရင် သူမ သိပ်စိတ်ချမ်းသာမိမယ်ထင်တယ်။ မြန်မြန် ထွက်သွားပါ တော့လားရှင်။ ဘာဖြစ်လို့လဲဆိုရင် ကိုယ်နဲ့လုံးဝ ရန်ငြိုးရန်စ မရှိ ခဲ့ဖူး၊ တွေ့တောင် မတွေ့၊ ဆုံတောင်မဆုံခဲ့ဖူးတဲ့ ကိုယ့်ကိုလည်း ပြေပြစ် သိမ်မွေ့စွာ စကားပြော ဆက်ဆံတဲ့ လူတစ်ယောက်ကို အသလွှတ် မုန်းတီးမိနေသည့်အတွက် စိတ်ရှုပ်ရလွန်းလို့ပင်။ လူ တစ်ယောက်ကို အလကားနေရင်း မမုန်းချင်ပါပဲ မုန်းတဲ့စိတ် ဖြစ် နေရတာကို ဒေါင်းမြကြည် ခံနိုင်ရည်မရှိ။

ကြာရင် ရှင် မြန်မြန်ထွက်သွားပါလို့ ပြောမိရင် ကိုယ့်ဘက်က အဆိုးဖြစ်တော့မည် ထင်ပါရဲ့။







www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဒီဗိုင်း အကုန်ကြိုက်ပါတယ်... ရွေးရခက်နေပြီဗျ... ခင်ဗျား ဘယ်ဟာကလေးကို သဘောကျလဲ... ရွေးပေးစမ်းပါ"

"ဟင့်အင်း... ကျွန်မ အဲဒါမျိုးတွေ မရွေးပေးတတ်ပါဘူး... ဒီက ညီမလေး ဝင်ရွေးပေးလိုက်ပါလား... မြန်မြန်ရွေးလို့ ပြီးတော့ မြန်မြန် ဆင်ပြေသွားတာပေါ့"

သူက အံ့ဩသလို ကြည့်၏။ လွတ်ကနဲ 'မြန်မြန်ပြီးရင်အေးရော' သဘော ပါဝင်သည့် စကားထွက်သွား၍ ကိုယ့်နှုတ်ခမ်းကို တင်းတင်း ပြန်စေ့ကာ အတွင်းမှာ လျှာကို ကျိတ်၍ ကိုက်ပစ်မိခဲ့သည်။ အင်း ဒီလူ ငါ့နားမှာ ရှိနေသမျှ မွန်းကျပ်နေသလို ခံစားရတဲ့ ခံစားချက်ဟာ ပျောက်သွားမယ် မထင်ဘူး ခက်ကော့တာပဲ။

မကြာခင်မှာ သူမ၏ ဆုတောင်းပြည့်သွားခဲ့သည်။ သူ့ကောင်မလေး၏ အကူအညီဖြင့် ကားချပ်လိပ်ကလေး တစ်ခုကို သူရွေးချယ်၍ ပြီးသွားတော့သည်။ သူတို့ ဝယ်သမျှ ပစ္စည်းများကိုသူမတို့ အရောင်းဆိုင်၏ ကုမ္ပဏီတံဆိပ် ကပ်ထားသော ကျွတ်ကျွတ်အိတ် တစ်လုံးထဲ စုထည့်ပေးလိုက်၏။

သူတို့ဝယ်သော ပစ္စည်းတွေကို စာရင်းထဲ သွင်းစဉ် သူမ အလိုလို ခံစားသိရှိနေသည်မှာ ထိုသူက သူမ,ကို စိုက်ကြည့်နေလိမ့်မည်ဆိုတာပဲ ဖြစ်၏။ ကျွတ်ကျွတ်အိတ်ကို ကမ်းပေးတော့





ကောင်မလေးက လှမ်းမယူခင် သူက လှမ်းယူလိုက်ပါသည်။ အမင်ပင် သူမ,၏ လက်ချောင်းများကို ခပ်ကြာကြာဖိကိုင်လိုက်ခြင်းအား ခံစားလိုက်ရ၍ ဒေါသများ ပိုမိုကြွတက်ချင်လာခဲ့သည်။ ပြီးတော့ သူမ၏ ရင်စေ့ လက်စက ချုပ်ထားသည့် တက်ထရွန်အင်္ကျီဘလောက် အဖြူ၏ ဘယ်ဘက်ထောင့်တွင် တပ်ထားသော နာမည်ကို ထိုသူ သေသေချာချာ ဖတ်ကြည့်နေခြင်းကို ထပ်မံ မုန်းတီးရပြန်သည်။

တဖန် သူတို့ ထွက်သွားတာကို ခေါင်းငုံ့၍ စာရင်းမှတ်ဟန်ဆောင်လျက် ဆံပင်တွေကြားမှ ခိုးကြည့်သောအခါ မကြာခဏ လည်ပြန်၍ လှည့်ကြည့်လှည့်ကြည့် ထွက်သွားသော သူ့ကို ထိုသို့လှည့်ကြည့်ခြင်းအတွက် မုန်းတီးရပြန်ပါသည်။

သို့သော် ဒေါင်းမြကြည်သည် ထိုနေ့ တစ်နေ့လုံး၌ သူမ, မုန်းတီးရသော လူတစ်ယောက်အား ဘယ်တုန်းက မြင်ဖူးပြီး ဘာကြောင့် ဒီလောက် မုန်းနေမိသလဲ ဆိုတာ ဇဝေဇဝါနဲ့ စဉ်းစားကြည့်မိခဲ့တာတော့ ဝန်ခံချင်ပါရဲ့။

..... ◎ .....

"အဲဒါ... ဘာဖြစ်ရတာလဲ နိုင်... ဘေးမှာ လူစီတယောက်လုံးပါတာတောင် အရောင်းစာရေးမကို သွားအီနေတယ်၊ နိုင့်အကျင့်ကို သိလို့ လူစီ စိတ်မဆိုးပါဘူးနော်... ဒါပေမဲ့ နိုင့်ပုံစံက အံ့ဩစရာ ကောင်းနေလွန်းလို့... နိုင်... ခါတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အိနေကျ ဒီဇိုင်းမျိုးကလေးမှ မဟုတ်တာ.. တကယ့်ကို ဘာမှ မထူးခြားတဲ့ ရုပ်မျိုးနဲ့ ကောင်မလေးပါ။ မျက်နှာကလဲ မိတ်ကပ်မလိမ်းတာ ထားတော့... လူးထားတဲ့ သနပ်ခါးကလဲ သွားပွတ်တံနဲ့ ခြစ်ထားတဲ့ အစင်းမျှင်မျှင်တွေပေါ်လို့... ။ သနပ်ခါး ဘဲကြားမဖြစ်တာပဲ တော်လှတယ်။ မဆိုးပါဘူး... သူ့သနပ်ခါး လိမ်းတာလေးက ပြေပြစ်ပြီး မျက်နှာမှာ သနပ်ခါးထင်တဲ့ လိမ်းပုံမျိုး။ ရုပ်ရည်က မလှရတဲ့အထဲ သူ့ ယူနီဖေါင်းက အဖြူတက်ထရှန်ကြီး ချုပ်ထားတော့ မှန်နေတယ်... ခရမ်းရင့်ရောင် လုံချည်ကလဲ ခေတ်မရှိတော့တဲ့ ရှမိုင်းလုံချည် ခပ်အောက်အောက်နဲ့... မပြောချင်ဘူး သူတို့ အရောင်းကောင်တာမှာ သူများတွေဘောင် သူ့ထက်သာတဲ့ အစမျိုးနဲ့ ချုပ်ထားတဲ့ ယူနီဖေါင်းကလေးတွေ... ချယ်သပြင်ဆင်မှု ကလေးတွေနဲ့... သိလား။ သူ့ပုံစံက အမှိုန်ဆုံးပဲ။ ပြီးတော့... ဆက်ဆံရေးကလဲ ကျွဲသေး... အဲဒါကိုများ နိုင်က မြင်ဖူးသလေးဘာလေးနဲ့ သွားရော ရတယ်လို့ မာနကလဲ ကြီးကြီးကလေးပါ။ နိုင့်လို လူက သူ့ကို အရေးတယူ မေးတာကို မဖြေချင် ဖြေချင်၊ သပေါက်သဟန်နဲ့ လူစီက နိုင့်အစားဒေါ်သတောင်ဖြစ်တယ်"

လူစီက ထိုကောင်တာမှ ထွက်ထွက်ချင်းပင် ဒီ စကားကို စတင်တော့သည်။ လူစီ, ထိုစကားစတင်ချိန်တွင် သူက





ဒီ သူမကလေးထံ နောက်တစ်ခါ ပြန်လှည့်ကြည့်ပြီးသည့် အခိုက်အတန့်ပင်။ လူစီက တအံ့တသြ ဖြစ်ကာ ပြောလက်စ, စကားသံကြီးတောင် တိကနဲ ပြတ်သွားတော့၏။

"လူစီ ပြောလဲပြောစရာပဲကွ... ကိုယ်... အဲဒီ မိန်းမကို မြင်တော့ တကယ်ပဲ ရင်းရင်းနှီးနှီး သိနေတယ်ထင်တာ။ စကြည့်မိကထဲက ဝမ်းသာအားရ နှုတ်ဆက်မိတော့မလိုတောင်ဖြစ်သွားတာ အမှန်ပဲ... ဒါပေမဲ့ ကိုယ်... သူ့ကို တစ်ခါမှ မဆုံဖူးတာကိုလဲ စိတ်ထဲမှာ အသေအချာ သိနေပေမယ့် အဲဒါကို တစ်ခုခုက လိုက်ငြင်းနေသလိုပဲ။ ကိုယ် သူ့ကို သိကိုသိနေတယ်ကွာ... ဟိုးအရင်ကထဲက သိနေသလို ခံစားရလို့ မေးမိတဲ့အထိ ဖြစ်သွားတာ.."

"ငယ်ကျွမ်းဆွေတွေလား... သူက ဘယ်ကျောင်းက ဆယ်တန်းအောင်ပါတယ်လို့ ပြောလိုက်တယ်... နိုင်က ဒဂုံ(၁)က အောင်တယ်... ကျူရှင်မှာများ ဆုံဖူးတာလား... အဲဒါလဲ ဖြစ်နိုင်မယ်မထင်ဘူး။ နိုင်က ကျူရှင်စယူကထဲက နိုင့်အိမ်မှာ ဝိုင်းလုပ်ပြီး ဆရာခေါ် သင်တာနေ့... လူကလဲ တကယ့် စာတော်တဲ့ လူတွေ ဖိုးဒီ၊ ဖိုက်ဒီ၊ အော်လ်ဒီ သမားတွေမှ ရွေးခေါ်တာ... သူက နိုင့်အိမ်က ဝိုင်းကို တက်ဖူးမယ် မထင်ဘူး။ နိုင့်... အိမ်က ဝိုင်းတွေမှာက ဈေးကြီးတော့ သူတက်နိုင်မှာမှ မဟုတ်တာ.. နောက်ပြီး သူက နိုင့်ကို သိမှမသိတာ.. ဝိုင်းတက်ဖူးရင် သိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ.. ကိုယ်လဲ အဲဒါကို အံ့ဩနေတာပေါ့.. ကျွ
ကိုယ်လေ တကယ်ဝန်ခံတယ်.. အဲဒီ့ မိန်းမဆီက ကိုယ့်
သိပါတယ်လို့ ပြောတဲ့စကားကို ဘာဖြစ်လို့မှန်း မသိဘူး
သိပ်ကြားချင်မိတာပဲ။ နောက်ပြီး.. သူနဲ့ ခင်ကြည့်ချင်
သွားတယ်.. အဲဒါကိုလဲ ကိုယ့်အသိစိတ်က လက်မခံဘူး
လူစီသိပါတယ်.. ကိုယ်ခင်တဲ့၊ တွဲတဲ့ အတန်းအစားအမျိုး
အစားတွေက ဒီလို ပုံစံမပါဘူးဆိုတော့ ကိုယ့်စိတ်က
ဘယ်လက်ခံချင်မလဲ.. ဒါပေမဲ့.. တခြားစိတ်တစ်ခုက
တော့ ကိုယ့်ကို သူနဲ့အတင်း မိတ်ဆွေဖြစ်စေချင်နေတယ်
အံ့ဩစရာကြီး"

"ဆေးကျောင်းသားရယ်... စိတ်ရောဂါဆေးရုံ သွားထား
ရလို့ ခပ်ကြောင်ကြောင်များ ဖြစ်နေသလား.. ကဲပါ..
ဒီ အကြောင်းကို မေ့လိုက်ပါ.. စိတ်ချ.. နိုင် မနက်ဖြန်
မိုးလင်းရင် ဒီကိစ္စကို မေ့သွားမှာ သေချာပါတယ်... အခု
တော့ လူစီ့ကို ဗိုလ်ချုပ်ဈေး လိုက်ပို့ဖို့ စဉ်းစားအုံး။ လူစီ
မှာထားတဲ့ ဖိနပ်ပုံ အဆန်းတွေရောက်နေပြီလို့ လူစီ ဖိနပ်
ဆိုင်က ဖုန်းဆက်ထားတယ်... "

သေချာတာက လူစီပြောသလို ကိုယ်မေ့ရော မေ့
သွားပါ့မလားဆိုတာကို ဝေခွဲမရ ဖြစ်နေခဲ့တာပင်။ လူစီသည်
ကိုယ့်အပေါ် အင်မတန်မှ နားလည်နိုင်စွမ်း၊ ခွင့်လွှတ်နိုင်စွမ်း
ချစ်နိုင်စွမ်းရှိသော မိန်းကလေးပင် ဖြစ်သည်။ လူစီနဲ့ကိုယ့်ကို မိဘ





တွေကလဲ သဘောတူထားပြီးပြီ။ နောက်ဆုံးနှစ် ဖြေပြီးလျှင်
Summit Parkview တွင် စေ့စပ်ပွဲ ကြီးကြီးကျယ်ကျယ် လုပ်ဖို့
စီစဉ်ထားပြီးပြီ။ ကိုယ် ဟောက်စ်ဆင်းတာနဲ့ လက်ထပ်ဖို့ စီစဉ်
ထားပြီးပြီ။

တဖန် လူစီက သူမဘက်က ဒီလို ပိုင်ဆိုင်ခြင်း
တွေ ရှိနေတာတောင် ကိုယ့်ကို မချုပ်ချယ် တတ်ချေ။ ကိုယ့်ဗီဇ
အတိုင်း ရည်းစားထည်လဲ တွဲတာရယ် လစ်လျူရှုတတ်၏။

"နိုင်က အပျော်တွဲတာ လူစီ သိနေသားပဲ.. နိုင့်အချစ်တွေ
လူစီတစ်ယောက်တည်း ရနေခဲ့တယ် ဆိုတာ လူစီ အလို
လို ယုံကြည်ထားတယ်... ဒါကြောင့် နိုင်ဘယ်လောက်
ရှုပ်ရှုပ် လူစီက စိတ်မပူပါဘူး။ ဘာဖြစ်လို့လဲဆိုတော့
နိုင်က လူစီလောက် ဘယ်သူတို့မှ ပိုမသွားနိုင်ဘူး ဆိုတာ
လူစီသိတယ်... "

ဟုတ်သည်။ အဲဒါကို ကိုယ်လဲ ဝန်ခံပါသည်။
ကိုယ်သည် လူစီဆိုသော မိန်းကလေးကိုတော့ ငယ်ငယ်ကထဲက
ခင်မင်ခဲ့ရာကစ၍ အစပျိုးခဲ့သော သံယောဇဉ်ဖြင့် ရစ်ပတ်သည့်
ချစ်ခြင်းဖြင့် ချစ်ခဲ့ကြောင်း ဝန်ခံပါသည်။ လူစီနဲ့သူတို့ရဲ့ အခြေ
အနေ အရပ်ရပ်ကို စေ့စပ်ပွဲတွေ၊ လက်ထပ်ပွဲတွေ လူကြီးတွေ
အသိအမှတ်ပြုမှုတွေ စသည်စသည်များကိုလည်း ကျေနပ်ခဲ့ပါ
သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုမှ သူ့စိတ်တွေ ဘာဖြစ်သွားသလဲ မသိ။ 'ဒေါင်းမြကြည်' ဟူသော အမည်ကို ဖတ်မိစဉ်က ကိုယ့်နားထဲမှာ ထိုနာမည်က ပဲ့တင်လျှက်၊ ဒေါင်းမလိုလို၊ ဒေါင်းမြလိုလိုတွေ မသဲမကွဲ ထပ်ခါတလဲလဲ ကြားလျက်... ။ ပြီးတော့ ဒီနာမည် ပိုင်ရှင်ကို အလိုလို စွဲလမ်းစိတ်တွေ ရုတ်ချည်း ဖြစ်ပေါ်လာတာကိုက တစ်မျိုးကြီးပါပဲ။ မိုတ်ကနဲ ပြာသွားချိန်မှာ ကိုယ် မက်နေကျ အိပ်မက်တွေထဲမှာ တွေ့တွေ့နေကျ လူသားနှစ်ယောက်ကို ဘာ့ကြောင့် ဖြတ်ကနဲ တွေ့လိုက်သနည်း။ ကိုယ် အဲဒါကို ပဟေဠိ ဖြစ်ချင်သွား၏။

ထိုနေ့ တစ်နေ့လုံးတွင် နိုင်သမိန်ထောသည် လုပ်ရှားလုပ်ကိုင်သမျှတို့ကို စိတ်နဲ့ကိုယ် ကင်းကွာလျှက် ဒေါင်းမြကြည်ကို အချိန်ပြည့် သတိရနေမိတော့သတဲ့။

------ ◎ ------



# ဃ

အမျိုးသမီးကလေးသည် မြင်ဖူးသမျှထဲတွင် အချောဆုံး၊ အလှဆုံး၊ နန်းအဆန်ဆုံး အလှပိုင်ရှင်ပင် ဖြစ်သည်။ ဘစ်ပတ်လျှိုထားသော ဆံထုံးဟက်ဟက်ကြီးမှာ စပယ်ပန်းကုံးတွေ ဝေလို့။ ရင်ဖုံးအင်္ကျီက အင်မတန် ရွေးကျသော ရွှေဘက်ရင်ဘတ်မှာ ချုပ်ရိုးကြောင်း ဆက်ရာနှင့်။ ကွင်းလျှို၍ တပ်ရသော ကြယ်သီးတွေက စိန်ကြယ်သီးတွေ ဖျတ်ဖျတ်လက်လို့။ ချိတ်လုံချည် ခရမ်းရင့်ရောင်နှင့် ရင်ဖုံးလက်ရှည် အင်္ကျီအဖြူ ပါးပါးကတော့ ဘာသားမှန်း မသိနိုင်။ သို့သော် သူမ သိပ်လှပါသည်။

ထိုစဉ်မှာ ထိုအမျိုးသမီး၏ ပုခုံးပေါ်သို့ အဖြူရောင် ပုဝါကလေး လာ၍ သိုင်းခြုံပေးသူ တစ်ယောက်ကို အမြင်အာရုံမှာ တွေ့လိုက်ရ၏။ ထိုသူက အဖြူရောင် ခေါင်းပေါင်းနှင့် အဖြူရောင် ပိုးရင်ဖုံးတိုက်ပုံနှင့် ခရမ်းရင့်ရောင် ချိတ်ပုဆိုး ဝတ်ဆင်ထားသည်နှင့်။ ဒါပေမဲ့ ထိုအမျိုးသားက အမျိုးသမီးကလေးနှင့်ဟုဥလျှင်



www.burmeseclassic.com

www.burmeseclassic.com



တော်တော့်ကို အရှုပ်ဆိုးပါသည်။

အဲ့ဒီ အခိုက်အတန့်မှာ သူမ ဖြတ်ကနဲ မှတ်မိသွားပြန်၏။ ကြည့်စမ်း မှော်ပြန်ပြီ။ မတ်နေကျ အိပ်မက်များထဲမှ တွေ့ဖူးသော မြင်ကွင်းတစ်ခုပဲ။ သိပ်မှတ်မိနေခဲ့တာပေါ့။ ဒါဟာ သူမ, လုံးဝ မမြင်ဖူးတဲ့ အမျိုးသားကလေးနဲ့ အမျိုးသမီးကလေးတို့ရဲ့ လက်ထပ် မင်္ဂလာပွဲတစ်ခုပဲ။

တဆက်တည်းမှာပင် ထို ကြည်နူးဖွယ်ရာ မင်္ဂလာပွဲကို မြင်မက်နေရင်းမှ အိပ်နေရင်းပင် ရင်ထဲမှာ လှိုက်ကနဲ ဖြစ်ဖြစ်လာ၏။ ထိုမြင်ကွင်းအား ဝမ်းနည်း ကြေကွဲဖွယ်ရာ မြင်ကွင်းအဖြစ် ထင်မှတ်လာခဲ့တော့သည်။ ဖြစ်နိုင်ရင် ဒီမြင်ကွင်းထဲက အဖြစ်အပျက်ကြီးကို မမြင်ပါရစေနဲ့။ သူတို့ရဲ့ မင်္ဂလာပွဲကို မမြင်ပါရစေနဲ့။ ဒါ တကယ်ဖြစ်ခဲ့တာ မဟုတ်ပါစေနဲ့ ဟု အလိုလို ဆုတောင်းမိပြန်၊ အိပ်နေရင်းမှ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်သိပ်လာခဲ့တော့သည်။ ဘေးစောင်းအိပ်နေ၍ နားထင်တလျှောက် မျက်ရည်တွေ စီးကျလာကာ ခေါင်းအုံးပေါ်သို့ တပေါက်ပေါက် ပြိုဆင်းလာခဲ့၏။ ရှိုက်ကာ ရှိုက်ကာ ငိုကြွေးမိပြန်သော်လည်း အိပ်မက်က နိုး၍မရပြန်။ အဲဒီ မုန်းစရာကောင်းတဲ့ မင်္ဂလာပွဲကြီးကို ဟုတ်တယ်၊ ဒီမင်္ဂလာဆောင်ပွဲ တစ်ခုကို မမြင်လိုတော့ပါပဲ မြင်နေရလေသည်။

သူမ ဘာဖြစ်လို့ ဒီမင်္ဂလာ ဆောင်ပွဲထဲက အမျိုး





သမီး အင်းအမှုန်ဆုံး ခေါ်တွင်ရသော် သတို့သမီးကလေး၏ ရင်ထဲက ခံစားချက်တွေကို သိနေသလဲ။ အဲ့ဒီ သတို့သမီးက ဝမ်းနည်း ကြေကွဲနေတယ်။ သူချစ်သူနဲ့ လက်ထပ်ရတဲ့ မင်္ဂလာပွဲ မဟုတ်လို့တဲ့။ ပြီးတော့ သတို့သားကို အလွန်အမင်း မုန်းတီးနေခဲ့သတဲ့။ သူမကလေးနဲ့ သူမရဲ့ချစ်သူတို့ဟာ ဒီသတို့သားရဲ့ ကောက်ကျစ်မှုကြောင့် ကွဲသွားခဲ့ကြရသတဲ့။

ထို သတို့သမီးလေး ခံစားရသည့်အတိုင်း သူမမှာ ကူးစက်ခံစားရပြီးနောက် တလှိုက်လှိုက်၊ တရှိုက်ငင်ငင် ငိုနေမိတော့တာဖြစ်သည်။ ဖြစ်နိုင်ရင် မတ်နေကျ အိပ်မက်တွေထဲက ထွက်ပြေးပါရစေလား။

"သမီး... ဟဲ့သမီးငယ်... ခေါင်းမြ... ကြည့်စမ်း... အိပ်နေရင်း ငိုနေပြန်ပြီကွယ်... အိပ်မက်မက်နေပြန်ပြီလား... ထ... ထ... ခေါင်းမြထတော့... ဒေါ်လေးဆိုင်သွားဖွင့်တော့မယ်။ ကြည့်စမ်း တစ်ကိုယ်လုံးလဲ ချွေးတွေရွှဲလို့ကွယ်... "

ရှိုက်ကြီးတငင် ငိုနေစဉ်မှာ သူမ၏ ပုခုံးနှစ်ဘက်မှ ဆွဲမ၍ ခန္ဓာကိုယ်ကို ရှေ့တိုး၊ နောက်ငင် လှုပ်ရမ်းကာ နိုးလိုက်ခြင်းကြောင့် နောက်ဆုံးမှာ ခေါင်းမြကြည် အင်မတန် နိုးထချင်လှသော အိပ်မက်တစ်ခုမှ နိုးထလာခဲ့တော့သည်။ ဒေါ်လေးက ခေါင်းမြကြည်၏ ပါးပြင်၌ ရွှဲနစ်နေသော မျက်ရည်များကို ပွတ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပေးရင်း စိတ်မကောင်းစွာ ညီးညူလိုက်၏။

"အိပ်မက် မက်နေပြန်ပြီ ဒေါ်လေးရဲ့... အရင်တုန်းက မက်နေကျအတိုင်း မက်တာပဲ.. ဒီတစ်ခါမက်တဲ့အပိုင်းက မင်္ဂလာဆောင်နေတဲ့ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို မြင်ရတာသိလား။ ပြီးရင်... တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို အဲဒီနောက်က အဖြစ်အပျက်တွေ ဆက်မက်ဦးတော့မှာ... ။ ကျွန်မ ကြောက်ရဦးမယ်၊ ဝမ်းနည်းရဦးမယ်၊ ခဏခဏလဲ အိပ်နေရင်း ငိုရဦးမယ် ဒေါ်လေးရဲ့... ဒီအိပ်မက်ကြီးတစ်ခုက အစဉ်အတိုင်း မက်လိုက်။ အဲဒီ မိန်းမနဲ့ယောက်ျား နှစ်ယောက်စလုံး ငုံးကျင်းထဲလိုလို ကျင်းတစ်ခုထဲဝင်တဲ့ အချိန်မှာ အုန်းကနဲ အသံကျယ်ကြီး ကြားလိုက်ပြီး အားလုံး ပျောက်သွားတဲ့ အထိ မက်ပြီးရင်... တစ်လလောက် မမက်ပဲ နေပြန်ရော နောက်ပြီး အစက ပြန်မက်ပြန်ရော.. အဲဒီ အိပ်မက်ကြီး နှိပ်စက်နေတာ ဘယ်လောက်ကြာပြီလဲ... သုံးလေးနှစ် မကတော့ဘူး...ဆရာဝန်တွေတောင် ဦးနှောက်ခြောက်ပြီ နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်ပြီး အိပ်မက် မမက်တဲ့ အိပ် ဆေးမျိုးတောင် မပေးချင်တော့တဲ့အထိ။ ကျွန်မ စိတ်ညစ် ပါတယ် ဒေါ်လေးရယ် ကျွန်မမှာ ဘယ်ဝဋ်ကြွေးများ ပါ လာလို့ ဒီအိပ်မက်ကြီးက တာ်သက်လုံး နှိပ်စက်နေတော့ တာလဲဟင်"





"အစွဲအလမ်း ထားမနေပါနဲ့ကွယ်... တစ်နေ့ကျရင် ပျောက်သွားမှာပါ... ဘုရားတရားသာ များများလုပ်.. အိပ်ခါနီး ဘုရားစာများများရွတ်။ တရားထိုင်တဲ့ အလုပ် ကိုလဲ မပျက်မကွက် လုပ်ပေါ့.. အားမငယ်ပါနဲ့ ကိုယ့်ကို ဘာမှ ဒုက္ခပေးတဲ့ အိပ်မက်မျိုးမှ မဟုတ်တာ... အဲဒီ အိပ်မက်ထဲက လူနှစ်ယောက်နဲ့သမီးက အရင်ဘဝတွေ တုန်းက တနည်းနည်း ပတ်သက်ခဲ့လို့ မက်နေတာပါ.. သူတို့နဲ့ ပြန်တွေ့ရတဲ့ တစ်နေ့မှာ သမီးရဲ့အိပ်မက်တွေ ပျောက်သွားမှာပါကွယ်... "

မှာင့်အင်း။ အဲဒီအိပ်မက်ထဲကလူသားနှစ်ယောက် နဲ့ ကျွန်မ တစ်စုံတစ်ရာ ပတ်သက်မှု မရှိပါရစေနဲ့လား။ အဲဒီ ထဲက အမျိုးသမီးကို ကျွန်မ သိပ်သနားမိပြီး အမျိုးသားကို သိပ် မုန်းနေမိတဲ့ ခံစားချက်ကို အိပ်မက်ထဲမှာပဲ ခံစားပါရစေ။ အပြင် မှာ ပြန်တွေ့ပြီး ဒီခံစားချက်ကို အပြင်လောကမှာပါ ခံစားရရင် ကျွန်မ ရူးသွားမလားပဲ။

"တဲ... တဲ... ခြောက်နာရီခွဲပြီ.. ဒေါ်လေး ဆိုင်သွားဖွင့် တော့မယ်နော်... ဒေါင်းမြူ။ ပြီးရင် ခြင်းတောင်းဆွဲပြီး ဈေးထဲ လိုက်ခဲ့ ဒေါ်လေးဝယ်ခြမ်းထားတာတွေ အလုပ် ချိန်အမှီ ချက်ရအောင် ထမင်းအိုးတော့ ဒေါ်လေးတည် ထားပြီးသား... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့..."

မနက်တိုင်း အာရုဏ်ဆွမ်း ထကပ်လေ့ရှိသည့်မို့ ဒီအိမ်မှာ ထမင်းအိုးကို ဒေါ်လေးက တည်ထားနှင့်တတ်သည်။ ဒေါင်းမြကြည်ကတော့ မျက်နှာသစ်ပြီးလျှင် အိမ်တံခါး ခဏ ပိတ်ကာ ဒေါ်လေး၏ ဆိုင်ကလေးရှိရာ ဈေးထဲသို့ လိုက်သွားရစမြဲ။ ဒေါ်လေးကြိုဝယ်ထားနှင့်သော နှစ်ယောက်စာ ဟင်းချက်စရာများကို ခြင်းတောင်းနဲ့ သွားသယ်ပြီး အလုပ်ချိန်မှီအောင် ချက်ပြုတ်ရစမြဲ။

ဒေါင်းမြကြည်၏ မေမေက သူမ ရှစ်တန်းဖြေအပြီးမှာ ရင်သားကင်ဆာဖြစ်ပြီး ဆုံးသွားခဲ့လေသည်။ ဖေဖေကတော့ ဒေါင်းမြကြည် ဆယ်တန်းတက်သည့်နှစ်မှာ နောက်အိမ်ထောင် ထူထောင်ခဲ့ပါသည်။ အစတော့ ဖေဖေနဲ့အတူတူ နေသေးသည်။ ဖေဖေ့မိန်းမကလည်း အပြစ်ရှာ ဆူပူတတ်သော မိထွေးမျိုးတော့ မဟုတ်။ သို့သော် ရုံးဝန်ထမ်းဖြစ်သည့် ဖေဖေ့လစာနဲ့ မလောက်ငှတော့အောင် မိသားစုတိုးပွားလာရာ ဒေါင်းမြကြည်က သိတတ်နားလည်စွာ ဖေဖေ့ကို အားနာမိသည်။ အဲဒီအချိန်မှာ မေမေ၏ တစ်ဦးတည်းသော ညီမ အပျိုကြီးက သူနဲ့ လာနေမလားဟု သူ့အိမ်သွားလည်စဉ် မေးချိန်မှာ ဒေါင်းမြကြည်အတွက် အသင့် ဖြစ်သွားခဲ့တော့၏။ အခုဆို ဒေါ်လေးနဲ့ အတူတူ နေလာတာ ရှစ်နှစ်နီးပါး ရှိတော့မည်။





ဒေါ်လေးနေထိုင်သော အပေါ်ဆုံးလွှာ ကန်ထရိုက် တိုက်ခန်းကလေးသည် မေမေ့အဖေနဲ့အမေ၏ အမွေပင်ဖြစ်၏။ အဘိုးအဘွားကို ငယ်ငယ်ကသာ မြင်ဖူးလိုက်သော ဒေါင်းမြကြည်မှာ ဆွေမျိုးလဲ နည်းပါးပါသည်။ ဖေဖေ့ဘက်က ဆွေမျိုးတွေနဲ့ကလည်း မရင်းနှီးတာလည်း တစ်ကြောင်း။ ဒေါင်းမြကြည်ကို ငယ်ငယ်ထဲက ချိုပိုးထိန်းကျောင်းခဲ့ဖူးသော ဒေါ်လေးတို့သာ ခင်တွယ်သည်လဲ တစ်ကြောင်း တို့ကြောင့် အခုတော့ ဒေါင်းမြကြည်၏ဘဝမှာ ဒေါ်လေးတစ်ယောက်သာ အရင်းနှီးဆုံး ဆွေမျိုးဖြစ်နေတော့၏။

ဒေါ်လေးက ဒေါင်းမြကြည်တို့ နေထိုင်ရာ ရပ်ကွက် အကျယ်ကြီး၏ ဈေးကြီးထဲမှာ နို့ဆီ၊ နို့မှုန့်၊ သကြား၊ အချိုမှုန့်၊ ဟောလစ် စသည်ဖြင့် မပုပ်မသိုးသော ပစ္စည်းများကို ဆိုင်ခန်းကလေး တစ်ခန်းဖွင့်ကာ တနိုင်ရောင်းချသည်မှာ မိုးလင်းက မိုးချုပ် ဈေးထဲတွင် အချိန်ကုန်တတ်သည်။ ဒေါင်းမြကြည်ကတော့ ဖေဖေ့ အကူအညီနဲ့ သိမ်ကြီးဈေး ဒဂုံကုန်တိုက်၏ အရောင်းပြခန်းကြီးထဲတွင် ကုမ္ပဏီတစ်ခုက ကိုယ်စားဖွင့်လှစ်သော ဆိုင်ခန်း၌ အရောင်းစာရေးမကလေး အလုပ်ကို လုပ်ရပါသည်။

ငွေကို အလျှံပယ်သုံးစွဲနိုင်သော ဘဝမဟုတ်သော်လည်း ငွေကြေး ကြပ်တည်းခြင်း မရှိသည့် အဆင်ပြေသော သာမန် အလယ်အလတ်တန်းစား ဘဝကလေး၌ ဒေါင်းမြကြည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီလို စိတ်ညစ်ညူးရသည့် အိပ်မက်တွေသာ မရှိခဲ့ရင် ပိုပြ စိတ်ချမ်းသာစရာ ကောင်းမှာပဲဟု တောင့်တမိချင်သားပင်။

ဒေါင်းမြကြည် ချက်ပြုတ်ပြီးချိန်လောက်ဆို ခုန နာရီခွဲပြီ။ အဲဒါ အမြဲ ပုံမှန်ပြီးနေကျ ဟင်းချက်ချိန်ပဲ။ လူ ယောက်စာ ဟင်းလျာကို ဆီပြန်ဟင်းတစ်ခွက်၊ ချဉ်ရည်ဟင်း တစ်ခွက်၊ အသီးအရွက်ကြော် တစ်ခွက် အပြင် ငါးပိရည် တို့စ အမြဲစားတတ်သော ဒေါ်လေးအတွက် ပြင်ဆင်ရတာ မပင် ပါ။ အကျင့်ဖြစ်နေ၍လားမသိ။ ဟင်းချက်ရတာ တော်တော် မှန်မြန်ပြီးတတ်ပါသည်။ ရေမိုးချိုး၊ အဝတ်အစားလဲကာ ထမင်း ခူး၊ ရေပူးတွေထည့် ဒေါ်လေးအတွက် ထမင်းချိုင့်ပါ ပြင်ဆင် ချိန်မှာ အိမ်ခန်းကို သော့အထပ်ထပ် ပိတ်ကာ အလုပ်သွား ပြင်ဆင်ရစမြဲ။ ရှစ်နာရီဆယ့်ငါးလောက် အိမ်ကထွက်၊ လမ်း က ဒေါ်လေးဆိုင်ရှိသည့် ဈေးကြီးထဲဝင်ကာ ဒေါ်လေးအတွ ထမင်းချိုင့် ဝင်ပေးပြီးလျှင် ထိုဈေးရှေ့မှ ကားစီးရပါသည်။ ဘတ်(စ်)ကားက သိမ်ကြီးဈေးဒဂုံကုန်တိုက် ရှေ့တည့်တည့် သော ကားဖြစ်၏။

တွေးကြည့်ရင် အင်မတန့်ကို ငြိမ်းချမ်းအေး ပြီး ပူပင်သောကကင်းတဲ့ ရိုးရိုးသာမန် မိန်းမတစ်ယောက်ရဲ့ ရိုးဖြစ်စဉ် ဘဝတစ်ခုပါပဲ။

သို့သော် ထို သာမန်မိန်းမ၏ ဘဝသည် အ





နေ့တွေကလို မဟုတ်တော့ကြောင်း ဒီနေ့မှာ ထပ်မံတွေ့ဆုံခွင့် ရသော လူတစ်ယောက်ကြောင့်ပင် ဒေါင်းမြကြည်၌ တစ်မျိုး တစ်ဖုံ ခံစား သိရှိလာရပါတော့သည်။

"ဒေါင်းမြ... တို့ကတော့ အမြဲကို အချိန်မှန် ရောက်နေ ကျပဲ... ဘယ်လိုလဲ စာတွေ ကျက်နေပြီလား..."

ကောင်တာ နောက်ဝင်လိုက်လျှင်ပဲ လုပ်ဖော် ကိုင်ဖက် သူငယ်ချင်း သီတာခင်က နှုတ်ဆက်လေသည်။

"ကျက်တော့မလို့ စဉ်းစားနေတုန်းပဲ သီတာခင်ရဲ့... စာ ကျက်ရမဲ့ အရေးကို တွေးကြည့်ရင် အင်မတန်မှ ပျင်းဖို့ ကောင်းတယ်နော်၊ ကျုပ်က စာနဲ့မတည့်ဘူး ထင်တယ်... ကျောင်းစာအုပ်ကိုင်လိုက်တိုင်း အိပ်ပျော်သွားတတ်တယ်၊ သီတာခင်ရော ကျက်နေပြီလား..."

"အမလေးတော်... ကျုပ်ကို အထင်ကြီးနေပြန်ပါပြီ... စာ ကျက်ဖို့ နေနေသာသာ ဘဲကြီးနဲ့ မကြည်မလင် ဖြစ်နေလို့ စိတ်ရှုပ်နေရတယ်... အဲဒါနဲ့ စာမကျက်ဖြစ်သေးဘူး"

ဒေါင်းမြကြည်ကဲ့သို့ အဝေးသင် တက္ကသိုလ်တက် သာ သီတာခင်၏ ညီးညူမှုကြောင့် နံဘေးမှာ ရှိသည့် တင့်တင့် က ဒေါင်းမြကြည်အား...

"ဟုတ်တယ်... ဒေါင်းမြရဲ့... ရည်းစားထားတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပူကိုယ်ရှာရတာနဲ့ အတူတူပဲ..' တင့်လဲ ရည်းစာ စိတ်ကောက်ရ၊ ရန်ဖြစ်ရ၊ နားလည်မှုတွေ ညှိရနဲ့ တစ် တစ်လေ စိတ်တောင်ပျက်တယ်... "

"ဒါဆိုလဲ... ရည်းစားမထားကြနဲ့ပေါ့ဟယ်"

"ဒေါင်းမြနေ.. ရှင့်လို 'အချစ်' ဆိုတာကို စိတ်မဝင်စား မိန်းမမျိုး မဟုတ်တော့ ခက်သားရှင့်... ဒေါင်းမြ မသိ ဘူး၊ အချစ်ဆိုတာ မတွေ့သေးခင်တော့ ဒီလို ပြော တာပဲ... ။ ဒါနဲ့... ဒေါင်းမြကရော ဘာလို့ အချစ်ကို စိ မဝင်စားတာလဲ"

"ဩော်... မေးတတ်ပါ့ ရွှေတင့်တင့်ရယ်... ။ စိတ်မဝင် တာမှ မဟုတ်တာ... ကျုပ်ရင်ထဲမှာ အချစ်ဆိုတာ ရှိ ရှိမနေတာ ဘုရားသခင်က သူဖန်ဆင်းလိုက်တဲ့ ဒေါင် ကြည်ဆိုတဲ့ မိန်းမရဲ့ရင်ထဲကို အချစ်ထည့်မပေးလိုက် လို့ ကဗျာဆန်ဆန် ပြောကြည့်ရင် ကောင်းမယ်ထင်တ နော်... "

ဆယ်နာရီမှာ စဖွင့်သော ကုန်တိုက်ကြီးသည် ခါစမို့ လူရှင်းနေလေရာ ဒေါင်းမြကြည်တို့ကဲ့သို့ အရောင်းစာ မလေးများက ကိုယ့်ခင်မင်ရာ အုပ်စုနဲ့ကိုယ် တစ်ယော အကြောင်းတစ်ယောက် ပြောကြ၊ အတင်းအုပ်ကြနှင့် ရှိနေတ ပါသည်။





"ဒေါင်းမြရဲ့ ဆံပင်တွေ ဒီနေ့ ပိုပျော့နေသလိုပဲ ခေါင်း လျှော်လာတာလား.. တီဗွီကြော်ငြာထဲက 'အခုတော့ ကျွန်မသိပြီ' ဆိုပြီး လှည့်ပြောတဲ့ မော်ဒယ်မိန်းမရဲ့ ဆံပင် အတိုင်း ဒေါင်းမြ ဆံပင်တွေက အဲ့ဒီလိုလေးဖြစ်နေတယ်"

"အင်း... ဒါပေမဲ့ ကျုပ်က PANTENE PRO-V ရှန်ပူ တော့ မသုံးပါဘူး သီတာခင်ရေ.. ဒေါ်လေးရဲ့ ဗမာ ခေါင်းလျှော်ရည်တွေပဲ ယူယူလျှော်နေတာ။ ကျုပ်က သီတာခင်တို့... တင့်တင့်တို့လို ရုပ်မလှတော့ လှတစ် ယောက်မှာ လှတဲ့တစ်ကွက်တော့ ရှိရမယ်ဆိုတဲ့ ပုံသေ နည်း အတိုင်း ဆံပင်လှနေတာ တစ်ခုတော့ ပိုင်ဆိုင်နေ တာဖြစ်မှာပေါ့"

"ရုပ်ရည် လှဖို့က အရေးမကြီးပါဘူး ဒေါင်းမြရယ်... အရေးကြီးတာက စိတ်လှရင် ပြီးတာပဲ... "

"ကျုပ်က စိတ်လှတယ်လို့ ဘယ်သူကများ မြှောက်ပြော နေပါလိမ့်... ကျွေးစရာတော့ ဘာမှပါမလာဘူးနော်... ကြက်သားနဲ့အားလူးဆီပြန်ရယ်... ချဉ်ပေါင်ရွက်ချဉ်ရည် ရယ်၊ မျှစ်ကြော်ရယ်ပဲ ပါတယ်... ထမင်းဘူးထဲမှာ ရှိတယ်၊ မြှောက်ပြောခ ကျွေးရမလား... တင့်တင့်"

"ကျွေးဖို့ မွေးဖို့ နောက်မှစဉ်းစားတော့ ဒေါင်းမြရေ... ရှင့် ကောင်တာမှာ ပစ္စည်းဝယ်မဲ့ လူလားမသိဘူး ရပ်ပြီး အထဲ

www.burmeseclassic.com

www.burmeseclassic.com



ကပစ္စည်းကိုကြည့်လိုက်၊ ဟိုရှာလိုက် ဒီရှာလိုက် လုပ်နေ လေရဲ့... သွားလိုက်ပါဦး... ”

တင့်တင့်သည် ဒေါ်င်းမြကြည် ကျောခိုင်းထားရာ ဘက်ဆီ လှမ်းကြည့်၍ သတိပေးစဉ်တုန်းကတော့ ဒေါ်င်းမြကြည် အတွက် အံ့ဩစရာ ဖြစ်စရာ သိပ်မရှိ။ သို့သော် သူမ ကျောခိုင်း ထားရာဘက် မျက်နှာမူစဉ်မှာ အံ့ဩစရာ တုန်လှုပ်ခြင်းတွေ စတင်တော့တာပဲ။

ကြည့်စမ်း။ မနေ့ကလူ။ ရောက်လာပြန်ပြီ။ ဒါဟာ ဘာသဘောနဲ့ ရောက်လာခြင်း ဖြစ်မလဲ။ မနေ့ထဲက သူ့ အကြည့်တွေကို မနှစ်မြို့မိခဲ့သည့် အခံရှိနေခြင်းလည်း တစ်ချက် သူ့မျက်နှာကို မြင်တိုင်း စက်ဆုပ်မုန်းတီးစိတ်များ အလိုလို ဖြစ်ပေ ခြင်းလည်းတစ်ချက်တို့ကြောင့် ထိုသူကို သူမ,ရင်မဆိုင်ချင်။ ပေမယ့် မိမိတာဝန်ယူထားရသည့် နေရာကို လူစားထိုး လုပ်ခွ မရှိသော စည်းကမ်းကြောင့်ပင် ထိုသူကို ရင်မဆိုင်လိုပါပဲ ရင်ဆိုင် ရဦးမည်။ အင်း စိတ်ကျဉ်းကျပ်ရပါဘိတော့။

“တော်ပါသေးရဲ့ဗျာ... ခင်ဗျားကို မတွေ့တာနဲ့ မနေ့ ဒီကောင်တာမှာ ခင်ဗျားရှိတာ ဟုတ်မဟုတ်ရဲ့လား ဇဝေ ဇဝါဖြစ်သွားမိတယ်... ”

ဒေါ်င်းမြကြည်လာရပ်တာကို မြင်လိုက်လျှင် မြ လိုက်ခြင်း ထိုသူ့ဆီမှ စကြားရသော စကားတစ်ခွန်းကို မနှစ်



ခြင်းတွေက တလိပ်လိပ် ဆင့်ကဲဆင့်ကဲ ဖြစ်တည်လာခဲ့သည်။

“ကျွန်တော် ကားမှန်ရှေ့မှာ ကပ်တဲ့ ကားချပ်လိပ်ကလေး တွေ့ ထပ်ဝယ်လို့ ရဦးမလား... မနေ့ကဝယ်သွားတဲ့ ဒီဇိုင်း ကို ကျွန်တော့်ညီက သဘောကျပြီး သူ့ကားမှန်မှာ ကပ် မယ်ဆိုပြီး ဗိုလ်ကျသွားတာနဲ့၊ နောက်တစ်လိပ် ထပ်လာ ဝယ်ရတယ်... ”

ဘာကြောင့် လာဝယ်သလဲဟု မမေးပါပဲ သူက လုံမလဲ ရှင်းပြခြင်းကိုလည်း မုန်းတီးမိပြန်သည်။ မပြောချင်ပါ ဘူး။ ဒီလိုမျိုး ကားရှေ့မှန်မှာ ကပ်တဲ့ကားချပ်ကလေးတွေ ဘယ် နေရာမဆို ဝယ်လို့ ရရဲ့နဲ့ ဒီကို တမင်လာဝယ်တာကိုက ဒီလူ ဘက်က မရိုးသားတာပဲလို့ ထင်လိုက်ချင်ရဲ့။ သို့သော် သူမှာက စ်ခင်မြတ်နိုးစဖွယ် ချစ်သူကလေးကိုလည်း ပိုင်ဆိုင်သေး။ သူ ယ်တိုင်လည်း ချောမောသန့်ပြန့်သော ရုပ်ရည်ကိုလည်း ပိုင် ဆိုင်သေး။ ပြီးတော့ ဒေါ်င်းမြကြည်ရဲ့ သက်တမ်းမှာလည်း ဒီလို း ယောက်ျားတစ်ယောက်ရဲ့ ချဉ်းတပ်မှုကို ရရှိခဲ့ဖူးသည် မှန် သော်လည်း ထိုသူကဲ့သို့သော လူမျိုး၏ စိတ်ဝင်တစား ချဉ်းကပ် မှုကို မရခဲ့သေး။ အဲဒါတွေကြောင့် သူဟာ ရိုးရိုးသားသား တ်နဲ့ ဒီမှာ လာဝယ်တာပါဟု သတ်မှတ်ချင်ပါသည်။

စဉ်းစားကြည့်ကွယ်။ ကိုယ့်လို ရုပ်ရည် ထင်ထင် ပေါ်ပေါ် ဖြစ်အောင် မလှပတဲ့ သာမန်အရောင်း စာရေးမတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဤသို့သော ချမ်းသာကြွယ်ဝသည့် သူဌေးသားက လာပြီး စိတ်ဝင်စားတယ်ဆိုတာ မဖြစ်နိုင်စရာကြီး။

ဒါပေမဲ့ သူ့ကို ဘာကြောင့်မှန်းမသိ ဒေါင်းမြကြည် ရင်းရင်းနှီးနှီး သိနေသလို ခံစားရ၏။ တဖန် ထိုခံစားချက်နှင့် အတူ သူ့ကို မုန်းတီးစိတ်များကလည်း အတူရှိနေပြန်၏။

"အင်း... ဒီဗိုင်းတွေ များတော့ ဘယ်ဟာ ရွေးရမှန်းမသိ ဖြစ်ပြန်ပြီဗျ... ဒုက္ခပဲ... ကျွန်တော်က လှတာဆို အကုန် သဘောကျတော့ ရွေးရခက်နေပြီ... ကူညီပါဦး"

"ရှင့်ကို ကျွန်မ, မနေ့ထဲက ပြောလိုက်တယ်... ကျွန်မက လှတာကို မရွေးတတ်ဘူး၊ ဘယ်ဟာ အကောင်းဆုံး အလှဆုံးလဲ ဆိုတာကိုလည်း မရွေးတတ်ပါဘူးဆိုတာ ရှင် မှတ်မိမှာပါ... ဒီတော့ ရှင့်ဘာသာ စိတ်ကြိုက်ရွေး... ရွေး လို့မရလဲ မကူညီနိုင်ဘူး... "

"ခင်ဗျားက ဆက်ဆံရေး တော်တော်ကောင်းတဲ့ အရောင်း စာရေးမပဲနော်... မနေ့ထဲက ကျွန်တော့်ကို ဖေါ်ဖေါ် ရွေရွေ မရှိဘူး။ ကျွန်တော့်ကို ဖေါ်ဖေါ်ရွေရွေ မရှိတာ အကြောင်းမဟုတ်ပါဘူး။ ကျွန်တော့်လိုပဲ တခြားဝယ်သူ တွေကို ဖေါ်ဖေါ်ရွေရွေ မဆက်ဆံရင် ခင်ဗျား အလုပ်ရှင် က သိသွားတဲ့အခါ ခင်ဗျား အလုပ်ပြုတ်မှာပေါ့... ဒေါင်း မြကြည်ရဲ့... ။ သတိထား... ကျွန်တော်က စေတနာနဲ့





သတိပေးတာ"

ဤ အမည်နာမကို ကိုယ့်နှုတ်ဖျားက ခေါ်လိုက်ရ ချိန်တွင် ရင်ထဲ၌ ငြိမ်းချမ်း ပြည့်စုံသွားခြင်းတည်းဟူသော ခံစား ချက်က ဖြစ်ပေါ်သွား ခဲ့လေသည်။ သို့သော် ကြေကွဲချင်စရာ ကောင်းတာက ကိုယ်ဒီလို ခေါ်တွင်လိုက်တဲ့အခါမှာ တွန့်ကနဲ ဖြစ်သွားလျှက် ကိုယ့်ကို အလိုမကျသော မျက်ဝန်းတွေဖြင့် ဝေး ကြည့်ခဲ့သော သူမကို ရင်ဆိုင်ရခြင်းပဲ။ အိုး ကိုယ့်ရင်ထဲမှာ သူမရဲ့ အလိုမကျဖြစ်ခြင်းကို ဘာကြောင့် ဒီလောက်တောင် ခံစားသွား ရသလဲ။ ကိုယ်အဲဒါကို မသိ။

"ဒေါင်းမြကြည်ဆိုတဲ့ နာမည်ကို သိလိုက်ချိန်တုန်းက ခင်ဗျားနာမည်မျိုးကို ကျွန်တော်အရင်က ရင်းရင်းနှီးနှီး ခေါ်ပြောခဲ့ဖူးတယ်လို့ ထင်နေမိတယ်... ခင်ဗျားနဲ့ကျွန် တော် ဘယ်တုန်းကမှ မသိကျွမ်းခဲ့ကြဘူးဆိုတာ အမှန်ပဲ လား၊ ကျွန်တော် မယုံကြည်နိုင်ဘူးဗျာ... "

"ဒီမှာ... လူကြီးမင်း... ရှင် ပစ္စည်းဝယ်ဖို့ လာတာလား... ကျွန်မကို အင်တာဗျူးဖို့ လာတာလား။ ဒီအရောင်းဆိုင် ဟာ ကျွန်မရဲ့ ကိုယ်ပိုင်အလုပ် မဟုတ်တာကို သတိထား ဦးမှပေါ့... ရှင့်ကြောင့် ကျွန်မ အလုပ်ထဲမှာ ပြောရော ဖြစ်ရင် ဘယ်သူ နစ်နာမလဲ ကျွန်မပဲ နစ်နာမှာ... ဒီမှာ ရှင့်... ကျွန်မ ရိုးရိုးသားသား လုပ်ကိုင် စားသောက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပါ။ မိကောင်းဖခင် သားသမီးပါ... တဆိတ်ကျေးဇူးပြုပြီး ကျွန်မတို့လို အရောင်းစာရေးမ တွေကို အထင်သေးစိတ်နဲ့ ချဉ်းကပ်အရောဝင်ဖို့တော့ မကြိုးစားပါနဲ့လို့ အနူးအညွတ် မေတ္တာရပ်ခံပါတယ်"

"ဟာ... ဆောရီးကွာ... ကျွန်တော်လောသွားတယ်... ဆောရီး ဆောရီး... ကျွန်တော် ဘယ်လိုသဘောနဲ့မှ ဒေါ်ငြိမ်းကြည်ကို အရောဝင်တာ မဟုတ်ပါဘူး။ ဖြစ်နိုင်ရင်လေ... ကျွန်တော့် စိတ်ထဲမှာ ခင်ဗျားကို မြင်မြင်ချင်း ဖြစ်ပေါ်လာတဲ့ အရင်ထဲက သိကျွမ်းခဲ့ဖူးသလိုလို ခံစားရတဲ့ ခံစားချက်ကို ခင်ဗျား နားလည်အောင် ရှင်းပြချင်တယ်ဗျာ... ကျွန်တော် ဘယ်လောက်ရှင်းရှင်း... ခင်ဗျားလဲ ယုံမှာမဟုတ်ဘူး... မနေ့က ကျွန်တော်နဲ့ ပါလာတဲ့ လူစီလဲ ယုံမှာမဟုတ်ဘူး... "

နိုင်သမိန်ထောသည် ထိုစကားကို ပြောနေရင်းမှ စိတ်ထဲ၌ တစ်စုံတစ်ရာကို ဝမ်းနည်းကြေကွဲလာရပြန်၏။ ဖြစ်နိုင်ရင် ချက်ချင်း ဒီနေရာက ထွက်ပြေးပြီး တိတ်ဆိတ်တဲ့ နေရာတစ်ခုမှာ သွားထိုင်ရင်း ကိုယ့် အဖြစ်အပျက်ကို ကိုယ်ဆန်းစစ်ကြေကွဲချင်နေပြန်သည်။

"ကျွန်တော်... ဒီအပြာရောင် မျက်လုံးတစ်စုံသာ ပေါ်လွင်တဲ့ အမျိုးသမီးပုံ ကားချပ်ပဲ ယူပါမယ်... "



သူမ, က ထိုကားချပ်ကို ပြန်လိပ်ဖို့ ရှိုးကေ့စ်မှန်ပေါ်မှ ကောက်ကိုင်လိုက်၏။ အဲ့ဒီ အခိုက်အတန့်မှာ သူ့စိတ်တွေ ဘာဖြစ်သွားမှန်း မသိ။ သူမ၏ လက်ချောင်းများကို လိုက်ငေးရင်း ထိုလက်ချောင်းတွေကို ကိုယ့်လက်ဖဝါးများဖြင့် နွေးထွေးချစ်ခင်စွာ တွဲခေါ် ချင်သည့်စိတ်တွေ ပြီးတော့ သူမအား ချစ်ခင်စွဲလမ်းသွားစိတ်တွေ၊ ရယူပိုင်ဆိုင်လိုသောစိတ်တွေ၊ လူစီ့အပေါ်မှာတောင် မထားဖူးသည့် အရူးအမူး ချစ်မြတ်နိုးစိတ်တွေ ဖြစ်လာရ၏။

ကျွတ် ကိုယ်နဲ့မင်းနဲ့ကြားမှာ တစ်စုံတစ်ခုတော့ ရှိကိုရှိနေရမယ်။ အဲဒါကို ကိုယ်ရှာမတွေ့သေးတာ ခက်တယ်။ ဒါပေမဲ့ ကိုယ့်စိတ်တွေ ထိန်းမရတော့ဘူး။ ဒေါ်ငြိမ်းကြည်။ မင်းကို ချစ်မိသွားပြီ။

မနေ့က တစ်နေ့လုံးလဲ မေ့မရဘူး။ ဒီနေ့ မနက် ဆေးရုံသွားဖို့ ပြင်ဆင်နေတုန်းအထိ မင်းကို သတိရနေခဲ့တယ်။ ဆေးရုံကို ကားဦးတည်နေရာက လမ်းကြောင်းပြောင်းပြီး မင်းရှိတဲ့ ဒဂုံကုန်တိုက်ဆီကို ကိုယ်ဘယ်လို စိတ်ပြောင်းပြီး မောင်းလာမိသလဲ ကိုယ်... ဝေခွဲဆန်းစစ်၍ မရသေးချေ။

ဒုတိယအကြိမ်မြောက် ဆုံလိုက်စဉ်မှာ နိုင်သမိန်ထောသည် ဒေါ်ငြိမ်းကြည်ဆိုသည့် သာမန်မိန်းမတယောက်အား တမ်းတမ်းစွဲ ချစ်မြတ်နိုးမိတော့သတဲ့။ မယုံနိုင်စရာပင် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သေးတော့။

"ကျွန်တော့်နာမည် နိုင်သမိန်ထော လို့ ခေါ်ပါတယ်... ခင်ဗျား မသိချင်မှန်း သိပေမဲ့ ကျွန်တော်က ပြောကို ပြောခဲ့မှ ဖြစ်မယ် ဘာဖြစ်လို့လဲဆိုတော့ နောက်ဆိုရင် ကျွန်တော် ဒီကို ခဏခဏ ရောက်လာတော့မှာမို့ပဲ... "

"လဲသေလိုက်... "

သူမထံမှ ကိုယ့်အတွက် နားဝင်ပီယံ မရှိလှသော ကျိန်ဆဲသံကို ကိုယ် ခပ်ပြုံးပြုံး နားထောင်နေနိုင်တာလဲ မထူးဆန်းတော့ချေ။ ကိုယ် သူမကို ဘာကြောင့်ရယ်လို့ သက်သေမပြနိုင်တဲ့ အတိုင်းအဆမဲ့ ချစ်ခင်စွဲလမ်းစိတ်တွေနဲ့ ကိုယ့်မှာ ပြည့်နှက်နေလို့ပဲဟု ကိုယ် အဖြေထုတ်နိုင်ခဲ့ပြီ။

ထိုနေ့တွင် နိုင်သမိန်ထောသည် ဒေါင်းမြကြည်၏ အရောင်းကောင်တာမှ ထွက်လာခဲ့သော်လည်း ဒဂုံကုန်တိုက်၏ ဒုတိယထပ် ခန်းမကျယ်ကြီးထဲမှ ထွက်ခွာသွားခြင်း မရှိ။ ဒေါင်းမြကြည်၏ အရောင်းကောင်တာမှာ ဒဂုံကုန်တိုက်၏ဒုတိယထပ်တွင် ရှိနေသောကြောင့်တည်း။

ထို မနက်ပိုင်းမှာ နိုင်သမိန်ထောသည် ဆေးရုံလစ်မိသည်။ ပြီးတော့ ဒေါင်းမြကြည်အား မြင်နိုင်သော ဒေါင်းမြကြည်က သူ့ကို မမြင်နိုင်သော နေရာတွေမှ တစ်ဆင့် ဒေါင်းမြ



ကြည်ကို ခိုးငေးသတဲ့။

.....◎.....

"ဟေ့ကောင်... မနက်ကလဲ ဆေးရုံမလာဘူး၊ ခုလဲ နောက်ကျမှရောက်တယ်...ဘယ်လျှောက်သွားနေတာလဲ"

နောက်ပေါက်မှ အခန်းထဲဝင်လိုက်လျှင် ခြေသံကြားစိုင်း လှည့်ကြည့်သော အကျင့်ရှိသည့် ထင်အောင်သန်းက သူ့ကို အရင်မြင်၏။ ထင်အောင်သန်း နံဘေးသို့ ရယ်ကျဲကျဲဖြင့် ဝင်ထိုင်လိုက်သောအခါ သူ့ကို လိုက်စူးစမ်းသော မျက်လုံးတွေကို ရင်ဆိုင်ရလေသည်။

"ပြောစမ်းပါဦး... ဘယ်ကျောင်းက အလှအပ ကလေးဆီ ရောက်နေတာလဲ... မင်းဇာတ်လမ်းတွေက စိတ်ဝင်စားစရာ ကောင်းတယ်ကွ၊ မင်းတွဲသမျှတွေကလည်း တကယ့်ကို ချောပေ့၊ လှပေ့၊ နာမည်ကြီးပေ့ ကောင်မလေးတွေဆိုတော့ ငါတို့က မစားရအညှော်ခံ သားရေကျချင်လို့"

ထင်အောင်သန်းရေ မင်းဒီတစ်ခါ တွက်ဆတာမှားသွားပြီ ဟု စိတ်ထဲက ဖြေရင်း လက်ချာလိုက်ကူးရန် စာအုပ်ထုတ်ကာ စာကြည့်မျက်မှန်ကို တပ်လိုက်သည်။

"ဟေ့ကောင်... သမိန်ထော... အလကား ပဲများနေပြီနော်... မပြောချင်လဲနေကွာ... နားထောင်ဖို့ မပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး... နောက်မှ ပြောချင်ပါတယ်ဆိုပြီး လာခေါ်ရင် ဆောရီးပဲ... ”

“ပြောမလို့ပါကွာ... မင်းကလဲ ဒီလောက်လေးတောင် သည်းမခံနိုင်ရင် သူငယ်ချင်းကောင်းလို့ ခေါ်ဖို့သင့်ပါ့မလား တော်တော် စဉ်းစားရဦးမယ်”

နိုင်ရဲက သူနဲ့ထင်အောင်သန်းတို့၏ ပဋိပက္ခကို မျက်စေ့စွေ၍ နားစွင့်လေသည်။ နိုင်သမိန်ထောမှာ ရည်းစားတွေ မှိုလိုပေါက်နေပေမယ့် အခင်ဆုံး သူငယ်ချင်းက နှစ်ယောက်ထဲသာရှိ၏။ ဆေးကျောင်းမှာ ပထမနှစ် စတက်ကတည်းကခုံနံပါတ် နီးသူချင်း ခင်မင်ကြ၊ အတွဲများကြတာ ဖြစ်၍ ယခု နောက်ဆုံးနှစ် အပိုင်း (ခ)အထိဆိုလျှင် ငါးနှစ်သက်တမ်း ရှိပြီ။ တယောက်အကြောင်း တစ်ယောက်လဲ အကုန်လုံးနီးပါး သိထားခဲ့ကြပြီး ဖြစ်လေသည်။ ထို့ကြောင့် သူငယ်ချင်း သုံးယောက်ထဲမှာ အရှုပ်ဆုံး၊ အပွေဆုံး၊ နာမည်အကြီးဆုံးဖြစ်သော နိုင်သမိန်ထော၏ ရည်းစားပေါင်းများစွာ၏ ဇာတ်လမ်းကို သိကြသူများမှာ ထင်အောင်သန်းနဲ့ နိုင်ရဲ နှစ်ယောက်သာ ရှိပါသည်။ ပြီးရင် လူစီပေါ့ လူစီကတော့ အတန်အသင့် သိခွင့်ရသူဖြစ်သည်။

ထင်အောင်သန်းမှာ လက်ဖျံ၌ အညိုရင့်ရောင် အမှတ်အကြီးကြီးရှိ၍ သူတို့က မှတ်သန်းဟု နာမည်ပြောင်ခေါ်တာ။ နိုင်ရဲက တေစရာရှိ တေသော်လည်း ဘယ်တော့မှ စာကျက်





မပျက်၊ အတန်းမပျက်၊ ဆေးကျောင်းသား မှန်လျှင် ကြီးကြီးမားမား စာမေးပွဲမျိုး (ဥပမာ- အတန်းတင်စာမေးပွဲ) ကျရှုံးခြင်း မရှိလျှင်လည်း စာမေးပွဲငယ်ပေါင်း များစွာ ကျရှုံးရမည်ဟူသော စံချိန်ကို နိုင်ရဲက ကန့်ကွက်လျက် ဆေးကျောင်းစတက်ချိန်မှ ယခုအထိ တစ်ခါမှ စာမေးပွဲ မကျရှုံးတာ၊ အဲဒါတွေကိုလဲ လူစီ သိခွင့်ရပါသည်။

လူစီ့အပေါ် အဲဒီလောက်ထိ တွယ်တာခဲ့၊ အခွင့်အရေးတွေလဲပေးခဲ့၊ ကိုယ်တိုင်ကလည်း တကယ်ပင် ချစ်ခဲ့လျက် ယခုမှ ဒီနှစ်ရက်အတောအတွင်း ကိုယ့်စိတ်တွေ ဘာကြောင့် ပြောင်းလဲသွားခဲ့သလဲ ဒေါင်းမြကြည်။ ကိုယ် ဝန်ခံရရင် မင်းဆီမှာ ကိုယ့်ကို ညှို့ငင်နိုင်တဲ့ စွမ်းအင်တစ်မျိုးများ ပိုင်ဆိုင်နေသလားလို့ ကိုယ် သံသယဖြစ်ချင်တယ်။

“မှတ်သန်း... ဒီတစ်ခါ မင်းတို့ ကြားရမဲ့ ငါ့ဇာတ်လမ်းကို မင်းတို့ တော်တော်အံ့ဩသွားလိမ့်မယ်ကွ... ငါကိုယ်တိုင်တောင် ကိုယ့်ကိုကိုယ် အံ့ဩမဆုံး ဖြစ်နေရလွန်းလို့... တကယ့်ကို ဒက္ခာရီပဲ... ”

“နေ့ဥတ်မှ ပြောကြကွာ... ငါ ဒီမှာ လက်ချာလိုက်ရတာ စိတ်မဖြောင့်ဘူး မင်းတို့ မလိုက်ချင်ရင်နေ... ငါက ပြည့်ပြည့်စုံစုံ လက်ချာလိုက်ရမှ အိပ်ပျော်တာကွ... ငါ့ဆီမှာ လက်ချာပြည့်စုံသမျှ မင်းတို့ စာမေးပွဲနီးရင် မပြောတော့

www.burmeseclassic.com



တာကို သတိရမှပေါ့... နေဦး... မင်းရဲ့ ထူးဆန်း အံ့သြ ဖွယ်ဇာတ်လမ်းကို ဒီတစ်ချိန်ပြီးမှပြော... နောက်တစ်ချိန် ဆရာ့ မဝင်ဘူးလို့ သတင်းရထားတယ်... အဲဒီကျမှ ကင်န်တင်းသွားပြီး ပြောကြရအောင်..."

"ဟုတ်ကဲ့ နာခံပါ့မယ်... ဆရာနိုင်ရဲ..."

စိတ်ကစာထဲမှာ စိတ်ဝင်စားလို့မရ ဖြစ်နေ၏။ စာကူးနေရင်းက တစ်ချက်တစ်ချက် ဘူမထံ စိတ်ပျံ့လွင့်ချင် သွား သည်။ တည်တည်တင်းတင်း မျက်နှာပြင်၊ ပြုံးခြင်း ရယ်ခြင်း နည်း ပါးသော နှုတ်ခမ်းပါးတစ်စုံ၊ ကိုယ့်ကိုမုန်းတီးစွာ စိုက်ကြည့်သည် ဟု ကိုယ်ယူဆနေသော မျက်ဝန်းတစ်စုံ၊ မာဆတ် ပြတ်တောက် သော စကားသံ စသည်များကို ကိုယ်တော်တော်ပင် စွဲလမ်း တကြီး ဖြစ်လျက် မေ့မရချင်။

ကိုယ် မက်နေကျ အိပ်မက်တစ်ပုဒ်ဟု ကိုယ်နာ မည် တတ်ထားသော အိပ်မက်များထဲမှ မိန်းမဟာ သူမများလာ လို့ ကိုယ် ကြိုးစား အဖြေရှာကြည့်ပြီးပြီ။ သို့သော် ထိုအိပ်မက် များထဲမှ တွေ့နေကျ မိန်းမက သူမနဲ့လားလားမျှ မတူပါချေ ထိုမိန်းမက အင်မတန်မှ ရင်သပ်ရှုမောလောက်အောင် လှပသ ကိုယ်တွေ့ဆုံရသော ဒေါင်းမြကြည်က သာမန် ရုပ်ရည်ကလေး ကိုသာ ပိုင်ဆိုင်သူ။

'အိပ်မက်တစ်ပုဒ်' ဟု အမည်တပ်ရခြင်းမှာ သူ





အရွယ်ရောက်စ အရွယ် ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်အရွယ် လောက်ကထဲက စတင်၍ မက်သော အိပ်မက်သည် အစဉ်လိုက် ခက်တတ်နေခြင်းကြောင့်ပင်။ သုံးရက်၊ လေးရက်ခြား တစ်ခါ ဖြစ်ဖြစ်၊ တစ်ရက်ခြားလောက် ဖြစ်ဖြစ်၊ တစ်ပတ်ခြားလောက် ဖြစ်ဖြစ်ဖြင့် အစဉ်လိုက်မက်သော အိပ်မက်၌ တွေ့မြင်ရသည်မှာ လူသားနှစ်ယောက်တည်းသာ။ ထိုလူသားနှစ်ယောက်က အခု ဆိုလျှင် သူတို့၏ မျက်နှာတွေကိုတောင် ကိုယ် အလွတ်ရနေသည် အထိ ဒီနေ့ ဘာအိပ်မက်, မက်ပြီးရင် နောက်တစ်ခါ ဘာမက် တော့မယ် ဆိုတာသိနေတဲ့အထိ ထိုအိပ်မက် တစ်ပုဒ်ကဲ့သို့ ကိုယ့် ကို လွှမ်းမိုးနေခဲ့သည်မှာ အတော်ကြာလေပြီ။

အံ့သြစရာ ကောင်းတာက ထိုအိပ်မက်တစ်ပုဒ် ပြီး မက်ကတည်းက သူမှာ တခြား ဘာအိပ်မက်မျိုးမှ မမက် တော့တာ ဖြစ်သည်။ ကိုယ် သိနေသလိုလိုပဲ။ သူတို့နှစ်ယောက်နဲ့ ကိုယ်ဟာ တစ်ခုခု ပတ်သက်နေလိမ့်မယ်ထင်တယ်။

ဒေါင်းမြကြည် မင်းနဲ့ရော ဒီအိပ်မက်က ဘယ်လို နည်းနဲ့များ ပတ်သက်မလဲ ကိုယ် တွေးကြည့်စမ်းပါရစေ။

သေချာတာက ထိုအိပ်မက်,မက်ရသည်ကို ကိုယ် က ပျော်ရွှင်ကျေနပ်နေတတ်ပြီး၊ ဒေါင်းမြကြည်ကို တွေ့နေရလျှင် ကိုယ့်ဘဝ ငြိမ်းချမ်းမှု အပေါင်းနဲ့ပြည့်စုံနေတယ်ဆိုတာ fee!



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်... သမိန်ထော၊ ဟောဗျာ... ထိုင်ရက်ကြီးများ အိပ်ပျော်သွားသလဲ... ဆရာထွက်သွားတာတောင် မင်း လက်ထဲက ဘော်လ်ပန်မချသေးဘူး... "

"ဟုတ်လား... လက်ချာတစ်ချိန်ပြီးသွားပြီလား... သိ တောင် မသိလိုက်ဘူးကွာ... အတွေးလွန်သွားလို့... "

နိုင်သမိန်ထောသည် ကျောပိုးအိတ်ထဲ စာအုပ်နဲ့ ဘောပင်၊ မျက်မှန်အိတ်တို့ကို ထည့်ရင်း ဝန်ခံလိုက်လျှင်...

"Prebloc မှာ မင်းကြိုက်သလိုလေတာ... အကြောင်း မဟုတ်ပါဘူး... Bloc ဝင်ရင် အခုထဲက စာမကျက်ထား တဲ့ အကျိုးကြောင့် မင်းဗျာများဦးမှာ မြင်ယောင်သေး"

ဟု နိုင်ရဲက ဆရာကြီး လေသံဖြင့် ဆုံးမပါသည်။ ထိုအခါ ကိုယ်သည် နိုင်ရဲ၏ စကားကို ထပ်မံ ဖြည့်စွက်လျက်...

"အေး... မင်းလဲ ငါ့ကို စာဝိုင်းကျက်ပေးရတာနဲ့ ပင်ပန်းမှာ မြင်ယောင်သေး... ပြီးတော့ ဒီကောလိပ်မှတ်တွေ တသီကြီး ရမှာမြင်ယောင်သေး... ငါ့ကို စာကျက်ပေးရလို့ ဂရိတ်ဖိုး တွေ တသီကြီးဖြစ်သွားမှာ စိတ်ရှုပ်နေသလား နိုင်ရဲ... "

ထင်အောင်သန်းက သူတို့နှစ်ယောက်၏ စကား နိုင်လှ ကို စိတ်မရှည်စွာ အရင်ထွက်သွားနှင့်၏။





တင်နံတင်းရောက်သည့်အခါကျမှသာ ထင် အောင်သန်းနှင့် နိုင်ရဲ မေးသမျှကို ကိုယ်က အကြောင်းစုံ ပြောပြ နိုင် ရတော့သည်။ ကိုယ်ထင်သည့်အတိုင်းပင် သူတို့ ကိုယ့်ကို ကူညီဖို့ ရာခိုင်နှုန်းက ပိုများပါသည်။ ဘာဖြစ်လို့လဲဆိုတော့ နိုင် သမိန်ထောရဲ့ ရာဇဝင်မှာ သာမန်ရုပ်ရည်ရှိသော မိန်းမ၊ အောင် မြင်ကျော်ကြားမှု တစ်စုံတစ်ရာမျှ မပိုင်ဆိုင်သော မိန်းမ၊ ဖက်ရှင် အသစ်အဆန်း ပေါ်သမျှ မဝတ်နိုင်သော ငွေကြေး မချမ်းသာ သည့် မိန်းမမျိုးကို ဆိုလျှင် စိတ်ကူးထဲတောင် ထည့်တတ်သော သူစားမျိုး မဟုတ်၍တည်း။

"သူနာမည်က ဒေါင်းမြကြည်တဲ့... အငယ်ဆုံး ဆေးတက္ကသိုလ် တက်နေတယ်ဆိုတာလောက်ပဲ သိရတယ်... သူ့ကို ငါ မနေ့ကမှ စတွေ့တာ... ဒီနေ့တော့ သူ့ကို ငါ့ဘက်က ချစ်မိ နေပြီဆိုတာ သေချာသွားတယ်... "

"တော်တော်မှ လှရဲ့လား... လူစီကတော့ ငါတို့ တွေ့ဖူး သမျှထဲမှာ မင်းနဲ့အတွဲအညီဆုံးပဲ၊ မင်းမိဘတွေကရော မင်းကိုယ်တိုင်ကရော သဘောတကျ ရွေးချယ်ထားတာ မမှားဘူးလို့ ငါတို့ ထင်တယ်... ဒီတစ်ယောက်လဲ မင်း အပျော်တွဲတာပဲ မဟုတ်လား... ဘယ်လောက်များ feel လာတာမှတ်လို့... "

"မဟုတ်ဘူး... မှတ်သန်းရေ... ဒေါင်းမြကြည်က တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားနေတယ်... သူ့ကိုငါ စတွေ့တွေ့ချင်း အရင်ထဲက ရင်းနှီးသိကျွမ်းဖူး သလိုလို ခံစားလိုက်ရတယ်.. ဘယ်လို ပြောရမလဲကွာ တော်တော့်ကို ရင်းနှီးနေသလိုမျိုး ခံစားရတဲ့ ခံစားချက်က ချက်ချင်းဖြစ်လာတာ... ငါ ဟန်မဆောင်နိုင်ပဲ မေးတောင် မေးကြည့်ရတဲ့ အထိပဲ... အဲ့ဒီလို မေးလိုက်ရပေမဲ့ ငါစိတ်ထဲမှာ သူနဲ့တစ်ခါမှ မဆုံဖူးတာ မသိကျွမ်းဖူးတာကို သိနေပြန်သေးတယ်.. ဒါပေမဲ့ အဲဒါကို လက်မခံချင်ဘူး ဖြစ်နေတယ်ကွ... အဲ့ဒီလို သူနဲ့စတွေ့တုန်းက လူစီတောင် ငါ့ဘေးမှာ ပါသေးတယ်"

"အဲ့ဒီ ဒေါင်းမြကြည်ကရော မင်းကို သိပါတယ်တဲ့လား"

"ဘယ်သိမလဲကွာ... မသိတဲ့အပြင် သူက စကားပြန်ပြောနေရင်း ငါ့ကို ဘယ်လိုက ဘယ်လို မုန်းသွားသလဲ မသိဘူးကွာ။ ငါ့ကိုကြည့်တဲ့ သူ့မျက်လုံးတွေက သူ ငါ့ကို မုန်းနေတယ်ဆိုတာ သိသာလွန်းနေတယ်... ပြီးတော့ တစ်ခု ထူးခြားတာက သူနဲ့ငါ မျက်လုံးချင်းစပြီး ဆုံကြတဲ့အခိုက်မှာ ငါ့စိတ်တွေ လွင့်ကနဲလိုလို ဖြစ်သွားတယ်... နောက်ပြီး ရပ်နေရင်း အိပ်ပျော်သွားသလိုလိုနဲ့ မင်းတို့ကို ငါပြောပြနေကျ အိပ်မက်တစ်ပုဒ်ထဲက အပိုင်းတစ်ပိုင်းက ဖြတ်ကနဲ ခဏလေးမှ တကယ့်ခဏလေး မြင်ယောင်သွားတယ်ကွာ... သူနဲ့ငါဟာ အဲ့ဒီအိပ်မက်ထဲက ငါ့ မြင်ဖူးတဲ့ လူနှစ်ယောက်နဲ့များ ဆက်စပ်ခဲ့ဖူးသလား မသိဘူး"





"ရှေးဘဝက ပတ်သက်ခဲ့ဖူးတယ်ဆိုတာလား သမိန်ထော ရာ... မင်းဟာကလဲ ကိုယ်တိုင်က ခေတ်ပညာတတ် ဆရာဝန်ပဲ ဖြစ်တော့မယ်... လက်တွေ့ဘဝကို မတွေးပဲ ဘာလို့ စိတ်ကူးယဉ်ဆန်ဆန်၊ ပုံပြင်ဆန်ဆန်၊ ဒဏ္ဍာရီဆန်ဆန် အိပ်မက်ထဲ ဆွဲထည့်ရတာလဲ... အဲ့ဒီ အိပ်မက်က မင်းငယ်ငယ်က ဖတ်ဖူးတဲ့ ကာတွန်းတွေ၊ ဝတ္ထုတွေကို စိတ်စွဲရာက ကိုယ့်ဘာသာ မသိစိတ်က ဖန်တီးပြီး စိတ်စွဲပြီး မက်တဲ့ အိပ်မက်ပါကွာ..."

နိုင်ရဲက ကိုယ့်ကို မယုံသင်္ကာစွာ ဝေဖန်ပါသည်။ ကိုယ့်ရဲ့အိပ်မက်ကို ယုံသူမှာ ဘယ်သူများ ရှိမည်နည်း။ ကိုယ် သူတို့နှစ်ယောက်ကို မကြာခဏပင် မနေ့ညကတော့ အိပ်မက်ထဲက ဘယ်အပိုင်းဖြင့် မက်ပြန်ပြီပြောတိုင်း ကြားနေကျဖြစ်၍ ငြီးသွားကာ အဟားခံရပေါင်း များပြီ။ လူစီကိုလဲ ပြောပြဖူး၏။ လူစီကတော့ နည်းနည်းယုံဖော်ရသား ပြီးတော့ မေမေလည်း ထို အိပ်မက်ကို စိတ်ဝင်စား၏။ မေမေက ကိုယ့်အိပ်မက်ကို အယုံကြည်ဆုံး၊ စိတ်အဝင်စားဆုံး၊ မကြာခဏ သတိတရပင် အိပ်မက်၊ မက်သလားဟု မေးဖော်အရဆုံး မေမေတစ်ယောက်ပဲ။ ဖေဖေက ကိုယ့်ကို ရှုတ်ချတတ်သည်။ ညီလေး နိုင်တလထောက ကြောင် ဆိုပြီး ကွယ်ရာမှာ ဖေဖေနဲ့ကိုယ့် အိပ်မက်ကို အတင်းအုပ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က အဲဒီလို ခံရပေါင်းများတာတောင် စိတ်မပျက်မိ။ ကိုယ့်အိပ်မက်ကို ကိုယ်ယုံကြည် နှစ်သက်စွာ လက်ခံထားခဲ့သည်။ ကိုယ်ထင်သည်၊ တစ်နေ့ကျရင် အဲဒီအိပ်မက် ဘာကြောင့်မက်ရသလဲဆိုတဲ့ အဖြေကို ကိုယ်သိကိုသိလာရပါဦးမည်။

"ဒါနဲ့... နေပါဦး... ဒေါင်းမြကြည်က ဘယ်မှာနေတာလဲ"

"မသိဘူးကွ... သူ့ကို ဒဂုံကုန်တိုက် ဒုတိယထပ် အရောင်းပြခန်းမှာ တွေ့တာ... "

"သူလဲ ပစ္စည်းလာဝယ်ရင်း တွေ့ကြတာပေါ့... "

"မဟုတ်ဘူး... သူက ကုမ္ပဏီကြီးတစ်ခုက ဆိုင်ခွဲဖွင့်တဲ့ အရောင်းဆိုင်မှာ အရောင်းစာရေးမ လုပ်ရတယ်၊ ကား အလှဆင်တဲ့ ပစ္စည်းတွေ ရောင်းတာ တွေ့တာပဲ... သူ ကောင်တာမှာ...။ ငါနဲ့လူစီက သူကောင်တာမှာ ကား အတွက် ရေမွှေးသွားဝယ်ရင်း ဆုံကြတာ... "

"ဟ... အဆန်းပါလားကွ... နိုင်သမိန်ထောရဲ့ စံနှုန်းတွေနဲ့ မကိုက်တဲ့ အရည်အချင်းကိုပိုင်တဲ့ ဒေါင်းမြကြည်ပဲ... မင်းက မင်းရဲ့စံနှုန်းတွေတောင် ဖျက်ပြီး ဒေါင်းမြကြည်ကို ချစ်သွားပါပြီ ဘာညာရောဂါ တက်ရတယ်ဆိုတော့ သူက တော်တော့်ကို လှလို့ပဲ ဖြစ်မယ်"

"မင်းတို့ မြင်ချင်ရင် နောက်တစ်နေ့ ငါနဲ့လိုက်ကြည့်လေ"





နိုင်သမိန်ထောသည် သူ့သူငယ်ချင်းတွေ၏ စိတ်ကို ဆွပေးရင်း ဒေါင်းမြကြည်အား မြင်လျှင် သူတို့ ဘယ်လိုများ ဖြစ်သွားကြမလဲဟု မြင်ယောင်ကြည့်နေမိပြန်သည်။

"ဒါပေမဲ့ကွာ... မင်းဘယ်မိန်းမကို ရောဂါတက်တက်ပါ... နောက်ဆုံးတော့ မင်းတကယ့်တကယ် လက်ထပ်ရမဲ့ မိန်းမဟာ လူစီမေအောင်ဆိုတဲ့ မိဘကလဲ သဘောတူ၊ မင်းကိုယ်တိုင်လဲ လိုလိုချင်ချင် လက်ခံနိုင်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်မှာပါကွာ... မင်းက ရောဂါတက်တုန်းခဏပဲ... နောက်ပြီးတော့လဲ ပြီးသွားတဲ့အတိုင်း အစဖေါ်လို့ မရအောင် မေ့သွားတာလဲ ထုံးစံပဲ... "

"မှတ်သန်း... မင်းက ဘာလဲ၊ ဒေါင်းမြကြည်ကို လိုက်မကြည့်တော့ဘူးပေါ့... ဒီလို ဆိုလိုတာလား"

"ကြည့်မှာပေါ့ဟ... မင်းတွဲသမျှ၊ ရောဂါတက်ဖူးသမျှ ဘယ်တစ်ယောက်ကိုများ လိုက်မကြည့်ဘဲ နေဖူးလို့လဲ... ဘာလဲ မနက်ဖြန် သွားကြည့်ရမှာလား"

"ကောင်းပါ့မလား မသိဘူး... ငါက နေ့စဉ်နဲ့အမျှ သွားသွားနေရင် သူသိက္ခာကျသွားမလား မသိဘူး... ဒီလိုလုပ်ကွာ သူ့ကို ငါတို့ တစ်နေရာရာက အရင်ချောင်းကြည့်မယ်... အဲ့ဒီနေရာကနေ ငါက မင်းတို့ကို ပြလိုက်မယ်...



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ အငယ်ကပဲ ရုပ်ကြည့်ချင်ကြည့်ပေါ့.. ဒါမှမဟုတ် အနီးကပ် ကြည့်ချင်သပဆိုလဲ ငါက ရပ်စောင့်နေမယ် မင်းတို့က ကားပစ္စည်း ကြည့်သလိုလို ဘာလိုလိုနဲ့ ကောင် တာနား မယောင်မလည် သွားရပ်ပေါ့ကွာ... ဒီလိုပဲ ဘာ ပစ္စည်းမှ မဝယ်ပဲ လျှောက်ကြည့်ကြတဲ့ လူတွေ အများကြီး ပဲဟာ... ဘာမှ မဖြစ်ပါဘူး... ငါကတော့ နှစ်ရက်တောင် ရောက်ပြီးနေပြီဆိုတော့ နည်းနည်း ဆင်ခြင်ဦးမှ... နောက်မို့ ဒေါ်မြကြည် သိက္ခာကျသွားမှာ စိုးရိမ်တယ် ငါ့ကြောင့် မိန်းကလေးတစ်ယောက်ဘက်က တစ်စုံတစ်ရာ နစ်နာသွားတာမျိုး မကျန်ရစ်စေချင်ဘူး”

အထူးသဖြင့် ဒေါ်မြကြည်ဆိုတဲ့ သူမနဲ့ပတ်သက် လို့ပဲပေါ့။ ကိုယ့်ကြောင့် ဒေါ်မြကြည်ရဲ့ဘဝမှာ နစ်နာသွားရခြင်း တွေ မဖြစ်စေချင်။ သူမ,အား ကိုယ် ဘာကြောင့် ဒီလောက် တောင် ညှာတာမိလျက် အရေးတယူ ရှိနေခဲ့မိပါလိမ့်။ ပြီးတော့ ကိုယ့်စိတ်ကိုလဲ ကိုယ်ကပြန် ထိတ်လန့်ချင်နေပြီ။ တစ်ခါတွေ့ တိုင်း တစ်ခါထက်တစ်ခါ ပိုလို့တိုးလာနိုင်မည့် စွဲလမ်းတပ်မက် မိလာသော အဖြစ်မို့ သူမနဲ့ ထပ်မံ ရင်ဆိုင်ရမှာ ကြောက်ရွံ့ရင်း မတွေ့ရပြန်လျှင်လည်း နေနိုင်မည်လားဟု မိမိဘာသာ မေးကြည့် မိသည်။ အင်း သေချာတာက သူမကို တစ်ရက် မတွေ့ရရင် တောင် သူ နေတတ်၊ ထိုင်တတ်မည် မထင်။





နေစမ်းပါဦး။ သူမဟာ သူ့ကို ဘာကြောင့် ဒီ လောက်အထိ ဆွဲငင် သွားခဲ့နိုင်တာပါလိမ့်။ မာရေကြောရေ စကားပြောခြင်းကြောင့်လည်း ဟုတ်မည်မထင်။ သူ့ကို စိုက်ကြည့် သော မှုန်းတီးသည့် မျက်လုံးများကြောင့်လည်း ဟုတ်မည် မထင်။ ဘယ်လိုအရာမျိုးကများ သူမ,ဟာ သူ့ကို အလွယ်တကူ စွဲလမ်း မိသွားအောင် စွမ်းဆောင်လိုက်နိုင်တာပါလိမ့်။ ပဟေဠိဆန်လေ စွ... ။

..... ◎ .....



www.burmeseclassic.com

www.burmeseclassic.com

## ၈

သူမအား မြင်သာသော တစ်နေရာမှာ ရပ်ကြည့်ရခြင်းကို အားမရချင်။ ဒါတောင် သူ့အရပ်က လူအားလုံးတွေထက် ခေါင်းတစ်လုံးမျှ ပိုမြင့်ချင်ချင် အရပ်အမောင်း မို့လို့ပေပဲ။ နောက်မို့ ဒီလောက်များပြား ရှုပ်ထွေးကာ ဥဒဟို သွားလာနေကြသော လူတွေကိုကျော်၍ သူမကိုမြင်ခွင့်ရရန် ကြိုးစား၍ ကြည့်ရခြင်းက လွယ်မည်မထင်။

ဖြစ်နိုင်ရင် ကိုယ်က ခေါင်းမြကြည်အနားမှာ ရပ်ပေးခွင့်၊ နိုင်ရဲနဲ့မှတ်သန်းတို့လို ဝယ်စရာ ပစ္စည်းတစ်ခုခု ရှာချင်ယောင်ဆောင်ပြီး အကဲခတ် လှေ့လာခွင့်၊ ပြီးတော့ တစ်နေ့လုံးမင်းအနားမှာ နေရခွင့် ရချင်နေပြီ။ ကိုယ်တော့ ကြာရင် မလွယ်ဘူး ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကို စပြီး စွဲလမ်းသွားကတည်းက ကိုယ့်စိတ်တွေထဲမှာ ကိုယ် တကယ်ချစ်လှပါချည့်ရဲ့လို့ ထင်မှတ်ထားခဲ့ဖူးတဲ့ လူစိုးကိုတောင် မေ့သွားခဲ့တာ နှစ်ရက်ခွဲလောက် ရှိပြီ။ အဲဒါကို မင်းယုံအောင် ကိုယ်ဘာနဲ့များ သက်သေပြရမလဲ။

မင်းဆီက အချစ်ကို ကိုယ်လိုချင် တောင့်တနေမိခဲ့ပြီ။ မင်းကကိုယ့်ရဲ့တစ်ဦးတည်းသော အမြတ်နိုးရဆုံးသူကလေး ဖြစ်သွားခဲ့ပြီဆိုတာ ကိုယ် ဝန်ခံပါရစေ။ ငြင်းမရတော့ဘူး။ အခုတောင် ဒီလို အဝေးကဝေးနေရင်း အားမရနိုင်။ မင်းအနားကို လာချင်တဲ့စိတ်တွေက ထိန်းမရနိုင်နဲ့ ကိုယ်ဘယ်လောက်တောင် စိတ် ပင်ပန်းနေရပြီလဲ။

နိုင်ရဲနဲ့ မှတ်သန်းတို့က ဘာတွေပြောသည် မသိ။ သူမက ကြန္တြေကြီးစွာ ပြုံး၍ ဖေါ်ရွေပျူငှာစွာ တုံ့ပြန်နေသည်ကို မြင်ရတော့ မနာလိုချင် ဖြစ်မိ၏။ ကိုယ့်ကိုကျတော့ ဘာလို့ ဒီလို ပြုံးမပြနိုင်ရလဲ။ ဘာကြောင့် မုန်းတီးတဲ့ မျက်လုံးတွေနဲ့ ကြည့်တတ်သလဲ။ ဘာကြောင့် ပျူပျူငှာငှာ မရှိတတ်သလဲ။

ကျွတ် နိုင်ရဲတို့ကလဲ ဒီလောက် ကြည့်ခွင့်ရတာ တော်ရောပေါ့။ ဘာများ အရောဝင်စရာ လိုတာမှတ်လို့။ စကားပြောနေရတာကလဲ မပြီးနိုင်၊ မစီးနိုင်။ ဒေါင်းမြကြည် မင်းကလဲ တော်ရုံသင့်ရုံ ဖေါ်ရွေပြဖို့ကောင်းတယ်။ နိုင်သမိန်ထေဝသည် သဝန်တိုစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာလျက် ခြေလှမ်းတွေက





ဒေါင်းမြကြည်ရှိရာ အလိုလိုပင် ရွေ့လျားလာခဲ့မိတာကိုလဲ သတိမရတော့

ကိုယ့်ကိုမြင်လိုက်သောအခါ အံ့ဩတုန်လှုပ်သွားသော သူမ၏မျက်နှာပြင်၊ ပြီးတော့ ရုတ်ချည်းပျောက်ကွယ်သွားသောကြန္တြေရရပြုံးသည့်အပြုံးများ၊ တဖန်. . . ထိုအပြုံးများနေရာ၌ အစားထိုးနေရာယူလာသော သူ့အားအလိုမကျစွာကြည့်သောအကြည့်၊ တင်းတင်းစေ့ပိတ်သွားသောနှုတ်ခမ်းအစုံတို့ကို ကြေကွဲစွာတွေ့မြင်လိုက်ရပါသည်။ မင်း ဘာကြောင့် ကိုယ့်ကို အလိုလိုမုန်းနေရသလဲ ကိုယ်စဉ်းစားလို့မရဘူး။

နိုင်ရဲနှင့်တင်အောင်သန်းတို့က သူ့ကိုအံ့ဩတကြီး ကြည့်ကြလေသည်။ ဘာဖြစ်လဲကွာ။ ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းမဆီလာတာဘာဖြစ်သလဲ။

"မင်းတို့ ပစ္စည်းလာကြည့်တာ မပြီးကြသေးဘူးလားကွ ငါ ရပ်စောင့်ရတာ ခြေသလုံးတောင် တောင့်တယ်... ငါ လာမခေါ်မချင်း မင်းတို့ပြီးမယ်မထင်လို့ လာခေါ်ရတာ"

သူမက သူတို့အား တစ်ချက် မျက်လုံးလှန် အကဲခတ်ကာ မျက်နှာပြင်က ပိုမို၍ တည်တင်းသွားခဲ့သလိုပင်။

"မင်းကလဲ ဥစ္စာခြောက်နေပြန်ပြီ... "

"ဟာ... ဟော့ကောင် ဘာတွေ လျှောက်ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထင်အောင်သန်းက ပြောချလိုက်သော စကားကြောင့် ကိုယ်သည် ဒေါင်းမြကြည်တော့ စိတ်ဆိုးသွားတော့မှာပဲဟု စိုးရိမ်တကြီးဖြစ်ကာ မာန်လိုက်ရခြင်း၊ ဒေါင်းမြကြည်၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ရခြင်းဖြင့် ဗျာများသွားရတော့သည်။

"ဒီမှာရှင့်... ကျွန်မ ဒီလို အရောင်းစာရေးမ, လုပ်တာဟာ ရိုးရိုးသားသားလုပ်ကိုင်တာပါ... ရှင်တို့လို ယောကျ်ားတွေရဲ့ ရိသဲ့သဲ့ လာပြောတာကို နားထောင်ဖို့၊ အကြည့်ခံဖို့၊ အထင်သေးခံဖို့ အရောင်းကောင်တာရှေ့မှာ အလှပြနေတာမဟုတ်ပါဘူး... ။ ကိုယ့်အတွက် အခြားလူမှာ ဒုက္ခဖြစ်ရတာမျိုး မဖြစ်စေချင်ရင် ကျွန်မကို ရှင်တို့ အပေါင်းအသင်းစုံညီနဲ့ လာနှောင့်ယှက်နေတာတွေ ရပ်တန်းတရပ်ပါလို့ တောင်းပန်ပါတယ်... ။ ကျွန်မကို တခြားကောင်တာက စာရေးမတွေ မြင်ရင် ယောကျ်ားတွေကို မြူဆွယ်နေတဲ့ အကျင့်ပျက်မိန်းမလို့ အထင်ခံရမှာလဲ ကျွန်မ စိုးရိမ်ပါတယ်။ ရှင်တို့တွေ တကြိတ်တည်း တဉာဏ်တည်းမှန်း မသိလို့ ကောင်းကောင်းမွန်မွန် လက်ခံစကားပြောပြီး ရှင်တို့မေးတဲ့ ပစ္စည်းတွေရဲ့ ဈေးနှုန်း မတူပုံ၊ အမျိုးအစား မတူပုံကို ရှင်းပြမိတာ... ဒီလိုတွေမှန်း အစတည်းကရိပ်မိရင် ကျွန်မ ဒီလောက်အထိ စကားလက်ခံ ပြောမိမှာ... မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားလိုက်... "

"ဒေါင်းမြကြည်ဆိုတဲ့ မိန်းမက စိတ်ကူးယဉ်လွယ်တဲ့မိန်းမ၊ တိမ်းညွတ်လွယ်တဲ့ မိန်းမ၊ ဆွဲဆောင်ရတာ လွယ်တဲ့ မိန်းမ မဟုတ်ပါဘူး... ရှင်က ရုပ်ရည်ကလေးချောတာ၊ ငွေကြေးချမ်းသာတာ တစ်ခုတည်းလောက်နဲ့ ကျွန်မကို အလွယ်တကူ ဖြားယောင်းလို့ ရမယ်။ အပျော်ကြံလို့ ရမယ်လို့လဲ မထင်နဲ့... ကျွန်မမှာ ငွေကြေးဥစ္စာ ရှင်တို့လောက် မကြွယ်ဝပေမယ့် ဣန္ဒြေနဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းတဲ့ မာနကတော့ ဘယ်လိုမိန်းမနဲ့မှ ယှဉ်မရအောင် မြင့်မားတယ်ဆိုတာလဲ မြဲမြဲမှတ်ထားလိုက်... ကျွန်မတစ်ခု တောင်းပန်ချင်တာက ရှင်တို့မှာရှိတဲ့ အစ်မတွေ ညီမတွေနဲ့ စာနာပြီး ကျွန်မ သိက္ခာကျဆင်းရအောင် မနှောင့်ယှက်ကြဖို့ပဲ တောင်းပန်ပါတယ်ရှင်... "

ဒေါင်းမြကြည်သည် သူမကို ငေးကြည့်နေသော အမျိုးသား သုံးယောက်စလုံးကို စိတ်ထဲမှာ ရှိသမျှ ပြောချပစ်လိုက်မိသည်အထိပင်။ သူ့ကို မြင်လိုက်စဉ်မှာ ဖြစ်ပေါ်လာသည့် ဒေါသတရားက ကြီးမားနေခဲ့ပါသည်။ ပြောပြီးမှ ဘာတွေ ရန်တွေ့မိလို့ ရန်တွေ့မိမှန်းလဲ မသိ။ စကားတွေကရော အမြီးအမောက်တည့်ရဲ့လားလဲ မဆန်းစစ်မိ။ သူမ ပြောချင်တာကိုပြောလိုက်ဖို့ စိတ်စောနေခဲ့တာ ဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသာ နေ့တိုင်း သူတို့ နှောင့်ယှက်နေလို့ကတော့ မခက်ပါလား။ သီတာခင်နဲ့ တင့်တင့်ဆိုသည့် သူမနဲ့အတွဲဆုံး မိတ်ဆွေမကလေးများက သိပ်ကြာရင် မေးကြတော့မှာ။ စပ်စုကြတော့မှာ။ ထင်မြင်ချက် အမျိုးစုံ ကြားရတော့မှာ။ အဲဒါတွေကို သူမ, မလိုလားခဲ့ချေ။

'နိုင်သမိန်ထော' ဟူသော နာမည်တစ်လုံးသာ သိခွင့်ရသော ထိုသူ့ကို မြင်ရတိုင်း မရိုးနိုင်စွာ ဖြစ်ပေါ်တတ်သည့် အမုန်းစိတ်များ၊ စက်ဆုပ်နာကြည်းသွားသော စိတ်များ၊ သူ့ကို သူရဲ့စိတ်ထဲမှာ ဒဏ်ရာ အနာတရ ဖြစ်စေချင်သည့် ဆန္ဒများ တစ်ခုခုကြောင့် အညှိုးအတေး ဖြစ်ကာ ကလဲ့စားချေချင်သည့် စိတ်များ (ထိုတစ်ခုခုက ဘာအကြောင်းအရာမှန်း ဒေါ်ခင်မြကြည်က အဖြေရှာလို့ မရသေး) ၏ နှိပ်စက်ခြင်းဒဏ်ကို ဒေါ်ခင်မြကြည် တောင့်မခံနိုင်။

လူတစ်ယောက်ကို ဘယ်တုန်းကမှလည်းအဆက် အဆံ မရှိပဲ ဘာအကြောင်းမှလဲ မရှိပဲ။ အလိုလို မုန်းတီးနေသော ကိုယ့်ကိုကိုယ်လဲ အံ့သြမိပါရဲ့ကွယ်။ တကယ် တကယ်။ အသက် နှစ်ဆယ့်သုံးနှစ်တာ ကာလတစ်လျှောက်မှာ ဤသို့သော အဖြစ် အပျက်များနဲ့ ရင်ဆိုင်ရခြင်းက ပထမဆုံးပါပဲ။ တော်တော့်ကိုး ထူးဆန်းနေပါသည်။

သာမန် ရုပ်ရည်ပိုင်ဆိုင်သော မိန်းမ၊ ငွေကြေး မကြွယ်ဝသော မိန်းမ၊ သာမန် အရောင်းစာရေးမကိုမှ ရုပ်ရည်





ချောမောသော သူဌေးသားကလေးတစ်ယောက်က စိတ်ဝင်စားခံရခြင်းဟာ ဒေါ်ခင်မြကြည် အမှန်ဆုံး ဝန်ခံရရင် ဒါ ပထမဆုံးပဲ။ သူဆိုတာ ကိုယ်နဲ့တန်ရာ တန်ရာပဲ တွေ့တတ်တယ်ပဲ ပြောရလေား။ သူမ,အား စိတ်ဝင်စားဖူးသူ တစ်ယောက်စ နှစ်ယောက်စတာ နိုင်သမိန်ထောနှင့်ယှဉ်ရင် ဖွဲနဲ့ဆန်ကွဲပါပဲ။ သို့သော် ဒေါ်ခင်မြကြည်က ထိုချဉ်းကပ်ဖူးသော လူတွေကိုလဲ စိတ်မဝင်စားခဲ့။ မုန်းတီးတာမျိုးလဲ မရှိခဲ့ပါပဲနဲ့ နိုင်သမိန်ထောကိုကျမှ ထူးပြီး စိတ်ဝင်စားတာလဲမဟုတ်။ ဒါပေမယ့် သူ့ကို အလိုလိုနေရင်း မုန်းတီးနေတာကိုက တကယ့်ကို ကြီးမားတဲ့ Problem ကြီး တစ်ခုပင်။

ဒေါ်ခင်မြကြည်က တခြားသော မိန်းမတွေလို မိမိအား ရုပ်ရည်ချောမောသော သူဌေးသားက လာရောက် ချဉ်းကပ်တို့ စိတ်ကူးမယဉ်မိပေ။ ကြည်နူး ဂုဏ်ယူမိခြင်းလဲ မရှိပေ။ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းတည်း ဟူသော ဒုက္ခကိုသာ ရင်ဆိုင်နေလသည်။

"ဒေါ်ခင်မြကြည်... ကျွန်တော်တို့ ရိုးသလို ဖြစ်သွားရင် တောင်းပန်ပါတယ်ဗျာ.. ကျွန်တော့်စိတ်ထဲက လှိုက်လှိုက် လှဲလှဲ တောင်းပန်တာပါ.. ဒီလို အနှောင့်အယှက်ပေးဖို့ မရည်ရွယ်ပါဘူး။ ခဏတဖြုတ် လာကြည့်ရုံတင်ကလေးပဲ ရည်ရွယ်တာပါ.. ဒီကောင်တွေ သိပ်ကြာနေလို့ မနေနိုင် တော့ပဲ ကျွန်တော် လာခေါ်မိတဲ့အတွက် ဒီလို ပြဿနာ ဖြစ်ရတာကို ကျွန်တော်လဲ စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



'ထိုသူ' ဟု သူက နိုင်သမိန်ထောဟူသောအမည် သိရတ်နှင့် ခေါ်တွင်သော အမည်နာမကို ပိုင်ဆိုင်သူက စိုးမိုး တကြီး တောင်းပန်လေသည်။

"ဟုတ်ပါတယ်.. မဒေါင်းမြကြည် ကျွန်တော်တို့မိကောင်း ဖခင် သားသမီးတွေပါ.. နောက်ပြီး ကျောင်းသား တွေပါ.. ရွယ်တူချင်း ဣန္ဒြေပျက်ရစေရဲ့ဆိုပြီး နှော တာမဟုတ်ပါဘူး"

မျက်မှန်နှင့်လူကပါ ကုပ်ချောင်းချောင်းဖြင့် ထ ပြော၏။ လက်ဖျံမှာ အညိုရောင် အမှတ်အကြီးကြီးရှိသော သူ ကတော့ သူမနှင့်ထိုသူတို့ကို အပြန်အလှန် အကဲခတ်၍မဆုံး အံ့ဩမဆုံး ဖြစ်နေဟန်ကတော့ အထင်းသားပင်။ ဟင်း သိ စိတ်ကျဉ်းကျပ်စရာ ကောင်းတာပဲ။ ကိုယ့်ဘက်ကလည်း ဘာ အမူအရာ ပြောင်းမသွားပါပဲ အကဲခတ်ခံရတာလောက် စိတ် ကျဉ်းကျပ်စရာ မရှိတော့ဘူး တကယ်။

"ကျွန်တော့်နာမည် နိုင်ရဲပါ.. သူက ထင်အောင်သန်း ကျွန်တော်တို့ နိုင်သမိန်ထောရဲ့ သူငယ်ချင်းတွေပါ တစ်ကျောင်းတည်း တစ်တန်းတည်းသားချင်းတွေ မို့ တော့ အခင်ဆုံး သူငယ်ချင်းတွေပါ.. ကျွန်တော်တို့ ဆေးတစ်မှာ Part II တက်နေပါတယ်"

"အဲဒါတွေ ကျွန်မ, ဘာတစ်ခုမှ မသိချင်ပဲနဲ့ ရှင်တို့ဘာပြု



လို့ လာပြောနေရသလဲ... ကျွန်မသိချင်တာက တစ်ခု တည်းပဲရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ရှင်တို့ ကျွန်မ ကောင်တာရှေ့က ဘယ်တော့ ထွက်သွားမလဲ ဆိုတာပဲ.. နောက်ထပ်လာပြီး မနှောင့်ယှက်ဖို့ကိုလဲ မှာလိုက်ချင် သေးတယ်... "

မောက်မဘ ရင့်သီးတယ်ပဲ ပြောပြော။ ဘာတွေပဲ သဖန်ချင်ဝေဖန် ဒေါင်းမြကြည် လုံးဝ ဂရုမစိုက်တော့ချေ။ ဖြစ် ချင်ရင် ယခုရင်ဆိုင်နေရသော အဖြစ်အပျက်များမှ ရုန်းထွက်ချင် သေးရဲ့။

"စိတ်ချပါ.. ဒေါင်းမြကြည်ရဲ့... ကျွန်တော်တို့ ဒီလို နှောင့် ယှက်မိတာမျိုး နောက်တစ်ခါ မဖြစ်စေရပါဘူး၊ ပြီးတော့ ဒီကောင်တာရှေ့ကိုလည်း ဝယ်စရာပစ္စည်း မရှိဘဲ ဒီလို လာရပ်စကားပြောတာမျိုး မဖြစ်စေရပါဘူးလို့ ကတိပေး ပါတယ်... ။ ဒါပေမဲ့ ဒေါင်းမြကြည် သိထားဖို့က နိုင်သမိန် ထောဟာ မိန်းမတစ်ယောက်ကို ဘယ်တုန်းကမှ ဒီ လောက်အထိ အလျှော့မပေးခဲ့ဘူး ဆိုတာပဲ..ဟော့ကောင် တွေ... လာသွားကြရအောင်... ဒီနားမှာ သိပ်ကြာနေပြီ ကွ... "

'အံမယ်။ ထိုသူကပဲ တပြန်ကြီး။ ဩော် ဩော် ဒီအတွက် ကျွန်မက ကိုယ့်ကိုကိုယ် ဂုဏ်ယူရမယ်ပေါ့ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ ရယ်ပဲရယ်လိုက်ချင်သေးတော့။

ရှင့်မှာ အပျော်တွဲစရာ မိန်းမဒီလောက်ရှားသလား ဟင်။ ကြဲကြဲဖန်ဖန် ကျွန်မလို မိန်းမကိုမှ အပျော်တွဲဖို့ စဉ်းစား ရတယ်လို့။ ရှင် အဲဒီလို အဆန်းထွင်တာ အကြောင်းမဟုတ်ဘူး ကျွန်မမှာ ရှင့်ကိုမြင်တိုင်း မုန်းရလွန်းလို့ စိတ်ပင်ပန်းတယ်။

ထိုသူက ဒီကောင်တာရှေ့ကို ဝယ်စရာအကြောင်း မရှိပဲ မလာဘူးတဲ့။ ဝယ်စရာ အကြောင်းရှိရင်တော့ တခြား မဝယ်ပဲ ဒီကို လာဝယ်မယ်ဆိုတဲ့ သဘောလား။ အို သိပ်ရေး ပေါ့။ ရောင်းသူ ဝယ်သူ ဆက်ဆံရေးအပြင် ဒီထက်ပိုလာ မယ်မထင်နဲ့။ ရှင့်ရဲ့ တိမ်းညွတ်နေသော မြူဆွယ်တဲ့ မျက်လုံး တွေမှာ မျောပါသွားမယ် မထင်နဲ့။

ဒေါ်ဝင်းမြကြည်ဆိုတဲ့ မိန်းမဟာ ရုပ်ရည် ယောကျာ်းတစ်ယောက် တမ်းတမ်းစွဲ တပ်မက်တဲ့ ရုပ်ရည် မပိုင်ဆိုင်ရှိတင်မက သီတာခင်နဲ့ တင့်တင့်ကို ပြောခဲ့ဖူး အချစ်ဆိုတာ နှလုံးသားထဲမှာ ရှိကို ရှိမနေခဲ့တာပဲ။ ယောကျာ်းကိုမှ ချစ်ကြည့်ဖို့ မပြောနဲ့ စိတ်တောင် မဝင်စား ဘူး။

အရွယ်ရောက်လို့ အိမ်ထောင်ပြုရမယ်ဆိုတဲ့ ကားချပ်ကြီးကိုလဲ လက်မခံခဲ့ပဲ ဒေါ်လေးလို အပျိုကြီး တစ်ယောက်တည်း ဘဝကို ထူထောင်ဖို့ ဆုံးဖြတ်ခဲ့ပြီးသား





ထို့ကြောင့်ပင် ဒေါ်ဝင်းမြကြည်မှာ လူတစ်ယောက် ကို ချစ်မိခြင်းတည်းဟူသော နှလုံးသားမျိုး မပိုင်ဆိုင်ခဲ့တာကို သိရှာလေသော 'ထိုသူ' ၏ ကြိုးစားမှုများဟာ ဘာတစ်ခုမျှ အရာထင်လိမ့်မည် မဟုတ်။ သို့ပေမယ့် ထိုသူကို မြင်ရတိုင်းတော့ သူ့အား မုန်းတီးရခြင်းဖြင့် သူမ အမုန်တကယ်ပင် စိတ်ဆင်းရဲရ ပါဦးမည်။

ထိုသူဟာ ဘယ်တော့များမှ ဒေါ်ဝင်းမြကြည်ကို စိတ်ကုန်သွားမလဲ မသိ။ အဲဒီ ထိုသူ စိတ်ကုန်သွားမည့် ရက် တစ်ရက်ကိုသာ မြန်မြန်ရောက်ချင်လှပါပြီ ဟူ၍ ဒေါ်ဝင်းမြကြည်က တောင့်တမိပြန်သတဲ့။

----- ◎ -----

သို့သော် ဒေါ်ဝင်းမြကြည်၏ တောင့်တခြင်းက ယခု အလောဆယ်မှာတော့ မပြည့်နိုင်သေးချေ။ ထိုသို့ တောင့်တ ချက် မပြည့်နိုင်သေးကြောင်း သိခွင့်ရခြင်းမှာ ညနေဖက် သူမ၏ အလုပ်ပြန်ချိန် ကုန်တိုက်ထဲမှ အထွက်တွင် ထိုသူကို မြင်လိုက် ရခြင်းကြောင့်ပင် ဖြစ်ပါသည်။

"ကျွတ်... စိတ်ပျက်ရပါဘိတော့"

တစ်ယောက်တည်း ခပ်တိုးတိုး ရေရွတ်မိသည် အထိပင်။ ထိုသူ ဒီလို လာစောင့်နေခြင်းကြောင့် စိတ်ကြည်နူးစွာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်ရတာမျိုးလဲမရှိ။ တမင်ဖောက်လမ်းရှာတာ၊ အီစီကလီလုပ်တာ၊ အဆန်းထွင်တာ တွေနှင့် အပြစ်တင်လျက် သူမအား ရှုပ်ကြည့်နေသော သူ့ရှေ့ ပလက်ဖောင်းပေါ် ကပင် တည်ငြိမ်သော ခြေလှမ်းများဖြင့် ခပ်တည်တည် ဖြတ်သွားရဲသူမှာ ဒေါင်းမြကြည်ပဲတည်း။

ထိုသူမှီရပ်နေသော ကားကြီးက ကြီးကြီးမားမား ကိုယ်ထည် ရှည်လျားလျား နိုင်လှသည့် ကားကြီးပင် ဖြစ်သည်။ အဖြူရောင် သန့်သန့်ကားကြီး၏ ကားမှန်များကတော့ နက်မှောင်မှောင်တွေ ဖြစ်လေသည်။

အဲ့ဒါ သူ့ကားပေါ့ ဟုတ်လား။ ကျွန်တော့်မှာ ကားတစ်စီးလဲ ပိုင်ဆိုင်ပါတယ်ဆိုပြီး ကြွားတာပဲလား။ ကိုယ်ပိုင်ကားစီးနိုင်တဲ့ လူတွေကို အထင်ကြီး အားကျတဲ့လူစားမျိုးတွေထဲမှာ ကျွန်မ မပါဘူးရှင့်။ ရှင့်ရဲ့ ကြွယ်ဝချမ်းသာမှုတွေနဲ့လဲ ကျွန်မကို မြူဆွယ် ဖြားယောင်းလို့ မရပါဘူး။ ရှင့် ရုပ်ရည်ချောမောမှုကလဲ ကျွန်မကို များစွာ မဆွဲဆောင်နိုင်လှပါဘူးရှင်။

ထိုသူ့မျက်လုံးတွေကို ဒေါင်းမြကြည်က ကျော်ခိုင်ခဲ့ပြီ ဖြစ်သော်လည်း လုံးဝ လှည့်မကြည့်ပဲ ရှေ့တည့်တည့်ကြည့်ကာ ဖြတ်ကျော်ခဲ့သည် မှန်သော်လည်း အလိုလို မြင်ယောင်၍ ထိုသို့ အကြည့်ခံရခြင်းအား မခံချိ မခံသာ ဖြစ်ရလေသည်။

ဘတ်(စ) ကားမှတ်တိုင်တွင် ရပ်စောင့်နေ





အခိုက်အတန့်တွင် ထိုသူက သူ့ကားနံဘေးမှာ ရပ်ကြည့်နေဆဲပုံစံမပျက်ပင်။ သူ့ကား ရပ်ထားရာ နေရာက ဘတ်(စ)ကားဂိတ်နှင့် တော်တော်လေးနီးပါတယ်။ ဒေါင်းမြကြည်က တခြားသော မိန်းကလေးတွေလို ရှက်ကိုးရှက်ကန်းမဖြစ် ဟန်ပန်လုပ်ခြင်းလဲ မရှိပါ။ လူတွေနဲ့ ကွယ်ရပ်ဖို့လည်း စိတ်မကူးပါ။

ဘာဖြစ်သလဲ။ သူ့မျက်စေ့ရှေ့မှာ ကိုယ်က ရပ်ပြတာမှ မဟုတ်တာ။ ရပ်စရာနေရာမရှိလို့ ဒီမှာရပ်တယ် ဘာဖြစ်သလဲ။ ဘတ်(စ)ကားမှတ်တိုင်မှာ ကိုယ့်ဘာသာ ရပ်စောင့်တာပဲ။ သူ့ကို ကိုယ်ဟန်ပြတယ်လို့ သတ်မှတ်ဦးမလား။ အို သိနိုင်တဲ့ တော်လို့ ယောကျ်ားတွေဟာ ကိုယ့်ဘက်ကိုယ်ယက် တွေးတတ်ကြတဲ့ အမျိုးတဲ့။ ကိုယ့်ကိုကိုယ် အထင်ကြီးတတ်တဲ့ အမျိုးတဲ့။ သိတာခင်နဲ့တင့်တင့်တို့ကတော့ ပြောပြောနေ ကြတာ ကြားဖူးသား။ ထိုသူကရော သူမကို အဲဒီလိုထင်သွားရင်တော့ ဒုက္ခ။ အဲဒီလိုတော့ အထင်မခံနိုင်ပေါင်။

အလိုလိုနေရင်း စိတ်ထဲက မုန်းတီးနေတဲ့ လူတစ်ယောက်ဆီက ကိုယ့်ဘက်ကိုယ့်ယက် တွေးမည့်အတွေးများကိုလဲ ဒေါင်းမြကြည်က မဆီမဆိုင် မုန်းတီးပြန်သေးသတဲ့။ ထိုသူက အင်မတန်မှ ဇွဲရှိသူတည်း။ ဒေါင်းမြကြည် စီးသည့် ဘတ်(စ်)ကားနောက်မှ တောက်လျှောက်ပင် သူ့ကားဖြင့် လိုက်ပါလာခဲ့ခြင်းကို ဖွိုင့်တစ်ခု အရောက်မှာ ဒေါင်းမြကြည် သိခွင့်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း။ သူက ဒေါင်းမြကြည်ရဲ့အိမ်ကို သိ အောင် လိုက်ကြည့်အုံးမလို့ပေါ့လေ။ ရှင်လိုက်ကြည့်စရာ မလိုဘူး ဆိုပြီး သွားရန်တွေ့ပစ်ရင် ကောင်းမလား။ အဲဒါလဲ မဖြစ်သေး။ တော်ကြာ ထိုသူက သူနောက်က လိုက်လာတာကို ဒေါင်းမြကြည် က ရှုစိုက်တယ်လို့ သိသွားတယ်ဆိုတာမျိုးကို အဖြစ်မခံလို။

နေပါစေ အိမ်သိတော့ရော သူလာလည်နိုင်တာ မှတ်လို့၊ ရှင် ကျွန်မကို မြန်မြန်ကြီး စိတ်ပျက်သွားပါစေတော့ ရှင်။ ရှင့်ရဲ့အဆန်းထွင်သော ကျွန်မအပေါ် စိတ်ဝင်စားခြင်း သမှုကို မကြာခင်မှာ စိတ်ကုန်သွားပါစေတော့။ ကျွန်မထက်သာ တဲ့ တခြားမိန်းမတွေကိုသာ စိတ်ဝင်စားသွားပါစေတော့။

"ဟဲ့... ဒီနေ့ နည်းနည်းစောသလားမဲ... ဘတ်(စ)ကား မြန်မြန် ရတယ်ထင်တယ်... ဒေါ်လေးတောင် အခုမှ ညနေစာ ထမင်းချက်ပြီးတယ်"

"တစ်စီးပဲ လူကြပ်လို့ တက်မရခဲ့ဘူး... နောက်ခဏလေး ထပ်စောင့်လိုက်ရတယ် နောက်တစ်စီး ချက်ချင်းတက်လို့ ရတယ် ဒေါ်လေးရဲ့... ကားလဲ အနေတော်ရုံကလေး ချောင်ပါတယ်... အင်း... ဒီနေ့တော့ စာစကျက်ပါမယ် ဒေါ်လေးရေ.. သိတာခင်တို့ကတောင် စာစကျက်နေပြီ လားလို့ မေးနေပြီ...စာမေးပွဲနီးပြီ ဒေါ်လေးရဲ့... စာကျက် တော့မယ်... "





"ဪ... ဪ ဟုတ်လား.. ဒေါ်လေးတူမ ,တကယ် စာကျက်တော့မယ်ပေါ့လေ... စောင့်ကြည့်ရအောင်ကွယ် လက်ဖက်တွေစားရင်းတန်းလန်း အိပ်ငိုက်မလား.. တော် ပါပြီ စာမကျက်ချင်တော့ပါဘူး ဒေါ်လေးရယ်... အချိန် တန်ရင် သူဟာနဲ့သူ အောင်သွားမှာပဲဆိုပြီး ဒေါ်လေး သော ဘယ်အချိန် ဝင်လာအိပ်မလဲဆိုတာ ကြည့်ရသေး တာပေါ့"

အိမ်ပြန်ရောက်တော့ ဒေါ်လေးနဲ့ အပြန်အလှန် စကားတွေပြောရင်း၊ ဒီနေ့ အတွေ့အကြုံတွေ တစ်ယောက်နဲ့ တစ်ယောက် ဖလှယ်ရင်းဖြင့် ထိုသူကို သတိရလိုက်သေးသည်။ သို့သော် ထိုသူ့ အကြောင်းကိုတော့ အထူးတလည် လုပ်ပြီး ပြော ပြဖို့ စိတ်မကူးခဲ့ပါ။ ဒေါင်းမြကြည် ထင်တာက ထိုသူဟာ ရက် အနည်းငယ်အတွင်းမှာ သူမ,ကို စိတ်ပျက်လက်လျှော့၍ သူ၏ စိတ်ကူးယဉ်ခြင်း ဇာတ်လမ်းပြီးဆုံးသွားခဲ့လိမ့်မည် ဟူ၍ ထင်မှတ် ထားခဲ့သောကြောင့်ပင် ဖြစ်ပါသည်။

"ဒီညတော့ စောစော အိပ်ဖြစ်မယ် မထင်ပါဘူး... ဟို အိပ်မက်ကြီးရဲ့ အစတစ်စ ပြန်မက်ပြီးတာ ဒီနေ့ဆို တစ် ရက်ကျော်ကြာပြီ.. နောက်ထပ်အပိုင်းတွေများ ဆက်မက် ဦးမလားမသိဘူး၊ အဲဒါတွေ တွေးပြီး စိတ်ညစ်နေတာ... အိပ်မက်,မက်ရမှာ ကြောက်တာနဲ့ မအိပ်ရဲတော့ဘူး... အဲ့ဒီ အိပ်မက်ထဲက အပိုင်းတစ်ခုခု မက်ပြီးရင် နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ဆိုရင် စိတ်ထဲမှာ ဘယ်လိုကြီးမှန်းမသိဘူး... တစ်စက်မှ ပျော်လို့ မရတော့ဘူး၊ လွမ်းနေသလိုလို၊ သောကရောက်နေသလိုလို၊ ဒေါသဖြစ်နေသလိုလို၊ ပူဆွေးနေသလိုလိုနဲ့ အမြဲ ခံစားနေရရော... အိပ်မက်မက်တိုင်း အဲ့ဒီထဲက အမျိုးသမီးရင်ထဲမှာ ဘာတွေ ခံစားနေရသလဲဆိုတာချည်းကို ကျွန်မသိပြီး ကျွန်မကိုယ်တိုင် လိုက်ခံစားနေရတာကိုလဲ စိတ်ပင်ပန်းလှပါပြီ... အိပ်မက်တွေဟာ ဘယ်နေ့များမှ ရပ်ပါတော့မလဲ မသိဘူး... "

"စိတ်ထဲ အစွဲကြီး လုပ်မထားနဲ့လေကွယ်... အိပ်မက်ပဲ သူ့ဘာသာ မက်ချင်မက်ပါစေပေါ့... ငါ့တူမ ကြောက်တတ်လွန်းလို့၊ အိပ်မက်မက်တတ်လွန်းလို့ အခု အရွယ်ကြီးထိ တစ်ယောက်တည်း မအိပ်ရဲသေးမှန်း သိနေတော့ ဒေါ်လေးနဲ့ချည်း အိပ်ခိုင်းနေရတာ ကြာပါပကောကွယ်... ဒေါ်လေးပြောသားပဲ... သမီး ဒေါင်းမြရဲ့ အိပ်မက်နဲ့ သက်ဆိုင်သူတွေနဲ့ သေသေချာချာ ဆုံရတဲ့တစ်နေ့မှာ ဒါမှမဟုတ်လဲ... အချိန်တန်တဲ့တစ်နေ့နေ့မှာ ဒီအိပ်မက်ကြီးက မက်တော့မယ် မထင်ပါဘူး... ဘာကြောင့် မက်နေသလဲ သိချင်ရင်လဲ အကြားအမြင်ရတဲ့ လူတို့၊ ဗေဒင်လက္ခဏာ ဟောတတ်တဲ့ လူတို့ဆီမှာ သွားမေးမြန်းကြည့်ဆိုတော့လဲ မသွားချင်ပြန်ဘူး။ ဒေါ်လေးတို့ကို ကိုးကွယ်တဲ့ ဘုန်းတော်ကြီးကလဲ နည်းနည်းပါးပါးပဲ တွက်ချက်





တတ်တာ... သူ တွက်ပေးတော့ သမီးက လူဝင်စားဆိုလား ဒီလောက်ပဲ ကြည့်လို့ရတာ။ သူဟောပေးဖူးတာလဲ သမီးအသိပဲ... ကိုယ်က လူဝင်စားဖြစ်နေမှတော့ ဟိုးအရင်ဘဝက ကိုယ်ကြုံခဲ့ဖူးတာတွေ ပြန်မက်တာ ဖြစ်မှာပေါ့... အဲ့ဒီလိုပဲ စိတ်ဖြေ"

"ဟင့်အင်း... ကျွန်မ, အဲဒါတွေ အယုံအကြည် မရှိပါဘူး။ လူဝင်စားလဲ မဖြစ်ချင်ပါဘူး... အဲ့ဒီအိပ်မက်နဲ့လဲ မပတ်သက်တဲ့လူပဲ ဖြစ်ချင်တယ်... ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီအိပ်မက်ကြီး မက်ရတာ အလိုလိုနေရင်း စိတ်ဆင်းရဲရလွန်းလို့"

"အဲ့ဒီ အိပ်မက်ထဲက သမီးပြောတဲ့ အမျိုးသမီးက ငါ့သမီးပဲ ဖြစ်နေမလားလို့ ဒေါ်လေးတစ်ခါ တစ်ခါ တွေးမိတယ်"

"ဟင်... ဒေါ်လေးကလဲ မဖြစ်နိုင်တာ... အဲ့ဒီမိန်းမကလေ ဘယ်လို ကျက်သရေရှိမှန်းကို မသိပါဘူး... နောက်ပြီး တော်တော့်ကိုလဲ လှပါတယ်... ကျွန်မရုပ်နဲ့များ တခြားစီ ဆံထုံးကြီးကဆို ဆံပင်တွေမှ ခဲပြီး နက်နေတာသိလား... သူ့ကို လက်ထပ်တဲ့ လူကြီးကတော့ အကယ့်လူမိုက်ရုပ်၊ မိုက်ကန်းကန်းနဲ့ လူတကာကို အနိုင်ကျင့် ဗိုလ်ကျချင်တဲ့ စိတ်တွေသူ့မှာ အပြည့်ရှိမှန်း သိသာအောင် သူ့မျက်လုံးတွေက တောက်ကျစ်နေတာ... ဒါပေမဲ့ အဲ့ဒီလူကို ခိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းတာက သူက အဲဒီအမျိုးသမီးကို တော်တော်လေးမြတ်နိုးရှာတယ်... ”

ဒေါင်းမြကြည်သည် ဒီနေ့မှ ဘာကြောင့်မှန်းမသိပင် သူမ၏ အိပ်မက်အကြောင်းကို ဒေါ်လေးနဲ့စိတ်လိုလက်ရ ပြောပြဆွေးနွေးချင်နေမိတာ ထူးခြားပါသည်။ အိပ်မက်စပြီး မက်တဲ့ အရွယ်တုန်းက အိပ်နေရင်း ခဏခဏ ငိုနေတတ်လွန်း၊ ဗလုံးဗထွေးတွေ ရေရွတ်တတ်လွန်း၊ အိပ်ရာက နိုးရင် ခွေးတွေ မျက်ရည်တွေနဲ့ နိုးထရလွန်းတာဟာ အဲ့ဒီအရွယ်တုန်းကစပြီး အခုထိတောင် မရိုးနိုင်စွာ ဖြတ်သန်းရစမြဲ။

သို့သော် အိပ်မက်အကြောင်းကို ဒေါ်လေးကလွဲရင် ဘယ်သူ့ကိုမှ ပြောမပြတတ်ခဲ့ပါ။ ပြီးတော့ ရှားပါးလှသည့် တစ်ခါတစ်ရံတို့၌သာ ဒေါ်လေးနဲ့အိပ်မက်အကြောင်း ဆွေးနွေးတတ်တာဖြစ်သည်။

“ဒေါင်းမြ... အဲ့ဒီအမျိုးသားနဲ့ အမျိုးသမီးပုံစံကို ပြောပြလွန်းလို့ ဒေါ်လေးတောင် သိနေပါပြီ... ဒါပေမဲ့... ဒေါ်လေးစိတ်ထဲမှာ ယုံကြည်နေတာတော့ အဲ့ဒီ အမျိုးသမီးဟာ သမီးပဲ ဖြစ်လိမ့်မယ်ဆိုတာပဲ... အရင်ဘဝက ရုပ်ရည်လှခဲ့ပေမဲ့ သမီးဟာ အကြောင်းတစ်ခုခုကြောင့် ဒီဘဝမှာ သာမန် ရုပ်ရည် ဖြစ်နေတယ်လို့ ထင်တယ်”

“ဒါပေမဲ့... ကြောက်စရာ ကောင်းတဲ့ အဆုံးသတ်ကြီးကိုတော့ ကျွန်မ ကြောက်ပါတယ် ဒေါ်လေးရယ်... အဲ့ဒီ





မိန်းမက ဒီဘဝမှာ ကျွန်မ ဖြစ်မနေပါစေနဲ့... သူတို့က ကျင်းအကြီးကြီးတစ်ခုထဲကနေ တစ်စစီဖြစ်ပြီး တစ်နေရာဆီကို လွင့်သွားကြတယ်ဆိုတာပဲ ကျွန်မ, မက်ရုံမက်ပေမဲ့ အဲ့ဒီလို တစ်နေရာဆီကို လွင့်သွားတဲ့ အဖြစ်ကြီး မလာခင် သူတို့နှစ်ယောက်ရဲ့ မျက်နှာမှာ ဖြစ်ပေါ်နေတဲ့ ကြောက်လန့်တဲ့ အမူအရာတွေကို ကျွန်မ မြင်နေတဲ့ အခိုက်အတန့်မှာ အင်မတန်ကို ကြောက်ရတာ ထိတ်လန့်ရတာ မပြောပါနဲ့... ပြီးတော့ သူတို့တွေ တစ်စစီလိုလို... တစ်နေရာဆီလိုလို လွင့်သွားတာကို မက်လိုက်ချိန်ဆို ကျွန်မလေ ကြက်သီးတွေတောင် ဖြန်းကနဲ ထသွားရော ပြီးတော့... အဲ့ဒါ မက်ပြီးရင် ပျောက်သွားတဲ့ ဘာမှ မရှိတော့တဲ့ ဟင်းလင်းပြင်ကြီးတစ်ခုကို မြင်လိုက်ရပြီဆိုရင် ကျွန်မရင်ထဲမှာ လှိုက်, လှိုက်တက်လာပြီး ဝမ်းနည်းလာတော့တာ... အဲ့ဒီအိပ်မက်ထဲက အဖြစ်အပျက်က ဇာတ်သိမ်းမကောင်းပါဘူး”

“စိတ်စွဲမနေပါနဲ့ကွယ်... အရင်ဘဝက ဖြစ်တာမျိုးတွေ ဒီဘဝမှာ တစ်ထပ်တည်း ပြန်ဖြစ်တာမျိုး မရှိတတ်ပါဘူး... ဒေါ်လေးက စိတ်ထင်တာ ပြောတာပါ... ငါ့သမီးနဲ့ အဲ့ဒီမိန်းမက တစ်ယောက်ထဲ ဖြစ်ချင်မှဖြစ်မှာပါ... ဆွေမျိုးတော်စပ်ခဲ့ဖူးတာမျိုးလဲ ဖြစ်နိုင်တာပဲ... ”

“ဒေါ်လေးရေ... ကျွန်မ ရေချိုးတော့မယ်... ကားတိုးစီး



www.burmeseclassic.com

www.burmeseclassic.com



လာရလို့ ချွေးထွက်တာလဲ... ခဏလေး ထိုင်လိုက်တော့ ချွေးတိတ်သွားပြီ... ရေချိုးရင် ရတော့မလားမသိဘူး"

"အခုထိ အဒေါ်ကို အကြံဉာဏ် တောင်းတုန်းပါလား ငါ့တူမရဲ့... လူကြီးဖြစ်နေပြီ... အသက်ဖြင့် နှစ်ဆယ်ကျော်ပြီ... ကလေးလုပ်မနေနဲ့... ဘယ်အခြေအနေလောက်ဆို ရေချိုးရင် ကောင်းမလဲဆိုတာ ဆုံးဖြတ်တာလေးကို ဒေါ်လေး အကြံမပေးဘူးဟော့"

ဤသို့ဖြင့် ဒေါ်ခင်မြကြည်နှင့်ဒေါ်လေး ဒေါ်ကြည်ကြည်တည်းဟူသော ဘဝကလေးက ပြန်လည်အသက်ဝင်လာစမြဲ။

ဒေါ်ခင်မြကြည်က အပြင်မှာသာ ခပ်တည်တည် ကြန့်ကြန့်ရရ ရင့်ကျက်တည်ငြိမ်သော အမျိုးသမီးတစ်ယောက် ပုံစံရှိသော်လည်း အိမ်မှာကျရင်တော့ ဒေါ်လေးကို ချွဲနွဲ့လို့ကောင်းတုန်း၊ ကလေးလုပ်လို့ကောင်းတုန်း၊ မိမိကို ချစ်မှန်းသိသော ဒေါ်လေးအပေါ် ကလေးတစ်ယောက်ကဲ့သို့ ဂျီတိုက် ဆိုးနွဲ့ချင်တုန်းဖြစ်နေသေးသည်။

ပြီးတော့ဒေါ်လေးရဲ့ ဈေးထဲကလူတွေအကြောင်း ဆိုင်နီးနားချင်းတွေအကြောင်း၊ ဒေါ်ခင်မြကြည်ရဲ့ အလုပ်ထဲက အကြောင်းတွေ အတင်းအုပ်ဖို့ တူဝရီးနှစ်ယောက် ခုံမင်ကြသေး၏။ အဲဒါနဲ့ ဒေါ်ခင်မြကြည်ရဲ့ သာမန်နေ့ရက်တွေဟာ ကုန်ဆုံး





ဖြတ်သန်းနေခဲ့စမြဲ။

ဒါပေမဲ့ အခုရက်ပိုင်းတွေမှာတော့ ဒေါ်ခင်မြကြည်အတွက် အနည်းငယ်မျှသော ပြောင်းလဲခြင်းတွေ ရှိခဲ့တာ ဝန်ခံပါမည်။ ထိုသူကို မုန်းရတာနဲ့ မကြာခဏဆိုသလို စိတ်ကူးထဲမှာ ထိုသူ ဝင်ရောက်နေခဲ့ပြီတည်း။

လူ့စိတ်ဆိုတာက တစ်မျိုးပါပဲ။ မယုံမရှိနဲ့ရှင်။ မိမိချစ်ရသောလူကို ဆိုလျှင်လဲ အဲ့ဒီလူအကြောင်းကို အမြဲစိတ်ကူးနေတတ်သလို မိမိမုန်းရသော လူဆိုပြန်လျှင်လည်း ထိုမုန်းရသောသူအကြောင်းက စိတ်ထဲမှာ အမုန်းတရားများ ရောပွမ်း၍ အမြဲစိတ်ကူးနေတတ်စမြဲ ဆိုတဲ့အချက်ကို လက်ခံရတော့မလိုပါဘဲ။ အခုဆို အရင်က စိတ်ကူးထဲမှာ ဘာတစ်ခုမှာ ထည့်မထားတတ်သော (မက်နေကျ အိပ်မက်အကြောင်းကလွဲရင်ပေါ့) ဒေါ်ခင်မြကြည်၏ စိတ်ကူးထဲမှာ နိုင်သမိန်ထောအား မုန်းတီးစွာ သတိရနေတာသာကြည့်။

တကယ်ပါပဲ နိုင်သမိန်ထောကို ဘယ်လိုနည်းနဲ့ တို မုန်းမှန်း အမိပွါယ် ဖေါ်မရတော့တာကိုက အခက်သားပဲ။

----- ◎ -----



www.burmeseclassic.com

www.burmeseclassic.com

## ၈

"ဟေ့ကောင်... ငေါင်လှချည့်လားကွ... ဘာလဲ လှစီမေအောင်က စိတ်ကောက်ပြန်ပြီလား... ချော့ရမှာကို တွေးပြီး စိတ်ကုန်သွားပြီလား... မထူးပါဘူးကွာ နောက်တော့ မင်း သူ့ကို မချော့ပဲလဲ နေနိုင်တာလဲ မဟုတ်ပဲနဲ့..."

ထင်အောင်သန်းက အထင်နဲ့ရမ်းပြောနေပြန်သည်။ ပြီးမှ အငေါင်မပျက် ဆက်၍ငေါင်နေသော သူ့အနေအထားကို မြင်တော့မှ မျက်ခုံးကြီးပင့်ပြီး အကဲခတ်နေတော့သည်။

ကိုယ် ဒီရက်ပိုင်းတွေမှာ လုံးဝ စိတ်ညစ်ညူးနေရပြီ။ စိတ်ထဲမှာ အလိုမကျ ဖြစ်နေရပြီ။ ဘာကို ကြေကွဲရမှန်းမသိ။ ဘာကို လွမ်းဆွတ်နေမိမှန်းမသိနဲ့၊ စိတ်ရှုပ်နေရပြီ။ အဲဒါမျိုးတွေ စတင်ခံစားလာရတာဟာ ဒေါ်ငြိမ်းမြကြည်ကို နေ့စဉ်သွားချောင်း





ကြည့်လိုက်၊ ကျောင်းပြန်တက်လိုက်၊ သူမရဲ့ အလုပ်ပြန်ချိန်ကို စောင့်ပြီး ကားဂိတ်မှာ သွားစောင့်လိုက်နဲ့ ရက်တွေ အနည်းငယ် ကြာလာတာနဲ့အမျှ ဒီလို ခံစားလာရတော့တာပဲ။

ပြီးတော့ ကိုယ့်ရဲ့ အိပ်မက်တစ်ပုဒ်ကလဲ ခုနောက်ပိုင်းမှာ ကိုယ့်ကို များစွာ ပျော်ရွှင်ခြင်းတွေ မဖန်တီးပေးတော့မဲ့အပိုင်းကို ရောက်နေပြီး ကိုယ် ကြေကွဲရတဲ့အပိုင်း။ ချစ်သူဆီက ပြန်ကြားခြင်းတစ်ခုကိုမှ မပိုင်ဆိုင်လေတဲ့ အမျိုးသားကလေးရဲ့ ရင်ထဲက ခံစားချက်တွေကို ကိုယ်ကိုယ်တိုင် ခံစားပေးနေရဘဲ့အပိုင်းဟာ ဟိုကောင်တွေ ကြားရင် ရယ်မှာစိုးရတာနဲ့ ကိုယ်မပြောပဲနေတာဖြစ်သည်။

သို့သော် အဲ့ဒီအကြောင်းအရာကို ဘာကြောင့်မှန်းမသိ တစ်စုံတစ်ယောက်ကို မပြောပဲနဲ့ နေလို့မရ။ ပြောကိုပြောချင်နေတတ်သည်က အမြဲ။ ထိုသို့ ပြောလိုက်ရ၍ ကိုယ့်စိတ်တွေ သက်သာသွားသလားဆိုတော့ အနည်းငယ်သာ စိတ်သက်သာမှု ရတတ်ပါသည်။ ကိုယ့် အိပ်မက်အကြောင်းက ဘယ်သူ့ကို ပြောမှ စိတ်သက်သာရာ ရမလဲမသိ။ လောလောဆယ်တော့ စာအတူတူကျက်ဖော်ဖြစ်သည့် နိုင်ရဲနှင့်ထင်အောင်သန်းရယ်၊ မေမေရယ်၊ မီးရယ်ကိုသာ ကိုယ်က ပြောပြခြင်းဖြင့် ဖြေသိမ့်နေရတတ်သည်။

ကိုယ့်အိပ်မက်မှာ ကိုယ် ပျော်ရွှင်ကျေနပ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသလို ထိုပျော်ရွှင်ရခြင်းနဲ့အတူ ကြေကွဲ ဝမ်းနည်းတတ်တာမ လဲ မကြာခဏ ခံစားရပါသည်။ အဲဒါက တော်တော့်ကို ထူးဆ သော ခံစားချက်ပင်။ ဘယ်လို နှိုင်းရမလဲ။ ဒေါင်းမြကြည်ကို ကို တွေ့မြင်ရတိုင်း ခံစားရတတ်သော ခံစားချက်များနှင့်အတော် ဆင်ဆင်တူပါသည်။

"သမိန်ထောရေ.. ဘယ်လိုဖြစ်ရတာလဲ ငြိမ်သွားလိုက် ထိုင်ရက်ကြီး အိပ်ပျော်ပြီး မင်းမက်နေကျ အိပ်မက်ကို မက်သွားသလား"

"အိပ်မက်က အခုမက်တာ မဟုတ်ဘူး ညကမက် ကွ... အဲဒါကြောင့် ငါ အစောကြီး အိပ်ရာက နိုးပြီး အိပ်မရဖြစ်တော့ ပေါင်သွားတာပေါ့... ပြီးတော့ အိပ် ကို ပြန်တွေးပြီး အလိုလို ဆွေးချင်နေတယ်"

"ပုံပြင်ပဲကွာ... "

"ပုံပြင်လား... ဒဏ္ဍာရီလား ငါမဆန်းစစ်ချင်ပါဘူ ဒါပေမဲ့ အဲ့ဒီအမျိုးသားက တော်တော်အချစ်ကြီးတာ သူ့ရင်ထဲမှာ အဲ့ဒီအမျိုးသမီးကို ဘယ်လောက်ထိ သလဲဆိုတာ ငါသိနေတယ်.. အမျိုးသမီးက သူ့ကို ဘူးဆိုတာလဲ ငါသိနေတယ်... အဲ့ဒီလို ငါက သူ ခံစားချက်တွေကို ဘာဖြစ်လို့ သိနေရသလဲဆိုတာ မရဘူး... ပြီးတော့ သူချစ်တဲ့မိန်းမဆီက အချစ်ကို မ





တိတ်တိတ် ဆွေးနေရတဲ့ အဲဒီ့လူကို ငါ အလိုလို သနား တာကွာ... အဲ့ဒီလူရဲ့ခံစားချက်ကို ငါအိပ်မက်မက်ရတိုင်း ဒီလိုမျိုး ပေါင်ချင်နေရော... ဘာစာမှလဲ ဖတ်ချင်စိတ် မရှိတော့ဘူး... ဘာကိုမှလဲ စိတ်မဝင်စားချင်ဘူး... အဲ့ဒီ နေ့တွေဆို ငါက ပေါင်လွန်းလို့ လူစီတောင် စိတ်ညစ်ပြီး ထပြန်သွားတတ်တယ်... ဒါတောင် လူစီက ငါ့အိပ်မက်ကို နဲနဲ ယုံနေပေလို့... နောက်မို့ ငါတို့နှစ်ယောက် ပြတ်တာ ကြာလှပြီကွ... "

သို့ပေမယ့် အခုနောက်ပိုင်းတွေမှာတော့ ကိုယ့် စိတ်ကူးတွေထဲမှာ လူစီ သိပ်မရှိတော့။ တစ်ခါတစ်လေ တစ်နေ့ သုံးလိုလို မေ့နေတတ်သည်။ ညနေဖက်တွေမှာ သူ့ရှေ့ လူစီပါ ကျောင်းက ပြန်ရောက်ချိန်တိုင်းလိုလို အမြဲ ဖုန်းပြောတတ်သော သူ့စိ အလေ့အထကြောင့်သာ သတိရဖြစ်တဲ့အကြောင်း လူစီသိ ရင် စိတ်ကောက်ဦးမည်။ ကိုယ့်စိတ်ကူးတွေ အကုန်လုံးမှာ ဒေါင်း မြကြည်က ကြီးစိုးနေတော့သည်။ ဒီတစ်ခါ လူစီ စိတ်ကောက်ရင် တောင် ဘယ်လိုချော့ရမလဲဆိုတာ ကြို မစဉ်းစားချင်ပဲ ဒေါင်းမြ ကြည်က ကိုယ့်ကို ဘယ်တော့များမှ အသိအမှတ် ပြုမှာလဲဆို တာကို ကြိုတင်စိတ်ကူး ယဉ်နေခဲ့တာ အမှန်ပဲ။

"လူစီကတော့ မင်းအပေါ် နားအလည်ပေးနိုင်ဆုံး မိန်းမ ပါကွာ မင်းသူနဲ့ပဲ လက်တွဲသင့်တယ်... "

ပြည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရဲက အကြံပေးနေပြန်သည်။ ထိုအခါ ကိုယ်က လက်မခံချင်ပဲ မဆိုင်းမတွပင် ငြင်းပစ်လိုက်မိပါသည်။

"အစကတော့ ငါလည်း ဒီလို ဆုံးဖြတ်ခဲ့တာပဲ... အခု ဆုံးဖြတ်ထားတာတွေ တစ်မျိုးတစ်ဖုံ ပြောင်းဖို့က သေချ နေပြီ... "

"ဘာလဲကွ... လူစီးထက်သာတာ ဘယ်သူ့ကိုများ မင်း ရွေးချင်သေးလို့လဲ... "

ကိုယ်သည် ထိုအမည်နာမ ရွတ်ပြဖို့ စိတ်ကူးလိုက် ရုံကလေးနှင့်ပင် ကိုယ့်ဘဝ ပြည့်စုံသွားသကဲ့သို့ ခံစားရတယ် ဆိုတာ သူတို့ မသိကြချေ။

"ဒေါင်းမြကြည်ပေါ့... သူ့ကို ငါ ဘာဖြစ်လို့ ဒီလော အထိ ချစ်မိသလဲဆိုတာ ငါ မတွေးချင်တော့ဘူး... ဒါပေမဲ့ ငါ... ဒေါင်းမြကြည်ကို လူစီးနေရာမှာ အစားထိ နိုင်တဲ့အထိ။ လူစီးက သူနဲ့ယှဉ်လိုက်ရင် ငါ့ရင်ထဲမှာ နေရ ပေးလို့ မရတော့တဲ့အထိ ဖြစ်နေတယ်ကွ... သေချာ တယ်... ငါကျောင်းပြီးရင် လက်ထပ်မဲ့မိန်းမဟာ လူ မဟုတ်တော့တာ သေချာတယ်... ငါလက်ထပ်ယူ မိန်းမက ဒေါင်းမြကြည်ပဲ... သူ့ကိုပဲ ငါလက်ထပ်မယ် သူ့ကိုငါ မပိုင်ဆိုင်လိုက်ရဘူးဆိုတာ မဖြစ်စေရဘူး...





"ဟာကွာ... မင်း ဘာကြောင့်မြန်တာလဲ... လူစီးနဲ့ဒေါင်းမြကြည် ယှဉ်ပဲယှဉ်ကြည့်ပါဦး... သူတို့နှစ်ယောက်က တကယ့်ကို ဆီနဲ့ရေလို ကွာတာ... "

"ဘာလဲ... မှတ်သန်း မင်းပြောတဲ့ ဆီနဲ့ရေက ရုပ်ရည်လား အဆင့်အတန်းလား၊ ပညာအရည်အချင်းလား... လူစီးက အင်္ဂလိပ်စာ ဂုဏ်ထူးတန်းတက်တယ်... မေဂျာတစ်ခုလုံးမှာကွင်း... မိဘချမ်းသာတယ်ဆိုတာနဲ့ ငါက ရွေးပစ်လိုက်ရမှာလား... ရွေးသင့်တယ်လို့ ယူဆရမှာလား... ငါ သူ့ကို တကယ်ချစ်ခဲ့တာမှ မဟုတ်တာ အဲ့ဒီအရည်အချင်းတွေကို ကြည့်ပြီး ချစ်ခဲ့မိတာလေကွာ... ငါ့ဦးနှောက်က ဆုံးဖြတ်ပြီးသမျှကို နှလုံးသားက လက်ခံခဲ့မိတာ... ငါ အခု တကယ်ချစ်ရတဲ့ မိန်းမကို တွေ့ပြီလေ... အဲ့ဒီတော့ သူ့ကိုပဲ ငါရွေးရတော့မှာပေါ့... ငါ ဒေါင်းမြကြည်ကို တကယ်ချစ်မိတာကွ... ချစ်တာထက် မြတ်နိုးမိတာ ပိုမယ်ထင်တယ်... မေ့မရဘူးကွာ သူ့ပုံစံကလေးကို အချိန်တိုင်း မေ့မရခဲ့ဘူး"

နိုင်ရဲကလည်း အံ့သြသည်။ ထင်အောင်သန်း လည်း မယုံကြည်နိုင်စွာ အံ့သြတကြီးပင် ငေးနေခဲ့သည်။

ဘာဖြစ်သလဲကွာ လောကကြီးမှာကိုယ်ကရုပ်ရည် မောပြီး ငွေကြေးပြည့်စုံသော အဆင့်အတန်းမြင့်တဲ့ အလိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းက ဖြစ်နေတာနဲ့ ရိုးရိုးသာမန် ရုပ်ရည်ကလေးရှိပြီး ကိုယ် ထက် အစစအရာရာ နိမ့်ပါးတဲ့ မိန်းမကို မချစ်ရတော့ဘူး လား။ အဲဒီလို ဘယ်သူကများ သတ်မှတ်ထားကြပါလိမ့်။

"ဟိုကဖြင့် မင်းကို တစ်စက်မှလဲ မျက်နှာသာ ပေးတာ မဟုတ်ပဲနဲ့ကွာ... ပြီးတော့ သူ့ပုံစံက မင်းလို လူတ ယောက်က စိတ်ဝင်စားတာကိုများ မတူမတန် အထ သေးတဲ့ ပုံစံနဲ့ ရုပ်ရည်ကလဲ ထူးထူးခြားခြား မဖြစ်ရ အထဲ မျက်နှာက မာကြွပ်ကြွပ်နဲ့..."

ထင်အောင်သန်းက ဤသို့ပင် ဝေဖန်လေသည်

"သမိန်ထောရာ... မင်းအတည်ပေါက်ကြီးနဲ့ ပြောနေ သာ ယုံရမှာ... ငါတော့ တယ်မယုံချင်ဘူး..."

"မယုံရင်လဲနေ... ငါအခုသူ့ဆီ သွားကြိုရတော့မှာ... အလုပ်ဆင်းချိန် ရောက်ပြီကွ... ငါ့မလာရင် သူမျှော်နေ ဦးမယ်..."

"သွားကြိုတာလား... သွားကြည့်တာလား ကွဲကွဲပြားပြား ပြောစမ်းပါကွာ... အကြွားကလဲ သန်ပါ့... ပြီးတော့ဟိုရော ရောက်ရင်သာ မျက်နှာငယ်လေးနဲ့ ဟိုက ဟောက်သမျှ လိုမ့်ခံလာမယ့် ရုပ်ကများ... သူ့ကောင်တာမှာတောင် အ ပစ္စည်းမှ သွားမဝယ်ရဲသေးဘူး မဟုတ်လား... မသိ





ခက်မယ်..."

ဟုတ်တော့ ဟုတ်သား။ ကိုယ် ဟိုတစ်ခါ သူတို့နဲ့ ားစဉ်က သူမနဲ့ မပြေမလည် ဖြစ်ပြီးတဲ့ အချိန်ကစပြီး အခု ်သတ္တပတ် အတော်ကြာအထိပဲ။ သူမရဲ့ကောင်တာနားကို သွားရဲချေ။ ပစ္စည်းတစ်ခုခုကို အကြောင်းရှာပြီး သွားဝယ်ဖို့ ကြံ ည်တိုင်းလည်း သူမ၏ တည်ငြိမ်သော မျက်နှာသွင်ပြင်ကလေး အဝေးက ဝေးရင်း ထိုစိတ်ကူး အကြံအစည်က ပျောက်သွား ခဲ့ြ။

"ဒီနေ့တော့... သူပြန်တဲ့အချိန်မှာ သူနဲ့အတူတူ ဘတ်(စ) ကားလိုက်စီးပြီး တစ်ခုခုတော့ ပြောမယ်ကွာ မယုံရင် လိုက်ကြည့်ပါလား..."

ထင်အောင်သန်းက ဖြတ်ကနဲ ထရပ်၏။ နိုင်ရဲက ကားသော့ ကောက်ကိုင်ပြီးနေပြီ။

"နေဦး... ငါတို့ သုံးယောက်စလုံး ကားကိုယ်စီနဲ့ ထားပါ တော့ မင်းက ဘတ်(စ်)ပေါ် တက်လိုက်သွားပါပြီတဲ့ မင်း ကား ဘယ်သူကြည့်မလဲ... ငါတို့က မင်းစီးသွားတဲ့ ဘတ်(စ)နောက်က ကားနဲ့ လိုက်ရမှာလေကွာ..."

"မှတ်သန်းရ ဒါလေးများ အလွယ်လေး... မင်းအိမ်မှာ ငါ့ကားကို ထားခဲ့မှာပေါ့... မင်းအိမ်က (၂၃)လမ်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုတောင်အဆင်ပြေသေး.. ဒေါင်းမြကြည်တို့ ကုန်တိုက် နဲ့လဲ နီးတယ်ကွ.. မြန်မြန်လုပ်ကြကွာ.. ဒေါင်းမြကြ ကို မမီလိုက်ပဲ နေဦးမယ်... ”

“ဖြစ်တော့လဲ အရှုးအမူးပဲ.. ဘယ်တော့လောက်ထိ အ လို ဖြစ်နေဦးမလဲဆိုတာ စောင့်ကြည့်ဦးမယ်.. မင်းဘ က အသည်းအသန် ဖြစ်လွန်းလို့သာ ငါတို့ဝင်ပါရတာ ဒီဇာတ်လမ်းကို ငါတို့ ဖီလင်မလာဘူးဟေ့... ”

သူငယ်ချင်း သုံးယောက်သား လဘက်ရည်ဆိုင် ထဲမှ ကသုတ်ကရက် ထွက်ရခြင်းမှာ အဓိကတော့ နိုင်သမိန်ထော က ခပ်မြန်မြန်ထွက်သွား၍ နိုင်ရဲနှင့် ထင်အောင်သန်းတို့ က ကတန်း ပါလာရခြင်းပင် ဖြစ်လေသည်။

ဒဂုံကုန်တိုက်သို့ သွားရာလမ်းတစ်လျှောက် တွေ့ခုန်ကာ ဖင်တကြွကြွဖြစ်နေသော နိုင်သမိန်ထောအား အံ့ ပြီးရင်း အံ့သြဖြစ်လျက် ဒါမျိုးမကြုံဖူးပါဘူးဟု လက်ဖျား သူတွေကတော့ နိုင်ရဲနှင့် ထင်အောင်သန်းပင် ဖြစ်တော့သည်

—— ◎ ——

တကယ့်တကယ် ရင်ဆိုင်ရတော့ ကိုယ် ကြော ရွံ့ချင်သားပင်။ မတူဘူး ဘယ်တုန်းကနဲ့မှ မတူခဲ့ဘူး ဒေါင်း ကြည်။ အရင်က သဘောကျလို့ လိုက်ခဲ့ဘူးသမျှ ကောင်မလေး

တွေကို ချဉ်းကပ်တဲ့ အခါတုန်းကတောင် ဒီလောက်အထိ မတုန် လှုပ်ခဲ့ဘူး။ လူစိုက်ကို ရည်းစားစကားပြောတုန်းကတောင် ကိုယ် ဒီလောက် မတုန်လှုပ်ခဲ့ချေ။

“သွားလေကွာ.. မင်းပဲ ဒီနေ့ ဒေါင်းမြကြည်နဲ့အတူတူ ဘတ်(စ)ကား လိုက်စီးမယ်ဆို... သူဖြင့် ငါတို့ကို လွန် သွားတာ ခြေလှမ်းဆယ်လှမ်းလောက် ရှိတော့မယ်.. မင်း ခြေထောက်တွေက ဘာလို့ ခုထိ မရွေ့သေးတာလဲ”

ထင်အောင်သန်းက သူ၏ အဖြစ်သည်းမှုများကို ကြည့်မရဟန်ဖြင့် အတင်းတွန်းလွှတ်လေသည်။ ကြည့်ရတာ မြန် မြန်ပြီး၊ မြန်မြန်အေးရောဆိုတဲ့ သဘောနဲ့ဖြစ်မည်။

ကိုယ့်ရဲ့ ဒေါင်းမြကြည်နောက်ကို လိုက်လာရ သော ခြေလှမ်းတွေက စိတ်မချ လက်မချနိုင်သော ခြေလှမ်းတွေ။ ကိုယ့်ကို ဖေါ်ရွေခြင်းကင်းစွာ၊ တဖန် မုန်းတီးစက်ဆုပ်စွာ ကြည့် မည့် အမူအရာများကို ကိုယ်ရင်ဆိုင်ရမှာ မလိုလားသော်လည်း အမှန်တကယ်လဲ ကိုယ်ရင်ဆိုင်ရမည်ကိုပင် သိနေပြန်တဲ့အခါ ကိုယ့်စိတ်တွေက ကြေကွဲ ဆွေးမြည့်လိုနေသည်တဲ့။

“ဒေါင်းမြကြည်”

ဒေါင်းမြကြည်သည် ကားမှတ်တိုင်တွင် အေးအေး ဆေးဆေး ရပ်ကာ ဆလင်းဘက်(ခ)ကလေးကထဲက အားခဲ့

www.burmeseclassic.com



ကို ထုတ်ယူနေစဉ်မှာ သူမ၏ အခြည်ခေါ်သံ တစ်ခုကြောင့် တုန်လှုပ်သွားရတော့သည်။ ကြည့်စမ်း ဒီအသံကိုမှ ဘာလို့ စွဲစွဲမြဲမြဲ မှတ်မိနေသလဲ။ ပြီးတော့ သူခေါ်သံဟာ ဘာလို့ မသဲမကွဲနဲ့ နားထဲဝင်လာသလဲ။ 'ဒေါင်းမ' လို့ပဲ ခေါ်လိုက်သလား 'ဒေါင်းမြ' လို့ပဲ ခေါ်လိုက်သလား။ အဲဒါကိုပဲ မသဲကွဲ။ ထို့အပြင် ဒီတစ်ခါ ကြားရသော ထိုသူ့အသံမျိုးကို သူမ ဘယ်နေရာမှာ ကြားခဲ့ပါလိမ့်ဟု စဉ်းစားစရာ။ သူနဲ့ ဆုံခဲ့စဉ် သုံးခါမျှသော အချိန်ကာလတုံးက ဒီလောက်ထိ ဇဝေဇဝါ မဖြစ်ခဲ့။ ဒီနေ့ကြားလိုက်ရမှပဲ ဇဝေဇဝါ ဖြစ်သွားတာ။

ဟုတ်တယ်။ ညတုန်းက မက်ခဲ့တဲ့ အိပ်မက်ထဲမှာ အဲ့ဒီအိပ်မက်တွေကို စပြီး မက်ချိန်ကတည်းက တစ်ခါမှ မပါဝင်ခဲ့ဘူးတဲ့အသံကို စကြားရတာပဲ။ အိပ်မက်ထဲမှာ ကြားရတဲ့အသံက တစ်သံထဲရယ်။ အမျိုးသားကလေးက ဒေါင်းမြကြည် သနားနေခဲ့မိသော အမျိုးသမီးကို ခေါ်တာ 'ဒေါင်းမ' တဲ့။ အဲဒီလို ခေါ်လိုက်ချိန်မှာ ဒေါင်းမြကြည်က လန့်သွားပြီး အိပ်မက်က ချက်ချင်း နိုးသွားခဲ့တာလေ အရမ်း မှတ်မိနေခဲ့တာပေါ့။

အခုလဲ ထိုသူ လာခေါ်လိုက်တဲ့ အသံဟာ အိပ်မက်ထဲမှာ ကြားလိုက်ရတဲ့ အသံလိုလို ထင်ယောင်ထင်မှား ဖြစ်ပြီး သူမနှင့် တော်တော်ကို ရင်းနှီးနေသကဲ့သို့ ခံစားသွားရသည့် ထိုသူနှင့်ပတ်သက်သော ခံစားချက် အသစ်တစ်ခုတည်း။





တဆက်တည်းမှာ ထိုသူ ဒီလောက်အထိ အတင့်ရဲလာပါလားဆိုကာ ဒေါသဖြစ်ချင်ပြန်သည်။

"ဒေါင်းမြကြည် နေ့တိုင်း ဘတ်(စ)ကား စီးပြန်ရတာ သိပ်ပင်ပန်းတာပဲနော်... မနက်ဆိုလဲ ရုံးချိန် ကားကြပ်ကြပ်ကြီး စီးရသေးတယ်... "

အဲဒါ ကျွန်မ တစ်ယောက်တည်း ကြုံတွေ့ရတဲ့ အခက်အခဲမှ မဟုတ်တာ။ လူတိုင်း အထူးသဖြင့် ကိုယ်ပိုင်ကားမရှိတဲ့ လူတိုင်း ကြုံတွေ့ရတဲ့ အခက်အခဲပဲ ဆန်းသလား။ အပိုတွေ စကားမရှိ စကားရှာတယ်။

နေပါစေစမ်း သူ့ကို မှတ်လောက် သားလောက် အောင် ပညာပေးလိုက်ဦးမယ်။

"ကျွန်တော့်ကို ဒေါင်းမြကြည်က မသိချင်ယောင် ဆောင်တယ်ဗျာ... ကျွန်တော်တို့က မိတ်ဆွေတွေပဲ... သုံးခါတောင် စကား ပြောဖူးတယ်...ကျွန်တော်ဆိုဒေါင်းမြကြည်ကို ပိုတောင် ရင်းနှီးနေသေးတာ နေ့တိုင်း လာကြည့်လိုက်၊ အလုပ်က ပြန်တဲ့အချိန် စောင့်ကြည့်လိုက်နဲ့... "

ကားမှတ်တိုင်မှာ ရပ်စောင့်နေသော လူအများစုက သူမတစ်ယောက်ထဲဆိုလျှင် အဲ့ဒီလောက် စိတ်ဝင်စား ကြမည်မထင်။ အခုတော့ ထိုသူ၏ ထင်ရှားသော ရုပ်ရည်သွင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူမ၏ သွင်ပြင်။ ပြီးတော့ တစ်ယောက်က ခပ်တည်တည် မျက်နှာ ကျန်တစ်ယောက်က တစ်စုံတစ်ခုကြောင့် ဖရိုဖရဲဖြစ်နေသည့် မျက်နှာအမူအရာ။ ထိုသူကစကားတွေ တတွတ်တွတ်ပြောသော်လဲ တစ်ခုမှ ပြန်မပြောပဲ အဝေးကို ခပ်ငေးငေးစိုက်ကြည့်နေသော သူမတို့၏ အခြေအနေများကြောင့် အကဲခတ် ခံရတော့သည်။

ထိုသူနဲ့ သူမ၏ ကွာခြားသော အဆင်အပြင်များကို ဝေဖန်ကြသော မျက်လုံးတွေ။ အဝတ်အစား ချုပ်ရတာ ပိတ်စကုန် သက်သာစေချင်သော ဒေါင်းမြကြည်၏ အကြံအစည်အရ ချုပ်ဝတ်ထားသည်မှာ ဈေးနည်းနည်း သက်သာသည့် ခပ်ပျော့ပျော့ ပိတ်စအဆင်ကလေးကို ရင်စေ့ လည်မိတ်လက်ပြတ် ပုံစံဖြင့် ဝမ်းဆက် ချုပ်ဝတ်ထားခြင်း ဖြစ်သည်။ ကိုယ်ခန္ဓာ သေးသေးသွယ်သွယ်မို့ လုံချည်ဆိုလျှင် သုံးတောင်တစ်ထွာ ဝတ်ရင် အဆင်ပြေပြီး ထိုလက်ပြတ်အင်္ကျီအတွက် တစ်တောင့်တစ်ထွာသာ ကုန်ပါသည်။ အခုခေတ်ပေါ် ခပ်ပျော့ပျော့အပွင့်ကလေးတွေကို ဒေါ်လေးက ဝတ်စေချင်၍ ဝယ်ဝတ်ပါဆိုတာနှင့် ဒေါင်းမြကြည်က ဝယ်ဝတ်ဖြစ်ခြင်းပင်။ ထိုအစကလေးက အမျိုးအစား မျိုးစုံရှိရာ သူမ, ဝယ်ဝတ်သော အစက ဈေးအနည်းဆုံး တစ်ကိုက်နှစ်ရာ့နှစ်ဆယ် အစားထဲက ဖြစ်သည်။ သီတာခင်တို့ အပြောအရတော့ အဲဒီအစတွေက တစ်ကိုက် တစ်ထောင့်နှစ်ရာအထိ အစားစား ရှိတယ်ဆိုလား။ ဘာပဲဖြစ်ဖြစ် ဈေးအနည်းဆုံးအထိ





ရှိတဲ့အတွက် သူမတို့လို လူတွေ ဝယ်ဝတ်နိုင်တာကိုပဲ ကျေးဇူးတင်ရမလို။

အင်း အဲဒါထားပါတော့။ ထိုသို့ အဆင်အပြင်သေးနုတ်ကာ ရုပ်ရည်ကလဲ ပိုမိုထူးထူးခြားခြား မလှပလေသော သူမအား ခခယယ ပုံစံဖြင့် စကားကပ်ပြောသော ထိုသူ့ကြောင့်ပင် သူမအား လူကြည့်ခံရခြင်း ဖြစ်သည်။

ထိုသူကတော့ သီတာခင်တို့ ကောင်တာမှာရောင်းသော ဖေါရင်းရှပ်တွေထဲက ပုံစံရှပ်မျိုးကို ဝတ်ထားခြင်း၊ တန်ဖိုးကြီးပုံရမဲ့ ခပ်ပွပွ ဘောင်းဘီရှည်ကို ဆင်မြန်းထားခြင်း၊ ဟန်းချိန်းအကြီးကြီးကို ဝတ်ထားခြင်းတွေအပြင် လူတွေအားလုံးထဲမှာ ထင်းကနဲနေအောင် ပေါ်လွင်လွန်းနေတာလဲ လူကြည့်ချင်စရာပေါ့။

နေပါဦး သူမ အဲဒါတွေ တွေးနေတာနဲ့ ထိုသူ ဘာတွေ ပြောနေပါလိမ့်။ နားတောင် မထောင်မိတော့ဘူး။ ထားပါတော့ သူ့စကားတွေ နားမှ မထောင်ချင်ခဲ့တာ။ ဒီ့ထက်ပို ကမ်းတက်လာရင်သာ ခေါက်ထီးနဲ့ရိုက်ပစ်ဖို့ ဝန်မလေးဘူးဆိုတာ ထိုသူ, မသိသေးချေ။

"ဒေါင်းမြကြည်ကို ကျွန်တော် ပြောပြချင်တာတွေ အများကြီးရှိတယ်... ။ ပြီးတော့ ဒေါင်းမြကြည်နဲ့လဲ ရင်းနှီးချင်တယ်... ဒါပေမဲ့ ကျွန်တော် စဉ်းစားမရတာက ဒေါင်းမြ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဟာ ကျွန်တော်နဲ့ တစ်ခါမှ ရန်ဖြစ်ရန်စ မရှိဘူးပါဘဲ ကျွန်တော့်ကို မုန်းတီးနေသလို ပုံစံကြီးနဲ့ ကြည့်တာ ဆက်ဆံတာကိုပဲပေါ့.. အဲဒါဟာ ကျွန်တော်နဲ့ဒေါင်းမြကြည် ကြားမှာ တစ်ခုခု ဆက်နွယ်နေတာ ရှိများရှိခဲ့လို့လားလို့ စဉ်းစားချင်စရာ... ဒါပေမဲ့... ကျွန်တော်တို့က ဘယ်တုန်းကမှ မဆုံခဲ့ဖူးဘူး။ ဘာမှလဲ ပြဿနာ မတက်ခဲ့ဖူးဘူး ဆိုတော့ အံ့သြစရာကြီးနော်..."

ထိုသူ့စကားက ထိုနေရာတွင် ရပ်တန့်သွားရခြင်းမှာ ဒေါင်းမြကြည်စီးမည့် ဘတ်(စ)ကားက မှတ်တိုင်မှာလာ ရပ်လိုက်ခြင်း၊ ဒေါင်းမြကြည်က ကားပေါ်တက်ရန် ခြေလှမ်းပြင်လိုက်ခြင်းကြောင့်ပင် ဖြစ်လေသည်။

ကားပေါ်မှ ဆင်းလာသော လူပမာဏနှင့် မမျှစွာ အောက်ကနေ ကားပေါ်တက်ရန် ရပ်စောင့်နေကြသူများကြားမှာ ဒေါင်းမြကြည် ရင်မောနေမိသည်။ ဒီနေ့ ကားတွေက တစ်စီးမှ ချောင်တယ်ရယ်လို့ မရှိ။ အခုတောင် ကားနှစ်စီးလောက် လွတ်သွားပြီ။ ဘယ်တော့များမှ ကားချောင်မည်မသိ။ ကားပေါ်တက်ဖို့ အခွင့်အလမ်း ကြုံမည်မသိပါ။ ဒီကြားထဲ ထိုသူက သူမ နံဘေးမှာ ရှိနေခဲ့ပြန်ရာ ပို၍ စိတ်ပျက်ရပါသည်။ ကြည့်ရတာ ကားပေါ်အထိပါ တက်လိုက်လာဦးမလား မသိ။

သို့သော် ဒေါင်းမြကြည် ထင်ထားသလို ဒီတစ်ခါ





လဲ ကားပေါ်တိုးတက်လို့ ရမယ်မထင်ပါဘူး ဟူသော ထင်မြင်ချက် လွဲခဲ့လေသည်။ ကံကောင်းထောက်မစွာ ကားပေါ်တက်ခွင့် ရခဲ့၏။

နောက်ပြီး ဒေါင်းမြကြည်ရဲ့ ခပ်အေးအေး အမူအရာကြောင့် ထိုသူက အေးအေးဆေးဆေး ဖြစ်နေခဲ့ရာ မမျှော်လင့်ပဲ ဒေါင်းမြကြည် ဘတ်(စ)ပေါ် ရောက်သွား၍ ထိုသူ လိုက်တက်ခွင့် မကြုံတော့ချေ။ ထိုသူ့ခမျာ ဘတ်(စ)ကား တိုးစီးနေကျ မဟုတ်၍ လျှင်မြန်ဖျတ်လတ်ခြင်း နည်းနေသည် ထင်ပါရဲ့။

နိုင်သမိန်ထောသည် သူ့မြင်ကွင်းမှ ပျောက်သွားသည်အထိ ဒေါင်းမြကြည် ပါသွားသော ဘတ်(စ) ကားကြီးကို ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့ရလေသည်။ ကိုယ် မထင်ထားခဲ့ဘူး ဒီလောက် ကြပ်သိပ်နေတဲ့ ဘတ်(စ)ကားကြီးပေါ် မင်းတက်သွားနိုင်လိမ့်မယ် မထင်ထားခဲ့လို့ ဒီလို ခပ်အေးအေး ရပ်ကြည့်မိတာကိုက ကိုယ် ကျန်ရစ်ခဲ့ဖို့ ဖန်တီးစေတော့တာပဲ။ ကိုယ့်အဖြစ်ကို ရယ်လဲရယ်ချင်။ ပြီးတော့ ဘတ်(စ)ကား ကြပ်ကြပ်ကြီးကို တိုးစီး၍ အိမ်ပြန်ရသော သူမကိုလည်း သနားစိတ်တွေ ဖြစ်လိုဖြစ်။ ကိုယ့်ကို ရှိတယ်လို့တောင်အသိအမှတ်မပြုခဲ့သည့်သူမ၏ဆက်ဆံမှုများအတွက် ဝမ်းနည်းနည်းနှင့် ထိုနေရာမှာ ခပ်ကြာကြာ ရပ်နေမိခဲ့လေသည်။

"ဘယ်လိုလဲကွ... အိမ်အထိ လိုက်မလို့ဆို...အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့် နေးကျန်နေခဲ့ပါလား... ဟိုက ဘာကောလွှတ်လိုက်လို့လဲ"

ကိုယ့် နံဘေးရောက်လာသော ထင်အောင်သန်းက စတင်၍ သူ၏ ထင်မြင်ချက်ကို ပြောတော့သည်။

"မဟုတ်ဘူး... မှတ်သန်းရ၊ ဘတ်(စ)ကား ဒီလောက် ကြပ်ကြပ်ကြီးကို တက်လို့ ရမယ်မထင်လို့ ငါက အေးအေးဆေးဆေး ရပ်နေတာကွာ... သူက အတင်းတက်သွားတော့ ငါမှ လိုက်မတက်ရသေးတာ... ကားလဲ ထွက်သွားရော ငါလဲ ကျန်ခဲ့ရော"

"မင်းရဲ့စိတ်တွေ ဘယ်အချိန်ကျမှ ပုံမှန်ပြန်ဖြစ် မလဲတော့ မသိဘူး။ ခုလောလောဆယ်တော့ မင်းရှူးသလို ငါတို့ပါ လိုက်ရှူးပေးနေရပြီ... "

နိုင်ရဲက ဤသို့ ဝေဖန်ပါသည်။ ဘယ်သူမှ မယုံကြဘူး ကိုယ် မင်းကို တကယ်ချစ်မိတာ မြတ်နိုးမိတာ စွဲလမ်းမိတာကို ဘယ်သူမှ မယုံနိုင်ကြတာ ဘာဖြစ်လို့လဲ ဒေါင်းမြကြည်ဟု စိတ်ထဲမှ တိုင်တည်နေမိသူမှာ နိုင်သမိန်ထောပင် ဖြစ်လေသည်။

..... ◎ .....

ဒီနေ့၏အဖြစ်အပျက်ကိုတော့ ဒေါင်းမြကြည်က ဒေါ်လေးကို ပြန်ပြောပြမိပါသည်။ ဒါဟာဒေါင်းမြကြည်နှင့်





ဒေါ်လေးဟူသော လူသားနှစ်ယောက်၏ တစ်နေ့တာအတွေ့ကြုံပြောလေ့ရှိသော အလေ့အထ၌ ထိုသူဟာပထမဆုံး သူမ [illegible]၏ စကားဝိုင်းထဲမှာပါခွင့်ရသူပင် ဖြစ်မှန်း ဒေါင်းမြကြည် လိုလိုလက်ခံချင်သွားသည်။

"ကျွန်မ... လူတစ်ယောက်ကို တွေ့တာသိပ်မကြာသေးဘူး အစကတည်းကဒေါ်လေးကို မပြောပြပဲနေမလို့ပါပဲ ဒါပေမဲ့ အဲ့ဒီလူနဲ့ ပတ်သက်တိုင်း ကျွန်မမှာ ထူးခြားတဲ့ ခံစားချက် ဖြစ်လာတာက ပျောက်သွားမလား... ပျောက်သွားမလားနဲ့ စောင့်ကြည့်ရင်း အဲ့ဒီစရာ ကောင်းလောက်အောင် ပျောက်မသွားခဲ့ဘူး... သူနဲ့တွေ့တိုင်း အဲဒီ ခံစားချက်က အလိုလိုဖြစ်ပေါ်လာတတ်တာနဲ့ ဒေါ်လေးကို ပြောပြဖို့ ဆုံးဖြတ်လိုက်တာ.. "

"သူက ယောကျ်ားတစ်ယောက်မှ ဟုတ်ရဲ့လား"

"ဟုတ်တယ်ဒေါ်လေးရဲ့... ကျွန်မနဲ့ရွယ်တူလား၊ ကျွန်မထက် အသက်နဲနဲ ကြီးမလားတော့မှန်းလို့မရဘူး ကျွန်မလောက်အရွယ်ပါပဲ"

"ပြောပါဦး... ဒေါင်းမြကဘယ်လိုခံစားရလဲ"

"ဟိုလေ... ဒေါ်လေးရဲ့... သူ့ကိုမြင်လိုက်တိုင်း စိတ်ထဲမှာ အရမ်းမုန်းလာတာမျိုး ခံစားနေရတယ် ... အသိစိတ်ထဲမှာသူနဲ့ကျွန်မတစ်ခါမှ မဆုံခဲ့ဘူး၊ မရင်းနှီးခဲ့ဖူးပုန်း



www.burmeseclassic.com

www.burmeseclassic.com



သိပေမယ့် မသိစိတ်ကကျတော့ သူ့ကိုတစ်နေရာရာ ဆုံခဲ့ဘူးသလိုလို ခံစားရတယ်... တကယ့်ကို ရင်းရင်း သိခဲ့သလိုလိုပဲ... ပြီးတော့ သူ့ကိုဘာကြောင့်မှန်းမသိ လိုလိုနေရင်း မုန်းလာတာလဲ အံ့သြစရာပဲ... ဟိုးတုန်း တည်းကရန်ငြိုးထားခဲ့ဖူးလို့ပဲ မုန်းသလိုလို... သူ့ရဲ့အ တစ်ခုခုကြောင့်ပဲ မုန်းသလိုလိုခံစားရတယ်... သူ့မျက် ကိုမြင်လိုက်တိုင်း မုန်းတီးစက်ဆုပ်မိတော့တာ မပြော နဲ့တော့... ကျွန်မတသက်တာမှာ ဒီလောက်အထိ ဘယ် ကိုမှ မမုန်းခဲ့ဖူးပါဘူး... အဲဒီလူကျမှပါ... သိပ်ထူးဆန်း ခံစားချက်ကြီးနဲ့တွေ့ကြုံရတော့တာပဲ"

ဒေါ်လေးဒေါ်ကြည်ကြည်က သေသေချာချာ မျက်မှောင်ကြီးကြုပ်ရင်း တွေးတော နားထောင်နေလေသည် ပြီးတော့ သူမလက်ထဲမှာ လက်ဘက်ပန်းကန်ကို စားပွဲပေါ် ချရင်း ခေါင်းတညိတ်ညိတ်ဖြင့် တစ်စုံတစ်ခုအား အမှီပွါယ် ဖွင့် တော့သည်။

"အဲဒီကောင်လေးရုပ်က သမီးအိမ်မက်ထဲက လူနဲ့တူ လား"

"ဟင့်အင်း... မတူပါဘူး... အိမ်မက်ထဲကလူရဲ့ ရုပ် ချက်ကြမ်းရကြို ရုပ်ရည်မျိုးဒေါ်လေးရဲ့... အခု ကျွန် ဆုံတဲ့သူက တော်တော့်ကိုချောတာ... သူ့မျက်နှာ





အသွင်အပြင်က လူအားလုံးထဲမှာ ထင်းနေအောင် ပေါ်လွင်တာ... ဒါပေမဲ့ သူ့မျက်လုံးတွေကို ကျွန်မရင်းနှီး နေသလိုပဲ... သူ့ကို စတွေ့ခါစက ဘာမှမဖြစ်ပဲ အဲ့ဒီ သူ့ မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်မိလိုက်တော့မှပဲ စိတ်ထဲမှာ သူ့ကို အရမ်းမုန်းလာတာ ဒီနေ့မှာ ပိုထူးဆန်း တာက ညတုန်းကမက်တဲ့ အိပ်မက်ထဲမှာ ကျွန်မ ပထမဆုံး စကြားရတဲ့ အမျိုးသားကလေးဆီက အသံလေ ဒေါ်လေး ကို ကျွန်မ ပြောပြပါရောလား..."

"အေး... ဘာတဲ့ သမီးနာမည်နဲ့ တော်တော်ဆင်နေတယ် လို့ သမီးတောင် ပြောသေးတယ်... အမျိုးသမီးကလေး နာမည်ကို 'ဒေါင်းမ' လို့ အဲ့ဒီ အမျိုးသားက ခေါ်တယ်ဆို တာလေ... အဲဒါနဲ့ ဘာကြောင့် ဒီနေ့ ပိုထူးဆန်းသွားရ သလဲ"

"အဲဒီလူက ကျွန်မကို စကားလိုက်ပြောတာ... သူက ကျွန်မအားက ရပ်ပြီး ဒေါင်းမြကြည်လို့ ခေါ်လိုက်တဲ့ အသံဟာ ညတုန်းက အိပ်မက်ထဲမှာ ခေါ်လိုက်တဲ့ 'ဒေါင်းမ' လိုလို 'ဒေါင်းမြ' လိုလိုနဲ့ လုံးဝ မသဲကွဲဘူး သိ လား... ပြီးတော့ ဘတ်(စ်)ကား ရပ်စောင့်နေရင်း မေ့ကနဲ လိုလို အိပ်မက်က ဖြတ်ကနဲ အာရုံထဲမှာ ပေါ်လာတဲ့ အချိန်နဲ့ အဲ့ဒီလို ကျွန်မ နာမည်ခေါ်လိုက်တဲ့ အချိန်ဟာ

www.burmeseclassic.com



တပြိုင်နက်ထဲလိုလို၊ မရှေးမနှောင်းလိုလို ဆက်တိုက် ဖြစ်သွားတာ။ ကျွန်မလေ မနည်းစိတ်တင်းပြီး သူ့ကို ဂရုမစိုက်ချင်ဟန်သာ ဆောင်ထားရပေမယ့် ကြက်သီးတွေတောင် ဖြန်းကနဲ ထသွားသလိုပဲ”

“ဒေါ်လေးပြောမယ်... အဲ့ဒီကောင်ကလေးနဲ့ သမီး ဒေါင်းမြှဟာ သမီးရဲ့ အိပ်မက်ထဲက မက်နေကျ စုံတွဲ တစ်တွဲပဲဆိုရင် သမီးလက်ခံချင်ရဲ့လား”

ဒေါင်းမြှကြည်သည် လတ်တလော သူမကိုယ်တိုင်ပင် ကြုံတွေ့ခဲ့ရသော အဖြစ်ဆန်းကြောင့် လက်မခံချင်သော အဖြစ်အပျက်တစ်ခုအား လက်ခံချင်သွားတာ ဝန်ခံပါရဲ့။ ငယ်ငယ်ထဲက ဒေါ်လေးပြောပြဖူးသော ဒေါင်းမြှကြည်ဟာ လူဝင်စားပါဆိုသည့် စကားများကို မယုံကြည်ပါဘူး၊ မဖြစ်နိုင်ပါဘူးဟု ဖွတ် ငြင်းဆန်ခဲ့သော်ငြား အချိန်ကျတော့ သူ့အလိုလိုပင် သူမကိုယ်တိုင် လက်ခံချင်သွားစေသည့် အဖြစ်အပျက်များက စတင်လာခဲ့ပေပြီ။

မှန်တာ ပြောရရင် မိန်းကလေးပီပီ ဤသို့သော အယူအဆမျိုးတွေကို အလွယ်တကူ လက်ခံချင်ပါသည်။ လူဝင်စားတို့၊ အတိတ်ဘဝက အဖြစ်အပျက်တို့ ဆိုတာတွေကို ဘာကြောင့် လက်မခံချင်ခဲ့သလဲဆိုရင် ထိုအိပ်မက်ထဲက အဖြစ်မျိုးကို ကြေကွဲရလွန်း၍တည်း။ ထိုအမျိုးသမီး၏ ရင်တွင်းခံစားချက်ကို





ဒေါင်းမြှကြည် အရင်ဘဝက ခံစားခဲ့ရပါသည် ဆိုခြင်းကို မဖြစ်စေချင်ခဲ့၍တည်း။ ထို အမျိုးသမီးက အဲ့ဒီအမျိုးသားကို မချစ်ပဲ လက်ထပ်လိုက်ရခြင်းအပေါ် မိမိကိုယ်ကို ယူကြုံးမရ ဖြစ်ခဲ့ခြင်းမျိုး ဒေါင်းမြှကြည်ဟာ အရင်ဘဝက မခံစားခဲ့ရပါဘူးဟု ငြင်းဆန်ချင်၍တည်း။ ဒေါင်းမြှကြည်၏ ရင်ထဲမှာ ဘာဖြစ်လို့မှန်း မသိအောင်ပင် ထိုအိပ်မက်ထဲက ဘဝကို ရှုံ့မုန်းနေခဲ့ပါသည်။

“မမကြီးကသမီးကို ကိုယ်ဝန်စ မရခင် သူမက်ခဲ့တဲ့ အိပ်မက်ကို ပြန်ပြောပြတာ ဒေါ်လေးမှတ်မိပါသေးတယ်... နှင်းဆီပန်းတွေကို ဆံထုံးမှာ ဝေနေအောင် ဆင့်ပြီး ပန်ထားတဲ့ သိပ်လှတဲ့ အမျိုးသမီးတစ်ယောက်က သူ့ကို စကားလာပြောသတဲ့... ဘာတွေပြောမှန်းတော့ မမှတ်မိပေမယ့် တစ်ခုကိုတော့ သေသေချာချာ မှတ်မိတယ်ဆိုပဲ အဲ့ဒါက ဘာလဲဆိုတော့ အမေ့ဆီမှာ သမီးလာနေပါရစေလို့ ပြောတဲ့စကားရယ်... သမီးနာမည်ကို အမေကြိုက်သလို မှည့်ပါ.. ဒါပေမဲ့ အမေမှည့်တဲ့ နာမည်ဟာ သမီးရဲ့ ဒီဘဝက နာမည်နဲ့ ခပ်ဆင်ဆင်တူကို တူနေလိမ့်မယ်ဆိုတာ သမီးပြောရဲတယ်တဲ့... အဲ့ဒီစကားကိုတော့ အသေအချာကို မှတ်မိလိုက်တာဆိုပဲ မကြာပါဘူး သမီး ကိုယ်ဝန်စရတော့တာပေါ့.. အံမယ်... တို့ ညီအစ်မ မျှော်လင့်တာ သမီးကို မမကြီးရဲ့ အိပ်မက်ထဲကအတိုင်း အင်မတန်ကို ချောမောလှပမဲ့ မိန်းကလေး ရလိမ့်မယ်လို့ ထင်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ"

"တကယ့်တကယ် မွေးလာတော့ အသားညိုညို သာမန်ရုပ်ရည်ကလေးနဲ့ဆိုတော့ ညီအစ်မနှစ်ယောက် အိပ်မက်ထဲမှာ အမြင်မျှားမှားသလားဆိုပြီး ပြောပြောရယ်ကြရသေး... ဒါပေမဲ့ ဒေါ်လေးတူမက အရုပ်ဆိုးကြီး မဟုတ်ပါဘူး ရုပ်ဆိုးတယ်လို့ ပြောလို့ရတဲ့ မိန်းမစာရင်းဝင်မှ မဟုတ်တာ ရိုးရိုးသာမန် မိန်းမတစ်ယောက်ရဲ့ ပုံစံမျိုး မပေါ်မလွင်ကလေး ဖြစ်နေတာပါ... အင်း... သမီးရဲ့ ဆံပင်လေးတွေကတော့ ပျော့ပျော့စင်းစင်းနဲ့ ပိုးသားကလေးတွေလို အိနေတာတော့ သမီးမှာ ပိုင်ဆိုင်တဲ့ ဘုရား ဖန်ဆင်းပေးတဲ့ အလှကလေးတစ်ခုပေါ့ကွယ်"

ဒေါ်လေးက ဒေါ်င်းမြကြည်၏ မေးစေ့ချွန်ချွန်ကလေးကို တစ်ချက် ဆွဲဖျစ်ရင်း နှစ်သိမ့်သလို ပြောတော့ ဒေါ်င်းမြကြည်က ရယ်မိပါသည်။

"ဪ... ဒေါ်လေးကလဲ ကျွန်မက ကိုယ့်ကိုကိုယ် ရုပ်ရည် မလှပလို့ တွေးပြီး ဝမ်းနည်းနေတဲ့ မိန်းမမျိုး မဟုတ်ပါဘူး... ရုပ်မလှတာ သာတောင် ကောင်းသေး... ရုပ်လှရင် အလကားနေရင်း ဟိုလူက သဘောကျ... ဒီလူက စိတ်ဝင်စားနဲ့ သူတို့အကြောင်းတွေ စဉ်းစားနေရတာနဲ့





တင် စိတ်ရှုပ်စရာကြီးပါ"

"အေး... အခုတော့ အရင်ဘဝက ပတ်သက်ဖူးတဲ့လူဟာ အခုဘဝဟာ သမီးကို ဘာပုံကြီးပဲ ဖြစ်နေနေ အရှုအမူး လာပြီး စွဲလမ်းရတာပဲ မဟုတ်လား"

"အရှုးအမူးတော့ ဟုတ်မယ်မထင်ပါဘူး ဒေါ်လေးရယ်"

"ဟဲ့... သိနိုင်မလား... သမီးတို့ နှစ်ယောက်က အရင်ဘဝက ဘယ်လိုတွေ သစ္စာဆိုခဲ့ကြသလဲမှ မသိတာ... စောင့်သာကြည့်နေချေတော့... နောက်ဘာတွေ ဖြစ်လာမလဲဆိုတာ..."

"အဲဒီလူဘာသာ ဘာဖြစ်ဖြစ် ကျွန်မကတော့ သူ့ကို သိပ်မုန်းနေတာ အမှန်ပဲ... အခုထိလဲ အိပ်မက်ထဲမှာ တွေ့တဲ့ လူဟာ သူပဲဆိုတာ လက်မခံချင်သေးပါဘူး... ဟိုလူက သိပ်ချောလွန်းနေတာယ်... အိပ်မက်ထဲက လူကတော့ ရိုးရိုးယောက်ျားတစ်ယောက် ပုံစံ တခြားစီပဲ..."

"သမီး အဲဒီကောင်ကလေးကို အလိုလိုနေရင်း မုန်းနေတာကိုက သမီးတို့ကြားက ဆက်နွယ်မှုတစ်ခုပဲပေါ့... အရင်ဘဝက ရန်ညှိုးရန်စတွေများ ဖြစ်နေမလား မသိဘူး... သူလဲပဲ သမီးကိုမှ သဘောတကျ ဖြစ်တာတာ အရင်ဘဝက အဆက်အစပ် ရှိခဲ့လို့ပဲ ဖြစ်မှာပေါ့...



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာရော သမီးလို အိပ်မက်တွေ မက်မနေဘူးလို့ သ
ပြောနိုင်မလား”

ထိုအခါ ဒေါ်ငြိမ်းကြည်သည် စတွေ့ခါစက ယခုထိတိုင် ထိုသူ့ဆီက အမြဲမပြတ် ကြားရလေ့ရှိသော အ ကတည်းက ရင်းနှီးခဲ့ဖူးသလို ခံစားရတယ်ဆိုတဲ့ စကားကို သ ရလိုက်မိသည်။ သိချင်စမ်းပါဘိ။ ထိုသူရော သူမကဲ့သို့ အိပ်မ တွေ့ အမြဲ မက်နေသလားဆိုတာ အဲ့ဒီအကြောင်းအရာကြော ထိုသူနဲ့ စကားပြောကြည့်ချင်လာသည်။ ပြီးတော့ သူ့ကို မုန်း တာကလည်း ဖျောက်လို့မရ။ အင်း ခက်ပဲ ခက်လှချည့်ရဲ့။ သူ သူမတို့က ဘယ်လိုနည်းနဲ့များ အဲ့ဒီအိပ်မက်နဲ့ ပတ်သက်ဆ နွယ်နေခဲ့ပါလိမ့်။

ထိုနေ့ညမှာတော့ ဒေါ်ငြိမ်းကြည် ထပ်မံ၍ အ မက်,မက်ဖို့ မျှော်လင့်ခဲ့ပါသည်။ သို့သော် ဒီညတော့ အိပ် မမက်ခဲ့ချေ။ အဲ့ဒီအတွက် ဒေါ်ငြိမ်းကြည်က မနက်မိုးလင်း သူမ အမြဲ ခံစားရလေ့ရှိသည့် ကြေကွဲရမှုများကို မခံစားရတော့ ကျေနပ်နေမိခဲ့တာတော့ အမှန်ပင် ဖြစ်လေသည်။

ဘာပဲ ဖြစ်ဖြစ် သူမဘဝမှာ အိပ်မက်တွေသာ မ ခဲ့ဖူးဆိုလျှင် ထိုသူနဲ့ ပတ်သက်ရခြင်းကို သံသယ ဖြစ်မိမည်မဟု ထိုသူ အဆန်းထွင်တယ်ပဲ ထင်မိမှာ ဖြစ်သည်။



ဒါပေမဲ့ဒေါ် လေးထောက်ပြသော အချက်အလက်များနှင့် သူမ,ကိုယ်တိုင် မကြာခဏ ကြားသိနေရသော လူဝင်စားဟူသော အဖြစ်အပျက်များကြောင့် ထိုသူနဲ့ ဘယ်လိုများ ပတ်သက်မှာပါလိမ့် ဆိုတာကို သိချင်သွားခဲ့တာ ဖြစ်လေသည်။

..... ◎ .....



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ထိုနေ့မှစ၍ နောက်ပိုင်း ရက်တချို့တွင် ဒေါ်ငြိမ်းမြကြည်၏ အငေးသင်စာမေးပွဲ ဖြေဆိုရန်အတွက် အလုပ်မှ တစ်ပတ်မျှ ခွင့်ယူထားခဲ့ပြီးဖြစ်ရာ နိုင်သမိန်ထောနှင့်တွေ့စရာ အကြောင်း မရှိတော့ချေ။ သို့သော် မှန်တာဝန်ခံရလျှင် ထိုသူကို လွမ်းတာ မဟုတ်ပါပဲ အမြဲလိုလိုပင် သတိရနေတတ်လာ၏။ အိမ်မက်များကလည်း ဒီထက်မကပင် ပို၍ပီပြင်လာခဲ့သည်ဟု ဆိုရပေမည်။ အမျိုးသမီး၏နာမည်က 'ဒေါ်ငြိမ်းမ'ဟူ၍ခေါ်ခြင်းကို သူမသိလာခဲ့ပြီ။ အမျိုးသားနာမည်ကလည်း 'မောင်မောင်ကြီး' ဟုခေါ်မှန်း သူမသိလာခဲ့ပေပြီ ။ သူတို့နှစ်ယောက်သာ တစ်စုံတစ်ခုသော အပေးအယူဖြင့် လက်ထပ်ခဲ့ကြကြောင်း ဒေါ်ငြိမ်းမြကြည် သိထားခဲ့ရပေပြီ။ ထိုအခါ ဒေါ်ငြိမ်းမလေး၏ ချစ်သူ "ကိုရန်နောင်" ဆိုတာကိုသူမ ရှာဖွေချင်လာခဲ့လေပြီ။





ကိုရန်နောင်ကို လွတ်စေလို၍ ဒေါ်ငြိမ်းမက မောင်မောင်ကြီးအား လက်ထပ်ရပါသည်မှာသော အဖြစ်အပျက် တချို့ကိုလည်း အိမ်မက်ထဲမှာ ကြားရသော စကားသံများမှ တဆင့်သိလာခဲ့ပေပြီ။ သို့သော်... ဒေါ်ငြိမ်းမနှင့် မောင်မောင်ကြီးတို့ ဘာကြောင့် ရန်ညှိုးတွေ ထားနေကြသလဲ ဆိုတာကိုတော့ သေသေချာချာ သိခွင့်မရသေးပေ။

ဒေါ်ငြိမ်းမြကြည် ကိုယ်တိုင်ကလည်း သူမသည် ကျန် အိမ်မက်နဲ့ ဆက်စပ် ပတ်သက်သူပါဟု အလိုလိုယုံကြည် နေခဲ့လေသည်။

မကြာပါ။ ဒေါ်ငြိမ်းမြကြည်၏ဆန္ဒက မမျှော်လင့်ပဲ ပြည့်မြောက်ရစေဖို့ ဖန်တီးလာခဲ့ခြင်း ဒေါ်လေးထံလာလည်သော ယောဂီဝတ်အမျိုးသမီးကြီးကြောင့်ပင် ဖြစ်ပါသည်။

ထိုနေ့က ဒေါ်ငြိမ်းမြကြည် စာမေးပွဲ ပြီးသည်နေ့တစ်နေ့ပင် ဖြစ်သည်။ ထိုအမျိုးသမီးကြီးက ဒေါ်လေး၏ မိတ်ဆွေဟု သာသိရပြီး သူမလာလည်မည်ကို ဒေါ်လေးရော ဒေါ်ငြိမ်းမြကြည်ပါ ကြိုတင်သိမထားခဲ့ပါပဲ ရောက်ရှိ လာခဲ့ခြင်း ဖြစ်သည်။

"ငါ... အရွယ်ရောက်ကတည်းက ရွာက ဘကြီးဘုန်းကြီး နောက်လိုက်ပြီး သူဖို ထိုးထားတာကို ကူညီရင်း... လောကီကိုစိတ်ကုန်တာနဲ့ တရားမေ့ဘက်လိုက်စား လာ



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာပါပကော... ကြည်ကြည်ရယ်... အနှစ်သုံးဆယ် တောင်ကျော်နေပြီ... ငါအမျှားဆုံး တရားထိုင် ဖြစ်တဲ့ နေရာကတော့ ပုပ္ပါးဘက်မဲ... ငါ့ကို ရှာချင်တိုင်းလဲ ရှာလို့ မရဘူး၊ တွေ့ချင်တိုင်းလဲ တွေ့လို့မရဘူး ငါက ငါအာရုံရတဲ့ သူဆီ သတိရရင် ထလာလိုက်တာ... ဘယ်သူ့နဲ့မှလဲ အတွေ့မခံဘူး... ငါနေတဲ့ နေရာကိုလဲ အတိအကျ ဘယ် လိုမှ ပြောလို့မရဘူးလေ... နင့်ဆီတောင် အနှစ်နှစ်ဆယ်နီး မှ ရောက်ဖြစ်တာ ကြည့်တော့... "

အိမ်ရှေ့မှအသံကြားလိုက်စဉ်ကတော့ ဒေါ်လေး ညည့်သည်အဖြစ်လောက်သာ မှတ်ယူပြီးခန်းဆီးကလေးအဲသာ လှစ်၍ချောင်းကြည့်ခဲ့ပါသည်။ ယောဂီဝတ် မိန်းမကြီးတစ်ယောက် သူမ၏ ဆံထုံးကြီးက ဟက်နေတာပဲ ဆံပင်တွေက အသက် ငါးဆယ် အရွယ်ဟုမထင်ရလေအောင် မည်းနက်အိခဲနေသည်။ ယောဂီဝတ်စုံညိုအရင့်က ရင်ဖုံးလက်ရှည် ထက်အောင် ဆင်တူ ယောဂီတဘက်ကြီးက လည်ပင်းမှာ ပတ်ထားလေသည်၊ စိတ် ပုတီးအကြီးကြီးက လည်ပင်းမှာဆွဲထားသေး၏။ ပြောင်တလင်း ခါနေသော မျက်နှာပြင် အသားရောင် ညိုညိုတို့ကလည်း တည် တင်း အေးဆေးလွန်း၏။ ထိုယောဂီမကြီး၏ မျက်ခုံးတွေကတော့ ကြုပ် လျှက် မျက်လုံးများက စူးရှထက်မြက်လွန်းလှသည်။

"မစိန်... ညည်းအခုဒီလာတော့ရော ဘယ်မှာတည်းသလဲ ကျုပ်တို့တူဝရီးနှစ်ယောက်ထဲရယ် ဒီမှာတည်းပါလား"





"ရတယ်... ငါနဲ့သီလရှင်ကြီးတစ်ယောက်လဲပါသေးတယ် သူအသိ.. သီလရှင်ကျောင်း တစ်ကျောင်းမှာတည်းတယ်.. တစ်ရက်ထဲပါ.. ရွှေတိဂုံဘုရား ခဏလာဖူးရုံတင်... လှူ စရာရှိတာတွေလဲ လှူရင်းပေါ့.. နင့်ဆီတမင်ဝင်လာရခြင်း အကြောင်းက ငါ့အာရုံထဲမှာ နင်တို့နဲ့ ပတ်သက်တဲ့ အကြောင်းအရာတစ်ခု ပြောစရာ ပေါ်နေတာကြာပြီ... အဲဒါကြောင့် တမင်ဝင်လာတာ... ငါ့ကိုပြောခိုင်းနေတာ ကြာပြီ... တော်တော့်ကိုကြာပြီ... ငါ့စိတ်ထဲသိပ်မထင် တာနဲ့ မပြောဘူးလို့ တင်းခံနေတာ... နင်တို့ကလဲအယုံ အကြည်ရှိမှန်း မရှိမှန်းမသေချာတာနဲ့ မပြောဘဲနေမလို့ ပါပဲ... အခုတော့ မပြောပဲနေလို့ မရတော့ဘူး... သူတို့ချင်း က တွေ့နေကြပြီ... အချိန်အခါလဲ ရောက်နေပြီတဲ့... မ ပြောလို့ကို မဖြစ်တော့လို့ ငါ့မှာညည်းသံယောဇဉ်နဲ့ တမင် ထလာရတာ... ဘယ်မလဲ... ငါတွေ့ချင်တဲ့ညည်းတူမ..."

ဘုရားရေ အဲ့ဒီယောဂီမကြီးက ဒေါ်ငါးမြကြည်တို့ တွေ့ချင်လို့ပဲ တမင်လာရသတဲ့လား။ ဒေါ်ငါးမြကြည်သည် ရေနွေး ဗန်းအတွင်း၌ လက်ဖက်တစ်ပန်းကန် မြေပဲယိုတစ်ပန်းကန် ပြင် ဆင်ပြီးချိန် ဧည့်ခန်းသို့ထွက်လာသည့်အချိန်မှာ ထိုယောဂီဝတ် အမျိုးသမီးကြီး၏ သူမအားမေးလိုက်သော အသံကိုကြားရစဉ်မှာ အလိုလိုနေရင်း တုန်လှုပ်ချောက်ခြား သွားရတော့တာဖြစ်သည်။

တိုက်ဆိုင်စွာပင် ဒေါ်လေးရော ထိုအမျိုးသမီးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါ ဒေါ်ငုံးမြကြည် ထွက်အလာကို လှမ်းကြည့်လိုက်ချိန်မှ သူမ၏ တုန်လှုပ်ချောက်ခြားမှုကို သူတို့တွေ မြင်သွားကြပေပြီ။

"ကြည့်စမ်း... အပျိုကြီးဖါးဖါးတောင်ဖြစ်နေပြီ... ငါလာတုန်းက နှစ်နှစ်လား သုံးနှစ်လား အဲ့ဒီအရွယ်လောက်ပဲ ရှိမယ်ထင်တယ်... အဲ့ဒီတုန်းကငါလဲ ပါရမီဉာဏ် မရင့်သေးတော့ သူကလေးကိုမြင်တုန်းက လူဝင်စားမကလေးပဲ ဆိုတာလောက် မြင်တတ်သေးတာ... နင်တို့ကလဲဝန်ခံတယ်လေ... ဘုန်းကြီးတစ်ပါးဆီမှာ ဖာတာတွက်ရင်း ဘုန်းကြီးကပဲ သူတလေးကို လူဝင်စားရယ်လို့ ဟောထားတယ်ဆိုတော့ ငါတောင်ဟောတာ နောက်ကျသွားခဲ့သေး"

"မစိန် ညည်းပြောမှာ ငါ့တူမနဲ့များ ပတ်သက်နေပြီလား... ညည်းတော်တော့ကို အကြားအမြင် ရနေပြီထင်တယ် အဲဒါဆိုရင်လဲ ပြောပါအုံး... ငါတို့လဲ တော်တော်သိချင်နေတာကြာပြီ"

ဒေါ်ငုံးမြကြည်သည် ရေနွေးဗန်းကို ချပေးသော

အခါ

"နေ... သမီး...ကြီးကြီးကဥပုသ်စောင့်လာတာ အနှစ်လေးဆယ် နီးပါးရှိပြီ... နေ့လွဲညစာ မစားဘူးကွဲ... ဒီစားစရာတွေ ပြန်ယူသွားချည်... ရေနွေးပဲသောက်မယ်"





ဟုသူမ၏ လက်ဖဝါးကို အုပ်ကိုင်ကာ ငြင်သာသော အသံဖြင့် ပြောလိုက်စဉ် ဒေါ်ငုံးမြကြည် ခံစားလိုက်ရသည်မှာ ထို အမျိုးသမီးကြီးနှင့်သူမကြားတွင် ဆက်နွယ်မှုတစ်ခုတော့ ရှိနေပြီ ဟူသော ခံစားချက်ပင်တည်း။

"အင်း... သမီးလဲ ကိုယ့်အကြောင်း ကိုယ် အတော်အတန် သိသင့်သလောက်သိနေပြီပဲ... ကြီးကြီးပြောပြလိုက်တာဟာ သမီးမှာ လိုအပ်နေတဲ့ အထောက်အကူ တစ်ခုကို ရှာဖွေပေးလိုက်သလို ဖြစ်သွားမယ်ထင်ပါရဲ့... ဘယ်လိုလဲ သမီးရဲ့ အရင်ဘဝတုန်းက အဖြစ်အပျက်တွေ တကယ်ဖြစ်ခဲ့ပါတယ်ဆိုတာ သမီးလက်ခံချင်ရဲ့လား... အဲဒါဆို သမီးမက်နေကျ အိမ်မက်တွေကို သမီးခံနိုင်ရည် ရှိလာမယ်... ဘာကြောင့်ဒီအိမ်မက်တွေမက်ရသလဲဆိုပြီး သမီးစိတ်ညစ်နေတော့မှာ မဟုတ်ဘူး... ပြီးတော့... အိမ်မက်တွေ ဘယ်အချိန်မှာ ရပ်တန့်သွားမလဲ ဆိုတာကိုလဲ သမီးသိသွားရလိမ့်မယ်"

ဒေါ်ငုံးမြကြည်သည် ထိုအမျိုးသမီးကြီး၏ စကားသံများကိုနားထောင်ရင်း သူမ၏မျက်လုံးများကို စိုက်ကြည့်မိသောအခါ စိတ်ညို့ခံလိုက်ရသူပမာ တွေဝေငြိမ်သက်သွားတော့သည်။ သိချင်ခဲ့တာပေါ့။ အိပ်မက်တွေ ဘာကြောင့် မက်သလဲ။ အိပ်မက်တွေ ဘယ်တော့ ရပ်တန့်သွားမလဲ အဲ့ဒါတွေ သိပ်သိချင်တာပေါ့ ဟု စိတ်ထဲမှ အလိုလိုပင် ဝန်ခံသွားမိတော့သည့် အထိပင် ထို

www.burmeseclassic.com



အမျိုးသမီးကြီး၏ ထက်မြက်စူးရှသောအကြည့်က ထိရောက်လှပေသည်။

"သမီးနဲ့ကြီးကြီးတို့ဟာ ဟိုးအရင်ဘဝတွေထဲက တစ်ဘဝမှာတုန်းက ဆွေမျိုးတော်စပ်ခဲ့ဖူးတယ် တိတိကျကျ ပြောရရင်... ကြီးကြီးဟာသမီးရဲ့အခုမက်နေတဲ့ အိမ်မက်ထဲက ဘဝတုန်းက တော်စပ်ခဲ့ဘူးတာပဲ... သမီးမှာ အဲ့ဒီဘဝမှာလည်း အဒေါ်နှစ်ယောက် ရှိခဲ့တယ်။ ကဲ အခုဘဝမှာ သမီးနာမည်က ဘာပါလိမ့်... ကြီးကြီးသိထားတာ မှန်မမှန် တိုက်ကြည့်ချင်လို့... ကြီးကြီးကို လာပြောပြနေတဲ့ နာမည်ကတော့ ဒေါင်းမြကြည်ပဲတဲ့... ဟုတ်လား သမီးနာမည် ဒေါင်းမြကြည်လား"

"ဟယ်... မစိန်ရယ်... သိပ်မှန်တာပါပဲလား... ညည်းသိနေတာတွေမှန်တယ်ဟဲ့... ငါ့တူမနာမည်ဒေါင်းမြကြည်ပဲ..."

"ငယ်ငယ်တုန်းက ငါ့ကိုညည်းတို့ဒီနာမည် မပြောဖူးပါဘူးနော်... သေချာရဲ့လား"

"သေချာပါတယ်... မစိန်ရဲ့...ငယ်ငယ်က ညည်းခဏတွေ့ဖူးလိုက်တာပါ ... သည်းကလာလည်ရင် ဒီအိမ်ပဲလာလည်တာပဲ... သူတို့က အဲဒီထဲက အိမ်ခွဲနေတာ... ဒီကို ခဏတဖြုတ် လာလည်တုန်းကညည်းနဲ့ဆုံကြတာ... တလေးဆိုတော့ နာမည်တွေဘာတွေပြောပြပြီး မိတ်ဆက်





မပေးမိပါဘူး... ငါ့အစ်မသမီးဆိုတာလောက်ပဲ ညည်းကို ပြောပြလိုက်တာပါ"

"အေး... ဒါဆိုရင်ငါသိထားတဲ့ တစ်ချက်တော့မှန်သွားပြီ ဆိုရမှာပေါ့... ဘယ်လိုလဲသမီး... ကြီးကြီးပြောတာ နားထောင်ချင်ရဲ့လား... "

ဒေါင်းမြကြည်သည် အနည်းငယ်မျှ ယုံကြည်လာပြီမို့ ခေါင်းညိတ်ကာ

"ဟုတ်ကဲ့... ကြီးကြီးပြောတာတွေ ကျွန်မလိုလိုချင်ချင် နားထောင်ပါ့မယ်"

ဟုသူမ၏ အရင်ဘဝက အဖြစ်အပျက်ဆိုသည်ကိုလက်ခံလိုက်ဖို့ ဆုံးဖြတ်လိုက်တော့၏။

"သမီးနဲ့ကြီးကြီးရယ် ဟောဒီ သမီးဒေါ်လေး ဒေါ်ကြည်ကြည်ရယ်ဟာ အဲ့ဒီဘဝမှာတုန်းက တူဝရီးတွေပဲ ဒီဘဝမှာတော့ ကြီးကြီးက တခြားလူ ဖြစ်သွားပြီး ကြည်ကြည်ကတော့ သမီးအဒေါ် အရင်း ပြန်ဖြစ်ရတယ်... အဲဒါကတော့ ပဋ္ဌါန်းဆက် နည်းနည်းလွဲသွားလို့ပေါ့... "

ဒေါ်လေး ဒေါ်ကြည်ကြည်က ဝမ်းသာသွားဖြင့် ဒေါင်းမြကြည်၏ ပုခုံးကလေးတစ်ဘက်ကို သိုင်းဖက်ကာ ဒေါင်းမြကြည်၏ ဆံပင်များကို နားရွက်နောက်ထဲသို့ ချစ်စနိုး



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန်နှင့် သပ်တင်ပေးလေသည်။

"မစိန်ရယ်... အရင်ဘဝက ငါတို့ဟာ ညီအစ်မဖြစ်ပြီး အခုဘဝမှာ ညီအစ်မ မဖြစ်တော့ရော ဘာဖြစ်သလဲ... ညည်းနဲ့ ငါတို့ဟာ လူချင်းဝေးပေမဲ့ ရွာမှာကတည်းက အင်မတန် ခင်ကြတဲ့ သူငယ်ချင်းတွေပါပဲ"

"အရင်ဘဝဆိုမေမဲ့ တော်တော်ကိုကြာပါပြီ နှစ်ငါးဆယ် လောက်ကြာပြီးမှ တို့တတွေအားလုံးဟာ ဒီဘဝမှာ ပြန်ဆုံ ကြရတာ... ဒါတောင်သမီးရဲ့အမေဖြစ်တဲ့ တို့ယောင်းမ တိတိကျကျပြောရရင် အရင်ဘဝက ယောင်းမရယ် အရင် ဘဝက တို့အစ်ကိုရယ်... တို့အမေရယ်ကို ဒီဘဝမှာ ပြန် မဆုံရဘူး... သူတို့ သူတို့တွေဟာ တခြား တခြားသော ဘုံဘဝတွေမှာ နိဗ္ဗာန်မရောက်ခင် စပ်ကြား ကျင်လည် တုန်း ရှိသေးတယ်"

ထိုသို့ အမျိုးသမီးကြီးက ဆွေးဆွေးမြေ့မြေ့ ပြောဆို ရွှတ်သောအခါ ဒေါ်ခင်မြကြည်က သူမသိပြီးသား ဘဝတခုကို ပြန် လည်ကြားနေရသည့်ပမာ ခံစားနေရဓာတော့ အဆန်းသားနေ

"သမီးရဲ့အရင်ရှေးဘဝက နာမည်က ဒေါင်းမလေးတဲ့ သိပ်လှလို့ ဒေါင်းမလေးလို့ နာမည်ပေးကြတာ... အများ ကခေါ်ကြတော့ ဒေါင်းမလို့ပဲ အခေါ်များတယ်၊ သမီးမှာ





ချစ်သူရှိခဲ့ဖူးတယ်... သူ့နာမည်ကရန်နောင်တဲ့... သူက ဒီဘဝမှာတော့ ပြန်မဆုံဘူး... သမီးရဲ့အရင်ဘဝက သမီး ရဲ့ မိဘတွေလို တခြားတခြားသောဘဝမှာ ရှိနေလေရဲ့..."

အို ကိုရန်နောင်က ဒီဘဝမှာရှိမနေဘူးတဲ့လား။ ဒေါင်းမြကြည်သည် အိမ်မက်များမှာကတည်းက ရင်းနှီးခဲ့ပြီ ဖြစ် သော ဒေါင်းမ၏ချစ်သူ ကိုရန်နောင်အား လွမ်းဆွတ်သွား ရပြန် ပါသည်။

"ဒေါင်းမလေးကို အသေအလဲကြိုက်နေတဲ့သူက မောင် မောင်ကြီးပဲ ... သူကသူဌေးသားပေါ့... အဲ့ဒီခေတ်က ဂျပန်တွေ စစ်ပြေးတော့မဲ့ ခေတ်ဆိုပေမဲ့ ဒေါင်းမတို့ရွာမှာ ဂျပန်တွေ အခြေစိုက်တုန်းပေါ့... မောင်မောင်ကြီးတို့ သားအဖက ဂျပန်ကိုဖားတတ်... ဂျပန်အလိုကျ ရွာသား တွေကို သူတို့ကပါရောပြီး ဗိုလ်ကျကြတာပေါ့... ဒေါင်းမ ကိုမှ ရွေးပြီးမေတ္တာရှိတဲ့ မောင်ရန်နောင်ဟာ ဒေါင်းမဆီက တုံ့ပြန်ခဲ့တဲ့ မေတ္တာတိုလဲရရော ... မောင်မောင်ကြီးက အကောက်ကြံပြီး မောင်ရန်နောင်ကို ဒုက္ခရောက်အောင် လုပ်ခဲ့တယ် ..."

"မောင်ရန်နောင်ကို ဂျပန်တွေလက်ကလွတ်အောင် လုပ် ပေးနိုင်တဲ့လူဟာ မောင်မောင်ကြီးတစ်ယောက်ပဲ ရှိတယ် မှန်း ဒေါင်းမတင်မက အားလုံးကသိကြတယ် မကြာပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းမက… မောင်ရန်နောင် လွတ်စေဖို့ မောင်မောင်ကြီးနဲ့လက်ထပ်ဖို့ သဘောတူရာက စတာပဲ… အဲ့ဒီခေတ်တုန်းက အဲ့ဒီဘဝ တုန်းက ဒေါင်းမရဲ့ကြီးဒေါ်တွေ ဒေါင်းမကို မေးမရခဲ့တဲ့ မောင်မောင်ကြီးကို မောင်ရန်နောင် လွတ်ဖို့ လက်ထပ်တာ မဟုတ်လားဆိုတဲ့ အဖြေကိုကြီးကြီး ဟောဒီဘဝမှာ တရားမမှု လိုက်စားပြီး အထက်ပုဂ္ဂိုလ်တွေကို ဆည်းကပ်ပူဇော်ပြီး အကြားအမြင်ရအောင် လိုက်စားတော့မှပဲအားလုံးပြန်မြင်ခွင့်ရခဲ့တယ်… သမီး ဒေါင်းမလေးဟာ မောင်ရန်နောင် လွတ်စေရမယ်လို့ မောင်မောင်ကြီး ကတိပေးတာကို ယုံကြည်ပြီးသူ့ကို လက်ထပ်ခဲ့တာပဲ ဆိုတာ သိခွင့်ရခဲ့တယ်"

"သမီးရယ်… သမီးကမောင်မောင်ကြီးကို ဘာဖြစ်လို့ သစ္စာရေသောက်ပြီး ရွှေထိန်ကဆုတောင်းပြည့်စေတီမှာ ကျိန်ဆိုခိုင်းခဲ့သလဲ… မောင်မောင်ကြီးဟာ စိတ်ထားသာ မကောင်းတာပါ… ကတိသစ္စာ တည်ကြည်ပါတယ်ကွယ်… သူက သမီးဒေါင်းမကို အဲဒီလို မောင်ရန်နောင် လွတ်ရပါစေမယ်လို့ ကတိပေးလိုက်ကတည်းကကိုက သူ့ကတိကို တည်စေဖို့ သူ့စိတ်ထဲမှာ ဆုံးဖြတ်ပြီးသား…

"အဲဒါကို ဒေါင်းမကသစ္စာရေသောက်ခိုင်းတော့ မခံချင်စိတ်နဲ့ လက်မောင်းသွေးဖောက်ပြီး သစ္စာကတိတွေ ကျိန်ဆိုခဲ့တယ်… သူ့ဂတိစကားမှန်ကန်ခဲ့ရင် ဘဝ အဆက်





ဆက်မှာ ဒေါင်းမကို ပိုင်ဆိုင်ရသောသူ ဖြစ်ပါစေ ဆိုတဲ့ စကားနဲ့ ကျိန်စာဆိုခဲ့တယ်"

ဘုရားရေ'ကျိန်စာ'တဲ့။ မောင်မောင်ကြီးဆိုတဲ့ အမျိုးသားကဒေါင်းမဆိုသော အမျိုးသမီးကို ဘဝဆက်တိုင်း ပိုင်ဆိုင်ရပါစေဆိုတဲ့ ကျိန်စာတဲ့။ ကျွတ်… ။ စိတ်ပျက်စရာပဲ ချစ်သူကို ဒုက္ခပေးခဲ့သူ ချစ်သူနဲ့ခွဲရအောင်ဖန်တီးသူ မချစ် မနှစ်သက်သောသူနဲ့လက်တွဲစေရအောင် လုပ်ကြံသူရဲ့ကျိန်စာတဲ့။ အိုမှန်းစရာကောင်းလိုက်ပါဘိတော့ကွယ်။

"ဒေါင်းမဟာ အဲဒီလို မောင်မောင်ကြီးရဲ့ကျိန်စာကိုလဲ ကြားရော… သူကပါ… မခံချင်စိတ်နဲ့ပြန်ပြီး လက်မောင်းသွေးကိုဖောက်ပြီးသစ္စာရည်သောက်ပြီး ကျိန်ဆိုခဲ့ပြန်သေးတယ်… အဲဒါကဘာလဲဆိုတော့ ဒေါင်းမဟာ ဘဝဆက်တိုင်း မောင်မောင်ကြီးနဲ့ ကြုံဆုံရသည်ရှိသော် သူမဟာ မောင်မောင်ကြီးရဲ့အရှုးအမူး စွဲလမ်းတပ်မက်ခြင်းကို ခံရသူ မောင်မောင်ကြီးမေတ္တာဟူသမျှ ကိုပိုင်ဆိုင်ခွင့်ရသူဒေါင်းမကို အမြဲတမ်း အညှိခံ အရှုံးပေးရသောသူ ဖြစ်ပါစေလို့ ဒေါင်းမဟာ သူမကိုယ်တိုင်တော့ ရုပ်ရည်ချောမောတဲ့ မိန်းမ မဖြစ်ရပါစေနဲ့ ဆိုတာမျိုးတို့ကို ပြန်ပြီး ကျိန်စာတိုက်သတဲ့… ဒါကြောင့်… ဒီဘဝမှာ သမီး ဒေါင်းကြည်ဟာ သာမာန်ထက် မထူးခြားတဲ့ရုပ်ရည်ကို ပိုင်ဆိုင်နေတာပဲ… အရင်ဘဝ… ဟိုးအနှစ်ငါးဆယ် ကျော်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တုံးကတော့ တစ်ရွာလုံး တစ်နယ်လုံးမှာ အလှဆုံး ဘွဲ့ရ ဖူးတာ... "

ယောဂီဝတ်အမျိုးသမီးကြီးသည် မျက်လုံးစုံမှိတ်၍ တတွတ်တွတ် ရေရွတ်နေရာမှ ထိုသို့သော စကားဖြင့်သူမ ပြောပြောချက်ကို အဆုံးသတ်လိုက်လေသည်။ ထို့နောက် မျက်လုံးအစုံကို ဖြတ်ကနဲ ဖွင့်လျှက် သူမ၏ ရှေ့၌ကြိုးကြိုး ထိုင်နေသော ဒေါ်ခင်မြကြည်၏ယဲထိပ် ဆံပင်ကလေးများကို ညင်သာသိမ်မွေ့ သပ်ပေးလိုက်လေသည်။

"ကြီးကြီးကို အထက်ကပုဂ္ဂိုလ်တွေက ပြောခိုင်းလိုက်တာ အခုဒေါ်ခင်မနဲ့မောင်မောင်ကြီးဖြစ်ခဲ့ဖူးတဲ့ လူသား နှစ် ယောက် ဖြန့်တွေ့နေကြပြီတဲ့... သူတို့နှစ်ယောက်စလုံး ကိုယ်စီကိုယ်ငှ မင်္ဂလာနေကြတဲ့ အိမ်မက်တွေလဲ ချုပ်ငြိမ်း တော့မတဲ့... ရှေ့ဆက်ပြီး ဒီကျိန်စာကြီးမရှိတော့အောင် ဒီဘဝမှာ ပယ်ဖျက်လိုက်ကြဖို့ သတိသွားပေးတဲ့...နိဗ္ဗာန် မရောက်ခင်စပ်ကြား သံသရာမှာ ကျင်လည်နေတုန်း တခဏတာရေးမွလိုက်စားစေတဲ့... ကျိန်စာရှိနေသမျှဟာ တစ်ယောက်နဲ့ တစ်ယောက် အညှိုးအတေးတွေ အာဃာ တတွေနဲ့ အမုန်းပွားနေရင် မလိုလားအပ်တဲ့ ဘုံဘဝတွေ မှာ ကျင်လည်ရမှာ စိုးရိမ်တယ်သမီးရဲ့။

"သမီးတို့နှစ်ယောက်ဟာ အဲ့ဒီဘဝမတိုင်ခင် ဟိုးရှေးရှေး





ဘဝတွေတုန်းကဆို သာသနာ့အကျိုးကို ထမ်းဆောင်ခဲ့ ကြဖူးသူတွေ အလှူအတန်း ရက်ရောခဲ့ဖူးသူတွေဆိုတာ ကြီးကြီး ကိုမြင်ထားသေးတယ်။ မမျှော်လင့်တဲ့ အဖြစ် အပျက်တစ်ခုမှာ အယူအဆလွဲပြီး ကျိန်စာထားတယ် ဆိုတာဟာ သံသရာခရီးလျှောက်ရာမှ ဆူးညောင့် ခလုပ် ကြီး ပဲကွယ်"

"ဘာရယ်... မစိန်ဒီဘဝမှာ သမီးနဲ့မောင်မောင်ကြီးဘဝ ဖြစ်ခဲ့ဖူးတဲ့သူငယ်တို့ ပြန်တွေ့နေကြပြီဟုတ်လား သူအခု ဘယ်မှာလဲ... သူ့နာမည်ကဘာလဲ"

အမျိုးသမီးကြီးက 'မျက်ဝန်းတွေပြန်မှိတ်ကာ အကြာကြီး ငြိမ်သက်သွားပြန်သည်။ အဲ့ဒီအခိုက်အတန့်မှာ ဒေါ်ခင်မြကြည် ပြေးမြင်လိုက်တာက နိုင်သမိန်ထောတစ်ယောက် တည်းသာ ဟုတ်တယ် သူများဖြစ်ရမလားဟူသော အတွေးမဆုံး ခင်မှာပင် အမျိုးသမီးကြီး၏ မျက်ဝန်းတွေ ဖြတ်ကနဲ ပြန်ပွင့်လာ လျှက်။

"အဲ့ဒီသူငယ်ကလေးကို သမီးဒေါ်ခင်မြကြည်က အခု ကြီးကြီး အာရုံယူနေတုန်းမှာ ဖြတ်ကနဲ သတိရလိုက်တယ် သူပဲ... ဟုတ်တယ်... မောင်မောင်ကြီးဆိုတာ အဲ့ဒီ သူငယ် ပဲ...သမီးဒေါ်ခင်မြကြည်... ကဲ... ညည်းဒေါ်လေးသိအောင် ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူမ၏မျက်လုံးများကိုတည့်တည့်စိုက်ကြည့်ကာ ရေရွတ်လိုက်သောအခါ ဒေါင်းမြကြည်လန့်သွားခဲ့၏။ ကြည့်စမ်း ဒါဆို ဒီအမျိုးသမီးကြီး အကြားအမြင်ရတယ်ဆိုတာပဲ ယုံလိုက်ရတော့မလား။ အခုလေးတင်သူမ စိတ်ထဲ ဘာတွေးနေသည်ဆိုတာကို ဒင်္ဂကနဲ မှန်အောင်ပြောနိုင်စွမ်းရှိနေပြန်သည်။ ထူးဆန်းလေစွ။

"သမီး မပြောချင်လဲ ရပါတယ်... ကြီးကြီးပဲပြောမယ် သူ့နာမည်က သမီးလို အရင်ဘဝက နာမည်နဲ့မဆင်ဘူးကွဲ့ သူငယ်က သူ့အမေဇာတိ ဖျာပုံမြို့က သမိန်ထောရွာမှာ မွေးခဲ့ရလို့ သူ့နာမည်က သမိန်ထောလို့မှည့်ကြတယ်... သူတို့က မွန်လူမျိုးစပ်တော့ နာမည်ရှေ့မှာ 'နိုင်' တည့်တယ်.. ဒါကြောင့် သူ့နာမည် နိုင်သမိန်ထောတဲ့... သူ့ရဲ့ ဇာတိချက်ကြွေမွေးရပ်မြေက သမိန်ထောဆိုတဲ့ ရွာကလေးပဲ... သူတစ်နှစ်သားကျမှ ရန်ကုန်ကို ပြောင်းလာကြတယ် ဆိုတာရောသမီးသိပြီးပလား"

"ဟယ်.. သမီးဒေါင်းမြကြည် ပြောပြဖူးတဲ့ကောင်ကလေးပဲ... သမီးကသူ့ကို သိပ်မုန်းတာဆိုပဲ... အဲ့ဒီ ကောင်လေးကတော့ သမီးကို တော်တော်လေးစွဲလန်းနေရှာတာ"

ဒေါင်းမြကြည်သည်သူနဲ့သူမတို့ကြားတွင် ထင်မှတ် မထားခဲ့သော ဆက်နွယ်ပတ်သက်မှုတစ်ခု ရှိနေခဲ့ကြောင်း





သိလိုက်ရသည့် တဒင်္ဂတွင် သူမသည်သိပြီးသား အကြောင်းအရာ တစ်ခုပမာ အံ့သြ၍ မရခဲ့ချေ။

ထိုဆက်နွယ်ပတ်သက်မှုက ဟိုးနှစ်ပေါင်းများစွာ ထဲကတဲ့လား နှစ်ပေါင်းများစွာကတဲ့လား ပြီးတော့ "ကျိန်စာ" တဲ့ သစ္စာရည်သောက်၍ ကျိန်ခဲ့ကြဖူးသော ကျိန်စာတစ်ခုက ယခုတိုင်ရှိသေးသတဲ့။ ထိုကျိန်စာကို မုန်းလှပါပြီ။ လက်မခံပါရစေနဲ့။ မယုံကြည်ပါရစေနဲ့။ မေ့ထားပါရစေ။

သို့သော် သူမသည်စိတ်ထဲမှာ အသိစိတ်ကဘယ်လောက်လက်မခံချင်ပါစေ။ မသိစိတ်မှာအလိုလို အလိအမှတ်ပြုနေခဲ့တာတော့ ထူးဆန်းသားပင်။

သူနဲ့မတွေ့ခင်က အမြဲမပြတ် မက်ခဲ့ဖူးသော အိပ်မက်တစ်ခု။ တပ်ခါတလဲလဲမက်နေကျ အိပ်မက်တစ်ခု။ သူမတောင်အလွတ်နီးပါး မှတ်မိနေပြီဖြစ်သောအိပ်မက်။

သူ့မျက်နှာကိုရင်ဆိုင်တွေ့ရတိုင်း ဖြစ်ပေါ်လာတတ်သော မပြောင်းမလဲသည့် ခံစားချက်များ။ အမုန်းတရားများ။ အလိုလိုနာကြည်းခံပြင်းနေစိတ်များ။ စက်ဆုပ်မှုများ။

အဲဒါတွေနဲ့တင်သူနဲ့သူမဟာ တစ်ဦး၏ ကျိန်စာကို တစ်ဦးကသင့်စေမည့် အပြန်အလှန်ကျိန်စာရွတ်ခဲ့သူများလို့ လက်ခံလိုက်ရတော့မလားဟင်။



www.burmeseclassic.com

www.burmeseclassic.com



အို ရှုးသွပ်ချင်ပါဘိတော့။

"အဲဒါတွေဟာအမှန်ပဲလားဟင်... ကြီးကြီး တကယ်ပဲသိနေလို့ ပြောတယ်လို့ ကျွန်မယုံကြည်လိုက်ရတော့ မလား"

"ယုံတာမယုံတာ သမီးအလုပ်လေ ကြီးကြီးကတော့ ရန်ကုန်ကို လာရင်း ကိုယ်အာရုံရထားတဲ့ အဖြစ်တစ်ခုကို မပြောမဖြစ်လို့လာသတိပေးရတာပဲ..."

ဒေါ်လေးက သူ့မိတ်ဆွေ (သူတို့ အပြောအရဆိုလျှင် အရင်ဘဝကညီအစ်မတော်စပ်သူ) အမျိုးသမီးကြီး စိတ်ဆိုးသွားမှာ စိုးရိမ်သည့်အလား ပြာပြာသလဲပင် တောင်းပန်ရှာပါသည်။

"မစိန်ရယ်... သူကအခုခေတ်လူငယ်ဖြစ်နေတော့ ဒါတွေ ဘယ်အယုံအကြည်ရှိနိုင်ပါ့မလဲ... ငါကတော့ညည်းပြောသမျှအကုန်ယုံပါတယ်... အဲ့ဒီကျိန်စာကြီးဒီဘဝမှာတင် ရပ်သွားအောင် ဘာတွေလုပ်ရမလဲ ပြောပါဦး"

"ကြည်ကြည်... ညည်းတောင်းဆိုလို့ ငါပြောခွင့်မရှိဘူး...ညည်းတူမက ကာယကံရှင် သူတောင်းဆိုမှ ငါပြောမယ်"

ထိုအခါ ဒေါ်လေးကဒေါင်းမြကြည်ကို မျက်လုံး





လှန်ကြည့်လျှက် 'ပြောလိုက်လေ' ဟု အမိန့်ပေးလေသည်။ မှန်တာဝန်ခံရသော် ဒေါင်းမြကြည်ကိုယ်တိုင်လည်း ကျိန်စာတွေ ဘဝအဆက်ဆက်သင့်နေရမှာကို ကြောက်ပါသည်။ မိန်းကလေး ပီပီအယူလည်း သီးသည်မို့ ဒေါ်လေးနှစ်ခါလောက် တိုက်တွန်းလိုက်သောအခါ သူမကိုယ်တိုင် မေးကြည့်ဖို့ ဆုံးဖြတ်လိုက်တော့၏။

"ကျွန်မကို ကြီးကြီးသိသမျှလေးတွေ ပြောပြခဲ့ပါ ကြီးကြီး ရှေ့ဆက်ဘာတွေဖြစ်မလဲဆိုတာပါကျွန်မသိချင်တယ်။

ထိုအမျိုးသမီးကြီးက မျက်လုံးတွေ ပြန်၍စုံမှိတ်ထားရင်း လက်ဖဝါးတစ်ဖက်က ဒေါင်းမြကြည်၏ခေါင်ထိပ်ပေါ်အုပ်ကိုင်ကာ ခပ်တိုတိုးရွတ်လေသည်။

"ဒီဘဝမှာလဲ အမီးက နိုင်သမိန်ထောနဲ့ ရေစက်ပါကို ပါသေးတာပဲ... သူနဲ့ပဲ သမီးလက်ထပ်ရလိမ့်မယ်...။လက်ထပ်ပြီးတဲ့ အခါ သမီးကသူ့ကို နားဝင်အောင် ကြီးကြီးပြောသမျှတွေ အကုန်ပြန်ပြောပြကြားလား... ။ ပြီးတော့... သမီးတို့နှစ်ယောက်ဟာ ဥပုသ်သီတင်းသီလတွေများများဆောက်တည်ရမယ်။ တရားမေ့ များများ လိုက်စားရမယ်။ နောက်ပြီး... သမီးတို့ဟာစီးပွါးဖက်တွေမို့ အကြီးအကျယ်စီးပွါးဖြစ်လိမ့်မယ်... အဲ့ဒီရသမျှ ငွေတွေထဲကဖဲ့ပြီး ဘုရားတည်ပါ... ဖြစ်နိုင်ရင် နိုင်သမိန်ထောကို မွေးခဲ့တဲ့ ဖျာပုံက



www.burmeseclassic.com

www.burmeseclassic.com



သမိန်ထောရွှာကလေးမှာ ဘုရားတည်ဖြစ်အောင် ကြိုးစားပါ။ ဘုရားတည်ပြီးရင်... သမီးတို့နှစ်ယောက်စလုံး ရေစက်ချ အမျှပေးပြီးတဲ့အခါ ဆုတောင်းရမှာက ရှေးဘဝက ကျန်ရှိနေခဲ့သော ကျိန်စာအားလုံးပြေပါစေ... ဒီဘဝဒီမျှနဲ့ပဲ ကျိန်စာတွေရပ်တန့်ပါစေ။ နောက်ပြီးသံသရာ ဘဝခရီး တလျှောက်မပါ ပါစေနဲ့လို့ နှစ်ယောက်တည်း သက်သက် မိမိတို့တည်တဲ့ ဘုရားရှေ့မှာ ငါးပါးသီလ ဆောက်တည်ပြီး ပြိုင်တူဆုတောင်းကြချေ။ ကြီးကြီးကြို မြင်နေတယ် သမီးတို့နှစ်ယောက်စလုံးရဲ့ဘဝမှာအလှူကြီး အတန်းကြီးတွေလဲပေးရအုံးမယ်.. ဟိုး အရင့်ရင် ဘဝတွေကလိုပဲ အလှူဒါယကာ အလှူဒါယိကာမဘွဲ့တွေ တသီကြီး ရကြအုံးမယ်...အေး အခု လောလောဆယ်တော့ ကျိန်စာ မပြေယ်သေးသမျှ သမီးသူတို့မုန်းနေအုံးမှာပဲ... လက်ထပ်တာတောင် သမီးကသူ့ကိုမုန်းရက်နဲ့လက်ထပ်ရမှာ။ သူကတော့သမီးကို လူအများအံ့ဩရလောက်အောင် မေတ္တာရှိရှာဦးမှာသေချာတယ်"

အမျိုးသမီးကြီး၏ လက်ဖဝါးက သူမ၏ခေါင်းပေါ်မှ ပြန်ရုပ်သွားသည့်အခါ ဒေါင်းမြကြည်၏ဘဝတစ်ခုလုံး ငြိမ်းချမ်း သွားသကဲ့သို့ ခံစားရပါသည်။ ပြီးတော့ သူမ၏သတ္တိပေးဟောကြားချက်များကို ယုံကြည်သွားသကဲ့သို့ပင်ရှိချေသည်။





"ဒေါင်းမလေးနဲ့မောင်မောင်ကြီးက ဘာဖြစ်သွား ကြသလဲဟင်"

ဒေါင်းမြကြည်က သူမအောင့်မတန်သိချင်သော အခြေအနေတစ်ခုကို မေးလိုက်ဖို့မမေ့လျော့ခဲ့ပါ။

"ခေတ်ကာလကြောင့်ပါကွယ်... သူတို့နှစ်ယောက်ထဲသာ ဝင်ခိုတဲ့ ပုံးကျင်းတည့်တည့်ကိုမှ ပုံးကျပြီးဆုံးပါးသွားကြတာ... ဆုံးတဲ့အချိန်မှာ တချိန်တည်း တပြိုင်တည်းမို့ သမီးတို့ရဲ့ ကျိန်စာက အခုထိ တည်နေသေးတာပေါ့... နောက်မို့ တစ်ယောက် အရင်ဆုံးပြီး နောက်တစ်ယောက် ဆုံးရင် ဒီကျိန်စာက အဲ့ဒီလောက်ထိ တည်တံ့မယ်လို့ မထင်မိပါဘူးကွယ်... "

ဒေါ်လေးက စိုးရိမ်တကြီးပင် ဝင်မေးပါသည်။

"ဒါဆိုရင်... အခုဘဝရော... "

"အို...စိတ်ချ...အခုဘဝတော့ ဘယ်လိုအသေဆိုးနဲ့မှ သေစရာ ကြောင်းမရှိဘူး...သူတို့သေတပန် သက်တဆုံး သက်တမ်းစေ့ နေကြရမှာက ဟိုးဒီထက်မက ရှေးကျတဲ့ ဘဝတွေတုန်းက ပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေကြောင့် အသက်ရှည်ကြမှာ... စိတ်ချ ကြည်ကြည် ညည်းတို့ ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ရဟန်းဒါယိကာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကို ညည်းလဲမြင်သွားရဦးမှာ... ငါကတော့မြင်ရမှာ မဟုတ်ဘူး... ”

“ဘာဖြစ်လို့လဲမစိုးနိုးရယ်... ညည်းနဲ့ငါက ဧဒါင်းမနဲ့ မောင်မောင်ကြီးတို့ ဘဝတုန်းကတည်းက ဒေါင်းမရဲ့အဒေါ်တွေဖြစ်ခဲ့ကြဖူးတယ်ဆို... ”

“အေးလေ...ဒီဘဝမှာတော့တစိမ်းတွေပေါ့... ငါက အလွန်ဆုံးသုံးလေးနှစ်ပဲ တရားအားထုတ်ခွင့်ရတော့မယ်ဆိုတာ ကိုယ့်ကိုကိုယ်သိနေတယ်... ကဲ... ငါသွားတော့မယ်... ငါ့ရဲ့ အရင်ဘဝက တော်စပ်ခဲ့ဖူးတဲ့ ဆွေမျိုးတွေဆီ မဖြစ်မနေ ငါရောက်အောင်လာပြီး တာဝန်ကျေအောင် လုပ်ပေးခဲ့ပြီးပြီ၊ ငါ့စကားကိုသာ သေသေချာချာ ယုံကြည်ကြပါ... ”

ဒေါင်းမြကြည်သည်ထိုအမျိုးသမီးကြီး ပြန်တော့မည်ဆိုသောအခါ ဝမ်းနည်းချင်သလို ဖြစ်သွား၏။

“ကြီးကြီး... ခဏလေးနေပါဦး ကျွန်မ ကန်တော့ချင်လို့... ”

ဟု ခွင့်တောင်းတော့ ထိုအမျိုးသမီးကြီးက သူမ၏ ယောဂီတစ်ဘက်ကို မြှင်၍ပြုံးရင်း ခေါင်းညိတ်သည်။ ဒေါင်းမြကြည်က အဝတ်ဗီရိုဆီ မြန်မြန်သွားပြီး ဒေါ်လေးအတွက်ဟု





ရည်ရွယ်ကာ ထိုးထားပြီး ဒေါ်လေးမွေးနေ့ကျမှ ပေးမယ်လို့ ဆုံးဖြတ်ထားခဲ့သော အညိုရောင် သိုးမွေးတဘက်ကို ထုတ်ယူလိုက်ပါသည်။ ဘာပဲဖြစ်ဖြစ် သူလဲ သူ့အပြောအရဆိုရင် အရင်ဘဝတုန်းက ဒေါင်းမြကြည်ရဲ့ကြီးဒေါ် ဖြစ်ခဲ့ဖူးသူပဲ၊ သူ့ကိုလဲ ကန်တော့ထိုက်ပါတယ်။ ဒေါ်လေးအတွက် ရည်ရွယ်ထားတာကို သူ့အတွက် ရည်ရွယ်လိုက်ပြီး ကန်တော့လက်ဆောင် ပေးသင့်ပါတယ် ဟုဆုံးဖြတ်လိုက် သေးသည်။

“ကြီးကြီးကို ကျွန်မကိုယ်တိုင်ထိုးထားတဲ့ သိုးမွေး တဘက်နဲ့ ကန်တော့ပါရစေ... လက်ခံပါနော်... ကြီးကြီးကလဲ အရင်ဘဝတုန်းက ကျွန်မနဲ့ တူဝရီးတော်စပ်ခဲ့ဖူးသူမို့ ကိုယ့်ဆွေမျိုးရင်းချာလို သဘောထားပြီး ကန်တော့ပါရစေ”

ထိုအမျိုးသမီးကြီးက တည်ငြိမ်သောမျက်နှာဖြင့် ဆုတွေ တသီကြီးပေးလေသည်။ သူမ ပေးသော ဆုများထဲမှာ သံသရာ၌ ကျင်လည်ရာကာလပတ်လုံး ကျိန်စာများမှ ကင်းလွတ်ပါစေ ဟူသောဆုကို ဒေါင်းမြကြည်အတောင့်တဆုံး ဖြစ်မိသည်က ဆန်းသလားနော်။

ယောဂီဝတ်အမျိုးသမီးကြီး ပြန်သွားပြီးသောအခါ သူမနဲ့ဒေါ်လေးတို့သည် အတွေးကိုယ်စီဖြင့် ငြိမ်သက်ကျန်ရစ်ခဲ့ကြပါသည်။ ထို့နောက် ဒေါ်လေးက ထိုအဖြစ်အပျက်များကို မှန်ကန်ပါသည်ဟု တစ်ထစ်ချယုံကြည်ကြောင်း သူမကို တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဒေါ်ငြိမ်းမြကြည်ကတော့ ယုံသင့်သလား၊ မယုံသင့်သလားဆိုတာတောင် ဝေဖန်ပိုင်းခြား၍ မရတော့လောက်အောင်ပင် အခုလတ်တလောကြားလိုက်ရသော သူမ၏အိပ်မက်ထဲမှ လူသားနှစ်ယောက်၏ အဖြစ်အပျက်ကို ထပ်ဖန်တလဲလဲ ပြန်တွေးကြည့်နေမိခဲ့သည်။

သချာတာကတော့ ကျွန်မရှင့်ကို သိပ်မုန်းနေခဲ့သေးတာပဲ။ အဲ့ဒီ သိပ်မုန်းတဲ့ရှင့်ကို ကျွန်မက ဘယ်လိုလုပ်လက်ထပ်ဖြစ်ပါ့မလဲ။ ဒါတော့ မဖြစ်နိုင်။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ရဲ့ လက်ထပ်ခြင်းဟာ အချစ်မပါပဲ အမုန်းတွေ တစ်ယောက်ယောက်မှာရှိနေရင် ဘယ်လိုလုပ် လက်ထပ်ဖြစ်ပါ့မလဲ နိုင်သမိန်ထောရယ်။ အဲ့ဒီ အချက်တစ်ခုတည်းကိုပဲ ကျွန်မယုံလို့မရတာပါ။

နောက်တစ်နေ့မှာ အလုပ်ပြန်ဆင်းလျှင် သူ့ကိုသူမကဘယ်လိုမျက်နှာထားမျိုးနဲ့များ ဆက်ဆံမိမှာပါလိမ့်ဟု ဒေါ်ငြိမ်းမြကြည်က ကြိုတင်တွေးကြည့်နေခဲ့မိသားပင်။ ကြည့်ကြသေးတာပေါ့ ကျိန်စာတစ်ခုရဲ့ အစွမ်းသက်ရောက်မှုဟာ ဘယ်လိုများရှိမှာပါလိမ့်။

..... ၾ .....





"ဖြေနိုင်လား... ဒေါ်ငြိမ်းမြ... ဒေါ်ငြိမ်းမြတို့မေဂျာက နောက်ကျမှ ပြီးတယ်နော်၊ သီတာခင်တောင် နှစ်ရက်ကြိုပြီးလို့ အလုပ်ပြန်ဆင်းနေပြီ"

"မဆိုးပါဘူး... ဖြေနိုင်ပါတယ်"

တင့်တင့်က သူ့တို့ထက်နှစ်နှစ်မျှ အသက်ကြီးသူလည်းဖြစ်ရုံမက၊ ဘွဲ့ပါရပြီးသူ ဖြစ်လေသည်။ ကောင်တာချင်းနီး၍စကားပြောနေကျ အဖြစ်ဆုံးက သီတာခင်နဲ့တင့်တင့်သာ သူမ၌အပေါ်ရှိပါသည်။

"ဒေါ်ငြိမ်းမြက တို့တွေကို လျှိုထားတယ်ဆရာ... ဒေါ်ငြိမ်းမြ မလာတာ ဆယ်ရက်လောက်အတွင်း ဒေါ်ငြိမ်းမြကိုလာလာမေးတဲ့ ပုဂ္ဂိုလ်လေးကြောင့်သာ တို့တွေသိရတာ... ပုဂ္ဂိုလ်လေးက တော်တော်မိတာပဲနော်... ဒေါ်ငြိမ်းမြနဲ့ဘယ်တုန်းဆုံဖြစ်ကြတာလဲ"

နိုင်သမိန်ထောဟူသောအမည်က မှတ်ဉာဏ်ထဲ ဘွင်ဖြတ်ကနဲပေါ်လာခဲ့ပါသည်။ သို့သော် မသိဟန်ဆောင် လိုက်ခြင်းက မိန်းမတို့တတ်အပ်သော မာယာများထဲမှ တစ်ခုပဲလားတော့မသိ။

"ဘယ်သူလဲ...ကျွန်မကို အရေးတယူ မေးရလောက်မဲ့ လူမျိုးရှိနေသလား... အံ့ဩစရာပဲ... ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်းမြနဲ့ယှဉ်တူလောက်တော့ ရှိမှာပါ... သူ့နာမည်က နိုင်သမိန်ထော ဆိုတာပါ ပြောပြသွားသေးတယ် ... အံမယ်... သူလေးခေါက်လားလာတယ် တို့တွေနဲ့အဖွဲ့ကျ သွားတယ် သီတာခင်ကတော့ ဒေါင်းမြ ဘယ်နေ့အလုပ် ပြန်ဆင်းမယ်လို့ သတင်းပေးလိုက်သေးရဲ့ ... ပုဂ္ဂိုလ် လေးက စာမေးပွဲဖြေတဲ့ဆီတောင် လိုက်သွားချင်နေတာ တို့တွေတမင်မပြောလို့ ညစ်သွားတာပေါ့... သေချာပါ တယ် ဒီနေ့ သူလာကိုလာလိမ့်မှာ သူလာမယ်ဆိုတာ ဒေါင်းမြ ကိုမှာသွားပါတဲ့ကြိုပုန်းနေလို့ရအောင် ဆိုလား"

ကျွတ်... ဒီလူ...။ ဒါတမင် လျှောက်ကြော်ငြာပစ်တဲ့ သဘောပေါ့ ဟုတ်လား။ ဟင်း တွေ့မယ် သူ့ကို ကောင်းကောင်း ကြီး ရန်တွေ့ပစ်လိုက်ဦးမယ်။ အရှက်ခွဲပစ်လိုက်ဦးမယ်။ မှတ် လော ်သားလောက် ဖြစ်သွားစေရမယ်။ တခါထဲ ရှက်ပြီး နောက် ဆုတ်သွားစေရမယ်။ ဗေဒင်တွေ အကြားအမြင်တွေ သူတို့ဘာသာ ဘာပဲဟောဟော လူလုပ်မှုဖြစ်တာ ဟုရုတ်ချည်းဖြစ်ပေါ် လာသော ဒေါသကြောင့် ဤသို့ဆုံးဖြတ်ပစ်မိပါသည်

ထိုအခါ ရန်တွေ့ချင်သူက သူ့ရန်တွေ့လိုသော သူကို စောင့်မျှော်ရခြင်းတည်းဟူသော အလုပ်တခု ပိုလာခဲ့ေ သည်။ သူ့ကိုမုန်းသည် မှန်သော်လည်း သူမဟုတ်က ဟုတ်ာ လျှောက် ပြောထားခြင်းကို စာရင်းရှင်းလို၍ ဘယ်အချိန်မှာ ရောက်လာခဲ့မလဲဟုစောင့်မျှော်နေမိသူမှာ ဒေါင်းမြကြည်ပဲ ဖြ





လေသည်။

ကုန်တိုက်က ဆယ်နာရီမှ စဖွင့်သည်ဖြစ်ရာ နိုင်သ မိန်ထော ရောက်လာသောအချိန်က ကုန်တိုက်မှာလူစည်ကား စအချိန်ဖြစ်သော နေ့လယ်ဆယ့်တစ်နာရီခွဲမျှသောအချိန်ပင် ဖြစ်သည်။ ထိုအချိန်မှာ ဒေါင်းမြကြည်ကထမင်းဘူးဖွင့်၍ ထမင်းတစ်ဇွန်းခပ်စားလိုက်၊ ဝယ်သူရှိလျှင် ထ ရောင်းလိုက်နှင့် အလုပ်ရှုပ်နေရချိန်ပင် ဖြစ်ပါသည်။

ဒေါင်းမြကြည်က သူရောက်လာ ား ို ချက်ခြင်း မသိလိုက်ခြင်းမှာ ခုနလေးကတင် ဝယ်ယူသွားသူတစ်ဦး၏ပစ္စည်း စာရင်းများကို စာရင်းစာအုပ်ကလေးထဲထည့်ဖို့ ခေါင်းငုံ့ရေးချ နေ၍ဖြစ်သည်။

"ဒေါင်းမြကြည်... ကျွန်တော်ရောက်နေပြီ"

"ဟင်... "

နီးနီးကပ်ကပ်ကြားလိုက်ရသော သူ့အသံကိုမော့ မကြည့်ပဲဒေါင်းမြကြည်က နိုင်သမိန်ထော၏ အသံမှန်း မှတ်မိနေ ခဲ့သတဲ့။

"ကျွန်တော်လာမယ်လို့ ကြိုပြီးပုန်းနေမလားလို့... ဒေါင်းမြ ကြည်က ပုန်းမနေဘူးနော်... ပျော်တယ်ဗျာ... ကျွန်တော် မြင်ချင်တဲ့ ဒေါင်းမြကြည်ရဲ့မျက်နှာလေးကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာ ဘယ်လိုပျော်မှန်းမသိဘူး.. စာမေးပွဲဖြေနိုင်တယ်
မဟုတ်လား.. "

မတွေ့ရတာ ဆယ်ရက်တိတိကြာပြီဖြစ်သော သူမ၏ မျက်နှာလေးကို မြင်ခွင့်ရခြင်းမှာ ဘယ်လိုပျော်ရွှင်ခြင်းမှမလဲနိုင်ပါ ။ ကိုယ့်ကိုကိုယ်လဲအံ့ဩပါသည်။ ကိုယ်... သူမကြောင့် ဘာကြောင့်များ အချိန်ကြာလေ၊ ပိုပြီးစွဲလမ်းလေ ဖြစ်လာရသလဲ အံ့ဒါ ... တော်တော့်ကိုတွေးလို့မရတဲ့ အချက်ပင်။

"နှုတ်ခမ်းကြီးစူမထားပါနဲ့ဗျာ... ။ ဒေါင်းမလေးရဲ့ထမင်းဘူးကို ကျွန်တော်လုမစားပါဘူး.. ကဲ... ကဲ.. ဒီကောင်တာမှာ ရပ်တာ အကျိုးရှိသွားအောင် ပစ္စည်းတစ်ခုခုဝယ်ဦးမှ... ကားရေမွှေးကလဲမကုန်နိုင်တော့ ကုန်အောင်ဆိုပြီး အမြဲတမ်း အဖုံးဖွင့် ပစ်လိုက်တယ်ပြီးရော.. တစ်သီထဲကို နှစ်ပတ်လောက်နဲ့ကိစ္စပြတ်ပြီး ကုန်သွားအောင် လုပ်ပစ်လိုက်တယ်... ရေမွှေးပုလင်းကလဲ ကုန်ရော ဝယ်မလို့လာ တာ... ဒေါင်းမြကြည်က စာမေးပွဲသွားဖြေနေသို့ တမင် မဝယ်သေးပဲ လှည့်ပြန်ရတာ လေးခါက်ရှိပြီ ဒီနေ့ တော့အေးအေးဆေးဆေးရွေးပြီးဝယ်ဦးမှ... မတွေ့ရတာကြာပြီဆိုတော့ ဒေါင်းမြကြည်ရဲ့မျက်နှာကလေးကို ငေးကြည့်ရင်း... ရေမွှေးပုလင်းတွေလဲ ရွေးရင်းပေါ့"

"ရှင်စကားပြောတာ ရိသဲ့သဲ့မပြောရင်ကောင်းမယ် ဒီထတ်





ပိုဆိုးလာရင် ကျွန်မကကုန်းအော်ဖို့လဲ ဝန်မလေးဘူး ဆိုတာမြဲမြဲမှတ်ထား"

"ရိသဲ့သဲ့ပြောတာမဟုတ်ဘူး.. အတည်ပြောတာပါဗျာ ကျွန်တော်... ဒေါင်းမြကြည်ကိုမတွေ့ရတဲ့ ဆယ်ရက်အတွင်းဘယ်လောက် လွမ်းရသလဲ ဆိုတာပြောတောင် မပြတတ်တော့ဘူး.. ဘကယ်ပဲဗျာ... နေလို့ထိုင်လို့ မရအောင်တောင်လွမ်းတာ... ကိုယ့်ကိုကိုယ် အဲဒီလောက် လွမ်းတတ်မယ်တောင် မထင်ဘူး... ဘယ်လိုလဲ ကျွန်တော် ပြောတာ ယုံရဲ့လား"

နိုင်သမိန်ထောသည် ရိုးကျော့စ်မှန်ပေါ် လက်ထောက်ရင်း တတွတ်တွတ် ပြောနေမိသည်။ ကိုယ့်ဘာသာဘယ်ကဘယ်လို ဒီစကားလုံးတွေ ပြောနေမိသည်မသိ။ အစကပြောဖို့ရည် ရွယ်ချက်မရှိပါပဲ သူမကိုတွေ့လိုက်ရတော့ အလိုလိုပြောထွက်သွားသော စကားများအတွက် ကိုယ့်ကိုကိုယ် နောင်တရချင်။

စူစူအောင့်အောင့် မျက်နှာကလေးမှာ နဂိုကလှရတဲ့ကြားထဲ ပိုမို၍အရုပ်ဆိုးသောအသွင်ကို ဆောင်နေစေပါသည်။ ကိုယ့်ကိုဂရုမစိုက်ပဲ ထမင်းဘူးကို ခပ်တည်တည် ထိုင်စားနေခြင်းကို ကိုယ်ကငေးကြည့်နေမိတဲ့အတွက် ကိုယ့်နဲ့မျက်မှန်းခန်းမိနေပြီသော သိတာခင်နှင့် တင့်တင့်ဟူသော တစ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တာမှ အမျိုးသမီးတွေက ပြုံးစိစိအကဲခတ်တာကို ခံရသေး
သည်။

မင်း... မသိဘူး။ ကိုယ်... အခုဆိုလူစိန့်လဲ မကြာ
ခဏစကားများရပေါင်းများပြီ။ ကိုယ်ကအတိအလင်းပဲ ဝန်ခံပ
လိုက်တာကိုး... ။ ဒေါင်းမြကြည်ကို ကိုယ်တကယ်မြတ်နိုးတယ်
ဆိုတာကို လူစိမယုံချင်ပဲ ယုံနေရပြီ။ သူဟာမေမေ့ကို မတိုင်ပြော
နေမှာမဟုတ်... တစ်နေ့နေ့တော့ လူစိကမေမေ့ကို တိုင်ပြော
တော့မှာ... ကိုယ့်မှာမင်းဆီကမျက်နှာသာပေးခြင်း မခံရသေး
တာတောင် အခုလောလောဆယ် ပြဿနာတွေနဲ့ရင်ဆိုင်ရဖို့
သေချာနေပြီ။

မင်းနဲ့စကားတွေ အများကြီးပြောချင်တယ်... ။
ကိုယ့်ရဲ့ခံစားချက်တွေကို မင်းကိုပြောခွင့်ရချင်တယ်... ။ ကိုယ်
မင်းအတွက်နဲ့ဘာတွေကိုရင်ဆိုင်ရလိမ့်မလဲ ဆိုတာကိုမင်း
အောင်ပြောပြပြီး တိုင်ပင်ချင်တယ်။

"Amber Fresh Bottle ဆိုတဲ့ကားရေမွှေးကလေးရဲ့
ကိုပဲ ကျွန်တော်ကြိုက်တယ်ဗျာ... အဲ့ဒီပုလင်းလေးပဲ ယ
တော့မယ်..."

"အစကတည်းက... အင်း... ရှင်းရှင်းပြောရရင်ရှင် ဒီကော
တာရှေ့ ရပ်ကတည်းက အပြောသင့်ဆုံး စကားက အဲ
ပဲ... အလကား အဓိပ္ပါယ်မရှိတာတွေ လျှောက်ပြော





တယ်... ရှင့်စကားကို ဘယ်သူမှလဲ အရေးလုပ်ပြီး နားမ
ထောင်နေပဲနဲ့ တစ်ယောက်ထဲပြောနေတာ ရှင်မရှက်ဘူး
လား"

"မရှက်ပါဘူးဗျာ... ကြိုက်မရှက်ငိုက်မရှက်ဆိုတဲ့ စကား
ရှိသားပဲ... ဟဲဟဲ"

ကိုယ်အဲ့ဒီလို ခပ်ရိရိပြောလိုက်တာကို မင်းရင်ခုန်မ
သွားဘူးလား ဒေါင်းမြကြည်။ ကိုယ် မြင်ချင်တာကမင်းရဲ့ရှက်
ရွံ့ရင်ခုန်သွားမဲ့ဟန်ပန်ကလေးပဲ။ သို့သော်... ကိုယ်တွေ့ရသည်
မှာသူမ၏ မပြောင်းမလဲသော ခပ်တည်တည် အမူအရာကလေး
ပင် ဖြစ်ချေသည်။

"ကိုးရာကနေ ဈေးမကျသေးဘူးလား...ဒီမှာ ငါးဆယ်
ပိုဈေးကြီးတယ်နော်... အပြင်မှာဝယ်ရင် ရှစ်ရာ့ငါးဆယ်ပဲ
ရှိတယ်"

"အဲဒါဆိုလဲ ဒီမှာလာမဝယ်နဲ့ပေါ့ရှင်... ပြီးတာပဲ...
ရှင့်မျက်နှာမြင်ရတဲ့ ဒုက္ခကတောင်ကင်းသေး"

"ဩော်... ပြောတတ်ပါပေ့... ဒီမျက်နှာကလေးကို မြင်ချင်
လို့တမင်ဒီမှာ လာဝယ်တာပါဆိုမှကွာ ... တော်တော်
ရက်စက်တာပဲနော်"

"ဒီမှာ... ကိုသမိန်ထော... ကျွန်မကော်တာမှာ ရှင်ဝယ်လို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပစ္စည်းကို အေးအေးဆေးဆေး ပါးစပ်ပိတ်ပြီးဝယ်ရင်ကောင်းမယ်... နောက်ပြီးရှင်... လူတကာကို ကျွန်မနဲ့ရှင် ဟာဘာလိုလိုသဘောမျိုးပြောပြီး အခွင့်အရေးယူတဲ့ ကိစ္စကိုလည်း ကျွန်မလုံးဝမကျေနပ်ဘူး... အခုဆို ရှင်... ဟိုတလောက လာလာမေးတဲ့အတွက် ကျွန်မကိုတခြား လူတွေက စပ်စုတာခံရပြီ... မကြုံဖူးပါဘူး... ကျွန်မလုပ်နေ သမျှကာလတလျှောက်လုံး ဒီလိုယောကျ်ားလေးကိစ္စနဲ့ ပက်သက်ပြီး အမေးခံရတာ ဒါပထမဆုံးပဲ... ကျွန်မ မဖြစ်စေချင်တဲ့ရှုပ်ရှုပ်ရှက်ရှက် ဇာတ်လမ်းရှာတဲ့ မိန်းမ တစ်ယောက်ဖြစ်အောင် ရှင်မို့ဖန်တီးရက်တယ်... အဲဒီအ တွက်ရှင့်ကိုကျွန်မသတ်ပစ်ချင်လောက်အောင် မုန်းတယ် သိလား"

"အစကတည်းက ကျွန်တော့်ကို အလိုလိုမုန်းနေတာပဲ မဟုတ်လား... ကျွန်တော်သိသားပဲ"

ကိုယ်ကသူမများ အံ့ဩသွားမလား ဟူသော စိတ်ကူးဖြင့် ပြောလိုက်မိသော စကားတစ်ခွန်းက သူမ၏ဒေါသကို ဆွပေးသလို ဖြစ်ကြောင်း ကိုယ်ချက်ချင်း သိခွင့်ရလိုက်ပါသည်။ သူမသည် မထင်မှတ်စွာပင်

"သိနေရင်လဲ စောစောစီးစီး ရှင့်လုပ်ရပ်တွေကို ရပ်တန်းကရပ်"





ခပ်ကျယ်ကျယ်အော်ချလိုက်သည့်အခါ နံဘေးမှ ဖြတ်သွားသူတချို့နှင့်ဘေးကောင်တာအသီးသီးတို့မှ လူအများစု ၏ အံ့ဩတကြီးလှည့်ကြည့်ခြင်းကို ခံရတော့သည်။ လူအများ၏ ရှုးစမ်းသောအကြည့်များ၊ တိုးတိုးဝေဖန်မှုများ၊ သူမ၏ ခပ်တည် တည်သွင်ပြင်နှင့် ယှဉ်လျှက် သူ၏ဖရိုဖရဲရှက်ရွံ့ သွားသော အမူ အရာများကို ပိုင်းခြားအကဲခတ်ခြင်းများ... အို... အားလုံးအားလုံး အတွက်ပဲပေါ့။

ရင်ထဲမှာ ရှက်ရွံ့သွားခြင်းက ကြီးစိုးလာခဲ့ပါသည်။ သူ့ကိုဝိုင်းဝန်းအကဲခတ်ခြင်း ခံရဖူးသော မျက်လုံးပေါင်းများစွာ ကိုကြုံဖူးသမျှ တွေကတော့ သူ၏အောင်မြင်ကျော်ကြားသော ဂုဏ်သတင်းနှင့် ရုပ်ရည်ချောမောလှပမှုကို အားကျငေးမောသော မျက်လုံးတွေချည်းပါ။ ယခု... လက်ခံရရှိသောမျက်လုံးပေါင်းများ စွာကတော့... အရောင်းစာရေးမကလေးတစ်ယောက်ကို ထိကပါး ရိကပါးလာနှောက်ယှက်သော လူတောတစ်ယောက်အဖြစ် အထင်သေးစွာ ဝိုင်းကြည့်ကြသော မျက်လုံးတွေ၊ သူ့ရင်ထဲမှာ ရှက်ရွံ့ခံပြင်းမှုများ တဒင်္ဂဝင်ရောက်လာသောအခါ ... သူမကို ကျောခိုင်းထားရစ်ခဲ့ဖို့ ဆုံးဖြတ်လိုက်တော့သည်။

ရင်ထဲမှာ တဆတ်ဆတ်နာအောင် ရှက်ရွံ့ခံပြင်း မိသည်။ ကိုယ့်ဘဝမှာ ဒီလောက်မောက်မာရင့်သီးတာမျိုး မကြုံဖူးဘူး ကိုယ့်ကိုဘယ်တုန်းကမှ ဘယ်သူကဒီလောက်ရိုင်းပျ တဲ့ဆက်ဆံမှုမျိုးနဲ့ အရှက်မကွဲစေခဲ့ဖူးဘူး... မင်းကြောင့်ပဲ။ မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျမှပဲ... ကိုယ်က မကြုံဖူးသမျှတွေ ကြုံရတော့တယ်။

ဒီနေ့ရဲ့အဖြစ်အပျက်ဟာ တခြားလူတစ်ယောက်အတွက်ဆိုလျှင် ကြီးကြီးမားမားပြဿနာ တစ်ခုဟုတ်မည် မထင်သော်လည်း နိုင်သမိန်ထောအတွက်တော့ အင်မတန်ကိုရှက်ဖွယ်လိလိအဖြစ်အပျက် တစ်ခုဖြစ်ခဲ့လေသည်။ နိုင်သမိန်ထောကဲ့သို့ အစစအရာရာ ပြည့်စုံလျှက် နေရာတကာမှာလည်း လူတကာ အရေးပေး ဆက်ဆံခံရသော လူတစ်ယောက်အတွက်တော့ ကိုယ့်မျက်နှာကို ဓါးနဲ့လှီးပစ်ချင်သည့်အထိ အရှက်ကြီးခဲ့သည်ဟု ဆိုရပေမည်။

"သားမျက်နှာကဘာဖြစ်လာတာလဲ... "

ကျောင်းတောင်သွားမတက်ချင်တော့၍ အိမ်ကိုတန်းပြန်လာခဲ့ရာ မေမေကဆီး၍မေးခြင်းကိုခံရပါသည်။

"စိတ်ညစ်လာတာပေါ့မေမေရာ... စိတ်ညစ်လို့ ကျောင်းတောင် သွားမတက်ပဲ အိမ်တန်းပြန်လာတာ"

"ဘာကြောင့် စိတ်ညစ်ရလဲ ပြောပြစမ်းပါဦး... မေမေ့ကိုမင်းလိုလူတစ်ယောက်မှာ ဘာစိတ်ညစ်စရာရှိသလဲ၊ ပညာ ဆိုရင်လဲ လူတိုင်းက အားကျရတဲ့ပညာမျိုးကို သင်ခွင့်ရတဲ့လူ... အိမ်ထောင်ဖက်ကိုကြည့်အုံးမလား... ကျိကျိတက်ချမ်းသာတဲ့ ပညာတတ်ရုပ်ချောတဲ့ သူဌေးမလေးနဲ့မှ ဖူးစာဆုံရတယ် ဟော... သားမိဘတွေဖြစ်တဲ့



မေမေတို့စည်းစိမ်အကုန် သားတို့ဘယ်လိုပဲခွဲခွဲ သားတို့တစ်သက်စားလို့ မကုန်တဲ့ ငွေကြေးမျိုးကို အမွေရမှာ အသေအချာပဲ... ။ မေမေ့သားတွေမှာ စိတ်ညစ်တယ်ဆိုတဲ့ စကားကို မေမေမကြားချင်ဘူး... ပြောစမ်းပါဦး မင်းရဲ့စိတ်ညစ်ရတဲ့အကြောင်း... ခုတလော မေမေလူစီဆီကစကားတချို့ကြားထားတယ်နော်... အဲဒီရှုပ်ရှုပ်ရှက်ရှက်ကိစ္စကြောင့် စိတ်ညစ်တယ်ဆိုရင် မေမေသားကိုတစ်စုံတစ်ခုဆွေးနွေးမှုဖြစ်တော့မယ်"

ဒီနေ့ ကံမကောင်းပါလားဟု ရွတ်တတ်သလိုပင်အော်ဟစ်ပစ်လိုက်ချင်သည်။ ချစ်မြတ်နိုးရသူကလေးရဲ့အော်ငေါက်မှုကြောင့် အဆင်မပြေဖြစ်ကာ အရှက်ကွဲလာရတဲ့အထဲ မေမေကသူမျှော်လင့်ထားပြီးသော အခြေအနေတစ်ရပ်ကို ချက်ခြင်းပင် ဖန်တီးတော့ဖို့စတင်တော့တာကိုရင်ဆိုင်ရပြန်သည်။

"လူစီကမေမေကိုပြောတယ်... သားမှာတကယ်ချစ်ရတဲ့မိန်းကလေးတွေ့နေပြီမို့ သူ့ကိုသားက လက်မထပ်နိုင်တော့ဘူးလို့သဘောမျိုး သက်ရောက်တဲ့ စကားကိုပြောတယ်ဆို... အဲဒါဟုတ်သလား"

"ဟုတ်တယ်မေမေ... ကျွန်တော်အစက လူစီကိုတကယ်ချစ်တယ်ထင်ခဲ့တာ... အခုအဲဒါမှားနေတယ်မေမေ... လူစီကို ကျွန်တော် တကယ်မချစ်ခဲ့မှန်း သူနဲ့တိုလိုက်ကတည်း

www.burmeseclassic.com

www.burmeseclassic.com



က သိလိုက်ပြီ"

"သူဘယ်သူလဲ"

"သူဘယ်သူဆိုတာထက် သူနဲ့ပတ်သက်တိုင်း အမြဲခံစားရသမျှကို မေမေ့ကိုပြောပြရင် မေမေအံ့ဩမလားပဲ… သူနဲ့စပြီးဆုံတဲ့နေ့ကသူ့ကို ကျွန်တော် အရင်ကတည်းက ရင်းရင်းနှီးနှီးသိဖူးသလိုကို ခံစားလိုက်ရတာ… ဒါပေမဲ့ အသိစိတ်ကဝဲ… သူနဲ့တစ်ခါမှမဆုံဖူးဘူးလို့ ဝန်ခံနေပေမဲ့ သူ့ကိုကျွန်တော် ဖွင့်မေးမိသည့် အထိ တကယ့်ကို ရင်းနှီးနေခဲ့သလိုပဲ… အမှန်ကကျွန်တော်တို့ နှစ်ယောက်စလုံး ဘယ်တုံးကမှမဆုံခဲ့ဖူးကြပါဘူး။ အဲ့ဒီနေ့က ကျွန်တော်နဲ့အတူတူ လူစီတောင်ပါသေးတယ်… ပြီးတော့ သူနဲ့ကျွန်တော်မျက်လုံးချင်းဆုံလိုက်တော့ ကျွန်တော်မျက်စိတွေ မြူနှင်းဆိုဖြာကနဲဖြစ်သွားပြီး မေမေ့ကိုကျွန်တော်ပြောပြဖူးတဲ့ အိမ်မက်ကြီးထဲက အဖြစ်အပျက်တချို့ကို ဖြတ်ကနဲမြင်သွားတာတကယ့်ကိုခဏလေးပဲ ရပ်နေရင်း အိပ်ပျော်သွားသလိုလိုခံစားလိုက်ရတယ်။ အဲဒီလိုပဲ သူနဲ့ဆုံတိုင်းကျွန်တော်မကြာခဏ ခံစားနေရတယ်။ ပြီးတော့သူ့နာမည်ကိုကျွန်တော်က သူ့ရင်ဘတ်မှာ တပ်ထားတဲ့ရင်ထိုးမှာဖတ်ကြည့်မိတော့ သူ့နာမည်အရင်း ဒေါင်းမြကြည်ဆိုတာဖတ်နေတုန်း ကျွန်တော်နားထဲမှာတော့ 'ဒေါင်းမ'လိုလိုမသဲမကွဲအသံတွေ ဝင်လာတယ်မေမေ… "



"ဘာရယ်… မင်းအခု နောက်ပိုင်း ပြောပြတော့ မင်းအိမ်မက်တွေက အသံမပါပဲ အခုတလောမှ အသံစကြားရတာတွေက ဒေါင်းမတွေ မောင်မောင်ကြီးတွေရန်နောင်တွေဆိုလို့ မေမေတောင် အံ့ဩနေတာ … မင်းဆိုလိုတာက အဲ့ဒီမိန်းကလေးဟာ မင်းအိမ်မက်ထဲက 'ဒေါင်းမ' လို့မင်းက သတ်မှတ်ချင်တာလား… ခေတ်ပညာတတ်ဆရာဝန် တစ်ယောက်လုပ်နေပြီး ဒါတွေကို မင်းအယုံအကြည် ရှိနေတာ မေမေအံ့ဩတယ်"

"မေမေလဲ အစကယုံတယ်လေ"

"အေး… အခုမယုံတော့ဘူး… အိမ်မက်ဆိုတာက သူ့ဘာသာ မက်ချင်လို့မက်တာလို့ မေမေကယူဆတယ်… အိမ်မက်ထဲမှာ တွေ့ရတဲ့လူ့ကို အပြင်မှာပြန်တွေ့တယ်ဆိုပြီးမင်းစိတ်ကူးအယဉ်လွန်တာကိုတော့ မေမေအံ့ဩပါတယ်… သမိန်ထောရယ်"

မေမေသည် ယခုအခါမှာတော့ ဘာကြောင့်မှန်းမသိ အရင်ကသူမယုံကြည်လှပါသည်ဆိုသော ကိုယ့်ရဲ့ အိမ်မက်တွေကို ခါးခါးသီးသီးပင် ငြင်းဆန်နေတော့သည်။ သေချာတာကတော့ ကိုယ့်အယူအဆဖြစ်သော ဒေါင်းမြကြည်ဟာ အိမ်မက်ထဲ 'ဒေါင်းမ' ဟူသောမိန်းမများဖြစ်နေမလားဟူသော အယူအဆကို မေမေပယ်ဖျက် လို၍ပင်ဖြစ်လိမ့်မည်။

စာတနာတပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်းမြကြည်ကလှသလား"

"မလှပါဘူးမေမေ ပိုပြီးပြည့်စုံအောင်ဖြေရရင် လူစိုမှာရှိတဲ့ အရည်အချင်းတွေကို တစ်ခုမှမမှီပါဘူး... ဒါပေမဲ့ ကျွန်တော့်သူ့ကို ဘာဖြစ်လို့မှန်းမသိအောင် မြတ်မြတ်နိုးနိုးချစ်နေခဲ့တာကြာပြီ...စတွေ့တဲ့အချိန်ကတည်းကပဲ... ခုထိဆို လေးလလောက်တောင်ရှိပြီ။ ကျွန်တော်သေသေချာချာ ကျိန်ပြောရဲတယ်... ဒေါင်းမြကြည်ကို ကျွန်တော် မြတ်နိုးစွဲလမ်းတာဟာ အိမ်မက်တွေကို စိတ်ကူးယဉ်လို့ မဟုတ်ဘူး.. ကျွန်တော့်ဘာသာ စိတ်ထဲကအလိုလိုနေရင်း ဖြစ်ပေါ်လာတဲ့ ချစ်တဲ့စိတ်တစ်ခုကြောင့် သူ့ကို ကျွန်တော်ချစ်နေတာ... ဒါကြောင့်ကျွန်တော်လူစိုကို တောင် တမင်ဖွင့်ပြောပစ်လိုက်တာ... "

"လူစိုကတော့ မင်းပြောသမျှကိုခေါင်းငုံ့ခံရင်ခံမယ်,.. မေမေကတော့မရဘူးဟေ့ ... မင်းဘက်ကအခြေအနေ မဟန်ရင်မေမေကလဲ မေမေလုပ်ချင်တာတွေလုပ်ရတော့မှာပဲ... မင်းဘာသာကျောင်းပြီးပြီး၊ မပြီးပြီးမေမေကတော့ စီစဉ်ချင်တာတွေ စီစဉ်တော့မယ်... ဘယ့်နှယ် ကိုယ့်ထက်လဲ အစစအရာရာ နိမ့်ပါးတဲ့မိန်းမ၊ ရုပ်ရည်ကလဲ မက်လောက်စရာ မရှိတဲ့ ရုပ်ရည်နဲ့မိန်းမကို မှမင်းမို့ လူစိနဲ့ ယှဉ်ရွေးချင်တယ်.., ကိုယ့်အသိုင်းအဝိုင်းမှာလဲ ဘယ်လောက်အောက်လိုက်သလဲ... သူများတွေကပြောကြ





ရင်... မိကွန်းလှသားယူတဲ့ မိန်းမက ဘာရုပ်ရည် ဘာအဆင့် အတန်း ဘာဂုဏ်သိက္ခာမှလဲ မပိုင်ဘူးဆိုတာကြီးကို မေမေမခံချင်ဆုံးပဲ... အဲဒီလို မိန်းမမျိုးယူလာလို့ကတော့ ဘယ်လိုဟိုတယ်ကြီးပဲ တက်ဆောင်ဆောင် ကိုယ့်အသိုင်းအဝိုင်းနဲ့ သူ့ဘက်က အသိုင်းအဝိုင်း ခြားနားမှုကိုတော့ ဖုံးကွယ်လို့မရဘူးမှတ်...။ ဘယ်လိုနည်းနဲ့မှကို ဖုံးကွယ်လို့ မရဘူး... နှစ်ဘက်ဇုဏ်ရည်တူတာဟာ ဘဝ တစ်ခု ထူထောင်ရာမှာ စိတ်အချမ်းသာရဆုံးပဲဆိုတာ မေမေ့သား သဘောပေါက်စမ်းပါ"

မေမေသည် ဆုံးမဩဝါဒ တသီကြီးဖြင့် ကိုယ့်ကို နားချနေခဲ့လေသည်။ မေမေ၏ဆုံးမဩဝါဒ မပြီးခင်မှာမေမေ မှာထားသော ပတ္တမြားတွေ လာပြသည့် ပွဲစားရောက်လာ၍သာ သူလဲနားပူရသော ဒုက္ခမှကင်းလွတ်တော့သည်။

မေ့လို့မရဘူးကွာ.. ဒီမျက်နှာကလေးကို မေ့လို့မရသေးတာ။ အခုလေးတင် ကြုံတွေ့ခဲ့ရတဲ့ ခက်ထန်တည်တင်းတဲ့ မျက်နှာနဲ့မောက်မာရင့်သီးတဲ့ အော်ဟစ်လိုက်သံကလေးကို ကိုယ် တဒင်္ဂမှာခံပြင်းသွားမိပေမယ့် အခုတော့ မေ့မရပြန်ဘူး။ မုန်းလို့.. နာကြည်းလို့လဲ မရပြန်ဘူး။ အဲဒါကိုယ်ရဲ့ဝဋ်ကြွေးတွေပဲ ဖြစ်မယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"စောစောစီးစီး ရှင့်လုပ်ရပ်တွေကို ရပ်တန်းကရပ်"

တဲ့လား... ။ ထိုစကားသံကို မကြာခဏကြား ယောင်ကာသူ့စိတ်ထဲမှာတော့ မရပ်တန့်နိုင်ပါဘူးဟုအော်ဟစ် ငြင်းဆန်နေမိသည်။ ကိုယ်... မင်းကိုသိပ်ချစ်နေခဲ့တာမို့ မရပ် ပစ်နိုင်ပါဘူး။

ကိုယ်... သူမကိုဘာကြောင့် ဒီလောက်ချစ်သလဲ မေးလျှင်ကိုယ်မဖြေတတ်။ သူမ မောက်မာရင့်သီးသမျှကို ဘာကြောင့်သည်းညည်းခံနိုင်သလဲ။ သူမ၏ရိုင်းပြမှုများကို ဘာ ကြောင့် အပြုံးမပျက် ရှိခဲ့သလဲ။ သူမကိုမှ ဘာကြောင့်တန်းတန်း စွဲမက်မောနေသလဲ။ ဟုတ်သည်... အဲဒီမေးခွန်းတွေ မေးတိုင်း ကိုယ်မဖြေတတ်တာတော့ သေချာသည်။

ကိုယ်ကိုယ်တိုင်ပင် ပြန်လည်ဆန်းစစ်တိုင်း အဖြေ မပေါ်ခဲ့သော သူမအပေါ်ထားရှိသည့် ကိုယ့်သဘောထားများ အတွက် ဘယ်မှာအဖြေရှိနိုင်အံ့နည်း။

သို့သော် ကိုယ်သည်သူမနဲ့ မတွေ့ခင်ကကိုယ်မက် နေကျအိမ်မက်တစ်ခု၊ ထပ်ခါထပ်ခါမက်နေ၍ အလွတ်ရလုနီးပါး ဖြစ်နေသော အိမ်မက်တစ်ခု... ။ အရွယ်ရောက်လာကတည်းက စပြီး မက်ခဲ့သောအိမ်မက်ကိုတော့ သံသယရှိချင်သား။





ထိုအိမ်မက်ထဲက ကိုယ်လုံးဝမမြင်ဘူးသော လူ သားနှစ်ယောက်နဲ့ ကိုယ်နှင့်သူမဟာ ပတ်သက်မှု ရှိကိုရှိရမည် ဟုကိုယ်... ဆက်စပ်ကြည့်ချင်သား... ။

ပြီးတော့သူမကို စတွေ့ရသောနေ့က ကိုယ့်ရင်ထဲ ၌မဖြစ်ပေါ်ဘူးသော စွဲလမ်းတပ်မက်မှု၊ ချစ်မြတ်နိုးသော ပမာဏ ကြီးမားမှု လွှမ်းဆွတ်ကြေကွဲမှု၊ ပျော်ရွှင်ကြည်နူးမှု စသည် စသည် ဖြင့်ရောပြွန်းသောခံစားချက်များသည် ထိုနေ့မှစ၍ ယနေ့ထက် တိုင်သူမကို မျက်နှာချင်းဆိုင်ဆုံရတိုင်း မပြောင်းလဲစွာ ခံစား ရခြင်းများ ... ။

ဟာကွာ... လောကကြီးဟာ တော်တော်ပဟေဠိ ဆန်တာပဲ။

..... ◎ .....

ထိုနေ့၏ညမှာတော့ နိုင်သမိန်ထော၏ မက်နေ ကျ အိမ်မက်တစ်ပုဒ်ထဲမှ အပိုင်းတစ်ပိုင်းကို မက်ခဲ့ပါသည်။ အိမ်မက်ထဲမှ ကြားရသောအသံက သဲသဲကွဲကွဲပင်။ အိမ်မက် မက်နေသမျှ ကာလပတ်လုံး အခုတစ်လအတွင်းမှာသာ စတင် ကြားရသော 'ဒေါင်းမ' ဟူသော ခေါ်သံ၊ 'မောင်မောင်ကြီး' ဟူ သော အမည်။ 'ကိုရန်နောင်' ဟူသောအိမ်မက်ထဲမှ လုံးဝမမြင် ရသော လူတစ် ယောက်၏အမည်များ။ ကျန်သုံးခုအပြင် ယခုထပ်မံကြားရသော အသံမှာ...

www.burmeseclassic.com



"ကျွန်မရှင့်ကို သိပ်မုန်းတာပဲ မောင်မောင်ကြီးရယ်... ဘယ်တော့မှ ချစ်လို့ရမှာမဟုတ်ဘူး... ဒီတော့ကျွန်မဆီက အချစ်ဆိုတာကိုရှင်... ဘယ်တော့မှမမျှော်လင့်နဲ့ဆိုတာ မြဲမြဲမှတ်ထား"

ဟူသော သိပ်လှ၍ကျက်သရေရှိသော ဒေါင်းမဆိုသည့်အမျိုးသမီး၏ပြောလိုက်သံကို သဲသဲကွဲကွဲကြားခွင့် ရလိုက်ပါသည်။

"ငါကတော့ နင့်ကိုဘယ်လိုဘဝပဲ ရောက်ရောက် ချစ်နေမှာပဲ ဒေါင်းမရဲ့... နင့်ကိုငါသိပ်ချစ်တာ"

ဟူသော အမျိုးသား၏တုံ့ပြန်သံကိုလည်း သဲသဲကွဲကွဲကြားရစဉ် အိမ်မက် မက်နေရင်းမှ နိုင်သမိန်ထော၏ ရင်တွေ ဒကျွင်သွားသည့်အထိ ခံစားရပါသည်။

အမျိုးသားကလေးသည် ထိုစကားကို အပြင်ပန်းဟန်လုပ်ပြောရသော်လည်း ရင်တွင်း၌ကြေကွဲဆွေးမြေ့နေကြောင်းသူပါရောနှောခံစားခဲ့ရသည်။ မိမိအချစ်ကို တန်ဖိုးထားခြင်း မခံရတာလောက် ကြေကွဲစရာမရှိဟုလည်း သူကယူဆလျှက်ပိုမို၍ဝမ်းနည်းလာခဲ့သည်။

သူသည် ကြေကွဲဝမ်းနည်းရလွန်း၍ တရှိုက်ရှိုက်တငင်ငင်ဖြစ်မိချိန်တွင် သူသတိရမိလိုက်သည်မှာ အိမ်မက်ကနိုးထပြီးပြီဟူ၍တည်း။ ဘာဖြစ်လို့လဲ... မောင်မောင်ကြီးဆိုတဲ့





အမျိုးသားရင်ထဲကခံစားရသမျှတွေ ငါဘာဖြစ်လို့ လိုက်ခံစားပြီး ဒီလောက်တောင် ဝမ်းနည်းကြေကွဲနေရသလဲဟု အထပ်ထပ်မေးခွန်းထုတ်ကာ အံ့သြနေတော့သည်။

..... .....

တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ထိုနေ့၏ညမှာ ဒေါင်းမြကြည်သည်လည်း ထိုအိမ်မက်၏အပိုင်းကို ထပ်တူထပ်မျှ မက်ခဲ့သည်။ သူတို့နှစ်ယောက်သည် ကျိန်စာအရ ဆက်နွယ်နေသူများဖြစ်ရာ တစ်ယောက်မက်သောအိမ်မက်အပိုင်းကို ကျန်တစ်ယောက် ထပ်တူထပ်မျှ မက်တတ်ကြပြီး နှစ်ယောက်သားအိမ်မက် အပေါ် ခံစားရခြင်းများသာ ကွဲပြားနေခဲ့ကြပါသည်။

ဒေါင်းမဆိုသော အမျိုးသမီးကထိုသို့သော စကားစုကို ပြောလိုက်ချိန်တွင် ဒေါင်းမြကြည်က အိပ်နေရင်း ခံစားလိုက်ရသည်မှာ အင်မတန်ကို ကျေနပ်သွားခြင်းတည်း။ ကောင်းတယ်... မချစ်မနှစ်သက်တဲ့သူကို စိတ်အနှောင့် အယှက်ပေးရတာလောက် ကျေနပ်စရာမရှိ.. ဟုလည်း ဝမ်းသာနေခဲ့ပေသေး၏။ မောင်မောင်ကြီး ဆိုသော အမျိုးသား၏ တုံ့ပြန်သံကိုတော့ ရင်ထဲမှာ ဘယ်လိုမှပင် မခံစားရပဲ ထိုအသံကို မုန်းတီးသည့်ခံစားချက်များဖြင့် ဒေါင်းမြကြည်အိပ်ရာမှ နိုးထခဲ့လေသည်။

..... .....



www.burmeseclassic.com

www.burmeseclassic.com

# ၉

"ဒေါင်းမြကြည်..."

ဟူသော အနားမှ ခေါ် သံသဲ့သဲ့ကြောင့် သူမတော်တော်ပဲ အံ့ဩသွားခဲ့လေသည်။ ဒီနေ့ အလုပ်အားရက် တနင်္ဂနွေနေ့ ဖြစ်နေခဲ့၍ ဒေါ်လေးကို ဈေးမဝယ်ခိုင်းထားပဲ ကိုယ်တိုင်ဈေးဝယ်လိုသောကြောင့် ဈေးခြင်းတောင်းဆွဲ၊ ဈေးထဲလျှောက်စဉ်၊ ခရမ်းချဉ်သီး မာမာတောင့်တောင့်ကလေးများ တွေ့တော့ ခရမ်းချဉ်သီး သုပ်စားချင်တာနဲ့ အသေအချာပင် ဆောင့်ကြောင့်ထိုင်ကာ စိတ်ဝင်တစား ရွေးနေခဲ့မိပါသည်။ ဒေါင်းမြကြည်၏ ပင်ကိုယ်ဗီဇကိုက ပတ်ဝန်းကျင်ကို လှေ့လာအကဲခတ်၍ ကြည့်ရှုတတ်ခြင်း နည်းပါးတာကြောင့် နိုင်သမိန်ထော သူမနံဘေးရောက်နေခဲ့သည်ကို မသိရှိလိုက်ခြင်းပဲ ဖြစ်၏။





"အလုပ်အားရက် တနင်္ဂနွေနေ့လိုမျိုးတွေမှာ ဒေါင်းမြကြည်ကိုယ်တိုင် ဈေးဝယ်တတ်မှန်း ကျွန်တော်ချောင်းကြည့်ထားခဲ့ပြီးလို့ သိပြီးပါပြီ... ဒီနေ့တော့ ချောင်းကြည့်ရတာအားမရတာနဲ့ ဒေါင်းမြကြည်နဲ့အတူတူ ခရမ်းချဉ်သီးတွေဝင်ရွေးပေးဖို့ အနားလာထိုင်တာ မကျေနပ်မှန်း... ကျွန်တော်ဘေးမှာရှိတာကို ဒေါင်းမြကြည် သဘောမကျမှန်း သိပေမဲ့ မနေနိုင်တာလဲ ခက်သားဗျာ... ကျွန်တော့်စိတ်ထဲမှာ ဘာကြောင့်မှန်း မသိဘူး ဒေါင်းမြကြည်နားမှာထိုင်ပြီး ခရမ်းချဉ်သီး အတူတူရွေးချင်တဲ့စိတ်က သိပ်စိတ်အားထက်သန်နေတယ်..."

"ကျွန်မကလဲ ရှင့်ကိုတစ်နေ့ကထက် အရှက်ကွဲသွားအောင်အော်ထုတ်ပစ်ချင်တဲ့စိတ်က သိပ်ထက်သန်နေတယ်နော်... ကျွန်မရှင့်ကို အချိန်မရွေး အော်ပစ်လိုက်နိုင်တယ်... ပြီးတော့ ဒီဈေးထဲမှာ ကျွန်မရဲ့အသိမိတ်ဆွေတွေက အများကြီး ရှိတယ်ဆိုတာ ရှင့်ကိုသတိပေးထားမယ်... ကျွန်မအော်လိုက်လို့ကတော့ ရှင်ဝိုင်းအရိုက်ခံရလိမ့်မယ်ဆိုတာတော့ မယုံမရှိနဲ့..."

"ငြိမ်ငြိမ်လေး ဘေးကလိုက်လို့မရဘူးလား..."

"မရဘူး... ဟင်... ကြည့်စမ်း ရှင်... ဘာလို့ရှင်ရွေးထားတဲ့ ခရမ်းချဉ်သီးတွေ ကျွန်မတောင်းထဲ လာပေါင်းထည့်ရသလဲ မယူဘူး... ရှင့်ခရမ်းချဉ်သီးတွေ ကျွန်မ,မယူချင်ဘူး... ကဲ... ကဲ..."



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်လေး တစ်ယောက်သဖွယ် ကိုယ်ရွေးထည့်ပေးထားသော ခရမ်းချဉ်သီးကလေးများကို ပြန်ဆုတ်ကာ ဈေးဗန်းထဲ တဖုန်းဖုန်းပြန်ပစ်ချနေသော သူမအားငေးကောင်းကောင်းနှင့် ပြုံး၍ငေးနေမိပါသည်။ သူမ,ကသာ ကိုယ့်အကြောင်းတွေ မသိပဲနေရင်နေမယ်၊ ကိုယ်ကတော့ သူမ,အကြောင်းတွေ သူမ ဘယ်နေ့မှာ ဘယ်သွားတတ်တယ် ဆိုတာကအစ မရမကဖွဲ့နပဲနဲ့ လိုက်ချောင်းရ၊ နောက်ကနောက်ယောင်ခံ လိုက်ရနဲ့ အခုဆို တော်တော့်ကို ပြည့်ပြည့်စုံစုံ သိနေပြီပဲ ဆိုပါစို့။

အလုပ်အားသော တနင်္ဂနွေ၏ နံနက်ခင်းများမှာ သူမ,ဟာ သူမအဒေါ်ရှိရာ ဈေးထဲလိုက်သွားတတ်ပြီး ကိုယ်တိုင်ဈေးဝယ်တတ်သူကလေးမှန်း၊ ထမင်းဟင်းချက်ပြုတ် ပြီးတဲ့အခါ ချိုင့်ခပ်ကြီးကြီးကလေး ကစ်လုံးဆွဲကာ ပလပ်စတစ်ခြင်းကလေးထဲမှာ ခါတ်ဗူးတွေ၊ လက်ဘက်အုပ်တွေထည့်ပြီး အဒေါ်နဲ့ ဈေးဆိုင်တစ်နေ့ကုန် လိုက်ထိုင်တတ်မှန်း ကိုယ်သိတာမကြာသေး။

သူမကို တွေ့ခွင့်ရသည့် သူမတို့ရဲ့ အလုပ်ပိတ်ရက် တနင်္ဂနွေနေ့မှာဆို သူနေလို့ထိုင်လို့မရအောင် လွမ်းရတာနဲ့ သူသိထားပြီးဖြစ်သော သူမ၏ နေအိမ်ရှိရာကို မနက်အစောကြီး ရောက်လာခဲ့တတ်ပြီး။ လမ်းထိပ်တစ်နေရာမှာ ကားကို ဖြစ်သလို ရပ်ပစ်ထားခဲ့ပြီး သူမ၏အခန်းကလေးရှိမည့် နေရာဆီမှန်းဆ၍ ကြည့်လိုက်၊ လမ်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက်၊ လမ်းထိပ်လက်ဘက်ရည်ဆိုင်ကလေးမှာ ထိုင်လိုက်နဲ့ မနက်ကိုးနာရီမှာ





SURGERY ကျူရှင်စခါနီးမှသာ ထ,ပြန်ဖို့ သူစိတ်ကူးမိခဲ့ပြီး။

ကံကောင်းတာက သူဒီလိုစပြီးလုပ်တဲ့နေ့မှာပဲ ဈေးခြင်းတောင်းဆွဲ၍ တိုက်လှေကားပေါ်မှ ဆင်းလာသော သူမကို တွေ့ခွင့်ရလိုက်ခြင်းပဲ။ ပုန်းကွယ်ချောင်းမြောင်း လိုက်ကြည့်ခဲ့သည်မို့၊ သူမနဲ့ ရုပ်တော်တော်ဆင်ကာ သူမအပေါ် ကြင်နာသော မျက်လုံးများဖြင့် ချစ်မြတ်နိုးစွာကြည့်သော အမျိုးသမီးကြီးဟာ သူမ၏ အမေလား၊ အဒေါ်လား သူရိပ်မိသွားခဲ့ပြီမို့ ကျူရှင်အပြီးမှာ အိမ်မပြန်ပဲ ဈေးထဲကို နောက်တစ်ခေါက်လာကြည့်စဉ်မှာ နို့ဆီဗူး တစ်ဗူးကို ရောင်းဖို့ပြင်ဆင်နေသော သူမအား သူမြင်လိုက်ရစဉ်မှာ သူကတစ်စုံတစ်ခုကို စုံစမ်းကြည့်လိုက်ပါသည်။

အဲဒါက သိပ်မခက်ခဲ။ ဈေးထဲမှာ ကုန်ထမ်းပေးနေသည့် ကောင်ကလေး ခပ်ငယ်ငယ်တစ်ယောက်ကို ခေါ်မေးလိုက်ရုံ။

"ညီလေး... ဟိုနားက ဆိုင်မှာထိုင်နေတဲ့ အစ်မကို မင်းသိလား... သိရင်နည်းနည်းလောက် ပြောပြစမ်းပါ.."

ပြီးတော့ နှစ်ရာတန်တစ်ရွက်လက်ထဲမှာ ထောင်ပြလိုက်ရုံ။ အဲဒါတွေနဲ့တင် သူမအကြောင်း တချို့သူသိခွင့် ရလိုက်ပြီ။ ကဲ... ဘယ်လောက်လွယ်တဲ့ ကိစ္စလဲဆိုတာ။

"အဲဒီမမနဲ့ ဟိုအဒေါ်ကြီးက အဒေါ်နဲ့တူမတော်တယ်.. အဲဒါသူတို့ဆိုင်ပေါ့.. အဲဒီမမက တနင်္ဂနွေနေ့တွေမှာတော့ သူ့အဒေါ်နဲ့အတူတူ တစ်နေ့လုံး ဆိုင်ထိုင်တတ်တယ်..

www.burmeseclassic.com



ပြီးတော့…"

"ဟိုး… ဟိုး… ရပြီ။ ကိုယ်… ဒီလောက်ပဲ သိချင်တာပါ ကွာ… ကျန်တဲ့ သူ့အကြောင်းတွေအကုန် ကိုယ်စုံစမ်းပြီး သား… ကျေးဇူးပဲညီလေး… ဪ… အစ်ကိုလာမေး တယ်ဆိုတာ အဲ့ဒီမမကို သွားမပြောလိုက်နဲ့နော်…"

ဆိုကာ ပိတ်ထားခဲ့ပြီးပြီ။ ထိုနေ့မှစ၍ နေ့စဉ် မ ပြတ် ဒေါင်းမြကြည်အား မြင်တွေ့လိုသော နိုင်သမိန်ထော၏ ဆန္ဒပြည့်ဝတော့သည်။

ရုံးဖွင့်သောနေ့တွေမှာတော့ သူမအလုပ်လုပ်ရာ ဒဂုံကုန်တိုက်ကို သွားချောင်းရုံ၊ သူလာကြောင်း သူမ,သိအောင် လူယောင်ပြရုံ အလုပ်ကပြန်ချိန်မှာ စောင့်ကြည့်ပြီး သူမရဲ့ဘတ်(စ်) နောက်က သူ့ကားဖြင့် အိမ်အထိလိုက်ရုံ။ ရုံးပိတ်သောနေ့တွေ မှာတော့ သူမ၏လှုပ်ရှားဟန်ကလေးများကို ဉာဏ်သို့လိုက်ချောင်း ရုံသာ သူကြံစည်ခဲ့ပြီးပြီမှာ မနေ့ကလေးတင်။ မနေ့က စနေနေ့ ဖြစ်၍ ကျောင်းမတက်ရ။ အဲ့ဒီနေ့မတိုင်ခင် သောကြာနေ့ သူမ ကိုယ့်ကိုအော်ထုတ်လိုက်တာမို့ ကိုယ် အနည်းငယ်ရှက်ကာ နေမိ တာနဲ့ စနေနေ့တုန်းက သူမဆီ မရောက်ဖြစ်ခဲ့ပါ။

တစ်နေ့ကလေး မတွေ့ရရုံဖြင့် နေလို့ထိုင်လို့ မရ အောင် ကိုယ်လွမ်းရတဲ့ ဒဏ်ကိုခံနိုင်ရည်မရှိတာ သေချာသွား ပြီသိလား ဒေါင်းမြကြည်ရဲ့။ ဒါကြောင့် ကိုယ်ဒီနေ့မင်းကို ချောင်း ကြည့်ရရုံနဲ့ အားမရတာမို့ မင်းအနားကို ရောက်လာခဲ့မိပြန်ပြီး





အို… ဖြစ်ချင်ရာ ဖြစ်တော့ကွာ။ သူမဘယ်လောက် အော်အော် ကိုယ် ဒီတစ်ခါတော့ ခံနိုင်ရည် အပြည့်ထည့်လာခဲ့ပြီးသား ကဲ… မင်းကြိုက်သလောက် အော်စမ်းကွာ…

"ကြည့်စမ်း… ရှင်ပြောနေရင် မရဘူးလား။ ကျွန်မ နောက် ဆက်လိုက်နေပြန်ပြီ… ရှင် ဘယ်လိုဖြစ်နေတာလဲ လူ စကားနားမလည်ဘူးလား… ကျွန်မဒီ့ထက် ရိုင်းစိုင်းတာ တွေ ပြောမိအောင် လုပ်နေတာလား… အလကား ဆန် ကုန်မြေလေး အလုပ်မရှိအကိုင်မရှိ… အလေလိုက်ပြီး သူတပါး မိန်းကလေးကို တမင်စိတ်အနှောင့်အယှက် ပေးရ မှ အိပ်ပျော် စားဝင်တယ် ထင်တယ်…"

"ရိုင်းစိုင်းတာတွေပြောတာ ဒီလောက်ပဲ ပြောတတ်သလား ဒေါင်းမြကြည်… ညံ့တယ်ကွာ။ ကျွန်တော့်ကို ရှက်သွား အောင် ဒီ့ထက်ဆိုးတဲ့ စကားလုံးတွေနဲ့ ရန်တွေ့သင့်တာ"

"ရှင်… ကျွန်မဒေါသကို တမင်လာမစနဲ့ နေခဲ့နော်… ကျွန်မ တကယ်မအော်ရဲဘူးထင်သလား… ကျွန်မ, နောက်ဆုံး သတိပေးထားတယ်… အကယ်၍ ရှင်ကျွန်မ နောက်ဆက်လိုက်လာမယ်ဆိုရင် ကျွန်မအော်လိုက်တဲ့ အခါ ဒီဈေးထဲမှာ ရှိသမျှ ကျွန်မအသိ လူငယ်လေးတွေက ရှင့်ကို ဝိုင်းရိုက်ကြလိမ့်မယ်… ကဲ… ကျွန်မ… ရှင့်ကို ကျွန်မဘက်က အဆိုးမဖြစ်အောင် သတိပေးထားပြီး ပြီ၊ အဲဒါကိုမှ မယုံပဲ ရှင်ရှေ့ဆက် တိုးဦးမယ်ဆိုရင်တော့…"



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းမြကြည်သည် သူမ၏စကားကို ထိုနေရာ၌ပင် ရပ်တန့်လိုက်၏။ ပြီးတော့ နိုင်သမိန်ထော၏ မျက်ဝန်းတည့်တည့်ကို စိန်ခေါ်သလို စိုက်ကြည့်ပစ်လိုက်ဖို့လဲ ဝန်မလေးခဲ့။ သူ့ကို မုန်းတီးသည့်စိတ်တွေကလဲ အခုထိမလျော့သေးတာမို့ မိမိပြောတတ်သမျှ၊ ရန်တွေ့တတ်သမျှတို့ဖြင့်လည်း သူ့ကို သတိပေးခဲ့ပြီးပြီ။ အဲဒါမှ မလိုက်နာရင်လဲ သူ့အပြစ် သူခံပဲ။

ဒေါင်းမြကြည်တို့က စိတ်ပြတ်တဲ့နေရာလဲ နှစ်ယောက်မရှိ။ ဟင်... ရှေ့နှစ်လှမ်းသုံးလှမ်း လွန်လာပြီးတဲ့အထိ သူ့မလိုက်လာသေးတဲ့အတွက် ကိုယ့်ရဲ့ခြိမ်းခြောက်စကားကို ကိုယ့်ဘာသာ ကျေနပ်မိပါရဲ့။ အကယ်၍သူက ခြိမ်းခြောက်စကားကို အယုံအကြည်မရှိပဲ ဆက်လိုက်လာဦးမည် ဆိုလျှင်တော့... ဒေါင်းမြကြည်က နိုင်သမိန်ထော တစ်ခုခု ဒုက္ခရောက်သွားအောင် ဖန်တီးပစ်ဖို့လဲ ဝန်မလေးပြန်ပါ။

သူမ,နံဘေး၌ သူပါမလာဘူးဟူသော အသိဖြင့် စိတ်ထဲမှာ ငြိမ်းချမ်းသွားသကဲ့သို့ ခံစားလိုက်ရပြီး သူ့ကို သူမ အလိုလိုနေရင်း ဤမျှမုန်းနေသည်မှာ 'ကျိန်စာ' ကြောင့်ပဲ ဖြစ်မယ်ထင်ပါရဲ့ဟု သတိရလိုက်သားပင်။ ခရမ်းချဉ်သီးကို ကြက်သွန်နီပါးပါးလှီး၊ နံနံပင်ပါးပါးလှီး ပြီးတော့ နှမ်းရယ်၊ ပုဇွန်ခြောက်မှုန့်ရယ်၊ အချိုမှုန့်ရယ်၊ ဆားရယ်နဲ့ သေသေချာချာ သုတ်ဖို့ စီစဉ်ပြီးပြီမို့ အသားဟင်းအတွက် ကတ်ကတစ်ငါးကို ကြော်ရန် ဆုံးဖြတ်လိုက်ပါသည်။ အင်း... ဒေါ်လေးက "ကြည့်စမ်း... ငါ့တူမ





သူ့အကြိုက်ဟင်းတွေချည်း ဝယ်ချလာတယ်" ဟုများ ချစ်စနိုး ပြောဦးမလားမသိ။ ဒေါ်လေးအတွက်တော့ ထုံးစံအတိုင်း အရည်သောက်ဟင်းတစ်ခွက်တော့ ထည့်ချက်ဦးမှာပါ... ဟူ၍ မိမိဘာသာ စီစဉ်နေသည့် ဟင်းလျာများဆီ စိတ်ရောက်သွားတော့ နိုင်သမိန်ထောကို မေ့သွားခဲ့ပါသည်။

သို့သော်... အဖြစ်အပျက်က သူမ,ထင်မှတ်ထားသလို မဟုတ်ခဲ့ပေ။ ငါးရောင်းသော ဆိုင်တန်းတွေဘက် ခြေဦးလှည့်စဉ် သူမ,မေ့ထားခဲ့ပြီဖြစ်သော နိုင်သမိန်ထောက ဖြတ်ကနဲပင် သူမနံဘေး ပြန်လည်ရောက်ရှိလာခဲ့တော့သည်။

"ဟင်... ရှင်... ကြည့်စမ်း... ဘယ်လိုပြောပြော ပြောမရပါလား... တော်တော့်ကို အမှတ်သညာနည်းတဲ့လူ... ဘာလို့ ကျွန်မနောက် လိုက်လာရပြန်တာလဲ..."

"ကျွန်တော့်ရဲ့ ဒီနေ့ဆုံးဖြတ်ချက်က ဒေါင်းမြကြည် ဈေးဝယ်တဲ့နောက် လိုက်ပြီးရှုပ်မယ်၊ ဒေါင်းမြကြည် အိမ်ပြန် ထမင်းဟင်းချက်တဲ့အချိန်မှာ ကျွန်တော်က ဒေါင်းမြကြည်တို့ လမ်းထိပ် လက်ဘက်ရည်ဆိုင်ကနေ ထိုင်စောင့်မယ်။ ထမင်းချိုင့်တစ်လုံး၊ ပလပ်စတစ်ခြင်းတောင်းတစ်ခုနဲ့ ထွက်လာပြီး ဈေးထဲမှာအဒေါ်နဲ့ ဆိုင်ထိုင်မဲ့ဟောင်မလေး အိမ်ကထွက်လာရင်လဲ ထပ်လိုက်ဦးမှာပဲ... ပြီးတော့ တစ်နေ့လုံး ဆိုင်ရှေ့ကဖြတ်မယ်၊ ဆိုင်မှာရောင်းတဲ့ နှီးဖူး ဖြစ်ဖြစ် ဟောလစ်ပုလင်းဖြစ်ဖြစ်၊ အချိုမှုန့်ဖြစ်ဖြစ်ပေါ့...



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာ ရောင်းသမျှတစ်ခုခုကို နှစ်နာရီခြားတစ်ခါ လောက် လာဝယ်ရင်းနဲ့ ဆိုင်ပိုင်ရှင်အဒေါ်ရဲ့ တူမကလေး ကို ပိုးမယ်ကွာ.. အဲ့ဒီအစီအစဉ်ကို ဆွဲပြီးသား.. လုံးဝ ဖျက်ပစ်လို့ မရတော့ဘူး ကျွန်တော်ဒေါ်ခင်မြကြည်ကို သိပ် ချစ်နေသမျှတော့ ကျွန်တော့်ရဲ့ အစီအစဉ်အတိုင်း စိတ်ကူး တိုင်း၊ ရည်မှန်းချက်တိုင်းဟာ ဒေါ်ခင်မြကြည်နဲ့ ပတ်သက် ဖို့ချည်းပဲ..."

"ဘာလဲ.. ရှင်က ကျွန်မ,မအော်ရဲဘူး ထင်လို့ စိန်ခေါ် တာလား။ အို... သိပ်ရတာပေါ့.."

ကိုယ့်ဘဝမှာ အဆိုးရွားဆုံး ကြုံတွေ့ရမည့် အဖြစ် အပျက်တစ်ခုကို ဒေါ်ခင်မြကြည်က ဖန်တီးပေးခဲ့ပြီဖြစ်ကြောင်း တခဏအတွင်း ကိုယ်.. သိခွင့်ရလိုက်ပြီ။

ဒေါ်ခင်မြကြည်သည် သူမ၏လက်ထဲတွင် ကိုင်ထား သော ပိုက်ဆံအိတ်ပါးကလေးဖြင့် ကိုယ့်လက်မောင်းကို အသံ ကျယ်ကြီးမြည်အောင် တဘုန်းဘုန်းရိုက်ရင်း။

"ကဲ.. ကဲ.. ကျွန်မကို လိုက်နှောင့်ယှက်ဦး.. လိုက်နှောင့် ယှက်ဦး... မနှောင့်ယှက်ပါနဲ့လို့ ပြောနေတာကို တမင် လိုက်နှောင့်ယှက်နေတယ်.. ကျွန်မကို တမင်အရှက်ခွဲ နေတယ်.. ဟဲ့.. လှမြင့်တို့၊ သန်းဝေတို့ ကျွန်မကို လာကူ ညီ ကြစမ်းပါဦး... ဒီမှာ ကျွန်မကို ကလေကချေတစ် ယောက် လိုက်နှောင့်ယှက်နေတယ်ဟဲ့... သူ့ကို ဒီဈေးထဲ





က ဆွဲထုတ်သွားပေးကြပါ.. ကျွန်မကို ကြွေခြေပျက်လောက် အောင် လိုက်နှောင့်ယှက်နေတာ ဈေးဝယ်နေတဲ့ နေရာ တိုင်း တောက်လျှောက်ပဲ..."

သူမက ဤကဲ့သို့ ပိုက်ဆံအိတ်ဖြင့် တဘုန်းဘုန်း ရိုက်လိုက်ခြင်း၊ သူ လုံးဝထင်မှတ်မထားအောင်ပင် တကယ့်ကို အသံကျယ်ကျယ်ဖြင့် အော်ဟစ်အကူအညီတောင်းလိုက်ခြင်း၊ ဤဈေးကလေး၏ ပရဝုဏ်သည် သူမနေထိုင်ရာ ရပ်ကွက်၏ တစ်ခုတည်းသော ဈေးဖြစ်ရုံမက သူမကိုယ်တိုင်ကလည်း ဤနေရာ၌ နေထိုင်သူဖြစ်ရာ သူမ၏ အသိအကျွမ်းတွေများပြားခြင်း၊ သူမ ကိုယ်တိုင်ကလည်း ဤဈေးထဲမှာ ဆိုင်ကလေးတစ်ဆိုင်ဖွင့်၍ ရောင်းသူဖြစ်ပြန်ရာ ဈေးအတွင်း တောက်တိုမယ်ရခိုင်းသော လူငယ်လေးတချို့နှင့် ရင်းနှီးနေခြင်းတို့ကြောင့် ခဏအတွင်းမှာ လူငယ်တချို့ ပြေးလာလျှက် သူ့လက်မောင်းအား နောက်မှ ဆောင့်ဆွဲခြင်းကို ခံလိုက်ရတော့သည်။

"သူပဲ.. သူပဲ... ကျွန်မကို နှောင့်ယှက်နေတာသိလား လှမြင့်... သူ့ကိုဈေးထဲက ဆွဲထုတ်သွားပေးစမ်းပါ.."

"ဟုတ်လား.. ငါတို့ဈေးထဲက အမျိုးသမီးကို လာနှောင့် ယှက်လို့ကတော့ ဒီပုံစံနဲ့ ဘယ်လိုလုပ် ဈေးအပြင် ထွက် ခွင့်ရှိမလဲကွာ... ကဲ.. ဟိတ်ကောင် သန်းဝေ.. ဖိုးကျော် နည်းနည်း ပညာပေးလိုက်ကြရအောင်..."

သူမျက်နှာဆီ လက်သီးတစ်လုံး ပြေးဝင်လာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို သိလိုက်တော့ သူ့ရှောင်ပေးလိုက်ရာ သူ့ကိုမထိ။ သို့သော် ရှေ့တစ်ယောက်ကို အာရုံစိုက်နေမိခဲ့ရာ နောက်က ဝင်လာသော တစ်ယောက်၏ လက်သီးဒဏ်ကိုတော့ ကျောကော့သွားအောင် ခံလိုက်ရပါသည်။ တစ်ချက်ယိုင်သွားပြီးနောက် သူ့မျက်လုံးတွေ ပြာဝေလာသည်အထိ ဆက်တိုက် ပြေးဝင်လာသော လက်သီးချက်များ ဗိုက်ကိုပြင်းထန်စွာ အထိုးခံလိုက်ရသည့်အခါ သူခွေကနဲ လဲကျသွားခဲ့ပြီ။ နာကျင်ပြင်းပြသော ဝေဒနာများဆက်တိုက် ဖြစ်ပေါ်လာခဲ့ရာ ဘယ်သူတွေက ဘယ်လိုဝိုင်းထိုးကြသည်ဆိုတာကိုလည်း မမှတ်မိ။ မျက်လုံးစုံမှိတ်ကာ ဒူးနှစ်ဘက်ကို ကွေး၍ လဲနေသော သူ့ကျောရိုးကို ဆောင့်ကန်လိုက်တာကလဲ အနာကျင်ဆုံး… လဲကျသွားစဉ် မြေပြင်က အုတ်ခဲမာမာတစ်လုံးနဲ့ ခေါင်းဆောင့်မိလိုက်သည့်အခါ ခေါင်းပေါ်မှ စေးပျစ်ပျစ်အရည် တချို့ စီးကျတာကိုလဲ ခံစားသိရှိ။ အား… နာကျင်လွန်းပါဘိတော့။

"ဟဲ့… ဟဲ့ တော်ကြပါတော့… ဘယ့်နှယ့်တော်ရုံသင့်ရုံ ထိုးကြမှပေါ့လှမြင့်ရယ်… တော်ကြာရုံးရောက် ဂါတ်ရောက်နဲ့ နင်တို့တရားစွဲခံရမှာ မကြောက်ဘူးလား…"

"အေးလေ… နည်းနည်းပါးပါး ထိုးကြိတ်မယ်ထင်လို့ မပြောပဲနေတာ… တော်ကြာ လက်လွန်ခြေလွန်ဖြစ်သွားမှ နင်တို့ဒုက္ခရောက်နေမယ်… မကြည်ကြည်တူမကို လိုက်နှောင့်ယှက်လို့သာပေါ့… နောက်မို့ ကိုယ့်ရှေ့မှာ လူတစ်ယောက်ကို ဝိုင်းထိုးတာတော့ ကြည့်ရတာ မဝံ့ပေါင်…"





"ဟဲ… ဟဲ… တော်ကြတော့ ဟိုမှာ ရပ်ကွက်လူကြီးတွေ လာပြီ…"

… ဟူသော စကားများကို သူကြားနေရသည်။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုရန်ပွဲမျိုးလဲ မကြုံဖူးခဲ့။ ဒီလို ဝိုင်းထိုးခံရတာလဲ မကြုံဖူးခဲ့။ ဒီလို မထင်ခရှား ဈေးကျဉ်းကျဉ်းကလေးထဲက ကုန်စိမ်းထမ်းသော အလုပ်သမားတွေရဲ့ အထိုးခံရမှာမျိုးကိုလဲ စိတ်တောင်မကူးခဲ့။ လူအများက ဝိုင်းအုံကြည့်ရှုခံရသော လူတစ်ယောက်အဖြစ်၊ ဝေဖန်ခြင်းခံရသော လူတစ်ယောက်အဖြစ် ရောက်ရမည်ဆိုတာကိုလဲ စိတ်ကူးထဲမှာ ရှိတောင်မရှိခဲ့။ ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ ယုကြုံးမရဖြစ်ခြင်းတို့အပြင် သူ့ဘဝမှာ မခံစားရဖူးခဲ့သော နာကျင်ပြင်းပြသည့် ထိုးကြိတ်ကန်ကျောက်သော ဝေဒနာများကြောင့် သူ သတိလစ်တော့မတတ် ဖြစ်သွားခဲ့ပါသည်။

"ဟယ်… သူငယ်လေး သတိလစ်သွားပြီထင်တယ်… လုပ်ကြပါဦး… ဝိုင်းပွေ့ပြီး ဆေးရုံပို့ကြပါဟဲ့… သေသွားဦးမယ် ခေါင်းမှာလဲသွေးတွေနဲ့… သွေးထွက်လွန်ရင် မကောင်းဘူး…"

မိန်းမကြီးတစ်ယောက်၏ စကားသံကို ချော်လဲရောထိုင်လိုက်ဖို့ သူဆုံးဖြတ်လိုက်သည်။ အားလုံးကို မျက်စိ ဖွင့်မကြည့်ရဲအောင်၊ မျက်လုံးချင်းမဆိုင်ရဲအောင် အရှက်ကြီးခြင်းတည်းဟူသော ဝေဒနာက ပို၍ဆိုးရွားလှပါသည်။ သူ့ကို ဝိုင်းပွေ့၍ ကားတစ်စီးပေါ်သို့ တင်လိုက်ခြင်းကို ခံစားသိရှိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်လျှော့ကာ ဒဏ်ရာများကြောင့် မိန်းမောစွာ ကားပေါ် လိုက်ပါသွားခဲ့မိပါသည်။ ကိုယ် သိပ်ကြေကွဲခဲ့ရတယ် သိလား ဒေါင်းမြကြည်။ မင်း ဒီလောက်ရက်စက်တတ်လိမ့်မယ် မထင်လို့ ကိုယ်ရှေ့ဆက်တိုးမိတာ ကိုယ့်အမှားပါ။ ကိုယ့်အပေါ် မင်းတစ်စက်လေးမှ အမုန်းစိတ်တွေ မလျှော့တာကို ကိုယ်ဘာကြောင့် မရိပ်မိခဲ့နိုင်သလဲ။ ကိုယ့်ကို မင်းဘာအကြောင်းကြောင့် ဒီလောက်အထိ မုန်းနေခဲ့သလဲ။

ကိုယ်ပိုပြီး ဝမ်းနည်းရတာက တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတဲ့ အသံတွေထဲမှာ မင်းအသံကို မကြားရလို့ပဲ မင်း... ကိုယ့်ရဲ့ဒုက္ခတွေကို ကြည့်ရောကြည့်နေခဲ့ရဲ့လား။ မင်း ဖန်တီးမိတဲ့ အဖြစ်အပျက်ကြောင့် ကိုယ်ဒီလို ဒုက္ခတွေကြုံတွေ့ရတာကို မင်းနည်းနည်းမှ မသနားမိဘူးလား... ကိုယ်အမှတ်မရှိစွာ မျှော်လင့်ချင်သေးတယ်။ မင်းဆီက သနားခြင်းက စတင်မဲ့ အကြင်နာတွေကို... ။ ကဲ... ဘယ်လောက် ထူးဆန်းသလဲ။

…… ◎ ……

မေမေသည် ခေါင်းမှာပတ်တီးအဖွေးသား၊ လက်မှာ ပွန်းရာ ပဲ့ရာများကို ဆေးထည့်ထားရ၍ ပလာစတာကပ်ထားသော ဒဏ်ရာများနှင့် သူ့ကို မဲ့ပြုံးပြုံး၍ ကြည့်လေသည်။ ခါးရိုးထဲက အောင့်နေ၍ မထိုင်နိုင်ချေ။ အိပ်ရာပျော့ပျော့မှာ ခေါင်းအုံး သုံးလုံးလောက် ကုတင်နံရံကို မှီထောင်လျက် ခပ်ပြေပြေလှဲနေ





ချင်းက မထင်မှတ်ပဲကြီးမားလာသော မေမေ၏ ဒေါင်းမြကြည် အပေါ် မုန်းတီးလာသည့် အမုန်းတရားများအတွက် ကိုယ်ဝမ်းနည်းချင်သည်။ ကိုယ့်ဒဏ်ရာတွေက ဘယ်သူ့ကြောင့် ရခဲ့ပါတယ် ဆိုတာသိရက် ကိုယ်ကတော့ ဒေါင်းမြကြည်ကို မနာကြည်းနိုင် မုန်းသွားနိုင်။

သို့သော် ကိုယ့်မေမေ၊ လူစီနဲ့ နိုင်ရဲ ပြီးတော့ ထင်အောင်သန်း နောက်ပြီး ဖေဖေနှင့်ညီလေး နိုင်သလေထော တို့ကတော့ ဒေါင်းမြကြည်ကို မုန်းသွားကြပြီ။ မေမေကတော့ အားလုံးထဲမှာ ဒေါင်းမြကြည်ကိုပို၍ အမုန်းဆုံးသူပင် ဖြစ်လေသည်။

"ကောင်းတယ်... အခုတော့ ကိုယ်နဲ့အဆင့်အတန်းလဲ မတူတဲ့... အခြေအနေခြင်း၊ လူနေမှုပုံစံခြင်းမတူတဲ့ မိန်းမတစ်ယောက်ကိုမှ မင်းသေဘာကျချင်ဦး... စိတ်ဝင်စားချင်ဦးလေ မှတ်ပြီလား... မေမေတော့ အဲ့ဒီမိန်းကလေးကို တော်တော် မုန်းတယ်။ ဘယ့်နှယ့် သူ့လိုအဆင့်အတန်းမျိုးနဲ့ မိန်းမကိုင့်သားက စိတ်ရှုပေါက်ပြီး သဘောကျတာကိုပဲ နာအုံ့ထင်သေးတယ်... အဲ့ဒီမိန်းကလေး ဘယ်မှာနေသလဲ မင်းမေမေ့ကိုပြောပြစမ်း... နောက်ပြီး သူနဲ့ အနှပေါင်းအပါတွေကိုလဲ တရားစွဲကိုစွဲပစ်ရဦးမယ်... ဟင်း မေမေ့ ပါးစပ်နဲ့တွေ့သွားလို့ကတော့ အဲ့ဒီမိန်းကလေး ငိုဆင်းသွားစေရမယ် ဘာမှတ်သလဲ... မေမေ့အချစ်ဆုံးသားကြီးကိုမှ ဒီလိုအဖြစ်မျိုး ကြုံလေခြင်းကွယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... နိုင်... နိုင့်ကို ဝိုင်းရိုက်လွှတ်လိုက်တဲ့လူ
ကို နိုင်မမှတ်မိဘူး ဆိုတာအားတော့... နိုင့် အိစိကလိ
တော့ ဘယ်မှာနေသလဲ နိုင်သိမှာပဲ သူ့ဆီက တဆင့်
ကို ဘယ်ကောင်တွေ ရိုက်လွှတ်လိုက်တယ်ဆိုတာ ရဲ
တဆင့် ခေါ် မေးရင်ရတာပဲ... လူစီလဲ ဒီကိစ္စကို မကျေ
ဘူး... လူတစ်ယောက်ကို လက်လွှတ်စပယ် ဝိုင်းရို
လိုက်တာကို တရားစွဲမှ ဖြစ်မှာပေါ့... ဘယ့်နှယ့် နိုင်
ကလေကချေလဲမဟုတ် လူရမ်းကားလဲမဟုတ်။ နောက်
သူ့ကို အရောင်းစာရေးမကများ နိုင့်လိုလူက အိစိက
လုပ်တာကို ဆတ်ဆတ်ထိ မခံချင်ရတာနဲ့... စဉ်းစားကြ
စမ်းပါဦး သူ့ပတ်ဝန်းကျင်မှာသူ့ကို စိတ်ဝင်စားမဲ့ အန
ဆုံးသော လူတစ်ယောက် နှစ်ယောက်တို့ရဲ့ အရည်အ
ဟာ နိုင့်ခြေဖျားတောင် မမှီတာ သူ့မတွေးမိဘူးလ
နိုင့်ကို ကျတော့ဟန်ကြီးတခွဲသားနဲ့ အထင်များကြီးမ
ဆိုပြီး တမင်ထွင်တာပဲ ဖြစ်မယ်... တချို့မိန်းမတွေ
အဲ့ဒီလိုပဲ ကိုယ်နဲ့တန်ရာတန်ရာထဲက ဒီ့ထက်သာ
လူတွေ့ရင် အလိုလိုနေရင်း ဘဝင်မြင့်ကုန်ကြရော...
ရုပ်ကိုယ့်ရည်ကဖြင့် တစ်စက်မှ မလှပဲနဲ့ နိုင်က အိစိ
ဖြစ်မိတာကိုပဲ ဘဝင်ခေါင်ခိုက်သွားလိုက်တာ..."

"မိန်းမအချင်းချင်း မသိရင်ခက်မယ်... သူ့ကြောင့်
မှာ ဒီလိုရန်ပွဲအကြီးအကျယ် ဖြစ်ရတယ်ဆိုပြီး သ





ထွက်ရင် သူ့ကိုလဲ စိတ်ဝင်စားတဲ့ ယောကျ်ားလေးတွေပို များ လာမယ်။ သူလဲ အလကားနေရင်း နာမည်ကြီး ဦးမယ်လေ... 'ဒေါင်းမြကြည်' ကြောင့်ပေါ့ ယောကျ်ား လေးတွေ တစ်ယောက်နဲ့တစ်ယောက် စကားများပြီး ရိုက်ပွဲ အကြီးအကျယ် ဖြစ်သွားရတယ်ဆိုတာကိုများ ဂုဏ်ယူ ချင်သလား မသိဘူး..."

လူစီက ဤသို့ပင် ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်သော အခါ သူသည် ဒေါင်းမြကြည်ဘက်မှပင် မခံမရပ်နိုင် ဖြစ်မိသည် အထိ။ ကိုယ့်အချစ်က မျက်ကန်းအချစ်၊ အပြစ်မမြင်နိုင်တော့တဲ့ အချစ်၊ အရူးအမူးအချစ် ဖြစ်နေခဲ့ပြီမို့ ကိုယ့်တို့မင်းဘယ်လောက် ရက်စက်ပါစေ။ ကိုယ်မှမနာကြည်းနိုင်ခဲ့တာ။ မင်းရက်စက်လေ ခြင်းဆိုပြီး ယူကြုံးမရဖြစ်ရုံကလွဲရင် မင်းအပေါ် ချစ်တဲ့အချစ်တွေ တစ်ပြားမှ မလျော့ဘူး ဒေါင်းမြကြည်။

"အဲ့ဒီဈေးက (-----)ဈေးကြီးဆိုတော့ ဒေါင်းမြကြည်က အဲ့ဒီဈေးနားက လမ်းတစ်လမ်းမှာပဲ နေမှာပေါ့နော်... နိုင်။ ပြောပြစမ်းပါနိုင်ရဲ့... မေမေအမှုဖွင့်ထားတာ ထိ ရောက်အောင် နိုင့်ကိုရိုက်တဲ့လူတွေ ခေါ် စစ်ဖို့ဆိုတာက ဒေါင်းမြကြည်ပြောပြမှ သိရမှာ... နိုင်က ရှက်ရှက်နဲ့ ဘယ် သူ့ကိုမှ မမှတ်မိခဲ့ဘူးဆို၊ ပြောပါဦး လူစီကို ဒေါင်းမြကြည် ဘယ်မှာနေသလဲဆိုတာ... ကိုယ့်ကိုကိုယ် သိပ်အထင် ကြီးနေတဲ့မိန်းမကို စိတ်ဓါတ်ကျသွားအောင် သွားလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်ဦးမယ်… သူ့ကို နိုင်က အသည်းအသန် ချစ်ပြတာဟာ အပျော်ကစားတာပါဆိုတာရယ်… နိုင့်မှာ လူစီဆိုတဲ့ လက်ထပ်ရမဲ့ချစ်သူ ရှိပြီးသားဆိုတာရယ်ကို သူသိကို သိသွားစေရမယ်…”

“မဟုတ်ဘူးလူစီ… ကိုယ်သူ့ကို အပျော်အီတာ မဟုတ်ဘူး မင်းနဲ့ကိုယ် သူ့ကောင်တာမှာ ကားရေမွှေး စဝယ်ကတည်းက စိတ်ဝင်စားသွားတာ… ကိုယ့်ရင်ထဲမှာ သူ့ကိုရင်းနှီးပြီးသား ဖြစ်နေတယ်… တစ်ခါတည်းမြင်ရုံနဲ့ သူ့ကို မေ့လို့မရအောင် ဖြစ်ခဲ့တယ်… လူစီ မသိတဲ့ နောက်ပိုင်းရက်တွေမှာ ကိုယ်သူ့ဆီ အမြဲသွားတယ်… ဝယ်စရာ အကြောင်းပြပြီး နှစ်ရက်ခြား၊ သုံးရက်ခြား သူ့ကောင်တာမှာ သွားဝယ်တယ်… သူ့ကို ရင်းနှီးအောင် အရောဝင်တယ်… သူ့ဘက်က ခပ်တည်တည် အမြဲဆက်ဆံတတ်တယ် ကိုယ့်ကို မင်းတို့ထင်သလို ဘယ်တော့မှ ပရောပရီမလုပ်ဘူး ပြိတီတီအမူအရာ မရှိဘူး ကိုယ်ကသူ့ကို စိတ်ဝင်စားလို့ ဘဝင်ခေါင်ခိုက်ပြီး မာနထားပြတာမျိုးလဲ မရှိဘူး… ကိုယ့်ကို သူက ယုံတောင်ယုံတာမဟုတ်ဘူး… ပြီးတော့ သူက သူ့ဘဝသူ ရောင့်ရဲတတ်တယ်… ကိုယ့်ကို ဒီလိုလာ့လာပြီး သူ့ကောင်တာရှေ့မှာ စကားလာမပြောဖို့ကို အကျိုးသင့်၊ အကြောင်းသင့် ပြောပြတတ်တယ်၊ ဘေးက အထင်သေးခံရမှာကိုလဲ သူတော်တော် စိုးရိမ်တာ…”





“အင်း… ထားပါတော့…”

“နေအုံး… ကိုယ့်စကားကို ဖြတ်မပြောနဲ့ လူစီ… ကိုယ်က သူ့စကားတွေကိုလက်ခံပြီး သူ့ကိုအဝေးကနေ သွားချောင်းကြည့်နေရတာလဲ တော်တော်ကြာပြီ… သူအလုပ်ပြန်ချိန်တွေဆို သူစီးတဲ့ ဘတ်(စ်)နောက်ကနေ လိုက်သွားပြီး သူ့အိမ်ကိုပြန်ရောက်တဲ့အထိ ကိုယ်လိုက်ပေးတတ်တာလဲ ကြာပြီ… ကိုယ်သူ့ကိုဘယ်လောက် မြတ်နိုးသလဲဆိုရင် သူ့ကုန္ဒြေ သိက္ခာကို ထိပါးခံရမှာမျိုး ဖြစ်မှာတောင် စိုးရိမ်လို့ သူ့ဆန္ဒအတိုင်း သူ့ကိုကိုယ်ပေးကြည့်တာ သူသိရုံ ကိုယ်စိတ်ဝင်စားနေတာ သူသိရုံအပြင် ဘာတစ်ခုမှ အရင်ကလောက် စိတ်ထင်တိုင်း မကျဲတော့တဲ့အထိပဲ… အခုဖြစ်သွားတာက သူတောင်းပန်တယ် သတိပေးတယ် အဲ့ဒီကြားက ကိုယ်က သူ့စကားကိုမယုံလို့ သူလဲဒီလို ဖန်တီးလိမ့်မယ် မထင်လို့ ဖွတ်ရှေ့တိုးမိတာ ကိုယ့်အမှားပဲ… လူစီ့ကို ကိုယ်ဝန်ခံပါတယ် ကိုယ်ဘယ်မိန်းကလေးကိုမှ သူ့လောက် မချစ်ခဲ့ဖူးဘူး… သူ့လောက် မမြတ်နိုးခဲ့ဖူးဘူး၊ သူ့လောက် မစွဲလန်းခဲ့ဖူးဘူး… သူ့လောက်လဲ ဆန္ဒတွေ မလိုက်လျောခဲ့ဖူးဘူး… မင်းကို ကိုယ်ချစ်တယ်ဆိုတာ အပေါ်ယံ ချစ်ခဲ့သလိုမျိုးပဲ ကျန်ရစ်တယ်… ကိုယ်သူ့ကိုပဲ ချစ်တယ်… သူကလွဲရင် ဘယ်မိန်းမကိုမချစ်ဘူး လက်လဲ မထပ်နိုင်ဘူး…”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့... သား..."

မေမေ၏ဟန့်သံ၊ လူစီ၏ အံ့ဩကလေးဖြင့် နှုတ်ခမ်းကလေးတောင် ဟတာ ဘာသံမှ မတုန့်ပြန်နိုင်ပဲ ငြိမ်သက်သွားဟန်များ... ။ ကိုယ့်စကားသံအဆုံးမှာ ကိုယ့်အခန်းက တိတ်ဆိတ်သွားခဲ့ပြီ။ မေမေ့မျက်နှာမှာ လက်မခံနိုင်မှုများ ပေါ်လွင်လာခဲ့ပြီ။ လူစီ့မျက်နှာကတော့ သွေးဆုတ်ဖြူလျော်ကာ မျက်ရည်တွေ ရစ်သိုင်းလာလျက် ပြီးတော့ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် ကျဆင်းလာကာ လူစီသည် အသံတိတ် ငိုနေခဲ့ပြီတည်း။

"တိတ်တိတ်.. သမီးလေး... လူစီ... ဒီကောင်က ကယောင်ကတမ်း စကားတွေကို အတည်ယူမနေနဲ့ အလကားဆေးမိနေတာ... သူဘာသာ စိတ်ကူးယဉ်အိမ်မက်,မက်တာနဲ့ ဒေါင်းမြကြည်ကို တွေ့တာနဲ့ မတော်တဆ တိုက်ဆိုင်တာကိုပဲ ဟုတ်လှပြီထင်နေတာ.. အလကား အရူးကောင်... ကိုယ်ကိုယ်တိုင်က ခေတ်ပညာတတ် ဆရာဝန်တစ်ယောက်ပဲ ဖြစ်တော့မယ် ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို အိမ်မက် အမြဲမက်တာကိုပဲ အကျယ်ချဲ့ချင်တယ်... သဘောမတူဘူးဟေ့... မေမေလုံးဝ သဘောမတူဘူး..."

"မင်းဘာသာ ဒေါင်းမြကြည်ကို ဘယ်လောက်စွဲလန်းပါစေ... ဒေါင်းမြကြည်ဟာ ဘယ်တော့မှ မေမေ့ချွေးမ ဖြစ်မလာစေရဘူး... မင်းကိုယ်တိုင်ပဲ ရွေးချယ်ပြီး အိမ်ပေါ်လက်ဆွဲခေါ်လာတဲ့ လူစီဆိုတဲ့ သမီးကလေးကိုပဲ မေမေသဘောတူတယ်... သူဟာ သားအတွက်အဖေါ်ကောင်းမဲ့... သူလောက် ဘယ်မိန်းကလေးမှ သားနဲ့ တူတယ်တန်တယ် လိုက်ဖက်တယ်ဆိုတာ မရှိတော့ဘူးလို့ မေမေ ယူဆတယ်... မေမေ့ ချွေးမဖြစ်ရမယ့်သူက လူစီတစ်ယောက်ပဲ... လူစီတစ်ယောက်ပဲ မေမေ့ချွေးမအဖြစ် လက်ခံမယ်... အေး... အကယ်၍ မင်းက လူစီ့ကိုမယူနိုင်ပါဘူး၊ လက်မထပ်နိုင်ဘူး၊ ငြင်းလို့ကတော့ လုံးဝ မေမေ ခွင့်မပြုတော့ဘူး၊ လူစီနဲ့ မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်ပေးမှာပဲ... မင်းဘာသာ ဆရာဝန်ဖြစ်မှယူယူ အခုပဲယူယူ ဘာမှပိုမထူးဘူး မင်းဘက်က ဒီကိစ္စကို ရပ်တန်းက မရပ်ဖူးဆိုလျှင် မေမေကတော့ ချက်ချင်းလက်ထပ်ဖို့ကိစ္စကို စီစဉ်ပစ်ဖို့ ဝန်မလေးဘူးဆိုတာ မြဲမြဲမှတ်ထားပါ... သားကြီးရဲ့..."

ဘုရားရေ... မေမေက လူစီမှ လူစီဖြစ်နေပါရော း သူကရော ဘာထူးခဲ့လို့လဲ လူစီရုပ်ရည်၊ ပညာအရည်အချင်း၊ ိသတင်းကျော်ကြားမှု ကြွယ်ဝချမ်းသာခြင်းတွေဟာ သူတို့ ာမျှ အားလုံးနဲ့ယှဉ်ရင် လူစီက ပြိုင်ဖက်ကင်းဖို့ သူကိုယ်တိုင် ကျေနပ်နပ် ရွေးချယ်ခဲ့သေးတာပဲ ဘယ်ရည်းစားကိုမှ ခရှေ့ လက်ဆွဲခေါ်လာပြီး မိတ်ဆက်မပေးဖူးတဲ့ သူက ကိုတော့ ရဲရဲဝံ့ဝံ့မိတ်ဆက်ပေး မေမေသဘောတူ၊ နှစ်ဘက် ြီးတွေ တစ်ဦးအိမ်တစ်ဦး အပြန်အလှန် လည်ပတ်စေခြ။







www.burmeseclassic.com

ထမင်းဖိတ်ကျွေးစေကြ.. ပြီးတော့ သူတို့နှစ်ယောက်ကို နှစ်ဖက်လူကြီးတွေ အသိအမှတ်ပြုကာ စကားနဲ့စေ့စပ်ပေးပြီး ခဲ့ကြစေတဲ့အထိ သူကိုယ်တိုင်ပဲ စိတ်အား ထက်သန်စွာ ဖန်တီးခဲ့တာပဲ။

အဲ့ဒီတုန်းက.. ဟုတ်တယ်.. အဲ့ဒီတုန်းက ကိုယ့်ရဲ့အချစ်ဆိုတာဟာ ဦးနှောက်ကနေ ဆုံးဖြတ်ပေးတဲ့အချစ် ဖြစ်နိုင်မှန်းမှ ကိုယ်.. မဆန်းစစ်ခဲ့မိတာ။ ဦးနှောက်က လက်ခံတဲ့လူစီကိုနှလုံးသားမှာ နေရာပေးခဲ့မိတာ ဒါဟာ မင်းနဲ့မတွေ့ခဲ့ရသေးခင်ကိုယ့်ရဲ့ ဆုံးဖြတ်ချက်တွေပဲဖြစ်တယ် ဒေါင်းမြကြည် အဲ့ဒီအတွက်ကိုယ်မှားယွင်းသွားခဲ့သလား။ ဒီလိုမျိုးအခြေအနေတွေ ကိုယ့်ဘက်က ပြောင်းလဲသွားခဲ့မယ်မှန်း ကိုယ်မှ ကြိုမသိခဲ့တာဟု ဆင်ခြေတက်ကြည့်ချင်သားပင်။

"နေပါစေ.. မေမေရယ်.. နိုင်ကမှ သမီးကိုမချစ်တာ သူ့မချစ်ဘဲနဲ့ သမီးကို လက်ထပ်လိုက်ရရင် သမီးပဲ စိတ်ဆင်း ရဲရမှာပေ့ါ.. ပြီးတော့ ကိုယ့်လက်ထဲကနေ တခြားမိန်းမတစ်ယောက်ကို တမ်းတနေမဲ့ယောကျ်ား တစ်ယောက်ကို ဘယ်မိန်းမတစ်ယောက်မှ လက်ထပ်ရဲမှာမဟုတ်ပါဘူး.. မိန်းမတိုင်းဟာ အချစ်နဲ့ပတ်သက်ရင် အတ္တကြီးတတ်တယ် ကိုယ့်တစ်ယောက်ထဲကိုပဲ စွဲစွဲမြဲမြဲချစ်စေချင်တယ်၊ ကိုယ်ကပဲသူ့ရဲ့ အချစ်ဆုံးသူဖြစ်စေချင်တယ် အဲဒီလိုအတ္တတွေနဲ့ ပြည့်နှက်နေတဲ့ မိန်းမတွေထဲမှာ သမီးကထိပ်ဆုံးကပဲ.. အစက မသိပါဘူး သူ့ဝါသနာ





အတိုင်း အပျော်ဖန်တီးတာထင်လို့ သမီး ဒီအတိုင်းဘေးက ကြည့်နေခဲ့မိတာပါ၊ အစထဲက သူ့စိတ်ကို မြင်နိုင်ခဲ့ရင် သိပ်ကောင်းမှာပဲ.."

လူစီသည် သူမ၏မာနများဖြင့် ဤအဖြစ်အပျက်ကို မခံချင်လှစွာ ပြန်လည်ထိုးနှက်သော စကားလုံးများဖြင့် တုန့်ပြန်လေသည်။ သို့သော် မေမေက လူစီ့ကို ပုခုံးကလေးဖက်ကာ ချော့မော့၊ နှစ်သိမ့်၊ ပြီးတော့ သူ့ကို မျက်စောင်းထိုး (အင်း.. မေမေမသိအောင် ပြောရရင် မေမေထိုးလိုက်တဲ့မျက်စောင်းမျိုး ဒေါင်းမြကြည်လဲ သူ့ကိုမကြာခဏ မျက်စောင်းထိုးပါတယ်ဆိုတာများ မေမေသိရင် ဆွေ့ဆွေ့ခုန်သွားမလားမသိ.. အလိုလိုနေရင်း တိုက်ဆိုင်တာတွေတွေ့တိုင်း ဒေါင်းမြကြည်ကို သတိရနေတတ်တာလဲအခက်သား)

"အို.. ဘယ်ဟုတ်မလဲ ဒီကောင်စိတ်ရှုပေါက်တိုင်း မေမေက ခွင့်မပြုနိုင်ဘူးဆိုမှကွယ်.. သမီးကိုလဲ ဒီကောင်တကယ်ချစ်လို့ ဒီလိုမျိုးလူကြီးစုံရာတောင် အသိပေးခဲ့တဲ့အခြေအနေအထိ ဖန်တီးခဲ့တာပဲဟာ အလကားပါ.. သူ့စကားတွေ အယုံအကြည်မရှိနဲ့.. ဘယ်နှယ့် သိပ်လှတဲ့မိန်းကလေးတစ်ယောက်နဲ့ ရုပ်ရည်သာမာန်ရှိတဲ့ မိန်းကလေးတစ်ယောက်ကို ယှဉ်ရွေးရာမှာ ဘယ်သူ့ပဲဖြစ်ဖြစ်.. ရှင်းရှင်းပြောရင် ယောကျ်ားဆိုတာ အလှကြိုက်တဲ့အမျိုးချည်းမို့လို့ ဘယ်ယောကျ်ားမဆို သိပ်လှတဲ့ မိန်းမကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ရွှေးမှာပေါ့.. မေမေ့သားကျမှ အဓိပ္ပါယ်မရှိတာ။ သူလား အဲ့ဒီ ဒေါင်းမြကြည်ကို တသသလွမ်းနေမှာ.. သမီးနဲ့ လက်ထပ်ပြီးရင် ကိုယ်အရင်က အရှူးထခဲ့တာကိုတောင် သမီးနဲ့အတူတူ ရယ်စရာလုပ်ပြီး ပြန်ပြောနေမဲ့ကောင် သူ့လောက် အလှအပ သဘောကျတာလဲမရှိ.. အဲဒီလို မေမေကောင်းကောင်းသိတယ်.. မငိုနဲ့သမီး.. ပြီးတော့ အချင်းချင်းမာနတွေလဲ မထားနဲ့.. စိတ်လိုက် မာန်ပါ တွေလဲ မဆုံးဖြတ်နဲ့.. အချိန်က အဖြေပေးသွားမှာပါ..”

မေမေထင်တာ မှားနေပြီဗျ ဘယ်လောက်အချိန် တွေကြာကြာ ကျွန်တော်ဘယ်တော့မှ ဒေါင်းမြကြည်ကို ချစ်ခြင်း တွေ လျော့မှာမဟုတ်ဘူး။ ဘယ်တော့မှ သူ့အပေါ် မျှော်လင့် ထားခြင်းတွေလဲ ရုပ်သိမ်းမှာမဟုတ်ဘူး။ ပြီးတော့.. ကျွန်တော် ဟာ ဒေါင်းမြကြည်ကလွဲရင် ဘယ်မိန်းမကိုမှလဲ လက်ထပ်မှာ မဟုတ်ဘူး မေမေ။ အဲဒါကို တစ်နေ့ မေမေသိမည်။

အခုလောလောဆယ်မှာတော့ ဒေါင်းကွဲ၍ ချုပ် ထားသော ဒဏ်ရာကနာသည်တစ်မျိုး။ တစ်ကိုယ်လုံး ဝိုင်းရိုက် ထားသည့်ဒဏ်ကြောင့် ကိုက်ခဲနာကျင်သည် တစ်မျိုး။ ဆရာဝန် ပေးသော အကိုက်အခဲပျောက်ဆေး၊ ပိုးသတ်ဆေး၊ ဒဏ်ကြေဆေး များကို သောက်ထားရသည်လည်းတစ်မျိုး။ နာကျင်၍ အိပ်မရ သောကြောင့် ခုနလေးကမှ အိပ်ဆေးသောက်ကာ အနားယူဖို့ ပြင်ဆင်ထားသည်လည်း တစ်မျိုး ထို့ကြောင့်ပင် သူသည် မေမေနဲ့





လူစီ သူ့ကုတင်ဘေးမှာ ဘာတွေဆက်ပြောနေကြသည်ပင် မသိ တော့။ မျက်လုံးတွေ မှေးစင်းကာ တဖြည်းဖြည်း မေမေနဲ့လူစီ၏ အသံများ ဝေးသွားလျှင် အိပ်ပျော်သွားခဲ့ပါသည်။

အိပ်မက်,မက်ခဲ့ပြန်သည်။ အိပ်မက်ထဲမှာတော့ မောင်မောင်ကြီးဟု သူသိထားပြီးဖြစ်သည့် အမျိုးသားက ဒေါင်းမ ဟု သူသိထားပြီးသည့် အမျိုးသမီးနှင့်အတူတူ တွဲလျှောက်လာခြင်း ကိုတွေ့လျှင် သူကျေနပ်သွား၏။ စေတီတစ်ဆူရှိရာဆီ ဦးတည် နေသော ခြေလှမ်းတွေ။ ထိုစေတီဆီရောက်အောင် လှေကား ကိုတိကျကျပြောရင် အုတ်လှေကားကလေး ဆယ်ထစ်လောက် လှမ်းတက်နေသော ခြေလှမ်းတွေ။ ကြည့်စမ်း... သူတို့ဘုရား အတူတူဖူးဖြစ်ကြသားပဲ ဘယ်လောက်ကြည်နူးလိမ့်မလဲ။ မောင် မောင်ကြီးဆိုတဲ့ အမျိုးသားခင်မျာ သူချစ်ရသူနဲ့ ဘုရားအတူတူ ဖူးရတာကို ကြည်နူးနေရှာမည်ဟု ထင်မြင်ယူဆပစ်မိတော့သည်။

ပြီးတော့ ဘုရားရှေ့အတူတူ ယှဉ်တွဲထိုင်ကာ ဘာ တွေပြောကြသလဲ။ ဘာတွေ ဆုတောင်းကြသလဲ။ ဘာတွေ လုပ် ကြသလဲ အဲဒါတွေကို ကြိုးစား၍လိုက်ကြည့်သော်လည်း မသဲ မကွဲ။ ဘာမှမကြားရ ဘာမှလဲမြင်ခွင့်မရ။ အိပ်နေရင်းမှ သူ အင် မတန် သိချင်နေခဲ့သည်။ သူတို့ဘုရားသွားပြီး ဘာတွေ ဆုတောင်း ကြသနည်း။ အဲ့ဒီအကွက်ကို သူ့အမြဲတမ်းမက်တိုင်း မသဲမကွဲ လွတ်လွတ်သွားနေကျ။

အဲဒါကို လုံးဝမကျေနပ် ဖြစ်မိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူ့ရင်ထဲမှာ ကြည်နူးနှစ်သိမ့်ခဲ့ပါသည်။ ထိုအမျိုးသားက သူချစ်ရသော ချစ်သူနှင့်ဘုရားအတူတူ ဖူးခွင့်ရခဲ့သည်ကို သူသိရသဖြင့် ကျေနပ်နေခဲ့တာ ဖြစ်ပါသည်။ ဘုရားအတူတူဖူးရမှ သူတို့နောက်ဘဝ ရေစက်ဆုံရမှာ မဟုတ်လား။

နိုင်သမိန်ထောသည် မောင်မောင်ကြီးဟူသော အိပ်မက်ထဲက အမျိုးသားကို စာနာလျှက် ထိုသူချစ်သော မိန်းမနဲ့ ဘဝဆက်တိုင်း ရေစက်ဆုံ ပေါင်းဖက်စေချင်တာတော့ နိုင်သမိန်ထော၏ စိတ်ထဲကအလိုလို ဖြစ်ပေါ် နေသော ဆန္ဒပင် ဖြစ်လေသည်။ အဲဒါ ဘာဖြစ်လို့လဲတော့ အဖြေထုတ်၍မရ။

----- ◎ -----





# ၅

"ဒီအိမ်က ဒေါင်းမြကြည်ဆိုတဲ့ မိန်းကလေးနဲ့ သူ့အဒေါ်နေတဲ့ အိမ်ဟုတ်သလား..."

ဒေါင်းမြကြည်သည် အလုပ်သွားခါနီးမို့ အဆင်သင့် ပြင်ဆင်ပြီးချိန်မှာ သူမတစ်ခါမျှ မမြင်ဖူးသော အမျိုးသမီးခြည့်သည်တစ်ယောက်ကို လက်ခံတွေ့ဆုံရလေသည်။ ထိုအမျိုးသမီးကြီးက အသက်ငါးဆယ်မျှရှိမည်။ သူမ၏စိန်နားကပ်က ဘယ်လို စိန်မျိုးလဲတော့မသိ၊ တဖျတ်ဖျတ်၊ တလက်လက်တောက်ပလွန်းနေသည်မှာ စိန်၏နဂိုမူလအရောင်အပြင် ရောင်စဉ်တွေဖြာလို့တောင်ပဲ။

သောင်းဂဏန်းနားကပ်နေသော ဒါမှမဟုတ် သောင်းကျော်ချင်ကျော်နိုင်သော ပါတိတ်ဝမ်းဆက်နှင့် စိန်လော့ကက် စိန်လက်စွပ်အတန်းကြီးများဖြင့် တစ်ကိုယ်လုံး စိန်ရောင်တောက်နေသော ပြီးတော့ ထိုအမျိုးသမီးကြီး၏ လက်ပွေ့အိတ်ကလဲ တန်ဖိုးကြီးကြီးထဲကပဲ ဖြစ်မယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ညှို့မျှသားနားတောက်ပသော မိတ်ဆွေမျိုး ဒေါ်လေးမှာများ ရှိနေသလား။ မှန်တာပြောရရင် ကိုယ့်အသိုင်းအဝိုင်းနဲ့ကိုယ်မို့ ဒီလောက်ချမ်းသာသော အမျိုးသမီးပုံစံမျိုး အိမ်ကိုလာလည်တာမျိုး မကြုံဖူးပါ။ အင်း... ဒေါ်လေးက လောဘခပ်ကြီးကြီးတော့ မဟုတ်ပေမဲ့ ဟိုတလောက သူ့ဆိုင်မှာ ပစ္စည်းတွေ ပိုတင်ချင်တယ်ဆိုလား ပြောသံတော့ကြားရဲ့။ အချေးအငှားတွေလုပ်ပြီး စိတ်ထင်တာတွေ တင်ရောင်းဦးတော့မယ် ထင်တယ်။ အခြေအနေ အကုန်သိရင် တားဦးမှပါဟု ဒေါင်းမြကြည်က ထိုအမျိုးသမီး၏ အမေးကိုမဖြေမိပဲ ရှည်ရှည်ဝေးဝေးတွေ လျှောက်တွေးတာမှ အကြာကြီး တကယ့်ကို အကြာကြီး။

"ဖြေလေကွယ်... မင်းပုံစံကလဲယောင်နနနဲ့ ကိုယ်နာမည်တောင် ကိုယ်မေ့လို့ပြန်စဉ်းစား နေရတဲ့ ပုံစံကြီးနဲ့ကွယ်"

ဘယ်နှယ့်လူကိုများ နိုင့်ထက်စီးနင်း ဟောက်သလို ဟန့်သလို မေးချင်ရသလဲ။ မိမိထက် အသက်များစွာကြီးသူ မိခင်အရွယ်၊ အဒေါ်အရွယ်မို့ ဒေါင်းမြကြည်က သည်းခံလိုက်ပါသည်။

"ကျွန်မ ဒေါင်းမြကြည်ပါပဲ အန်တီ... အန်တီ့ကို တစ်ခါမှ မတွေ့ဖူးတာရယ်... အိမ်လာလည်တဲ့ ဒေါ်လေးသူငယ်ချင်းတွေထဲက မဟုတ်တာရယ်ကြောင့် အံ့ဩပြီး ကြည့်နေမိလို့ အန်တီ့မေးခွန်းကို မဖြေနိုင်တာ စိတ်မရှိပါနဲ့ရှင်... ကျွန်မနည်းနည်း ရိုင်းသွားသလားမသိဘူး..."





"မင်း... ဒီ့ထက်ရိုင်းစိုင်းတဲ့ အမူကိစ္စတောင် ဖန်တီးရဲမှတော့ ဒီလောက်ရိုင်းမိတာ ကလေးက သိပ်အခက်အခဲရှိမယ် မထင်ပါဘူး... ကဲ... ငါ့ကို အိမ်ထဲဝင်ခွင့်ပေးဦးကွယ်... ငါမင်းကို မေးချင်စရာလေးတွေရှိလို့..."

"ရှင်... အန်တီလာတာ ကျွန်မအဒေါ်ဆီ မဟုတ်ဘူးလား ကျွန်မကအန်တီ့ကို ဒေါ်လေးမိတ်ဆွေ ထင်လို့..."

"မဟုတ်ဘူး... ငါလာတာ ဒေါင်းမြကြည်ဆိုတဲ့မင်းကို ကြည့်ချင်တာရယ်... မင်းဆီက မေးချင်စရာလေးတွေ ရှိတာရယ်ကြောင့် လာခဲ့တာ... မင်းအိမ်က အလွယ်တကူ စုံစမ်းလို့ရပါတယ်... ငါ့သားကပြောလို့တော့ မဟုတ်ဘူး... ငါ့ဘာသာ စုံစမ်းတာ... ငါ့သားဘယ်သူဆိုတာရော မင်းသိချင်သလား... ဒီလောက်ဆိုရင်တော့ မင်းမှန်းကြည့်လို့ ရမယ်လို့ ငါထင်တယ်..."

'နိုင်သမိန်ထော' ဟူသော အမည်က မှခေါင်းထဲတွင် ပေါ်လာခဲ့လေသည်။ အဖြစ်နိုင်ဆုံးသော လူတယောက်က သူပဲ... အခုလောလောဆယ်မှာ နိုင်သမိန်ထောဆိုသည့် ယောကျ်ား တစ်ယောက်သာ သူမဘဝ၌ ထင်ထင်ရှားရှား ပတ်သက်နေတော့တာ ဖြစ်သည်။

"ထိုင်ပါ... အန်တီ... ကျွန်မဒေါ်လေးတော့ မရှိပါဘူး... ကျွန်မတစ်ယောက်တည်းပဲ ရှိပါတယ်... ဒါပေမဲ့ ကျွန်မ အချိန်တော့ သိပ်မပေးနိုင်ဘူးရှင့်... ကျွန်မ အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီအမှီဝင်ဖို့ အိမ်ကနေ ရှစ်နာရီခွဲမှာ ဘတ်(စ်)ကားဂိတ်ကိုသွားရလိမ့်မယ်။ အဲဒီထက် နောက်ကျရင် ကျွန်မ ဘတ်(စ်)ကားကြပ်ကြပ်ကို တိုးစီးဖို့မလွယ်တော့ဘူး.. အလုပ်လဲနောက် ကျလိမ့်မယ်..၊ ဒီတော့ အန်တီ ပြောစရာရှိတာကို တိုတိုနဲ့ လိုရင်း မြန်မြန်ပြောပါလို့.."

"အမိန့်ပေးတယ်ဆိုပါတော့.. တော်တော့်ရင့်သီးတာပဲ"

"အန်တီက ကျွန်မကို တွေ့တွေ့ချင်း ဆီးပြီးရန်တွေ့တာပဲနော်.. ကြည့်ရတာ ကျွန်မကို အငြိုးမတန် မုန်းနေပြီထင်တယ်..."

အမျိုးသမီးကြီးက ထိုသို့ဒက်ကန် ပြောချရဲသော ဒေါ်ငြိမ်းကြည်ကို အနည်းငယ်ရှိန်သွားဟန်ဖြင့် တရစပ်ပြောနေရင်းမှ နှုတ်ဆိတ်ကာ သူမအားအကဲခတ်နေတော့၏။

"အခုရှစ်နာရီ ဆယ်မိနစ်ရှိပါပြီ.. မိနစ်နှစ်ဆယ်တိတိ အချိန်ပေးရင် အန်တီပြောလိုတဲ့.. ဒါမှမဟုတ် ကျွန်မကို ရန်တွေ့လိုတဲ့ စကားတွေ ပြည့်စုံပြီထင်ပါရဲ့..."

"မင်းကို ရန်တွေ့ဖို့လာတာ မဟုတ်ဘူး... ငါ့သား ဝိုင်းအရိုက်ခံရတဲ့ကိစ္စအတွက် မေးစရာရှိလို့လာတာ.."

"ဩော်.. ဩော် ဟုတ်လား မသိပါဘူး.. အန်တီက တွေ့ကတည်းက ရန်စကားနဲ့ နှုတ်ဆက်တော့ ကျွန်မကို ရန်တွေ့ဖို့ လာတာများလားလို့.."

ဒေါ်ငြိမ်းကြည် ထင်တာမှန်ကို မှန်ရမည်။ ဒီအမျိုး





သမီးကြီးဟာ သူမ၏သား ဝိုင်းအရိုက်ခံရသော ကိစ္စဟာ သူမကြောင့်ဟု ယူဆလျက် သူမအား သတ်ပစ်ချင်လောက်အောင် မုန်းတီးနေမည်။ ပြီးတော့ သူမ၏သား အရူးအမူးဖြစ်ရလောက်အောင် ဒေါ်ငြိမ်းကြည်က ဘယ်လောက်လှနေသလဲဆိုတာ သိချင်၍ လာတာလဲဖြစ်မည်။

ကဲ အခုတော့ သူမပဲအံ့သြရပြီမဟုတ်လား။ သူမ၏သား အရူးအမူးဖြစ်နေသော ဒေါ်ငြိမ်းကြည်ဟာ သာမာန်ရုပ်ရည်နဲ့မိန်းမ သူမတို့ထက် အဆင့်အတန်းများစွာ ကွာခြားတဲ့မိန်းမ ပြီးတော့ အခုအပြင်သွားဖို့ ဝတ်ပုံစားပုံကိုလဲ ကြည့်ဦး။ တစ်ကိုက် တစ်ရာကျော်လေးသာ ပေးရတဲ့ အင်္ကျီစ အထက်အောက် ဝမ်းဆက် အင်္ကျီပုံခပ်တုံးတုံး ရင်ဖုံး လက်ပြတ်ကြီးနဲ့။ သနပ်ခါး မျှင်မျှင်တွေ ထင်နေအောင် လူးရမှ နေတတ်သူမို့ အပြင်ထွက်မည့် မိန်းမတစ်ယောက်ရဲ့ မျက်နှာက သနပ်ခါးစင်းမျှင်မျှင်တွေထင်လို့။ တော်တော့်ကို ခပ်အောက်အောက် အပြင်အဆင်ကြီးနဲ့ပေါ့။ ဒေါ်ငြိမ်းကြည်အား သေသေချာချာ လှေ့လာ၍ ထိုအမျိုးသမီးကြီး၏ မျက်နှာမဲ့ချင်ချင်။ ပြီးတော့ အံ့သြချင်ချင်..

"ကဲ... မင်းပြောသလို တိုတိုနဲ့ လိုရင်းပဲဆိုပါစို့... အခု ငါ့သားဟာ မင်းကြောင့် ဈေးကလူတွေ ဝိုင်းထိုးနှက်လိုက်တာကို ခံလာရတယ်.. ခေါင်းကွဲလို့ သုံးချက်ချုပ်ရတယ်.. ခါးရိုးကို တစ်ခုခုနဲ့ရိုက်ခံထားရလို့ မျက်နေတာနဲ့ ဓါတ်မှန်ရိုက် စစ်ဆေးလိုက်ရတယ်.. လက်မှာလဲ ပွန်းရာပဲ့ရာ

www.burmeseclassic.com



ဗရပွနဲ့ မျက်နှာမှာလဲ အညှိအမဲတွေနဲ့.. ငါ့သားသက်တမ်းမှာ ဒီလောက် ဆိုးဆိုးရွားရွားဖြစ်တာ ဒီတစ်ခါပထမဆုံးပဲ.. ငါကိုယ်တိုင်တောင် ချစ်လွန်းလို့ မထိရက်၊ မရိုက်ရက်တဲ့ ငါ့သားကြီးကိုကျမှ ကလေကချေ ကုန်စိမ်းထမ်းတဲ့ ဈေးအလုပ်သမားတွေက ဝိုင်းထိုးတယ်ဆိုတဲ့ အဖြစ်အပျက်ကို ငါလုံးဝမကျေနပ်ဘူး... ငါတရားစွဲမယ်။ အဲဒီလူတွေကို ထိုက်သင့်တဲ့ အပြစ်ဒဏ် ခံကိုခံစေရမယ်... အဲ့ဒါ ငါ့သားခံလိုက်ရလို့ ငါက ငါ့သားအစား လက်တုံ့ပြန်တာပဲ... ခက်တာက ငါ့သားခမျာ ဝိုင်းထိုးတဲ့ဒဏ်၊ လူတွေ ဝိုင်းကြည့်လို့ရှက်တဲ့ဒဏ်ကြောင့် သူ့ကို ထိုးလွှတ်လိုက်တဲ့လူတွေကို မမှတ်မိဘူး ဖြစ်နေတယ်... ငါကလဲ ဒီနယ်မြေမှာ အသိမိတ်ဆွေ မရှိတော့ ဘယ်သူလိုက်မေးရမှန်း မသိတာနဲ့ မင်းကြောင့်ဖြစ်ရတာပဲ... မင်းကလဲ ဒီမှာနေတဲ့လူ မင်းအတူအညီတောင်းတဲ့လူတွေက ဝိုင်းရိုက်ကြတာပဲဆိုတဲ့ စိတ်ကူးရလိုက်တော့ မင်းဆီရောက်လာရတော့တာပေါ့..."

"ကျွန်မက သက်သေနေရာကလား... တရားခံနေရာကလားအန်တီ..."

"သေချာတာက မင်းအတွက်တော့ နှစ်နေရာစလုံး ဖြစ်လိမ့်မယ် ဒါပေမဲ့... မင်းက ဝိုင်းထိုးလိုက်တဲ့လူတွေရဲ့ နာမည်ကို ပြောပြမယ်ဆိုရင်တော့ ငါကမင်းကို အရှက်ကွဲအောင်





မလုပ်ပါဘူး..."

"ဒါပေမဲ့... ဒီပြဿနာ ဘယ်သူ့ကြောင့် ဖြစ်ပါတယ်လို့ ပြောကြရင်တော့ ကျွန်မက စေခိုင်းတဲ့သူဖြစ်တဲ့အတွက် တရားခံအလိုလိုဖြစ်သွားမှာပဲ မဟုတ်လား... အဲဒါ ကိစ္စမရှိပါဘူး... ကျွန်မက ဒါတွေဂရုမစိုက်ဘူး..."

လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်တော့ ရှစ်နာရီခွဲရန် ခုနစ်မိနစ်မျှသာ လိုတော့သည်။ ဒေါ်ငြိမ်းကြည်၏ စိတ်တွေကို အင်မတန်မှ အနှောင့်အယှက်ပေးလှသော နိုင်သမိန်ထော နဲ့တကွ အခုပတ်သက်ရပြီဖြစ်သော သူ့အမေကလဲ ဒေါ်ငြိမ်းကြည်ကို ထပ်မံ၍ စိတ်အနှောင့်အယှက် ပေးပြန်လေပြီ။ မိမိကြောင့် နိုင်သမိန်ထော ဒီလိုဖြစ်ရတာကိုတော့ နည်းနည်းမှ နောင်တမရ။ သူ့ကို သနားကြည့်၍လည်းမရ။ ကောင်းတယ် ငါပြောရက်သားနဲ့ ငါ့ကိုဆယ်နှောင့်ယှက်လို့ ဒုက္ခရောက်ရတာပဟူ၍ပင် ထင်လိုက်သေး။ အဲဒီတုန်းကပေါ့။ ပြဿနာက ဒီမှာမရပ်ပဲ နောက်ဆက်တွဲ သူ့အမေကပါ လာခဲ့ပြီဆို လွယ်လွယ်ကလေးပဲ ဖြေရှင်းလိုက်ရုံပေါ့ကွယ်။

"အန်တီ့ကို ကျွန်မ ရှင်းရှင်းပဲပြောလိုက်မယ်... အန်တီ့သားက ကျွန်မကို အမျိုးမျိုး နှောင့်ယှက်ပါတယ်... ကျွန်မ သူ့ကို အတန်တန် သတိပေးတဲ့ကြားက ကျွန်မစကားကို နားမထောင်ပဲ ရှေ့ဆက်တိုးတယ် ကျွန်မ လူတစ်ယောက်ကို ရိုက်နှက်ခံရတာမျိုး မဖြစ်စေချင်ပေမဲ့ အဲဒီလိုစိတ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် သူကပဲ ဖန်တီးတာပါ။ ကျွန်မမှာ အပြစ် မရှိဘူးလို့တော့ မငြင်းချင်ပါဘူး... ဒါပေမဲ့ ဒီလိုဖြစ်ရတာ သူ့ရဲ့ ပယောဂမကင်းဘူး... မယုံရင် အန်တီ့သား အန်တီ ပြန်မေးကြည့်.. ပြီးတော့ ဒီရပ်ကွက် ဒီဝန်းကျင်မှာ ကျွန်မနဲ့ကျွန်မအဒေါ် ဟာ မိန်းမသား နှစ်ယောက်ထဲ နေကြတာမို့ ကိုယ့်ကြေနွ ကိုယ့်သိက္ခာနဲ့ နေရတယ်.. ယောကျ်ားလေးတွေနဲ့ ရှုပ်တဲ့ မိန်းမလို့ ကျွန်မကိုယ်ကျွန်မလဲ အပြောမခံနိုင်သလို ကျွန်မကြောင့်လဲ ကျွန်မ အဒေါ် ရဲ့ ဂုဏ်သိက္ခာ မညှိုးနွမ်းသွားစေချင်ဘူး.. သူဒီလိုမျိုး ဈေးထဲမှာ ကျွန်မနောက်လိုက်တယ်။ ကျွန်မကို စကားတွေ တတွတ်တွတ်လိုက်ပြောတယ်။ ကျွန်မက ကြေနွမပျက်ချင်လို့ တောင်းပန်တဲ့ကြားက သူဖွတ်တိုးခဲ့တယ်.. စဉ်းစားကြည့်"

"အဒေါ် လုပ်တဲ့ လူတစ်ယောက်လုံး ဈေးထဲမှာရှိရက် တူမက ကောင်လေးတစ်ယောက်နဲ့တွဲပြီး ဈေးဝယ်တယ်... ဟိုနေရာတွေ့ ဒီနေရာတွေ့နဲ့ဆိုရင် လူတွေက အတင်းပြောကြတော့မယ်။ ကျွန်မက ဈေးဝယ်ပြီး အိမ်ပြန်ရင်လဲ သူလိုက်ဦးမှာပဲ... အိမ်ပေါ် မတက်ပေမဲ့ အိမ်ပြန်တဲ့လမ်းကို အတူတူတွဲလျှောက်လာတာမြင်လိုက်ရုံနဲ့တင် အဒေါ်ကလဲ ဈေးဆိုင်ထိုင်ရက် ကျန်ခဲ့တာကိုမြင်ရုံနဲ့တင် လူတွေက မဟုတ်တာတွေ ကြံတွေးပြီး အမျိုးစုံပြောကြတော့မှာ... ကျွန်မ သိက္ခာကျတယ်.. ဒေါ်လေးလဲ သိက္ခာကျတယ်...





မှန်တာပြောရရင် ဒါက အန်တီတို့လို သူဌေးတွေနေတဲ့ ဆိတ်ငြိမ်ရပ်ကွက်မဟုတ်ဘူး အလယ်အလတ်တန်းစားနဲ့ အခြေခံလူတန်းစားတွေနေတဲ့ ရပ်ကွက်ပါ.. တစ်ယောက်အကြောင်းတစ်ယောက် စပ်စုရတာကိုလဲ ဝါသနာပါကြတယ်.. သွားပုတ်လေလွင့် ပြောရတာကိုလဲ အလေ့အထဖြစ်နေပြီး အတင်းအဖျင်းတို့၊ ထင်မြင်ချက်တို့နဲ့ လူတစ်ဘက်သားကို ဝေဖန်ဖို့လဲ သူတို့ဝါသနာပါကြတယ်.. အဲဒီတော့ သူတို့အမြင်မှာ အန်တီ့သားနဲ့ကျွန်မ အိမ်အတူတူပြန်တာကိုလောက်ပဲ မြင်ပြီး ရှေ့ဆက်ဘာတွေ ဆက်ထင်ကြေးပေးကြမလဲ.. ဘာတွေပြောကြမလဲ... အန်တီပဲစဉ်းစားကြည့်... ကျွန်မအဲဒါမျိုးကို အဖြစ်မခံနိုင်ဘူး... ဒီတော့ သူ့ကိုကျွန်မနောက် ဆက်မလိုက်လာနိုင်မဲ့ နည်းကို ကျွန်မ သုံးရတော့တာပေါ့..."

နံရံကပ်နာရီမှ ရှစ်နာရီခွဲသံသဲ့သဲ့တစ်ချက်မည်၏။ အဲ့ဒီအသံနှင့် တစ်ပြိုင်နက် ဒေါင်းမြကြည်က ချက်ချင်းထရပ်လိုက်လေသည်။ ရိုင်းတယ်ပဲပြောပြော သူမတစ်စက်မှ စိတ်မဝင်စားသော အဖြစ်အပျက်တစ်ခုကို ဖြေရှင်းရတာလောက် စိတ်မပါတာလဲမရှိ ဒါကြောင့်မြန်မြန်ပြီး မြန်မြန်အေးရော ကိစ္စဖြတ်ချင်တာနဲ့ အချိန်ကိုက် ထရပ်လိုက်ခြင်း ဖြစ်သည်။

"အဲဒါတွေ ငါမသိချင်ဘူး... ငါသိချင်တာက ငါ့သားကို ဘယ်သူတွေ ရိုက်လွှတ်လိုက်သလဲဆိုတာကို မေးတာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဆီက အကြောင်းပြချက်တွေ နားထောင်ရအောင်လာတာ မဟုတ်ဘူး..."

"ကျွန်မက အကြောင်းပြတာမဟုတ်ပါဘူး.. အကျိုးသင့် အကြောင်းသင့် ရှင်းပြတာ.. အန်တီ့သားအမှားတွေကို ထောက်ပြတာ။ ကဲ.. အန်တီ ကျွန်မပေးထားတဲ့ အချိန်က ဒီလောက်ပါပဲ... ရှစ်နာရီခွဲပြီးလို့ သုံးမိနစ်တောင် စွန်းနေပြီ... ကျွန်မ အလုပ်သွားရတော့မှာမို့ အန်တီ့ကိုတော့ အားနာပါရဲ့... ကျွန်မဆက်ပြီး စကားမပြောနိုင်တော့ဘူးလို့ သတိပေးပါရစေ..."

"ငါ့သားကို ရိုက်လွှတ်လိုက်တဲ့ လူတွေနာမည် မင်းမပြောရသေးဘူး... ဒေါင်းမြကြည်.. ငါလာတဲ့ကိစ္စကအဲဒါပဲ"

"ကျွန်မ ပြောမပြနိုင်ပါဘူး သူတို့က ကျွန်မရဲ့ရပ်ဆွေ ရပ်မျိုးလို့ ပြီးတော့ ကျွန်မတို့ ညီအစ်ကို မောင်နှမတွေလို သဘောထားပြီး စောင့်ရှောက်တဲ့အနေနဲ့ ကျွန်မက နာမည်တပ်ခေါ်ပြီး အကူအညီတောင်းလို့ ကူညီပေးတဲ့ စေတနာကို ကျွန်မ မစော်ကားချင်ဘူး... ဒီတော့ အန်တီ ဘယ်လို မေးမေး ကျွန်မ,မပြောဘူး.. အဲ့ဒီအတွက် ကျွန်မကို ကြိုက်တဲ့နေရာကနေ ခေါ်တွေ့စစ်ဆေးလဲ ကျွန်မ ဂရုမစိုက်ဘူး..."

"မင်းတော်တော်ရိုင်းစိုင်းတဲ့ မိန်းမပဲ... မင်းအကျင့်ထ ဒီလိုပဲလား ယောကျ်ားတကာကို မြူဆွယ်ပြီး မင်းလိုရာ





ခိုင်းဖို့ အရန်သင့်ထားတတ်တာပဲလား.. ။ အေး... အဲ့ဒီထဲမှာ ငါ့သားတော့ အပါမခံနိုင်ဘူးဟေ့..."

"ကျွန်မကို သားသမီးချင်းကိုယ်ချင်းစာပါ အန်တီ... အဲ့ဒီလောက် မှိုချိုးမျှစ်ချိုး ပြောတာတော့ မကောင်းပါဘူး.. ကျွန်မ အလကားနေရင်း ကိုယ့်မိခင်အရွယ် မိန်းမတစ်ယောက်ကို အမုန်းမပွားပါရစေနဲ့ အန်တီ့စကားတွေ ဒီနေရာမှာတင် ရပ်တန့်ကရပ်ရင် ကောင်းမယ်..."

"ကိုယ့်ကိုကိုယ် သိပ်အထင်ကြီးမနေနဲ့ ငါ့သားက စိတ်ဝင်စားတာ ခံရတယ်ဆိုပြီး အပိုင်ဖမ်းဖို့လဲ မကြိုးစားနဲ့ ဒေါင်းမြကြည် မင်းဟာ ငါ့ချွေးမအဖြစ် ဘယ်တော့မှနေရာ မရစေရဘူးမှတ်.. ငါ့သားမှာ မင်းထက်အစစအရာရာသာတဲ့ ဇနီးလောင်းက အဆင်သင့်ရှိပြီသား၊ ငါ့သားက ရည်းစားရှုပ်ရှုပ်ပွေပွေထားတတ်လို့ သူ့ရည်းစားတွေထဲက ရည်းစားတစ်ယောက်အဖြစ်သာ မင်းကိုရည်ရွယ်တာ... သူဟာ ဘယ်တော့မှ မင်းလိုမိန်းမမျိုးကို ဇနီးမယားနေရာပေးမှာ မဟုတ်ဘူး... အခုမင်းဒီလို ပေါ်ပြူလာဖြစ်အောင် ဖန်တီးလိုက်တဲ့အတွက် သူ့ဒဏ်ရာအနာတရဖြစ်သွားလို့ မင်းကို စိတ်ထဲမှာ ကျေချင်မှကျေမှာ.. အဲ့ဒီအတွက် သူ့ဘက်က ဆိုးဆိုးရွားရွား တုံ့ပြန်လာရင် မင်းပဲ နစ်နာမှာနော်... အဲဒါ ကြိုတင်သတိပေးထားတယ်.. ဒီတော့ ငါ့သား နှောင့်ယှက်တာမခံချင်ရင် မင်းအကောင်တွေ နာ[illegible]ပြော



www.burmeseclassic.com

မပြောခဲ့ရင် မင်းနာမည်ပျက်လောက်တဲ့အထိ ငါ့သားက လက်စားချေလိမ့်မယ်လို့ ငါထင်နေတယ်... အေး... ငါ့သားက လက်စားမချေရင်တောင် ငါကမနေဘူး..."

ကြည့်စမ်း... ဘယ်လောက်ခံပြင်းစရာ ကောင်းလိုက်သလဲ။ ဒေါင်းမြကြည်သည် မိမိမုန်းတီးနေရသော လူတစ်ဦး၏ မိခင်ထံမှ ခြိမ်းခြောက်သော၊ နှိမ်ချသော၊ ကဲ့ရဲ့သော၊ ခနဲ့သော၊ အထင်သေးသော စကားလုံးပေါင်းများစွာနှင့် အကြည့်တို့ကြောင့် နိုင်သမိန်ထော၏ မိခင်ကိုပင် နာကြည်းခံပြင်း သွားမိတော့သည်။ ဒါဟာ အမိက တရားခံဘယ်သူလဲ။ သူ့ကြောင့်ပဲပေါ့ နိုင်သမိန်ထောကြောင့်ပဲပေါ့။

အသားတွေ တဆတ်ဆတ်တုန်ယင်လျက် အသည်းနှလုံးထဲက တဆဘ်ဆတ်နာကျင်ကာ ပြန်ရန်တွေ့ရန် စကားလုံးတွေက လည်ချောင်းဝမှာ ဆို့ပိတ်နေတော့၏။

"အန်တီပြန်ပါ... ကျွန်မအလုပ်ချိန် မမှီတော့ပဲနေမယ်... အန်တီ့ကို ကျွန်မပေးထားတဲ့အချိန်ထက် အန်တီပိုလဲယူသေးတယ်၊ ကျွန်မကိုလဲ စော်ကားသေးတယ်..."

"မင်း... ငါ့ကို နှင်စရာမလိုဘူး... ငါပြောချင်တဲ့စကားလဲ ကုန်နေပြီ... မင်းမနှင်ခင် ငါကပြန်မလို့ပါ... အေး... အခုတော့ မင်းကဦးသွားပြီပေါ့... တစ်ခုသတိပေးခဲ့မယ် ငါ့သားနဲ့မင်းနည်းနည်းလေးမှ စိတ်ကူးယဉ်ပြီး တွဲဖို့တောင် မစဉ်းစားနဲ့ မင်းမွဲ နှစ်နာသွားလိမ့်မယ်ဆိုတာ သမီးကလေးကို





ကိုယ်ချင်းစာပြီး သတိပေးသွားတာနော်..."

ခနဲ့တဲ့တဲ့လေသံဖြင့် မဲ့ပြုံးများက ဒေါင်းမြကြည်၏ မာနကို များစွာ ထိခိုက်တော့သည်။ မခံချင်စိတ်က ရှိန်းကြွလာကာ ရည်ရွယ်ထားခြင်းမရှိသော စကားတို့က နှုတ်ဖျားမှ ထွက်ပေါ်လာတော့၏။

"အန်တီ့သားက ကျွန်မကို အပျော်ကြံတာလား... တကယ်စိတ်ဝင်စားလို့ ပတ်သက်သလားဆိုတာ အန်တီဘာကြောင့် ပြောနိုင်မလဲ... ကျွန်မကတော့ ဘယ်တော့မှ ရှောင်မပြေးဘူး... သူလာပတ်သက်မြဲ ပတ်သက်ရင် ကျွန်မကအခုတော့ အရင်ကလို မဟုတ်ဘူး ပြန်လက်ခံဖို့ ဆုံးဖြတ်လိုက်ပြီ... အဲဒါဘာဖြစ်လို့ ပြောင်းလဲသွားသလဲ သိလား၊ အန်တီ့စကားတွေကို နာကြည်းလို့... အန်တီ့သားကို မုန်းလို့... ကျွန်မက ပြန်ကလဲ့စားချေတာ ကျွန်မတို့ရဲ့ အားပြိုင်ပွဲမှာ ဘယ်သူနိုင်မလဲ စောင့်ကြည့်ဦးပေါ့ တစ်ခုတော့... ကျွန်မကလဲ အန်တီ့ကို သတိပေးလိုက်မယ်... အဲဒါကတော့ ကိုယ့်သားဒုက္ခမရောက်စေချင်ရင် ကိုယ့်ဘာသာ နိုင်အောင်ထိန်းဆိုတာပဲ..."

"ဒေါင်းမြကြည်ဆိုတဲ့ မိန်းမတစ်ယောက်က ဘယ်လိုမိန်းမမျိုးလဲဆိုတာ အန်တီနဲ့ အန်တီ့သား မှတ်မှတ်ရရကြီးသွားရအောင် လုပ်ပြရလိမ့်မယ်... ကျွန်မဘာသာ အေးအေးချမ်းချမ်း နေ့နေတဲ့ဘဝကို အရင်လာနှောင့်ယှက်တာ



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့သား.. ပြီးတော့အန်တီပဲ.. ကျွန်မကို အဲ့ဒီလို ရိုင်းစိုင်းတဲ့စိတ်တွေ ဝင်လာအောင် အန်တီနဲ့ အန်တီ့သား ပဲ ပြောင်းလဲပစ်လိုက်တာ..။ ကဲ.. အန်တီအပြင်ထွက်ပါ ကျွန်မအလုပ်ချိန် သိပ်နောက်ကျသွားပြီ.. အန်တီ အိမ် အပြင်မထွက်မချင်း ကျွန်မအိမ်သော့ခတ်လို့ မရတဲ့အ တွက် တဆိတ်ကျေးဇူးပြုပြီး အပြင်ထွက်ပေးပါ.. အန်တီ့ မှာ ပြောစရာတွေ ကျန်သေးရင် နောက်တစ်နေ့ မနက် စောစောထလာပြီး လာပြောနိုင်ပါတယ်။ အင်း.. သိပ် ပျော်စရာကောင်းတာပဲ.. ကျွန်မ တစ်ခါမှ ဘယ်သူနဲ့မှလဲ ခွန်းကြီးခွန်းငယ် စကားမများဖူးဘူး.. သူတပါး စိတ်ဆိုး ဒေါသထွက်သွားအောင်လဲ နစ်နစ်နာနာ မပြောဖူးဘူး.. ရိုင်းစိုင်းတဲ့စကားတွေလဲ မသုံးနှုန်းဖူးဘူး.. အခုတော့ အန်တီနေ့တိုင်း ကျွန်မကို လာရန်ဖြစ်နေမယ်ဆိုရင် ကျွန်မ အတွက် အတွေ့အကြုံသစ်တစ်ခုအနေနဲ့ အင်မတန် ပျော်ဖို့ကောင်းမှာပဲနော်.. ကျွန်မဘဝက နေ့စဉ်ရိုးရိုး အဖြစ် အပျက်တွေနဲ့ ဖြတ်သန်းနေကျကို အန်တီက ပြောင်းလဲ ပေးပြန်ပြီ။ အန်တီ့သားနဲ့ အန်တီကတော့ ကျွန်မအတွက် ကျွန်မလိုက်ပ်ရိုးရိုး ခပ်အေးအေးမိန်းမရဲ့ စရိုက်တွေကို ပြောင်းလဲပေးနိုင်တဲ့ လူထူးလူဆန်းတွေပဲသိလား အန်တီ.. ဟင်း ဟင်း.."

တောက်ခတ်သံ တစ်ချက်က သူမ၏ စကားသံများ အဆုံး၌ နောက်ဆက်တွဲ ကြားရသော အသံပဲဖြစ်လေသည်။



ဒေါ်ငြိမ်းမြကြည်၏ရှေ့မှ ထိုအမျိုးသမီးကြီးက ဖြတ်ကျော်၍ အခန်း ဝသို့ ခြေထောက်ဆောင့်လျက် ခပ်သွက်သွက်လှမ်းသွားတော့ ၏။ အဲဒါပဲပေါ့ ကွာခြားမှုဆိုတာ။ အဆင့်အတန်းမြင့်တဲ့ အဆင့် အတန်းနိမ့်တဲ့ လူတွေရန်တွေ့ကြတာခြင်းအတူတူ ဒေါ်ငြိမ်းမြကြည် တို့လို လူတွေက လူတစ်ဘက်သားနာအောင် ဘယ်လိုပြောရမလဲ ဆိုတာ ပိုတတ်ပြီးသား သူတို့လို အထက်တန်းစားတွေ ရိုင်းပျတဲ့ စကားနဲ့ ရန်တွေ့တယ်ဆိုတာ ဒေါ်ငြိမ်းမြကြည်ရဲ့ ပတ်ဝန်းကျင်က လူတွေ အိပ်နေသလောက်ပဲရှိတယ်ဆိုတာ သူမ,မသိရှာသေး။

"မင်းအိမ်ရိပ်ကို ငါနင်းတာဒီတစ်ခါနောက်ဆုံးပဲပေါ့.. နောက်ဆို ကိုယ့်ကိုစော်ကားမဲ့အိမ်ကို လာမဲ့ကိုယ့်ခြေ ထောက်တွေကို ကိုယ်ဖြတ်ပစ်မယ်.."

သူမ ထိုသို့တစ်ချက် ကြိမ်းဝါးလိုက်သေး။ ဒေါ်ငြိမ်းမြ ကြည်က သူမ၏ အနိုင်စကားတို့အတွက် ကျေနပ်လျက် ကျန်ရစ် ရသည်။ သို့သော် နိုင်သမိန်ထော၏မိခင်မှာ သူမကြိမ်းဝါးသကဲ့ သို့ ဒီအိမ်ရိပ်နင်းတာ ဒီတစ်ခါနောက်ဆုံး ဖြစ်ရမယ်ဆိုသော စကားပြောခဲ့ခြင်းမှာ မှားယွင်းသွားခဲ့ကြောင်း အဲ့ဒီအချိန်က မသိ လိုက်ရှာချေ။ ထိုနည်းအတူပင် ဒေါ်ငြိမ်းမြကြည်လဲ မသိခဲ့ရှာပါ။

ဒေါ်ငြိမ်းမြကြည်၏ အိမ်ရိပ်ကို နိုင်သမိန်ထော၏ မိခင်ဒုတိယအကြိမ် နင်းဖြစ်အောင် ဖန်တီးစေသော အဖြစ်အပျက် များက မျှားမကြာမီမှာပင် ဖြစ်ပွားလာခဲ့သောကြောင့်ပင်။

----- ◎ -----

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရသော နှစ်ပတ်အချိန်အတွင်းမှာ လွမ်းရသော အလွမ်းတို့ကိုစုလျှက် ကိုယ်သူမကို မလှမ်းမကမ်းမှ အကြာကြီး ငေးနေမိပါသည်။ အလုပ်ဆင်းချိန်နား နီးနေ၍ထင့်။ သူမရော နံဘေးကောင်တာက သီတာခင်နှင့် တင့်တင့်ပါ စာရင်းစာအုပ်ကိုယ်စီဖြင့် သုံးယောက်ခေါင်းချင်းဆိုင် တွက်ချက်နေကြတာ တွေ့ရသည်။

မင်းဘဝက ဘာလို့ဒီလောက် ကိုယ်နဲ့အဆင့်တွေကွာနေရသလဲ။ မင်းနဲ့သာ ဒီ့ထက်အဆင့်အတန်း မြင့်မားမယ်ဆိုရင် မေမေလဲ ဒီလောက် ဆတ်ဆတ်ခါနေမှာ မဟုတ်။ ရုပ်လှတာ၊ မလှတာ မဆိုင်ဘူး မေမေက ကိုယ်သဘောကျရင် ပြီးတော့ အဆင့်အတန်းတူရင် သဘောတူမှာ မေမေမျိုးပါ။ မင်း မလှပေမဲ့ ကိုယ်မင်းကို ချစ်တယ်... မြတ်နိုးတယ်... ပိုင်ဆိုင်ချင်တယ်... အဲဒါ ဘာဖြစ်သလဲ နိုင်ရဲနဲ့ တင်အောင်သန်းတို့ကြိုက်သလောက် အုံ့ဩကြစမ်း။

"လုပ်ပြန်ပြီ... မမှတ်သေးဘူး၊ သွားဦးမလို့လားကွာ... ဒီတစ်ခါဆိုရင် မင်းကိုကြံတောတန်းပို့ရမယ် ထင်တယ်..."

... ဟု တင်အောင်သန်းက ကိုယ်ဒီကိုလာမယ်ဆိုတာသိလျှင် ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလေသည်။

"မရှူးစမ်းပါနဲ့ကွာ... တစ်ခါခံရတာလဲ မမှတ်သေးဘူး-- ဒီတစ်ခါဆို ဒဂုံကုန်တိုက်က သန့်ရှင်းရေး အလုပ်သမားတွေ ဝိုင်းရိုက်တာ ခံရလိမ့်မယ် သမိန်ထောရဲ့..."





"မဟုတ်ဘူး မှတ်သန်း... ငါသူ့ကိုလွမ်းမြဲ နေလို့တောင် မရဘူး သွားကြည့်ချင်တာပါ... မနှောင့်ယှက်ချင်ပါဘူး နောက်ပြီး မေမေသွားဆဲတာကိုလဲ တောင်းပန်ချင်တယ် ပြီးတော့ ငါ့အခြေအနေတွေလဲ ပြောပြချင်တယ် သူ့ကို ပြောလိုက်ရရင် ငါ့ရင်တွေ မွန်းကျပ်မနေတော့ဘူး ထင်တာပဲ..."

တင်အောင်သန်းက ငြိမ်သွား၏။ နိုင်ရဲပြောသော တစ်ခွန်းကိုတော့ ကိုယ်စိတ်ထဲခိုက်ရသည်။

"မင်းကို ဝိုင်းရိုက်အောင်လုပ်လို့ ဒေါ်မြကြည်ကို မင်းတမင်ကလဲ့စားချေတာတော့ မဟုတ်ပါဘူးနော်..."

ဟူသော စကားတည်း။ ကိုယ် မရည်ရွယ်ပါဘူး မင်းကို ကိုယ်ဘယ်တော့မှ ကလဲ့စားချေမှာ မဟုတ်ဘူး။ မင်းကို ကိုယ်နားကြည်းလို့ မရတာကိုက ကိုယ့်ရဲ့အားနည်းချက် တစ်ခုပါပဲ ဒေါ်မြကြည်။

သူသည် ဒီကိုမလာခင် သူငယ်ချင်းတွေနှင့် ပြောခဲ့သော စကားများကို ကြားယောင်ရင်း သူမ၏ရယ်ရယ် ပြုံးပြုံး မျက်နှာကလေးကို ငေးကောင်းကောင်းနှင့် ငေးနေမိပါသည်။ အဲဒီအခိုက်မှာ သီတာခင်ဟု သူသိပြီးဖြစ်သော အမျိုးသမီးက ရုတ်တရက် မော့လိုက်ချိန်မှာ သူ့ကိုမြင်သွားခဲ့၏။ ဒေါ်မြကြည်ကို တစ်စုံတစ်ခု လှမ်းပြောသောအခါ ကိုယ့်ကိုများ လှမ်းကြည့်မလားဟု ကိုယ်ရင်ခုန်စွာ မျှော်လင့်မိလေသည်။ သို့သော် သူမက



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်နိုင်သူပဲဖြစ်၏။ တစ်စက်မျှ မော့မကြည့် သီတာခင်နှင့် တင့်တင့်ကသာလျှင် သူ့ကိုလှမ်း၍ ပြုံးပြဖော် ရသည်။ ဟာ ဘာဖြစ်သလဲကွာ သူမဟာ ကိုယ့်ကိုအဆုံးစွန် အရှက်ကွဲအနာတရ ဖြစ်အောင် ရက်စက်ပြီးပြီပဲ ဒီတစ်ခါ ရက်စက်လဲခံမယ် သူမအနားကို သွားကိုသွားရမှာပဲ။ အဲဒါကိုယ့်ရဲ့ ပြင်းပြတဲ့ဆန္ဒ။

"ဒေါင်းမြကြည်.. အလုပ်ဘယ်အချိန် ဆင်းတော့မလဲဟင်.., ကျွန်တော် ဒေါင်းမြကြည်ကို စကားနည်းနည်း ပြောချင်လို့..."

ကိုယ်သည် အရဲစွန့်၍ သူမကို တိုက်ရိုက်မေးမိ၏။ သူမက ထင်သည့်အတိုင်း မဖြေပေ။ မနေနိုင်သော သီတာခင်နှင့် တင့်တင့်တို့က အားနာသော အပြုံးများဖြင့်...

"နောက်... ဆယ်မိနစ်လောက်ဆို ဆင်းရတော့မှာပါ.. အခုတောင် စာရင်းတွေအကုန်ထည့်ပြီးနေပြီ.. အဝတ်လဲပြီးမှ ဒေါင်းမြကြည်က ပြန်တတ်တယ်..."

"ဟုတ်ကဲ့.. မသီတာခင်... အဲဒါ ကျွန်တော်သိပါတယ်.. ကျွန်တော် အပြင်ကစောင့်နေမယ်နော်.. ဒေါင်းမြကြည်"

"ဟဲ့... နည်းနည်း ဖြေလိုက်ပါဟယ်... ဒေါင်းမြကလဲ... အားနာစရာကြီး..."

တင့်တင့်က အတင်းဆွဲဆိတ်၍ တိုက်တွန်းတော့မှသာ သူမ၏ နှုတ်ဖျားမှ အဖြေမဟုတ်သော ခေါင်းတစ်ချက်ညိတ်မှုအဖြေကို ကိုယ်... ဘယ်လောက် ကျေနပ်သွားရသလဲ...





မင်းသိနိုင်မယ် မထင်ပါဘူး... ဒေါင်းမြကြည်။

ဒီနေ့တော့ ကိုယ်... သူမကို ကိုယ့်အကြောင်းတွေ အကုန်ပြောပြမှ ဖြစ်တော့မည်။ မေမေနဲ့ လူစီတို့က ကိုယ့်ကို သူမနဲ့ ဝေးအောင်လုပ်ကြမှာကိုတော့ ကိုယ်လက်မခံနိုင်ပါ။ သူမကို ပြတ်ပြတ်သားသား တင်ပြခွေးနွေးမည်။ ကိုယ် မျှော်လင့်ပါရစေ... ကိုယ့်အပေါ် မင်းဆီကပေးမဲ့ ကြင်နာခြင်းဖြစ်ဖြစ်၊ ဂရုဏာတစ်ခုခုကိုဖြစ်ဖြစ် မင်းရက်စက်ထားသမျှ တွေကိုအားနာလို့ပဲဖြစ်ဖြစ် ဆက်ဆံတဲ့အမှုအရာ ပြေပြေပြစ်ပြစ် တွေကိုလေ။

သူမ၏ ယူနီဖောင်းကို လဲလှယ်ဝတ်ဆင်ပြီး၍ ကုန်တိုက်အပြင် ထွက်လာသော ဒေါင်းမြကြည်တို့ ကိုယ်အကြာကြီးငေးမိပြန်ပြီ။ သနပ်ခါးမှုန့်တို့ ပျက်ပြယ်စ မျက်နှာပြောင်ပြောင်ကလေးကို ကိုယ်ဘယ်လောက် စွဲလမ်းရသလဲ.. မင်းကို ပြောခွင့်များရရင်...

"ကျွန်တော့်ကို အချိန်နည်းနည်းပေးနိုင်မလား... ကျွန်တော် စကားပြောချင်လို့..."

"မပေးနိုင်ဘူး... ရှင်ပြောမဲ့ စကားတိုလဲ ကျွန်မ နားမထောင်နိုင်ဘူး ဘာဖြစ်လို့လဲဆိုတော့ ရှင်နဲ့ကျွန်မကြားမှာ ဘာများ ပတ်သက်နေလို့လဲ ကိုနိုင်သမိန်ထောရဲ့... ရှင်ပြောမှာဘာလဲ.. ရှင့်အမေ လာပြောဆိုတာကို တောင်းပန်ချင်တာလား.. ရတယ် မတောင်းပန်နဲ့ ကျွန်မကိုကဲ့ရဲ့ပေးနေကြတဲ့ လူတွေအကုန်လုံးကို အခုတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းနဲ့မှ ခွင့်မလွှတ်နိုင်တော့လောက်အောင် မုန်းနေပြီ... ဒီတော့ ဘယ်သူတောင်းပန်တာကိုမှ ကျွန်မ နားမထောင်ပေးနိုင်ဘူး..."

ထိုစကားဖြင့် တုံ့ပြန်လျှက် ဆတ်ကနဲ ကိုယ့်ရှေ့မှ လှည့်ထွက်သွားသောအခါ ကမန်းကတန်းပင် နောက်မှပြေးလိုက်ရလေသည်။

"လိုက်လာပြန်ပြီလား... ဒီတစ်ခါ ရှင့်ကိုကျွန်မကိုယ်တိုင် ထိုးနဲ့ရိုက်မှာ... ဒါမှမဟုတ်လဲ ကားလမ်းမပေါ် တွန်းချမှာ..."

"ကြိုက်သလောက် ရက်စက်စမ်း ရတယ်.. ကျွန်တော် ဒုက္ခရောက်တာကို ဒေါင်းမြကြည်က ဇိမ်ရှိရှိ ငေးကြည့်ချင်တယ် မဟုတ်လား။ မကြာခင်လဲ ကျွန်တော် ဒုက္ခရောက်တော့မယ်ဆိုတာ လာပြောတာ..."

သူမများ တုန်လှုပ်သွားလေမလားလို့ ကိုယ်မျှော်လင့်လိုက်ရတာ။ သူမထံမှ လှောင်ပြုံးကိုသာ ကိုယ်ရရှိလေသည်။ ဘာဖြစ်သလဲကွာ... ကိုယ်မကြာခင်မှာ ဘယ်လိုဒုက္ခတွေ ရင်ဆိုင်ရတော့မလဲဆိုတာ သူမသိကို သိထားမှဖြစ်မယ်။ ဘတ်(စ်)ကားမှတ်တိုင်မှာ လူတွေ[illegible]တစ်ပင်ရှိနေတာကို ကိုယ်ကျေနပ်သွားသည်။ ဒေါင်းမြကြည် ဘတ်(စ်)ကား မရမချင်း ကိုယ်ပြောချင်တာ ပြောခွင့်ရမည်ဖြစ်၍တည်း။ ဒေါင်းမြကြည်ကတော့ ဘတ်(စ်)ကားတွေကြပ်လို့ စိတ်ညစ်ရှာတော့မှာ ကိုယ်ဒီတစ်ခါတော့ မင်း





ထက် ကိုယ့်ကိုကိုယ်သနားလိုက်ပြီ။ ဒါကြောင့် မင်းဘတ်(စ်)ကား မရပါစေနဲ့လို့ ကိုယ်ဆုတောင်းရဦးမည်။ သူမနံဘေးတွေ တမင် ကပ်သပ်ရပ်လျှက် ကိုယ့်ဒုက္ခများကို စတင်တင်ပြမိသည်။

"ကျွန်တော်... ဒေါင်းမြကြည်ကို ချစ်နေတာ ဒေါင်းမြကြည် သိပါတယ်နော်... တော်တော့်ကို ကြာသွားပြီဗျ... ကျွန်တော်တို့ စတွေ့ကတည်းကဆိုရင် ခြောက်လတောင် ရှိပြီ... ကျွန်တော်လဲ ပြဿနာပေါင်းများစွာနဲ့ ရင်ဆိုင်ဖူးပြီးပြီ... ပိုဆိုးတဲ့ ပြဿနာက ကျွန်တော်က Final Part II တက်နေတော့ အခုဆိုရင် Bloc Posting ဝင်ပြီးလို့ နှစ်လရှိပြီ... ကျွန်တော်က SURGERY Posting ဆင်းနေရတာ... သုံးလတစ်ခါ Posting ပြောင်းသလို စာမေးပွဲလဲ ဖြေရတယ်ဗျ... စာမေးပွဲကလဲ သေရေးရှင်ရေးတမျှ အရေးကြီးချိန်မှာ ကျွန်တော်ခုထိ စာမေးပွဲအတွက် ဘာစာမှ မဖတ်ရသေးတဲ့ ပြဿနာလဲ ရှိတယ်။ ဘာကြောင့် စာမဖတ်ဖြစ်သလဲဆိုတာ ဒေါင်းမြကြည် သိနေမှာပါ... အဲ့ဒီလို စာမေးပွဲက အရေးကြီးရက် စာမဖတ်ဖြစ်တဲ့ ပြဿနာထက် အဆတစ်ရာပိုဆိုးရွားတဲ့ပြဿနာတစ်ခုကို အခု ကျွန်တော် ထပ်ရင်ဆိုင်နေရပြီ ဘာပြဿနာလဲ သိလား... မေမေက ကျွန်တော့်ကို လူစီနဲ့ ချက်ချင်းပဲ လက်ထပ်ပေးတော့မဲ့ ပြဿနာလေ... လောလောဆယ် လက်မှတ်ထိုးပြီး လက်ထပ်ရမတဲ့... ကျွန်တော် Posting

www.burmeseclassic.com



စာမေးပွဲပြီးမှ ဟိုတယ်လ်ကြီးတစ်ခုခုမှာ လက်ထပ်ပွဲကျင်းပပေးမတဲ့.. အဲ့ဒီပြဿနာက ကျွန်တော့်အတွက် စားမေးပွဲကျမှာ သေချာနေတဲ့ ပြဿနာထက် ပိုဆိုးတယ်ဗျ.."

"ရှင့်ပြဿနာတွေ ကျွန်မနဲ့မဆိုင်ဘူး ထင်တယ်.. ကျွန်မက ကျွန်မဘဝသက်သက်.. ရှင်က ရှင့်ဘဝသက်သက်ပဲ.. ကျွန်မတို့က ရန်သူလဲမဟုတ်ဘူး.. မိတ်ဆွေလဲမဟုတ်ဘူး ကျွန်မစိတ်ထဲမှာ ရှင့်ကိုမြူမှုန်တစ်မှုန်လောက်တောင် အတင်မခံခဲ့ဘူးဆိုတာကို မြဲမြဲမှတ်ထားဦး.."

"ကျွန်တော့်ကို ဒေါင်းမြကြည်အလိုလို မုန်းနေတာဟာလဲ ကျွန်တော့်အကြောင်းတွေကို စိတ်ထဲမှာ မြူမှုန်တစ်မှုန်လို ထည့်ထားတဲ့ သဘောပဲ မဟုတ်လား.. ဒေါင်းမြကြည်၊ အဲဒါကိုလဲ ကျွန်တော် ကျေနပ်တယ်ဗျာ ဘာဖြစ်သလဲ.."

ရှုပ်ါ.. ဟု ဒေါင်းမြကြည်က တစ်ချက်တွေးမိလျှတ်လျှစ်တန် ပြုံးမိတော့မလို၊ သူက သူ့မျက်နှာကို အရိပ်လို ကြည့်နေပါလားဟူသော အသိဖြင့် နှုတ်ခမ်းတို့ မသိမသာကိုက်ကာ ဆံပင်ဖြင့် ကွယ်၍ခေါင်းငုံ့ချလိုက်ရလေသည်၊ အံ့ဩပါရဲ့ သူ့အပေါ် အဆုံးစွန်အရှက်ခွဲခဲ့ပြီးတာကိုလဲ မမှတ်သေးသတဲ့ အဲဒါထားတော့ သူ့ဘာသာသူ ချစ်သူနဲ့ လက်ထပ်မှာလဲ သူမကို မခံချိမခံသာဖြစ်အောင် တမင်ပဲ လာအသိပေးနေသလား၊ အို ဒီထဘာမှ မတုန်လှုပ်သေးတော့၊





"ကျွန်တော် လူစိုကို မချစ်ဘူး.. သူ့ကို လက်မထပ်နိုင်ဘူး.. ဘာဖြစ်လို့လဲသိလား.. ဒီလောကမှာ ကျွန်တော် အချစ်ဆုံး မိန်းကလေးတစ်ယောက်ထဲ.. ကျွန်တော် လက်ထပ်မဲ့ မိန်းကလေးကလဲ တစ်ယောက်ထဲ.. သူက ဒေါင်းမြကြည်ပဲ၊ ဒေါင်းမြကြည် ကျွန်တော့်ကို နည်းနည်းလေးမှ မစဉ်းစားပေးနိုင်ဘူးလား.."

"ရှင့်ကို ကျွန်မက ဘဝအဆက်ဆက် မုန်းနေမှာ အမှန်ပဲ"

"ဘာဖြစ်လို့လဲ... ဘာဖြစ်လို့လဲ.. အဲဒါ ကျွန်တော် တွေးမရဘူး.. ကျွန်တော့်ကို ဘာဖြစ်လို့ အလိုလို မုန်းနေရသလဲ.. ကဲ.. ခင်ဗျား မုန်းချင်သလောက် မုန်းဗျာ.. ကျွန်တော်ကတော့ ချစ်နေမှာပဲ..."

"ရှင်လက်ထပ်ရမဲ့ ဇနီးလောင်းအပေါ် သစ္စာရှိသင့်ပါတယ် ကျွန်မကို အဲ့ဒီစကားတွေ လာမပြောသင့်ဘူး နေစမ်းပါဦး.. ကျွန်မနဲ့ ရှင်ဘာမှ မပတ်သက်ပဲ ကျွန်မကို ရှင်ဘာကြောင့် လာပြောနေသလဲဆိုတာ ကျွန်မ စဉ်းစားမရဘူး"

မစဉ်းစားပါနဲ့ ဒေါင်းမြကြည်၊ မင်းစဉ်းစားစရာမလိုပါဘူး၊ ကိုယ်က မင်းရင်ထဲမှာ တစ်ခုခု ကျန်ခဲ့စေချင်လို့ ဒီလိုစကားတွေ ပြောပြနေရတာပေါ့ဟု သူ့စိတ်ထဲမှာ တုံ့ပြန်လိုက်ပြီးမှ...

"သိစေချင်လို့ပေါ့.. မင်းသိစေချင်လို့ပေါ့ ဒေါင်းမြကြည်.. ကျွန်တော့်ဘက်မှာ ဘယ်လိုအခြေအနေတွေ ဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဘာပေ့ လုပ်တော့မယ်ဆိုတာ ဒေါင်းမြကြည်သိကို သိထားမှ ဖြစ်မယ်... ကျွန်တော့်ရင်ထဲမှာ ဒေါင်းမြကြည် တစ်ယောက်ထဲကိုပဲ သိပ်သိစေချင်တယ်..."

ဘတ်(စ်)ကားတစ်စီးကို ခပ်ပျပျ လှမ်းမြင်နေရပြီး ဒီကားက ဒေါင်းမြကြည်တက်လို့ရအောင် အတော်လေး ချောင်ချောင်ချိချိ ရှိလှ၍ ကိုယ်ပြောရမယ့် စကားတွေ မပြောလိုက်ရမှာ စိုးရိမ်ကာ ကိုယ့်ရင်တွေ ပူလာရပြီ။ မဖြစ်ဘူး မြန်မြန်ပြောမှပါ။

"ဒေါင်းမြကြည်... မင်းကို ကျွန်တော်ချစ်တဲ့အတွက် လူစိနဲ့ လက်ထပ်ရမဲ့ကိစ္စကို ကျွန်တော် မေမေနဲ့ အတိုက်အခံလုပ်ပြီး ငြင်းရလိမ့်မယ်.. မေမေကတော့ သူ့အကြံအစည်ကို ဘယ်တော့မှ ဖျက်မှာမဟုတ်ဘူး။ မဖြစ်... ဖြစ်အောင်သူ အကောင်အထည်ဖေါ်မှာပဲ... ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲဆိုရင် မေမေမသိနိုင်တဲ့နေရာတစ်ခုကို ကျွန်တော်သွားနေမှ ဖြစ်တော့မယ်... မေမေက သူ့အိမ်ပေါ်ကနေ ကျွန်တော်အတိအလင်း ကြေညာပြီး ဆင်းခွင့်လဲပေးမှာ မဟုတ်ဘူး... ဒီတော့ ကျွန်တော်မသိမသာ မေမေ့ကို အသိမပေးပဲ ထွက်ပြေးရမှာဗျ... အဲ့ဒီအတွက် ကျွန်တော့်မှာ ဘယ်လိုဒုက္ခတွေ တသီကြီးရင်ဆိုင်ရမလဲ ဆိုတာ ဒေါင်းမြကြည်တွေးသာကြည့်တော့... စာမေးပွဲကာလ ဒီရေးကြီးနေတဲ့အချိန်မှာ မိဘ အိမ်ကနေထွက်ပြေးပြီး တခြားတစ်နေရာမှာလဲ သွားနေရဦးမယ်... ၊ ကျွန်တော့်ကို တစ်စက်ကလေးမှ မချစ်နိုင်ပါဘူးလို့ ဆိုထားတဲ့ မိန်းမတစ်ယောက်ကို မျှော်လင့်ချက်မဲ့မှန်းသိရက် အရှုံးအမူး မျှော်လင့်နေမိဦးမယ်.. မိဘအရိပ်အောက်က ထွက်လာတဲ့အတွက် ကျွန်တော့်ဘဝ ကျွန်တော် ကြိုးစားရပ်တည်ရမှာလဲ ဘယ်နှစ်နှစ် ဘယ်နှစ်ကာလမှန်းမသိ.. ဒေါင်းမြကြည်ကလဲ ကျွန်တော့်ကို ဘယ်တော့များမှ လက်ခံနိုင်မှာလဲ မသိ.. မိဘတွေကလဲ အချိန်သိပ်ကြာလာရင် ဒေါသဖြစ်ဖြစ်နဲ့ စွန့်ပစ်မှာကိုလဲ ခံရဖို့ကသေချာနဲ့.. ကဲ.. ကျွန်တော်မှာ ဘယ်လောက်ဒုက္ခတွေ တသီကြီးရှိလိုက်သလဲ.. ဒါပေမဲ့ ကျွန်တော်ဒုက္ခတွေကို မမှုဘူး.. ကျွန်တော် ရင်ဆိုင်ရဲတယ် ကျွန်တော်မချစ်တဲ့ မိန်းမတစ်ယောက်ကို လက်မထပ်ချင်ပဲ ကျွန်တော်ချစ်တဲ့ မိန်းမဆီက လက်ထပ်ခွင့်ကို လိုချင်လို့ ဒီလိုဒုက္ခတွေတွေ့ရတာ ကျွန်တော် ကျေနပ်တယ်.. အဲဒါ ဘယ်ဘဝက ဝဋ်ကြွေးလဲ မသိဘူးဗျ... အံ့ဩစရာကောင်းသား..."

အဲဒါ... ဟိုးအရင်ဘဝက 'ဒေါင်းမ' ဆိုတဲ့ ကျွန်မက ခုနိုင်သမိန်ထော ဖြစ်နေတဲ့ 'မောင်မောင်ကြီး' ဆိုတဲ့ ရှင့်ကို ...န်ခဲ့တဲ့ ကျိန်စာတွေပဲပေါ့... ရှင်မှ မသိသေးတာ။

ဟိုး အရင်ဘဝက ရှင့်ကို အရှုံးပေးလိုက်ရပေမဲ့ ...ဝမှာ ဒီလိုနိုင်ခွင့်တွေ တစ်ဘက်သတ်ရနေတာကို ဘယ်ပြော

www.burmeseclassic.com



ရမလဲရှင် သိပ်ကိုကျေနပ်နေသည့်ကွယ်။ ကျိန်စာဆိုတာကြီးကို အယုံအကြည် သိပ်ထားတာ မဟုတ်ပေမဲ့ ဒေါင်းမြကြည်ဟာ သူ့ကို ဤသို့အနိုင်ရခြင်းကို ခုံမင်သည်။ သူ့ကို တစ်စက်လေးမှလဲ သနားလို့မရတာ ခက်သား။ သူ့ဘာဖြစ်လို့ သူ့မအပေါ် အသည်းအသန် ချစ်သလဲဆိုတာလဲ စိတ်ကူးယဉ်ကြည်နူးကြည့်လို့ကို မရ။ ရှင်းရှင်း ပြောရရင် နိုင်သမိန်ထောနဲ့ ပတ်သက်၍ ဒေါင်းမြကြည်ရဲ့ ခံစားချက်က ဗလာသက်သက် တစ်ခုပဲပိုတယ်။ သူ့ကို မုန်းနေတဲ့ ခံစားချက်တစ်ခုပဲ... အဲဒါပဲ ထင်ထင်ရှားရှား ခံစားလို့ရပြီး ဒီ့ထက်ပိုလဲ ခံစားကြည့်လို့မရ။ ဘေးအမြင် အုံ့ဩရလောက်အောင် ထိုသူ့ အသည်းအသန် ချစ်မြတ်နိုးတာကို ခံယူခွင့်ရသော မိန်းမတစ်ယောက်ဘဝကိုတောင် ဂုဏ်ယူကြည့်လို့မရ။

ဘတ်(စ်)ကားပေါ် တက်ပြီးနောက် မှတ်တိုင်မှာ ရပ်ကြည့်ကျန်ရစ်နေသော နိုင်သမိန့်ထောကို တစ်ချက်မျှသာ လှည့်ကြည့်မိပါသည်။ ဒီလူဟာ 'အချစ်' ဆိုသော စိတ်ခံစားချက် တစ်ခုတည်းနဲ့ သူ့ဘဝသူ နှစ်မြှုပ်တော့မှာပါလား။ ဟင့်အင်း။ သူ့ကိုသူမ ဘယ်လိုအကြံဉာဏ်မျိုးမှ မပေးမိစေရ။ သူ့ဘဝသူ ဖန်တီးတာ သူ့မအနေသာကြီးပါ။ ဒီကိစ္စဟာ ကြာရင်သူ့အလိုလိုကို အဆင်ပြေသွားမှာ။ သိပ်ကြာရင်ပေါ့။

သူမထံမှ မပြောင်းမလဲသော အခြေအနေတွေကြောင့် ကြာရင်ဒီလူဟာ သူရင်ဆိုင်ရမဲ့ ဒုက္ခတွေကို ဒဏ်ခံနိုင်မယ် မထင်ဘူး။ နောက်ဆုံးတော့ သူဟာ သူ့လမ်းသူ ပြန်လျှောက်ရမှာပဲ





ဒေါင်းမြကြည် ဆိုတဲ့မိန်းမဟာလဲ နေမြဲအတိုင်း ရှိနေတော့မှာပဲ။ အဲဒါ သိပ်သေချာတယ်။

သို့သော် ဒေါင်းမြကြည် တွေးထင်ထားခဲ့သော အခြေအနေမျိုးက ဖြစ်မလာခဲ့ပေ။ ထိုသို့ ဖြစ်မလာခဲ့ပဲ မမျှော်လင့်သော သူမ၏ ဆုံးဖြတ်ချက်များကြောင့်ပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်များ ဖြစ်ပေါ် လာစေခဲ့ခြင်းမှာ သူမ၏အရှက်သိက္ခာနှင့် ကိုယ်ကျင့်တရားတို့ကို စော်ကားခံလိုက်ရသော ကြီးမားသည့် ပြဿနာတစ်ခုကြောင့်ပင်။

ထိုပြဿနာမှာ နိုင်သမိန်ထော၏မိခင် ဒေါ်မိကွန်းလှကိုယ်တိုင် ဖန်တီးခဲ့သော ပြဿနာပဲတည်း။ နိုင်သမိန်ထော အပေါ် အလိုလိုနေရင်း မုန်းတီးသော အမုန်းတရားများထက် ပိုမို၍ ပမာဏများပြားသော အမုန်းတရားတို့ကို ဒေါင်းမြကြည်ထံမှ ဒေါ်မိကွန်းလှ ရရှိသောအခါ...

တဖန် ခံပြင်းနာကြည်းရမှုများ ဖြစ်စေအောင် ဖန်တီးခဲ့သော ဒေါ်မိကွန်းလှကို အနိုင်ရယူကာ တန်ပြန်ကလဲ့စားချေလိုသည့် ဒေါင်းမြကြည်၏ အတ္တများက ကြီးမားလာသောအခါ ဒေါင်းမြကြည်၏ဆုံးဖြတ်ချက်များ ပြောင်းလဲသွားတော့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ည

အဲ့ဒီနေ့ကရှုံးပိတ်ရက်ဖြစ်သလို ဒေါ်လေးလဲ နေမကောင်း၍ ဆိုင်မထွက်ပဲ အိမ်မှာနားသည့်ရက်ပင်ဖြစ်လေသည်။ အကျီပုံစံညှပ်ပြီးသား အစများကို ရှုံးပိတ်ရက်မှာ ရသလောက်ချုပ်ရန် စိတ်အားထက်သန်လျက် သီချင်းခပ်တိုးတိုး ဖွင့်ကာ အလုပ်ကို စိတ်ဝင်တစားလုပ်နေချိန်။ ဘဲလ်တီးခြင်းမရှိပဲ တခါးကိုတဒုန်းဒုန်း ဆက်တိုက်ထုလိုက်သံ အသံကျယ်ကျယ်က သူမကိုရော ပက်လက်ကုလားထိုင်တွင် မှိန်းနေသည့် ဒေါ်လေးကို ပါ စိတ်အနှောက်အယှက် ဖြစ်သွားစေခြင်းဖြင့် စတင်တော့တာ ဖြစ်၏။

"ဘယ်သူများပါလိမ့်... ဘဲလ်တီးရင်ရသားနဲ့ တံခါးကို ခွတ်ထုနေတယ်... ကျွန်မပါးစပ်နဲ့ တွေ့တော့မယ် ဒေါ်လေးရေ..."

"မသိလို့ဖြစ်မှာပါကွယ်... စိတ်လိုက်မာန်ပါ သွားဟောက် မနေနဲ့ဦး..."





... ဟု ဒေါ်လေးက ပြေပြေပြစ်ပြစ် ကျေအေးသွား ရှာသား။ ဒေါင်းမြကြည် ကိုယ်တိုင်ကလည်း အပြောလောက်ပဲ ကြိမ်းဝါးတာ။ တကယ့်တကယ်မှာ ဒေါင်းမြကြည်က လူတစ်ဘက် သားကို အားနာတတ်သူလဲ ဖြစ်လေသည်။

သစ်သားတံခါးနှစ်ချပ်ကို ဆွဲဖွင့်လိုက်ချိန်မှာ တွေ့ လိုက်ရသူသည် မျှော်လင့်မထားခဲ့သော ဧည့်သည်တစ်ယောက်ပင် ဖြစ်ခဲ့သည်။ သူမ,က နိုင်သမိန်ထော၏ မိခင်တည်း။

"မင်း... ငါ့ကိုမှတ်မိမှာပါ... ငါ နိုင်သမိန်ထောရဲ့ အမေ ဒေါ်မိကွန်းလှ ဆိုတာပဲ...။မင်း... တံခါးရှေ့မှ ပိတ်ရပ်မနေ ပါနဲ့... ငါ မင်းအိမ်ထဲကို ဝင်မှဖြစ်မယ်... မင်း၏ငါ့သားကို ငါ့အရိပ်ထဲက ဆွဲထုတ်ပြီး မင်းအရိပ်ထဲမှာ ခေါ်ထားတာ ကို ငါက ငြိမ်ခံမယ်များ ထင်သလား...။ ဖယ်... ငါအိမ် ထဲဝင်မယ်..."

"အန်တီ... ဘာတွေပြောနေတာလဲ... ကျွန်မတစ်ခုမှ နားမ လည်တော့ဘူး... နောက်ပြီး... တိုးတိုးသက်သာ ပြောပါ အန်တီ... ကျွန်မတို့နေတာ ဆိတ်ငြိမ်ရပ်ကွက် သီးသန့် ရပ်ကွက်မဟုတ်ပါဘူး... ပတ်ဝန်းကျင်နဲ့နေတာပါ... ပြီးတော့ ကန့်ထရိုက်တိုက်တန်း အခန်းအများကြီးတွေ ထဲက တစ်ခန်းမှာ နေတာပါ... အေးကကြားရင် ကျွန်မတို့ သိက္ခာထိခိုက်ပါတယ်..."

ဒေါ်မိကွန်းလှသည် ဘာတွေများ ဒီလေ... ဒါသ



www.burmeseclassic.com

www.burmeseclassic.com



တကြီး ဖြစ်လာသည်မသိ။ သူမ၏စကားကိုပင် ဆုံးအောင် နားမထောင်ပဲ သူမ၏ ပုခုံးကိုတိုက်ကာ အခန်းထဲသို့ ဆောင့်ဆောင့်နှင့် ဝင်သွား၏။ ပက်လက်ကုလားထိုင်ပေါ် လှဲမှီကာ ငေးကြည့်နေသော ဒေါ်လေး၏ ရှေ့တည့်တည့်၌ ရပ်ကာ..

"ဘယ်မှာလဲ.. ကျွန်မသား.."

"ရှင်.. ဘာတွေ လာမေးနေတာပါလဲ အစ်မကြီး.. ကျွန်မတို့ အိမ်မှာ ကျွန်မနဲ့ကျွန်မတူမ နှစ်ယောက်ထဲရှိပါတယ် ဘယ်သူမှလဲ မရှိပါဘူး.. အစ်မကြီးရဲ့သားက ဘယ်သူပါလဲ.."

"အို.. ဘယ်သူလဲ ဟုတ်လား မသိချင်ယောင်ဆောင်နေပြန်ပြီ.. အရှက်မရှိတဲ့ မိန်းမတွေ.. ယောကျ်ားတစ်ယောက်လုံးကို ကျုံးသွင်းပြီး အပိုင်ချုပ်ဖို့ တူမနဲ့ အတူတူ အဒေါ် ကပါကြံရာပါတယ်ပေါ့လေ.. အံ့ပါရဲ့"

ကြည့်စမ်း အသားလွတ်စော်ကားနေတာ ဘယ်လောက် ရှက်စရာကောင်းလဲ။ အော်ကျယ်အော်ကျယ်လုပ်ပြီး အိမ်ထဲဝင်လာတတည်းက မျက်နှာချင်းဆိုင်တိုက်ခန်းတွေ ဘေးခန်းတွေက နားစွင့်နေကြပြီးသားဆိုသာ ပြေးကြည့်စရာတောင် မလို။ ပြီးတော့အခန်းတံခါးလဲ ဖွင့်ထားသေးရာ ဒေါ်မိကွန်းလှ၏အသံက လေ့ကားတစ်လျှောက် ပဲ့တင်လျှက်။ တခြားသော အခန်းများဆီ အလိုလို အသံကရောက်ရှိသွားခဲ့လေပြီ။

"ဘာတွေ လာသောင်းကျန်းနေတာလဲ အန်တီ.. ကျွန်မကို





စော်ကားတာကို ကျွန်မအဲ့ဒီလောက် ဒေါသဖြစ်မှာ မဟုတ်ဘူး။ အခု.. အန်တီက ဘာမှမသိတဲ့ ကျွန်မဒေါ်လေးထိုပါ ဆွဲထည့်ပြီး သိက္ခာမချပါနဲ့.. ကျွန်မ ငိုခံမှာ မဟုတ်ဘူး"

"မင်းနဲ့ ရန်ဖြစ်ဖို့လာတာမဟုတ်ဘူး.. ငါ့သား ငါပြန်လာသိမ်းတာ.. ငါ့သားလေ.. ငါ့သား နိုင်သမိန်ဆောကို ပြောတာ.. မင်းကြောင့် ငါကစိတ်အေးရအောင် သူကိုယ်တိုင်လဲ စိတ်တိုင်းကျ ရွေးချယ်ထားခဲ့ပြီးတဲ့ လူစီနဲ့ပ အမြန်လက်ထပ်ပေးဖို့လဲ စီစဉ်ရော အကြောက်အကန် ငြင်းတော့တာပဲ.. မင်းမှမရရင် ဘယ်မိန်းမမှ မယူနိုင်ပါဘူးတွေ ဘာတွေ ဖြစ်နေတာနဲ့ ငါသံသယတော့ ရှိခဲ့သား.. ငါ့ဘက်က ချက်ချင်းအပိုင်စီစဉ်နိုင်ရင် သူဘာမှ ငြင်းလို့ရမှာ မဟုတ်တော့ဘူး၊ ရှောင်လို့ရမှာလဲ မဟုတ်ဘူး.. မင်းကလဲ သူ့ကို အခုထိ လက်မခံသေးပဲ သူဘက်ကသာ တစ်ဘက်သတ်ဖြစ်နေတယ်လို့ နိုင်ရဲနဲ့ တင်အောင်သန်းက ပြောပြတာတွေကို ငါကငါ့ဘက်က အပိုင်လို့တွက်ပြီး ဒီနေ့ မနက်ပဲ လူစီနဲ့လက်မှတ်ထိုး လက်ထပ်ပေးဖို့ စီစဉ်ထားခဲ့တယ်.. ဒါပေမဲ့ ငါ့သားဟာ မနေ့က မနက်ကတည်းက အပြင်ထွက်သွားလိုက်တာ ခုထိ ပြန်မရောက်သေးဘူး.. ငါသိလိုက်ပြီ။ မင်းဟာ ငါ့ကိုအရင်တစ်ခါက ငါနဲ့စကားများတဲ့ ကိစ္စကြောင့် အညှိုးထားပြီး ငါ့သားကို ငါ့လက်ထဲက ဆွဲလုသွားတာပဲ မဟုတ်လား.. နောက်ဆုံးတော့ဘာထူး



www.burmeseclassic.com

သေးလဲ.. မင်းဟာ ငါ့သားကိုဟန်ပန်တစ်ခွဲသားနဲ့ မကြိုက်နိုင်ပါဘူး... မယူနိုင်ပါဘူးတွေ ဘယ်လောက်လုပ်လုပ်... လက်လွှတ်ရခါနီးတော့ ကိုယ့်ဘက်မပါ,ပါအောင် ဖန်တီးတော့တာပဲ မဟုတ်လား.."

"အန်တီပြောနေတာတွေ တစ်ခုမှမဟုတ်ဘူး.. အန်တို့သားကို ကျွန်မလွန်ခဲ့တဲ့ ဆယ်ရက်ကတစ်ခါဆုံတာ နောက်ဆုံးပဲ.., ဒီရက်ပိုင်းတွေမှာ ထပ်မတွေ့ကြပါဘူး.. တလွဲထင်မနေနဲ့ဦး... ကျွန်မတို့ ချိန်းတွေ့ကြတာမဟုတ်ဘူး၊ အန်တို့သားက ကျွန်မအလုပ်သွားချိန် အလုပ်ပြန်ချိန်တွေဘေးက လိုက်စကားပြောတာရှင့်... ကျွန်မတာဝန်ကျတဲ့ကောင်တာနား မကြာခဏ ဖြတ်လျှောက် တတ်တယ် အဲ့ဒီလောက်ထိ ကျွန်မကို အောက်ကျို့တာတောင် ကျွန်မက သူ့ကို တစ်စက်မှစိတ်ဝင်စားလို့ မရခဲ့တာ အမှန်ပဲ... ကျွန်မဘက်က ဘယ်လိုအမူအရာမျိုးနဲ့မှ သူ့ကို မျက်နှာသာမပေးခဲ့ဘူး... အန်တို့သားကသာ အရှက်မရှိကျွန်မအအော်အငေါက်ခံပြီး လာလာတွေ့နေတာ.."

ထိုသို့ပြောလိုက်သောအခါ မျက်နှာကြီးရဲကနဲဖြစ်လျှက် ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်သွားသော ဒေါ်မိကွန်းလှ၏ မျက်နှာကို ဖိမ်ရှိရှိပင် မဲ့ပြုံးပြုံး၍ ငေးကြည့်ပစ်လိုက်၏။ တစ်ဆက်တည်းမှာပင် သူမအားတစ်နည်းနည်းဖြင့် စိတ်အနှောင့်အယှက်ပေးကြသော နိုင်သမိန်ထောနှင့် သူ၏မိခင်နဲ့ ဒေါင်းမြ





ကြည်အပေါ် ပတ်သက်ဆက်စပ်မှုကို ဘာဖြစ်လို့လဲဟု တွေးကြည့်ချင်သားပင်။

"အေး... ဒါပေမဲ့မင်းဘာပြောပြော ငါမယုံဘူး... အခုမင်းအိမ်မှာ ငါ့သားရှိနေတယ်လို့ ငါထင်တယ်... အခုငါ့သားကိုထုတ်ပေးမလား ထုတ်မပေးဘူးလား.."

"အန်တီ ဘယ်လိုဖြစ်နေတာလဲ.. ကျွန်မအိမ်မှာ မရှိတဲ့လူတစ်ယောက်ကို ကျွန်မဘယ်လိုလုပ်ထုတ်ပေးမလဲ... အဓိပ္ပါယ် မရှိတာတွေကို လာမစွပ်စွဲပါနဲ့ အန်တီ.. ကျွန်မဒီ့ထက်ကမ်းတက်လာရင် သည်းခံနိုင်မှာ မဟုတ်တော့ဘူး..."

"အောင်မယ်.. မင်းကများရာရာစစ မင်းသည်းမခံလည်း ငါဂရုမစိုက်ဘူး... ငါဂရုစိုက်တာက ငါ့သားငါပြန်သိမ်းဖို့ပဲ.. မင်းထုတ်မပေးရင် မင်းတို့အခန်းထဲ ဝင်ရှာရလိမ့်မယ်.."

"အို... အို... ကြည့်လည်းပြောပါဦးအန်တီရယ် ကျွန်မက သူ့ကိုအခန်းထဲထည့်ပြီး ဖွက်ထားလောက်တဲ့ အထိလဲ အောက်တန်းမကျပါဘူး... ယောကျ်ားတစ်ယောက်နဲ့ ခိုးရာလိုက်တဲ့နေရာမှာ ကိုယ့်အဒေါ် အိမ် ခေါ်လာရဲတဲ့ အထိလဲ မမိုက်ရိုင်းပါဘူး... ကျွန်မအဒေါ် ကလဲခွင့်ပြုမှာ မဟုတ်ပါဘူး... ကျွန်မတို့ရဲ့သိက္ခာကို တော်ရုံသင့်ရုံပဲ စော်ကား ပါ အန်တီ.. အန်တီအခုလို လာဝုန်းဒိုင်းကျဲတာသောင်းကျန်းတာဟာ ကျွန်မတို့ဘယ်လောက် နစ်နာသွား

www.burmeseclassic.com



ပြီလဲ ကိုယ်ချင်းစာပါဦး..."

"မင်း... မလိမ်နဲ့နော်... နောက်ပြီး မရှိတဲ့သိက္ခာတွေကို အရောင်တင်ပြမနေနဲ့ အရောင်းစာရေးမ၊ ဈေးသည်မက ဘယ်လောက်တောင်များ သိက္ခာရှိနိုင်တာ မှတ်လို့..."

"ဒီမှာအစ်မကြီး... ကိုယ့်ဘာသာ ရိုးရိုးသားသား အလုပ် လုပ်စားတာကို မထိခိုက်ပါနဲ့.. ဈေးရောင်းတာဟာ ခိုးတာ လိမ်တာမဟုတ်ဘူး.., နောက်ပြီး ကျွန်မတူမဟာ အဲဒီ လောက်အောက်တန်းကျတဲ့ မိန်းကလေးလဲ မဟုတ်ပါ ဘူး... ရှင့်သားကို ရှင်မနိုင်တိုင်း ကျွန်မတို့ကို လာမမဲပါနဲ့.. ကျွန်မ ပိုင်နက်တျူးလွန်မှုနဲ့ တရားစွဲရလိမ့်မယ်.. အစ်မကြီး ခြေချထားတဲ့ပိုင်နက်က ဘယ်သူပိုင်နက်လဲဆိုတာကိုလဲ သတိထားဦးလို့ ကျွန်မ သတိပေးချင်တယ်..."

အခန်းနီးနားဝန်းကျင်တို့က ထွက်ကြည့်နေကြ လေပြီ။ မျက်နှာချင်းဆိုင်တိုက်တွေက အခန်းဝရန်တာတွေမှာလဲ အားလုံးထွက်ကြည့်လို့.. ဟုတ်သော်ရှိ မဟုတ်သော်ရှိ သူတို့အား လုံး ထင်ယောင်ထင်မှား ဖြစ်ကြတော့မည်။

မရည်ရွယ်ပါပဲ ဟိုတစ်ခါက သူ့ကိုဝိုင်းရိုက် ဖြစ် အောင် သူမရုတ်တရက် ဖန်တီးလိုက်ခြင်းကြောင့် လူအများက အာရုံစိုက်နေကြချိန်၊ ဒေါင်းမြကြည်လို သာမန်မိန်းမကို ရုပ်ရည် ချောမောသော သူဌေးသားကလေးက ဘာလို့အသည်းအသန် သဘောကျသလဲ။ ဒေါင်းမြကြည်က ဘာလို့မကြည်ဖြူပဲ ခါးခါးသီးသီး ဖြစ်သလဲ ဆိုတာတွေ ပတ်ဝန်းကျင်မှာ ပြောစရာ





တစ်ခုဖြစ်နေချိန်။ ယခုလို အော်ကြီးဟစ်ကျယ်တွေ ဖြစ်ကြတော့ ဒါဟာတကယ်ပဲလားဟု သံသယဖြစ်ကုန်ကြတော့မည်။ ဒေါင်းမြကြည်များ တကယ်ပဲအဲဒီကောင်လေးကို ဖွက်ထား သလားလို့ အကျယ်ချဲ့ ပြောချင်ပြောကြတော့မည်။ ကြည့်စမ်း ဘယ်လောက်တောင် ရှက်စရာကောင်းတဲ့ အဖြစ်လဲ။

အေးချမ်းငြိမ်သက်လှသော သူမ၏ဘဝသည် သမိန်ထောနှင့်စတင် တွေ့ချိန်မှစ၍ ပြောင်းလဲမှုများစွာနဲ့ ကြုံတွေ့ခဲ့ရတော့တာ ဖြစ်လေသည်။

"ဩော်... ဩော်.. တရားတောင်စွဲဦးမလို့တဲ့... အေးလေး ရှင်တို့ဘက်က အနိုင်ချည်းဆိုတော့ ပြောအားရှိတာပေါ့.. ကျွန်မကတော့ ကျွန်မသားကို ရှင်တို့က ခေါ်ဆောင် ဖြားယောင်းပြီး ခေါ်ယူထားပါတယ်လို့ တရားစွဲခွင့်မှ မရှိ တာ...။ ရတယ်... ကြိုက်တဲ့ပုံစံနဲ့ တရားစွဲပါ.. ကျွန်မ ကတော့ ကျွန်မသားကို အခန်းထဲ ဝင်မရှာရရင် မကျေနပ် နိုင်ဘူး..."

ဒေါင်းမြကြည်သည် ဒီလောက်အပြောရကြပ်တာ အဖြစ်သည်းနေသော ဒေါ်မိကွန်းလှကို တမင်အရွဲ့တိုက်လျှက်..

"ဝင်ရှာခွင့် မပေးနိုင်ဘူးအန်တီ...၊ ဒါ ကျွန်မအိမ်ပါ။ အန်တီ ထင်တိုင်းကျဲခွင့် လုံးဝမပေးနိုင်ဘူး... အခုလိုလာဒုမ်း ကားတာကို ခေါင်းငုံ့ခံနေတာတောင် လွန်လှပြီ ကဲ... ထားပါတော့ အန်တီ့သားအိမ်ထဲမှာ ရှိပါပြီတဲ့.. သူက အန်တီ ဒရွတ်တိုက်ဆွဲခေါ်တိုင်း လိုက်မဲ့အရွယ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလေ.. သူကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့သူ ဆုံးဖြတ်နိုင်လို့ သူဒီလို ဖန်တီးသွားတာပဲ.. ကျွန်မနဲ့သူဟာ နှစ်ဦးသဘောတူ လက်ထပ်ပြီးပြီဆိုရင် အန့်တီဘာမှ ဝင်ဖျက်လို့ မရတော့ဘူးဆိုတာလဲ သတိထားဦး၊ သူ့ကို ကျွန်မက ပိုင်သွားပြီ... အန့်တီမပိုင်တော့ဘူး... နောက်ပြီး အန့်တီ သိပ်သဘောတူနေတဲ့ လူစီဟာလဲ ဒုတိယမယားဖြစ်သွားနိုင်သေးတယ်..."

ဒေါ်လေးက ဒေါ်ခင်မြကြည်၏ လက်ကိုအတင်းဆွဲ၍ ပါးစပ်ကိုလက်ဖြင့် အတင်းပိတ်ရင်း...

"ဟဲ့... သမီး မဟုတ်တာတွေကွယ်.. လူကြားမကောင်းအောင် လျှောက်ရန်တွေ့မနေပါနဲ့.. ကိုယ်ပဲနစ်နာတယ်"

"အခုရော.. ဘယ်လောက်နစ်နာသွားပြီ မှတ်သလဲ.. လူတွေက မကောင်းတဲ့ဘက်ကိုဆို ပိုထင်တတ်ကြတာ ဘယ်လို လိုက်ဖြေရှင်းလို့ရမလဲ.. ဟင်း.. သိပ်ရှက်စရာကောင်းတာပဲ..."

"အခုမှ ရှက်သလေး ဘာလေး လုပ်မနေနဲ့.. ငါနားလည်လိုက်ပြီ မင်းစကားထဲမှာကိုက ငါ့သားဟာမင်းလက်ထဲမှာ ရှိနေတယ်လို့ ဝန်ခံနေပြီမဟုတ်လား...။ သိပ်ရတာပေါ့.. ငါကပဲ ငါ့သားကို ပြန်ခေါ် နိုင်မလား မင်းကပဲချုပ်ကိုင်ထားနိုင်မလား ကြည့်ကြသေးတာပေါ့.. မင်းမြဲမြဲ မှတ်ထားရမှာတစ်ခုက ငါ့ချွေးမအဖြစ် မင်းကိုဘယ်တော့မှ အသိအမှတ် မပြုဘူးဆိုတာပဲ..."





"ဩော်... လူစီကိုတော့ ချွေးမအဖြစ် အသိအမှတ်ပြုမယ်ပေါ့။ ဒါပေမဲ့... သူက အများအမြင်မှာ ဒုတိယမယားဖြစ်ရမဲ့ လူပဲ ကျွန်မက..."

သူမ၏ စကားမဆုံးခင်တွင် တစ်ခါသာ ဆုံဖူးခဲ့သော မိန်းမချောလေးကို မြင်တွေ့ခွင့်ရလိုက်လေသည်။ ထိုမိန်းမချောလေးသည်လည်း ဒေါ်မိကွန်းလှကဲ့သို့ပင် သူမ၏ အိမ်ထဲသို့ ဝုန်းဒိုင်းကျဲ ဝင်လာသူပဲတည်း။

"အေး... ငါကလဲ အဲ့ဒီလိုအဖြစ်ခံမယ့် မိန်းမ,မဟုတ်ဘူး ဒေါ်ခင်မြကြည်.. မေမေက ဘယ်လောက်သဘောတူတူ ငါက ဘယ်တော့မှ နင့်လက်ထဲက ပြန်လာမဲ့ယောကျ်ား တစ်ယောက်ကို အောက်ကျနောက်ကျခံပြီး လက်မခံနိုင်ဘူး... မေမေ ကားမောင်းပို့ခိုင်းလို့သာ နင့်အိမ်လိုက်လာရတာ.. ငါ့သဘောနဲ့ငါဆို ဒီအိမ်အထိတောင် ပါလာစရာမလိုဘူး... နင့်အတွက် ဒီလိုအနေအထားမျိုးတွေ ပိုင်ဆိုင်တဲ့ ယောကျ်ားမျိုး ရှားချင်ရှားမယ် ငါ့အတွက်တော့ မရှားဘူးဟဲ့..."

"ဒါဆိုရင်... ကျွန်မအခန်းထဲ မလူစီ ဘာလို့ဝင်လာသလဲ ဟင် အဲဒါမသိလို့ မေးပါရစေ..."

လူစီမေအောင်သည် အံကိုတင်းကနဲကြိတ်၍ ဒေါ်ခင်မြကြည်ကို စူးစူးဝါးဝါးပင် စိုက်ကြည့်လိုက်သည်။ ကြည့်စမ်း တ်ဆံရှိ၊ ဂုဏ်သရေရှိ၊ အဆင့်အတန်းမြင့်၍ ရုပ်ရည်ချောမော



www.burmeseclassic.com

www.burmeseclassic.com



သော မိန်းမတစ်ယောက်ရဲ့ မခံချိမခံသာ ဒေါသဖြစ်တဲ့ဟန်ကလေး ကို မြင်ရတာလောက် ကျေနပ်ချင်စရာလဲမရှိ။ ဂုဏ်သရေရှိ အမျိုး သမီးကြီး၏ ယှဉ်ကြိုးမရဖြစ်စွာ နာကြည်းနေသည့်ဟန်ကို မြင်ခွင့် ရတာလည်း တော်တော့်ကို သဘောကျစရာ အနိုင်ရမှု ဒေါင်းမြကြည်သည် အင်မတန်ရိုးအေးသော မိန်းမတစ်ယောက် အဖြစ်မှသည် သူတစ်ပါးအပေါ် ဘယ်လိုနည်းနဲ့ အနိုင်ယူရမလဲ ဟူသော စိတ်ကူး၊ သူတစ်ပါးကို အနိုင်ရ,ရမှ ကျေနပ်တတ်သော စိတ်ဓါတ်နှင့် မိန်းမတစ်ယောက်ဘဝသို့ အလိုလိုပြောင်းလဲခဲ့ပြီ ဟည်း။

"ဒီမှာမေမေ... မေမေဒီအခန်းထဲမှာ ဆက်နေချင်နေပါ လှုစီတော့ သည်းမခံနိုင်တော့ဘူး... သူ့စကားတွေ တစ် ဘက်သတ်ရင့်သီးလွန်းလို့ မခံနိုင်တာနဲ့ ဝင်ဖြေရှင်းတာ မေမေ့သားကို မေမေရအောင်ခေါ် ချင်ခေါ် လှုစီတော့ သူ့ကို လက်မထပ်နိုင်တော့ဘူး...။ ဩော်... ဒေါင်းမြကြည် နင့်အခန်းထဲ ငါဘာလို့ဝင်လာရသလဲဆိုတော့ ငါ နင်စော်ကားနေတာတွေ အပြင်ကနားထောင်နေရင်း မခံ နိုင်လို့ဝင်ဖြေရှင်းတာ... နင်စောင့်ကြည့်နေ နိုင်သမိန်ယော ဟာ သူ့သဘောနဲ့သူ ဆုံးဖြတ်ပြီး သူ့အမေဆီကို နင့်အိမ် က ပြန်လာခဲ့ရင်တောင် ငါက ဘယ်တော့မှ နင်ဖြစ်စေချင် သလို ဒုတိယမိန်းမအဖြစ်ခံမယ့် အစားထဲက မဟုတ်ဘူး ဆိုတာ ထပ်ပြောထားလိုက်ဦးမယ်...။ ကဲ... မေမေ





လှုစီ သွားတော့မယ်... လူတွေဝိုင်းကြည့်တာကို လှုစီ ရှက်တယ်မေမေ။ မေမေ့ကို လှုစီမစောင့်ပဲ ထွက်သွားရင် လှုစီ့အဆိုးမဆိုနဲ့... သိပ်ရှက်စရာကောင်းတာပဲ... မေမေ ဒီလိုလုပ်လိမ့်မယ်မထင်လို့ လှုစီလိုက်ပို့မိတာ သိပ်မှား တာပဲ..."

ခွာမြင့်ဖိနပ်သံ တဒေါက်ဒေါက်မြည်အောင် လှေကားထစ်တွေကို ဆောင့်နင်းချသွားသောလှပသည့် အမျိုးသမီး ငယ်လေး၏မျက်နှာ၌ ရှက်ရွံ့ခြင်းက ကြီးစိုးနေခဲ့လေသည်။ စိတ် မကောင်းပါဘူးကွယ် ကျွန်မစိတ်ထဲမှာ ကိန်းအောင်းနေတဲ့ စိတ်ရင်းအမှန်အရဆိုရင် ရှင့်လိုအပြစ်မရှိတဲ့ မိန်းမတစ်ယောက်ကို ရန်သူမဖြစ်ချင်ပါဘူး။ အခြေအနေအရပ်ရပ်ကိုက ဒီလိုဖြစ်သွား အောင် ဖန်တီးခဲ့တာလေ။

"ငါ့သားကို ပိုင်ဆိုင်ရလို့ ငါတို့အသိုင်းအဝိုင်းထဲ ဝင်ဖို့တော့ မမျှော်မှန်းနဲ့... အခုချိန်ကစပြီး ငါ့သားကို သားအဖြစ်က စွန့်လွှတ်လိုက်ပြီ။ ရပ်သိရွာသိ လူတွေအကုန်လုံး သိအောင် ကို ရှေ့နေရှေ့ရပ်နဲ့ သတင်းစာထဲက ကြော်ငြာပစ်မယ်... မယုံရင် စောင့်ကြည့်နေလိုက်ပါ ဒေါင်းမြကြည်...။ မင်း မျှော်ကိုးတောင့်တတဲ့ ဘဝမျိုးနဲ့ မင်းနဲ့မတန်လို့ ဝေးသွား ရပါလားဆိုတာမျိုး မင်းနောင်တရသွားစေရမယ်။ အေး... ဒီလိုပဲ မိဘစကားကို နားမထောင်တဲ့ ငါ့သားလဲနောင်တ ရသွားစေရမယ်... မင်းဟာ ငါ့အချစ်ဆုံး သားကြီးကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ခွင်ထဲက ခွဲခွာသွားခဲ့တဲ့အတွက် မင်းကိုငါ တစ်သက် မကျေဘူးမှတ်...”

လှေကားတစ်လျှောက် ဆင်းသွားသော ခြေသံများ။ ပြီးတော့ အသံအားလုံး တိတ်ဆိတ်လို့သွားလေသည်။ သို့သော် ဒေါင်းမြကြည် နားနဲ့ကြားခွင့်မရသော တီးတိုးဝေဖန်သံ အတင်းပြောသံ၊ ထင်မြင်ချက်ပေးသံတွေကတော့ တစ်ရပ်ကွက်လုံး ပျံ့နှံ့နေတော့မှာ အမှန်ပဲ။ တစ်သက်လုံး အေးအေးချမ်းချမ်း နေလာခဲ့သော တူဝရီးနှစ်ယောက်၏ ဘဝမှာ ဘယ်လိုခွန်အားမျိုးနဲ့ ဒီပြဿနာတွေကို ရင်ဆိုင်ရပါ့မလဲ။

“သမီးမှားတယ်ကွယ်... ဘာဖြစ်လို့ မဟုတ်တာတွေ ပြောလိုက်ရသလဲ... အခုတော့ ပတ်ဝန်းကျင်က သို့လော သို့လောတွေ ထင်ကြေးပေးကြတော့မှာ... ဒေါ်လေးတော့ ဒီပြဿနာတွေဖြစ်လာတဲ့အတွက် တော်တော့်ကိုစိတ်ညစ်နေပြီ... ဟိုသူငယ်လေးလဲ ဘယ်များရောက်နေပြီလဲကွယ်...။ အင်း... အင်မတန် စိတ်ခံစားချက်နော်ကလိုက်ပြီး စိတ်လိုက်မာန်ပါ ဆုံးဖြတ်တဲ့သူငယ်လေးပဲ...။ သမီး ဒေါင်းမြရော ဘာထူးလဲ... မခံချင်စိတ် တစ်ခုတည်းကို ကြည့်ပြီး ကိုယ့်ကိုကိုယ်နစ်နာမယ်မှန်းလဲမသိ... စိတ်ထင်ရာတွေ စွတ်ပြောတော့တာပဲ။ ဒါနဲ့ နေပါဦး... နိုင်သမိန်ထောက တစ်ဦးတည်းသောသားမို့ သူ့အမေဒီလောက် သည်းသည်းလှုပ်နေတာလား...”





“တစ်ခါတုန်းကတော့ သူပြောဖူးပါတယ်... သူ့မှာ ညီလေး တစ်ယောက်ပဲ ရှိသတဲ့... ဒါပေမဲ့ အမေကသူ့ကို အချစ်ပိုပြီး အဖေကသူ့ညီကို အချစ်ပိုပြီး အိမ်မှာဂိုဏ်းကွဲနေတယ် ဆိုလား။ သူ့အဖေနဲ့ သူ့ညီကရော ဘယ်တော့လောက်များ ကျွန်မကို လာရန်တွေ့ကြဦးမလဲ မသိဘူး...”

“အဲဒါထားတော့... သမီးဘာလို့ ဒီလိုဖန်တီးလိုက်ရသလဲ ကွယ်...”

ဒေါင်းမြကြည်သည် လျှို့ဝှက်နက်နဲစွာ ပြုံးလိုက်သောအခါ သူမ၏ဒေါ်လေးက ထိုအပြုံး၏အဓိပ္ပါယ်ကို နားလည်လေသည်။

“ဒေါ်လေးတူမက အရင်ကဒီလိုမဟုတ်ပါဘူး... အခုမှ ဘာလို့ သူများကို အနိုင်ရချင်စိတ်၊ မခံချင်စိတ်၊ ကလဲ့စားချေချင်စိတ်တွေ ရှိလာရသလဲ... ပြောစမ်း ဒေါ်လေးကို”

“မသိဘူး ဒေါ်လေး... ကျွန်မ ဘာဖြစ်လို့ အဲ့ဒီလို ပြောင်းလဲသွားရသလဲဆိုတာ ကျွန်မကိုယ်တိုင်တောင် ကျွန်မ,မသိပါဘူး ဒေါ်လေးရယ်... ကျွန်မသိတာက ဒီလိုဖန်တီးလိုက်ရလို့ စိတ်ထဲမှာ သိပ်ကျေနပ်နေတာ တစ်ခုပဲ သိတယ်...”

မကြာသောရက်ပိုင်းအတွင်း၌ သတင်းစာထဲတွင် နိုင်သမိန်ထောအား သူ့မိဘအသိုင်းအဝိုင်းတစ်ခုလုံးက အငြေပြတ် စွန့်လွှတ်သည့်သတင်းကို တွေ့မြင်ကြရလေသည်။ အမည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီးများ၏ အမည်တွေ တသီကြီးဖြင့် ဤသို့ တခမ်းတနား ကြော်ညာခြင်းကြောင့် ဤအကြောင်းကို တစ်စွန်းတစသိကြသော ပတ်ဝန်းကျင်က ဒေါ်ခင်မြကြည်အား ပို၍ဂရုစိုက်ကြခြင်းကို ခံရလေသည်။

"အဲဒီကောင်လေးရော အခုဘယ်ရောက်နေသလဲ..."

ဟူသော မသက်သာစွာမေးသည့် မေးခွန်းပေါင်း များစွာကို အမေးခံရခြင်းမှာ သူမကိုယ်တိုင်ကိုရော ဒေါ်လေးကိုပါ အမေးခံရတာ ဖြစ်ပါသည်။

ပြီးတော့ သူမနှင့် နိုင်သမိန်ထော၏မိခင် ဒေါ်မိကွန်းလှတို့ ပြဿနာတက်ခဲ့သည်ကို ဘာတစ်ခုမှ သိခွင့်မရှိသော သီတာခင်နှင့် တင့်တင့်တို့က ထိုသတင်းကို ဖတ်မိလျှင် တအံ့တသြ သူမကို မေးမြန်းကြတာလည်း ကြုံရပါသည်။

"ကိုနိုင်သမိန်ထော သနားပါတယ်... ဘာတွေများ ပြဿနာဖြစ်လို့ သူ့မိဘတွေက အမွေပြတ်စွန့်လွှတ်တဲ့အထိ ဖြစ်သွားသလဲ မသိဘူး... သူသိပ်ဒုက္ခရောက်နေမှာပဲနော်"

ဟုသီတာခင်ကစပ်စပ်စုစုပင် တွေးတောမေးမြန်း၏။

"အဲဒါ... ကျုပ်နဲ့မှ မဆိုင်တာ ကျုပ်ဘယ်သိပ့်မလဲ..."

"ဒေါ်ခင်မြဆီလဲ မလာတာ တော်တော်ကြာသွားပြီနော်... အရင်ကဆို မနက်အလုပ်ဆင်းဆင်းချင်းတစ်ခေါက်၊ နေ့ခင်းဘက်တွေတစ်ခေါက် ကုန်တိုက်ထဲလာ... အလုပ်ဆင်းချိန်လာစောင့်နဲ့ သူမှာအလုပ်ကိုရှုပ်လို့... ဒေါ်ခင်မြကို အရှု





အမှုး ဖြစ်ပုံများ အံ့သြယူရတယ်... တကယ်..."

"ဘာလဲ... တင့်တင့်ရဲ့ ရုပ်ရည်သိပ်မလှတဲ့ သာမာန် မိန်းမတစ်ယောက်ကို သိပ်ချောမောပြီး အဆင့်အတန်း မြင့်မားတဲ့ သူဌေးသားတစ်ယောက်က အသည်းအသန် သဘောကျတာကို အံ့သြကြတာလား..."

ထိုအခါ သီတာခင်ရော တင့်တင့်ပါ ပါးစပ် ပိတ်သွားကြတော့သည်။ လူတွေက အဲ့ဒီလို သာမာန်ထက် နည်းနည်း ထူးထူးခြားခြားဖြစ်တဲ့ ကိစ္စမျိုးဆို အင်မတန်ကို အံ့သြချင်ကြတာပဲ။ ဒါတောင် သူတို့က နိုင်သမိန်ထောရဲ့အမေနဲ့ အကြီးအကျယ် ပြဿနာဖြစ်ခဲ့ကြတာကို မသိသေး။ သိများသိရင် ဘယ်လောက်တောင် ကွယ်ရာမှာ အကျယ်ချဲ့ ပြောကြမလဲမသိ။

အခုတလောမှာ အရင်ကမက်ခဲ့တဲ့ အိပ်မက်တွေလဲ မမက်တော့သလောက် နီးပါးရှိလာတာကို သတိထားမိလာသည်။ ပြီးတော့ နိုင်သမိန်ထောကလည်း အားလုံးကပြောယူရ လောက်အောင်ပင် ပျောက်ချင်းမလှ ပျောက်နေခဲ့တာလဲ အတော်ကြာခဲ့ပြီ။

သို့သော်... ထူးဆန်းတာက သူ့ကို ဒေါ်ခင်မြကြည် အမြဲမပြတ်ပင် သတိတရရှိနေခဲ့ပြီ။ တလွဲတော့ မတွေးနဲ့ရှင်။ ဒေါ်ခင်မြကြည် သတိတရရှိသည်မှာ ဒေါ်မိကွန်းလှကို တမင်အနိုင်ပိုင်း၍ သူမ၏သားကို အရယူထားသည့် သဘောမျိုး လပ်ကြဲ ပြောဆိုထားခဲ့မိသည့် အတွက်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဘယ်နေ့ဘယ်ရက်မှာ သူမဆီရောက်လာခဲ့မလဲ။ ဒါမှမဟုတ်… သူ့မိဘတွေဆီ ဝန်ချတောင်းပန်ပြီး ပြန်မလဲ အဲဒါကို သူမ,သိချင်နေသည်။ အကယ်၍ နိုင်သမိန်ထော သူမဆီရောက်လာခဲ့ရင်တော့ အကျိုးအကြောင်းတို့ကို ရှင်းပြပြီး သူမ၏ လုပ်ကြံဖန်တီးမှုများအတွက် ဝန်ခံဖို့ ဆုံးဖြတ်မိပြီးသားပင်။ သူ့ဘက်က ဘယ်လိုတုံ့ပြန်မလဲဆိုတာကိုလည်း သူမ,သိချင် နေသေးသည်။ သူ့ဆီက တုံ့ပြန်မှုမှာ သူမရယူပိုင်ဆိုင်လိုသော အနိုင်ရယူမှုများစွာ ရှိနေဖို့သေချာသလိုပင်။

ဒါမှမဟုတ်ခဲ့ပဲ သူက သူမကိုဆက်၍ မမျှော်လင့်လိုတော့ပဲ သူကြုံဆုံရသောဒုက္ခများကြောင့် မိဘတွေဆီ ဝန်ချတောင်းပန်ပြီး ပြန်သွားခဲ့မည်ဆိုလျှင် အဲဒါဟာ ဒေါင်းမြကြည်ရဲ့ အရှုံးဖြစ်သွားဖို့ သေချာနေပြီ။

ဒေါင်းမြကြည်သည် နိုင်သမိန်ထောကို သူမ,ဘက်ကသာလျှင် ရပ်တည်နေစေချင်သော ဆန္ဒပြင်းပျနေခဲ့ခြင်းမှာ ယခုအခါမှာတော့ နိုင်သမိန်ထောအပေါ် စိတ်ပြောင်း၍ ချစ်လာမိလို့လဲမဟုတ် ဒါပေမဲ့… သူ့ကို မမုန်းတော့တာတော့ သေချာသည်။ သူ့အပေါ် ချစ်လို့မရသေးသော်လည်း အရင်ကလို အလိုလိုနေရင်း မုန်းသည့်စိတ်တွေ ရှိမနေတော့ချေ။ သူမအပေါ် အချစ်ကြီးနိုင်သော သူ့ကို အံ့သြမိတာပဲရှိ၏။

နိုင်သမိန်ထောကို မမုန်းသော်လည်း သူ့မိခင်၏ အဆင့်အတန်း ခွဲခြားမှု၊ မောက်မာရင့်သီးမှု၊ သူမ၏သိက္ခာနှင့်





ကိုယ်ကျင့်တရားကို စော်ကားမှုတို့ကြောင့် နာကြည်းခဲ့ပါသ
ဒေါ်မိကွန်းလှ မလိုလားသော သူမ၏ အချစ်ဆုံးသား
ဒေါင်းမြကြည်က ပိုင်ဆိုင်ခြင်းတည်းဟူသည့် အဖြစ်မျိုးကို ဝေ
တော်ပင် တောင့်တနေခဲ့လေပြီ။

ဒေါ်မိကွန်းလှ မျှော်လင့်သည်က သူမ၏သား သ
ထံ ပြန်လာဖို့အဓိကဆိုတာ ဒေါင်းမြကြည် သိနေခဲ့၏။ ထို့ကြေ
ပင် ဒေါ်မိကွန်းလှ ပြန်ပိုင်ဆိုင်လိုသော သူမ၏သားကို သူမပြ
မပိုင်ဆိုင်စေရ။ နိုင်သမိန်ထောကို ဒေါင်းမြကြည်သာလျှင် ပို
ဆိုင်စေရမည်။ ဒေါင်းမြကြည်သည် ဒေါ်မိကွန်းလှကို အနိုင်ရ
လို့၍ နိုင်သမိန်ထောကို သူမ,စိတ်ထဲမှာ အလိုလိုနေရင်း ပိုင်ဆို
ခွင့် ရချင်လာတော့တာ ဖြစ်သည်။

ဒေါ်မိကွန်းလှ အပေါ်နိုင်ကွက်က တစ်ခုတည
သာ။ အဲဒါကတော့ နိုင်သမိန်ထောကို ဒေါင်းမြကြည်ပိုင်ဆို
ရဖို့ပဲတည်း။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်သမိန်ယော
# နှင့်
# ဒေါင်းမြကြည် တို့၏ရိုဂုံး...



စာမေးပွဲပြီးသွား၍ သူ့စိတ်တွေ လွတ်လပ်ပေါ့ပါး သွားခဲ့ပြီ။ စာမေးပွဲ ပြီးပြီးချင်း အရင်ဆုံး သတိရသည်မှာ သူမြတ်နိုးရသော သူမတစ်ယောက်ထဲကိုပဲ။ ဖေဖေ့ကိုလဲ သတိမရ။ မေမေ့ကိုလည်း သတိမရ အားလုံးကို သတိမရတော့။ မိဘအမွေပြတ် စွန့်လွှတ်ထားခံရတာကိုလည်း သတိမရတော့ချေ။

"မင်း... မျက်နှာက စိတ်မါတ်ကျပုံလဲ မတွေ့ရဘူးကွာ... ငါတို့တော့ အံ့သြစရာ..."

"ငါအစထဲက မျှော်လင့်ထားသားပဲ... ငါဒီလို ဖန်တီးရင် မေမေတို့ ဖေဖေတို့က ဒီလိုတုံ့ပြန်မှာပဲဆိုတာ မျှော်လင့်ပြီးသား။ လောကကြီးမှာငါ ဘာကိုပဲဆုံးရှုံးပါစေ ဝမ်းမနည်းဘူးကွ။ အေး... ငါဝမ်းနည်းရမဲ့အဖြစ်က တစ်ခုထဲပဲရှိတယ်... အဲဒါကတော့ ဒေါင်းမြကြည်ကို ပိုင်ဆိုင်ခွင့်ဆိုတဲ့ အရာကိုဆုံးရှုံးရမှာကိုပဲ ဝမ်းနည်းလိမ့်မယ်..."

"ယုံသွားပြီကွာ... မင်းသူ့ကို တကယ်ချစ်တယ်ဆိုတာ ငါတို့ယုံသွားပြီ... အခု Posting စာမေးပွဲလဲပြီးပြီဆိုတော့ မင်းသူ့ကို သွားတွေ့တော့မလို့ ပြင်နေပြီမဟုတ်လား... ကဲ... ကဲ သွားပါကွာ... ငါတို့လိုက်မနေတော့ပါဘူး။ မင်းကို လိုက်ပို့ပေးရမလား..."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်... ငါ ဘတ်(စ်)နဲ့သွားတာ အကျင့်ရသွားပြီ... ဒီနေ့ဆို သူနဲ့အတူတူ ဘတ်(စ်)ကားတိုးစီးပြီး လိုက်လို့ရပြီကွ..."

နိုင်ရဲက ကိုယ်ပီတိဖြစ်ရမည့် စကားတစ်ခွန်းကိုတော့ လက်ဆောင်ပေးလိုက်ပါသေးသည်။

"ငါထင်တယ်.. သူလဲဒီသတင်းကို ကြားပြီးလို့ မင်းကို သနားရင်း သနားနေမှာ... အချစ်ဆိုတာ သနားခြင်းကလဲ စတင်တတ်တယ်ဆိုလား... မင်းမှာ ကိုယ်ပိုင်ကားနဲ့ မသွားရတော့တာ မိဘစွန့်ပစ်ခံရတာတွေကို သူသနားသွားအောင် ပြောပြလိုက်သိလား..၊ သမိန်ထော..."

သို့သော် နိုင်ရဲမှာလိုက်သလို ကိုယ်ကဒေါ်ငါးမြကြည်ကို ကိုယ့်အားသနားသွားစေရန် ကိုယ့်အဖြစ်အပျက်တွေတောင် ပြောခွင့်မရခဲ့ပေ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လုံးဝမသိခဲ့ရသော မေမေနှင့် ဒေါ်ငါးမြကြည်တို့၏ ပြဿနာကို သူမက ကိုယ့်ထက်ဦးအောင် ပြောပြခဲ့၍တည်း။

ကိုယ်ရောက်သွားသောအချိန်မှာ ဒေါ်ငါးမြကြည်တို့ ပြန်ဖို့ ပြင်ဆင်နေချိန် ဖြစ်လေသည်။ စာရင်းငုံ့တွက်နေသော ဒေါ်ငါးမြကြည်၏ ကောင်တာရှေ့ရပ်လိုက်ချိန်၊ သူမကလဲ မော့ကြည့်လိုက်ချိန်၊ ကိုယ်ကလည်း မျက်စိတစ်ဖက် မှိတ်ပြလိုက်ချိန် တစ်ထပ်တည်းပင်။ အံ့သြစရာကောင်းတာက ဒီတစ်ခါ ကိုယ်မြင်တွေ့ခွင့်ရသော သူမမျက်နှာမှာ အရင်အခါများစွာမှာ





တွေ့ရလေ့ရှိသော အမူအရာမျိုးတွေ ကင်းစင်လို့ကိုး။ တစ်စုံတစ်ရာအတွက် ကျေနပ်စွာ ခပ်သဲ့သဲ့ပြုံးလိုက်ခြင်းကို ကိုယ်လက်ခံ မြင်တွေ့လိုက်ရပြီတည်း။

"ကျွန်တော်... ဒီနေ့မှ Posting စာမေးပွဲပြီးတာ။ ဒေါ်ငါးမြကြည်ဆီတောင် မရောက်တာ တော်တော်ကြာသွားပြီနော်နေကောင်းလား ဒေါ်ငါးမြကြည်..."

သူမက စာရင်းကိုင်တွက်နေရာမှ စာအုပ်နှင့် ဘော်လ်ပင်န် ကိုင်ရက်သား ထလာခဲ့သည်။ ကိုယ့်ရှေ့မျက်နှာချင်းဆိုင် တည့်တည့်ရပ်လျှင် ကိုယ်တို့နှစ်ယောက်ကြားမှာ အလယ်က မှန်ရှိုးကေ့စ်တစ်ခုသာ ခြားသောအနေအထားတွင် ဖြစ်သည်။ သူမ၏ မျက်ဝန်းများက အထူးပင် နူးညံ့နေခဲ့၏။

"ကိုနိုင်သမိန်ထော... ကျွန်မဆီလာတာ မဟုတ်လား..."

"ဟုတ်တယ်လေ.. အရင်ကလဲ ဒီကုန်တိုက်ကို ကျွန်တော် လာရခြင်း အကြောင်းရင်းက ဒေါ်ငါးမြကြည်ဆီ လာချင်လို့ပဲဟာ...၊ အထူးအဆန်း မဟုတ်ပါဘူးနော်..."

"ကဲ... ထားပါတော့ ရှင်ဘာတွေ ဖြစ်နေသလဲတော့ ကျွန်မ,မသိပါဘူး... ကျွန်မဘက်ကရော ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာ ရှင်သိသလား... အထူးသဖြင့် ရှင့်အမေနဲ့ ကျွန်မဖြစ်ခဲ့တဲ့ ပြဿနာလေ... အဲဒါရှင်သိလားဟင်..."

"ဘာရယ်... မေမေနဲ့... ဟုတ်လား။ မေမေနဲ့ ဒေါ်ငါးမြကြည် ဘာတွေဖြစ်ခဲ့လို့လဲ... ကျွန်တော် မေမေနဲ့ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်က ဆင်းလာတာ တစ်လရှိပြီ... အဲဒီလိုပဲ ဒေါင်းမြ ကြည်ဆီ ကျွန်တော့်အခက်အခဲ ပြဿနာတွေရယ်၊ စာမေးပွဲရယ်ကြောင့် မရောက်ဖြစ်တာလဲ တစ်လလောက် ရှိသွားပြီ.. ဒါကြောင့် ဒီဘက်က ဘာပြဿနာတွေ ဖြစ်ခဲ့သလဲ ဆိုတာ ကျွန်တော် လုံးဝမသိသေးပါဘူး... ပြောပြပါဦး"

"အဲဒါဆို ခဏစောင့်... ကျွန်မစာရင်းတွေ အကုန်တိုက်ပြီးရင် ပြန်လို့ရပြီ.."

"ကျွန်တော် အရင်စောင့်နေကျနေရာကပဲ စောင့်နေမယ်နော်..."

ပျော့ပျောင်းအိတွဲသော ဆံပင်များ ဝေ့ကနဲ ကျသွားအောင် ခေါင်းညိတ်ပြသောအခါ ကိုယ်ဘယ်လို ရင်ခုန်သွားမှန်းမသိ။ ကိုယ်သိနေတယ် သူမကို ဒီတစ်ခါတွေ့ရတာ ထူးကိုထူးခြားလွန်းနေပြီ။ နိုင်ရဲတို့ပြောသလိုများ ကိုယ့်ရဲ့ဒုက္ခတွေကို သံနားများ သနားနေပြီလား။ အို ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်တဲ့သူဆီက ဘယ်လိုပုံစံနဲ့ရတဲ့ ချစ်ခြင်းပဲဖြစ်ပါစေ ကိုယ့်ဘက်က သိပ်လိုလားတောင့်တနေခဲ့တာမို့ ကိုယ်ကျေနပ်မယ်။

ပလပ်စတစ်ခြင်းတောင်းကလေး ဆွဲလျှက်၊ ဆလင်းဘက် အသေးလေးကို လွယ်လျှက်၊ အလုပ်ယူနီဖောင်းကိုလဲလှယ်ပြီးပြီမို့ သူမ,ဝတ်ဆင်နေကျ ပုံစံအတိုင်း ရင်စေ့လက်တို ခါးပြတ်အကျီနှင့် လုံချည်အဲပွင့်သေးဒီဇိုင်းကလေးကို ဝတ်ဆင်လျှက်။ သူရှိရာဆီတည့်တည့် လျှောက်လာသော ဒေါင်းမြကြည်





၏ ပြောင်းလဲသော အမူအရာများကို ကိုယ်က အကောင်းဘက်ကပဲ မျှော်လင့်ပါရစေ။

"ကျွန်တော်တို့ ဘယ်နေရာမှာ စကားပြောကြမလဲ..."

"ဟင့်အင်း.. ကျွန်မ,မရွေးတတ်ပါဘူး.. ရှင်သိတဲ့ တ နေရာကိုပဲ ရှင်ရွေးပေါ့.. ကျွန်မက.. အင်း.. မှန်တ ပြောရရင် ကျွန်မက ဒီကုန်တိုက်နဲ့ အိမ်ကလွဲရင်ဘယ်တ မှ မသွားဖူးဘူးရှင့်..."

"ကဲ.. ဒါဆိုလဲ ဒီနားက လူရှင်းတဲ့ ဆိုင်တစ်ဆိုင်ပဲ သွား ကြတာပေါ့.. ကျွန်တော့်အတွက် အချိန်ဘယ်လောက်ထိ ပေးပြီး စကားပြောမယ်လို့ ဒေါင်းမြကြည် ရည်မှန်းထား သလဲ..."

"အကန့်အသတ်မရှိ.."

"ခင်ဗျာ.."

သူမသည် သူမစကားမှားသွားမှန်း သတိရသွားသည့်အလား နှုတ်ခမ်းကို လက်ဖြင့်ကွယ်၍ ပြုံးလျှက်..

"အိမ်ကို မိုးချုပ်မှပြန်မရောက်အောင် အချိန်ပေးပြီး စကားပြောလို့ရပါတယ်.. ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ပြောပြရမဲ့သူ... ကို နိုင်သမိန်ထောကနားထောင်ရမဲ့ သူပါ ကိုနိုင်သမိန်ထောကရော ဘယ်အချိန်ပြန်မလဲ..."

"ကျွန်တော် အပြင်ဆောင်တစ်ခုမှာ ငှားနေတာပါ.. ယောကျ်ားလေးဆောင်ဆိုတော့ အချိန်ကို ကန့်သတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာမျိုးတော့ မရှိပါဘူး၊ ဒါပေမဲ့ ဆယ်နာရီထက်တော့ နောက်ကျပြီးမှဝင်ရင် အဆောင်ပိုင်ရှင်က တံခါးဖွင့်မပေးဘူးဗျ..."

"ကျွန်မကလဲ ညဆယ်နာရီအထိ ရှင်နဲ့စကားပြောမဲ့ အစားထဲက မဟုတ်ပါဘူး..."

"ဟာကွာ... အထအန ကောက်ပြန်ပြီ ကျွန်တော်က ကျွန်တော့်အကြောင်း ဒေါ်ခင်မြကြည် အနည်းအကျဉ်း သိအောင် ပြောပြတာပါ။ ကဲ.. လာ ဒီဆိုင်က လူရှင်းသားပဲ... ဒီမှာပဲ ဝင်ထိုင်လိုက်ကြရအောင်နော်..."

ဆိုင်က အအေးဆိုင်ကလေးပင် ဖြစ်ပါသည်။ ကိုယ်ကပင် ဦးဆောင်လျှက် ချောင်ကျသော စားပွဲဝိုင်းကလေး တစ်ခုကို ရွေးချယ်လိုက်၏။ အအေးဆိုင် ကောင်တာမှာ ထိုင်သော အမျိုးသမီးကလေးက အသွင်အပြင်ခြားနားသော သူတို့နှစ်ယောက်ကို ငေး၍ အကဲခတ်လျှက်ရှိတာကို မြင်ရလျှင် ကိုယ်စိတ်ပျက်မိသည်။ လူတွေက ဘာသဘောလဲ သူ့ရဲ့ ရုပ်ရည် ချောမောမှုနဲ့ သူမနဲ့ သာမာန်ရုပ်ရည်ရှိမှု အသွင်အပြင်ခြားနားတာနဲ့ အထူးအဆန်းအဖြစ် ကြည့်တတ်တာကိုက ဘာသဘောလဲ။

ဒေါ်ခင်မြကြည်က စားပွဲပေါ် လက်တံတောင်ထောက်၍ လက်ဖဝါးထဲ မေးစေ့တင်လျှက် တစ်စုံတစ်ခုကို အလေးအနက်ပင် တွေးနေခဲ့လေသည်။ ပြီးမှ သူ့ဆီလက်ညှိုးညွှန်လျှက်..

"ရှင်က ရှင့်သဘောနဲ့ ရှင့်မိဘအိမ်ပေါ် ဆင်းသွားတုန်းက





ဘယ်ကို သွားမယ်ပြောခဲ့သလဲ.."

... ဟု စတင်မေးမြန်း၏။ အနီးကပ်ကြည့်ရသော သူမ၏ မျက်လုံးကလေးတွေဟာ ကိုယ့်အိပ်မက်တွေထဲမှာ ရတဲ့ ဒေါ်ခင်မဆိုတဲ့ အမျိုးသမီးရဲ့ မျက်လုံးတွေနဲ့ သိပ်တူနေကြောင်း ကိုယ်တအံ့တသြပင် သိရှိလိုက်သည်။

"ဘယ်ကိုသွားမယ်လို့ အသိပေးပြီး ဆင်းဖို့မပြောနဲ့ ဘယ်သူမှမသိအောင် ထွက်လာရတာ.. သိရင် မေမေက အကြောင်းမျိုးစုံနဲ့တားမှာ.. လူစီနဲ့လက်ထပ်ရမဲ့ ကိစ္စကိုတောင် ချက်ချင်းဖုန်းကောက်လှည့် စီစဉ်ချင် စီစဉ် ပစ်လိုက်မှာဗျ.. ဒါကြောင့် ကျွန်တော်က မေမေ့အစီအစဉ်တွေကို နည်းနည်းပါးပါးလောက်ပဲ ငြင်းပြပြီး မေမေကဒီလိုစီစဉ်တာကို နာခံသလိုမျိုး ခဏငြိမ်ပြတယ်။ ပြီးတော့ ခါတိုင်းလိုပဲ ကျောင်းသွားတဲ့ပုံစံမျိုးနဲ့ အိမ်ကအပြီးထွက်ပြီး အပြင်ဆောင်မှာ သွားနေတော့တာပေါ့.. သူတို့စိတ်ပူမှာစိုးလို့ လူစီနဲ့လက်မထပ်နိုင်တဲ့အတွက် အိမ်ကဆင်းပါတယ်ဆိုတဲ့ စာတစ်စောင်တော့ ရေးပေးခဲ့ပါတယ်။ အခုတော့ သူတို့အမွေပြတ်ကြော်ညာတာကိုလဲ ကျွန်တော်ပိုတောင် သဘောကျသေးတယ်.. ဒါမှ ကျွန်တော် သူတို့စကားကို နားထောင်စရာ၊ ငဲ့ညှာစရာ မလိုတော့ဘူးပေါ့ အင်း.. နည်းနည်းတော့ ဝမ်းနည်းတာပေါ့ဗျာ.. ဒါပေမဲ့ ကျွန်တော်က မျှော်လင့်ချက်တစ်ခုနဲ့ ကိုယ်လုပ်ချင်ရာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရတာနဲ့ပဲ ကိုယ့်ကိုကိုယ် ကျေနပ်လို့ရနေတယ်.." ထား၀"ရှင်က ဒီလိုစာတစ်ရောင်လောက်နဲ့ ရှင့်ကိစ္စကို ရှင်းသွားတော့ ပေမဲ့ ကျွန်မဘက်မှာတော့ ထိခိုက်နစ်နာစရာတွေ အများမဖေ ကြီး ကြုံခဲ့ရတယ်.."

သူမသည် အအေးခွက်ထဲမှ ပလပ်စတစ် ပိုက်တံကလေးကို ခိုးရင်း သူမျက်လုံးများထဲသို့ တည့်တည့်စိုက်ကြည့်သော်လည်း သူမ၏ စိတ်ကသူ့ဆီမှာ ရှိမနေပဲ ပျံ့လွင့်နေကြောင်း အကဲခတ်၍ ရနိုင်ပါသည်။ နေစမ်းပါဦး.. သူဒီလို အိမ်ပေါ်ကဆင်းခဲ့တာဟာ သူမမှာ ဘာတွေများ ထိခိုက်နစ်နာသွားပါလိမ့်။

"ရှင့်အမေက ကျွန်မကိုလာ စွပ်စွဲတယ်လေ.. ကျွန်မအိမ်မှာ ရှင့်ကိုလက်ခံထားပါတယ်လို့ အတပ်စွပ်စွဲတာ.. ကျွန်မအိမ်ကို ဝုန်းဒိုင်းကျဲပြီးလဲ ဝင်လာသေးတယ်.. ကျွန်မကိုလဲ သိက္ခာကျအောင် ပြောသေးတယ်.. ကျွန်မလုံးဝမသိတဲ့ ကိစ္စကို ကျွန်မကပဲ ဖန်တီးပါတယ်လို့ အတင်းအကြပ် စွပ်စွဲတော့တာပဲ.. ရှင်ကျွန်မအိမ်မှာရှိမနေပါဘူးလို့ ငြင်းတာကို မယုံဘူးဆိုပြီး အခန်းထဲကို ဝင်ရှာတော့မဲ့အထိ သူ့ဘက်ကတရားလွန်လာတယ်။ ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ ကျွန်မဘယ်လောက်သိက္ခာကျသွားသလဲ ရှင်ပဲ စဉ်းစားကြည့်.. တကယ်မဟုတ်တာတောင် အဟုတ်ထင်ကြတော့တာပေါ့.. အရင်တုန်းက ရှင်နဲ့ ကျွန်မ ဈေးထဲမှာ ပြဿနာတက်ဖူးတာရယ်.. အခုရှင့်အမေက





ဒီလို စွပ်စွဲပြီးလာရန်တွေ့တာရယ်တွေ ပေါင်းပြီး သူတို့က ကျွန်မကို အခုဆို မသိမသာရော သိသိသာသာပါ မေးကြတယ်.. သဘောက ကျွန်မနဲ့ရှင်ဟာ နှစ်ဦးသဘောတူလက်ထပ်ပြီး ရှင့်ကိုမတွေ့လို့မေးတဲ့ သဘောပဲ.. ရှင့်မိဘတွေက အမွေပြတ်ကြော်ညာတာဟာ ကျွန်မကို ရှင်လက်ထပ်လို့ သဘောမတူတာကြောင့် ဒီလိုဖြစ်တယ်လို့ ထင်ကြေးပေးကြတယ်.. ရှင့်အမေအော်ကြီးဟစ်ကျယ် စွပ်စွဲခဲ့တဲ့ ကိစ္စတစ်ခုဟာ ကျွန်မရဲ့ ဂုဏ်သိက္ခာကို ဘယ်လောက် ထိခိုက်နစ်နာခဲ့သလဲ.. ကျွန်မရဲ့ ပတ်ဝန်းကျင်ဟာ ရှင်တို့လို သူဌေးတွေနေတဲ့ သီးသန့်ပတ်ဝန်းကျင် မဟုတ်တဲ့အတွက် တစ်ယောက်အကြောင်းကို တစ်ယောက် စပ်စုကြတာသူတို့ အလေ့အထပဲ။ အခုဆိုရင် ရှင်က ကျွန်မနဲ့အတူရှိမနေတာတာ ရှင့်မိဘ အမွေပြတ်စွန့်လွှတ်လို့ ကျွန်မကပဲ မုန်းချက်နဲ့နှမ်းထွက်မကိုက်လို့ပဲ ရှင်နဲ့ စကားများပြီး ကွဲသလိုလို၊ ရှင်ပဲ နောင်တတွေရပြီး ရှင့်မိဘဆီ ပြန်သွားသလိုလိုနဲ့ သွားပုပ်လေလွင့် ပြောခံနေရတာဟာ ကျွန်မရော ကျွန်မအဒေါ်ပါ ပတ်ဝန်းကျင်မှာ ဘယ်လောက်တောင် သိက္ခာကျသွားပြီမှတ်လဲ.. ရှင့်အမေက ကိုယ့်အတ္တတစ်ခုတည်းကို ကြည့်ပြီး သူစိတ်ထင်ရာကို လုပ်ခဲ့ချိန်က ခဏလေး.."

"ဒါပေမဲ့.. အဲ့ဒီဒဏ်ကို ခံလိုက်ရတဲ့ ကျွန်မကရှင့်အမေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်ဒဏ်ရာရလိုက်တာ အမှန်ပဲ… အင်မတန့်ကို နက်နက်ရှိုင်းရှိုင်း ရလိုက်တဲ့ ဒဏ်ရာတစ်ခုပဲ။ အဲ့ဒီကိစ္စအတွက် ကျွန်မ ရှင့်အမေကို တစ်သက်မကျေဘူး… သူ့ကို သိပ်မုန်းသွားတယ်… ဒါကြောင့် ကျွန်မဘက်ကလည်း သူ မျှော်လင့်ထားတဲ့အဖြစ်မျိုး မဖြစ်စေရအောင် ပြန်ပြီး ဖန်တီးရလိမ့်မယ်… ကျွန်မက သူ့ကို တစ်သက်လုံး သူ့စိတ်တွေ တမြေ့မြေ့ဖြစ်အောင် ပြန်လုပ်ရမှ ကျေနပ်မယ် ရှင့်အမေ မျှော်လင့်တဲ့အဖြစ်က ဘာလဲရှင်သိလား… ကိုနိုင်သမိန်ထော…”

နာကြည်းမှုများဖြင့် ပြည့်နှက်နေသော မိန်းကလေး၏ ထိခိုက်ခံစားရမှုများကို ကိုယ် အင်မတန်သနားခဲ့ပြီ။ မဆင်မခြင် လျှောက်ရမ်းသော မေမေ့ကိုလဲ စိတ်ပျက်မိပြီ။ ဤအဖြစ်အပျက်များ၏ တရားခံက အဓိကသူသာလျှင် ဖြစ်ကြောင်း သူနားလည်ပါသည်။ သူ့ဘက်က သူမအပေါ် အချစ်ကြီးကာ ကိုယ်ဖြစ်ချင်တာကိုမရ၊ ရအောင် ဖန်တီးပစ်မယ်ဟု စိတ်ဆုံးဖြတ်တာ မှန်သော်လည်း မထင်မှတ်ထားခဲ့သော နောက်ဆက်တွဲ အဖြစ်အပျက်တစ်ခုက သူချစ်ရသော မိန်းကလေး၏ဘ၀ကို ပြင်းပြင်းထန်ထန် ပင် ရိုက်ခတ်နာကျင်သွားခဲ့စေလေပြီတည်း။

ဤဖြစ်ရပ်အတွက် သူ့ဘက်က သူမအတွက် ဘာတွေများ ပေးဆပ်ရမှာလိမ့်၊ ဘာပဲပေးဆပ်ရ ပေးဆပ်ရ သူမ၏ စိတ်ဒဏ်ရာအနာတရ ဖြစ်မှုပြေပျောက်သွားမည်ဆိုလျှင် သူက





ပေးဆပ်ဖို့ အဆင်သင့်ဖြစ်နေပြီဟု ဆုံးဖြတ်ချက်အလိုလိုချခဲ့ပြီး ပြီတည်း။

“မေမေမျှော်လင့်တာ ဘာလဲတော့ ကျွန်တော် မသိဘူး… ကျွန်တော်သိတာက ဒေါင်းမြကြည်ဘက်က အရမ်းနစ်နာထိခိုက်ရတဲ့အတွက် စိတ်မကောင်းဖြစ်သွားတာပဲ… အဲ့ဒီအတွက် ကျွန်တော်ဘယ်လို တောင်းပန်ရမှန်းတောင် မသိဘူး… မေမေ့အစား ကျွန်တော်တောင်းပန်ပေမဲ့ ဒေါင်းမြကြည် ကျေအေးလိမ့်မယ်လို့လဲ မမျှော်လင့်ပါဘူး… ဒါပေမဲ့ ကျွန်တော်တောင်းပန်ပါတယ်လို့တော့ ပြောချင်တယ်…”

“တစ်ခုခုရော လျော်ကြေးမပေးနိုင်ဘူးလား… ရှင်ပေးမဲ့ လျော်ကြေးဟာ ရှင့်မေမေရဲ့စိတ်တွေကို တစ်သက်လုံး တမြေ့မြေ့ဖြစ်သွားစေရမဲ့ လျော်ကြေးမျိုးပဲ… ရှင့်အမေက ထင်နေတယ် ရှင်ဟာတစ်နေ့တော့ သူ့ဆီဒူးထောက်ပြန်လာလိမ့်မယ်လို့ မျှော်လင့်နေတယ်… ကျွန်မကရှင့်အမေ မျှော်လင့်ချက်ကို မပြည့်စေချင်ဘူး…”

“ဒေါင်းမြကြည် ဘာဖြစ်စေချင်သလဲ… ကျွန်တော်မေမေ့ဆီ ပြန်မသွားနဲ့လို့ တောင်းဆိုတာလား…”

“အဲဒါအပြင် နောက်တစ်ခုကျန်သေးတယ်… ဘာလဲ ရှင်သိလား… ကိုနိုင်သမိန်ထော။ ရှင့်အမေရဲ့ ချွေးမနေရာကိုလဲ ကျွန်မရချင်သေးတယ် … သူ့ အချစ်ဆုံးသားကြီးရဲ့ ဇနီးဟာ ကျွန်မဖြစ်စေရမယ်။ ဒေါင်းမြကြည်ဆိုတဲ့

www.burmeseclassic.com



သာမာန်မိန်းမက သူ့အချစ်ဆုံးသားကြီးကို အမြဲပိုင်ဆိုင်နေခြင်းဟာ ရှင့်အမေရဲ့စိတ်ကို တမြေ့မြေ့ဖြစ်အောင် နှိပ်စက်ရတာနဲ့ အတူတူပဲလို့ ကျွန်မထင်တယ်"

"ဘယ်လို... ဘယ်လိုပြောလိုက်တယ်... ကျွန်တော့်ကို ဒေါင်းမြကြည်က လက်ထပ်မယ်လို့ ပြောတဲ့သဘောလား"

ကိုယ့်ရင်တွေ ဒိုင်းကနဲဆောင့်ခုန်သွားအောင်ပင် ဝမ်းသာသွားမိသည်။ ကိုယ်... လုံးဝမျှော်လင့်ခဲ့မိခြင်း မရှိသေးသော အဖြစ်အပျက်တစ်ခုကို ကိုယ်... တကယ်ပဲ ယုံကြည်ခွင့်ရှိရဲ့လား။

"ကျွန်တော့်အချစ်တွေကို နားလည်ယုံကြည်သွားခဲ့လို့လားဟင်... မေမေ့ကိုမုန်းတာလဲ မုန်းတာထားတော့... ဒေါင်းမြကြည်က ကျွန်တော့်ကို တကယ်ယုံကြည်သွားခဲ့လို့ ဒီလိုတုံ့ပြန်တာပါလို့ ဝန်ခံပါလား။ မေမေ့ကို မုန်းလို့ဒီလို ဆုံးဖြတ်ပါတယ်ဆိုတာကြီးနဲ့တော့ ကိုယ့်ကိုကိုယ် မညာပါနဲ့လား... ကျွန်တော့အချစ်ကိုလက်ခံလို့ လက်ထပ်ဖို့ အထိတောင် ဆုံးဖြတ်တာပါလို့ ကျွန်တော့ကိုဝန်ခံလိုက်ရင် ဘာဖြစ်သွားမှာမို့လို့လဲ... ဒေါင်းမြကြည်ရယ်... ဟင်"

သို့သော်... သူမ၏တုံ့ပြန်ချက်က ကိုယ့်မျှော်လင့်ချက်များကိုအစိတ်စိတ်မွှာမွှာဖြစ်အောင်ပင် ရိုက်ချိုးခဲ့လေသည်။ ဒေါင်းမြကြည်သည် တိတ်ဆိတ်စွာပင်ပြုံးလျှက်...

"ဟင့်အင်း... မဟုတ်ဘူး ကိုနိုင်သအိမ်ထောရဲ့... ရှင်တကိုယ့်





ကိုကိုယ်တော်တော်အထင်ကြီးတာပဲကိုး... ကျွန်မဆိုလိုတာအဲဒီသဘောမဟုတ်ဘူး... ကျွန်မထိခိုက်နစ်နာအောင်ဂုဏ်သိက္ခာညှိုးနွမ်းအောင် အသေရေဖျက်ခဲ့တဲ့ ရှင့်မေမေကို ကလဲ့စားချေချင်တဲ့သဘောလေ... ရှင့်ကို ကျွန်မတစ်သက်လုံး ပိုင်ဆိုင်ထားမယ်ဆိုရင် ဘယ်နည်းနဲ့မဆို ဒီအဖြစ်အပျက်ကို စိတ်ဆင်းရဲနေတော့မှာပဲ.. ဘာပဲဖြစ်ဖြစ် သူ့ချွေးမ, မတော်ချင်တဲ့ ဒေါင်းမြကြည်ဟာ တနည်းတဖုံ သူ့ချွေးမအဖြစ် ပတ်သက်နေရတာပဲ မဟုတ်လား ရှင့်ကိုဘယ်လောက်ပဲ သားအဖြစ်က ရှေ့နေရှေ့ရပ်နဲ့ စွန့်လွှတ်ထားပါစေ... သူ့အသိုင်းအဝိုင်းမှာ သိထားတာက ရှင်ကသူ့သား ဖြစ်မြဲဖြစ်လျှက်ပဲလေ... ဒီလိုဆွေမျိုးတော်စပ်မှုကဘယ်လိုမှ ဖျောက်ဖျက်လို့မှ မရတာ... ဒီတော့ သူ့သားရဲ့ဇနီးဟာလဲ သူဘယ်လောက်ပဲအသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ နိုယာမအရ သူ့ချွေးမ အလိုလို ဖြစ်ရတာပဲ မဟုတ်လား..."

"ကျွန်တော့်ကို ပြန်မချစ်နိုင်ပဲနဲ့ မေမေ့ကိုနိုင်ချင်တာနဲ့ လက်ထပ်တဲ့သဘောပဲလား... ဒေါင်းမြကြည်..."

"ဟုတ်တယ်... ကျွန်မ... အရင်ကရှင့်ကိုဘာကြောင့်မုန်းအမည်တပ်လို့မရတဲ့ မုန်းခြင်းမျိုးနဲ့မုန်းခဲ့ဖူးတာ အမှန်... ဒါပေမဲ့ အခုရှင့်အပေါ် ကျွန်မဘယ်လိုခံစားချက်မှ မရှိတော့ဘူးရှင့်... ရှင့်ကိုမုန်းလဲမမုန်းဘူး၊ ချစ်လဲမချစ်ဘူး...

www.burmeseclassic.com



အခုလောလောဆယ် ကျွန်မစိတ်ထဲမှာ အဖြစ်ချင်ဆုံး ဆန္ဒက ဒေါ်မိကွန်းလှဆိုတဲ့ ရှင့်အမေသိသွားအောင် ရှင်နဲ့ ကျွန်မနှစ်ဦးသဘောတူ လက်ထပ်ကြောင်း သတင်းစာထဲမှာ ကြော်ညာပြတဲ့အထိပဲ။ ကျွန်မ... ရှင့်ကိုတကယ်ပဲ ဘယ်လိုသဘောထားမှ ထားလို့မရတာလဲ အမုန်ပဲ..."

ဒေါ်ခင်မြကြည်သည် အင်မတန်မှမျက်နှာတွေ ပျက်ယွင်းလျက် ဆုံးရှုံးမှုတစ်ခုကို ပိုင်ဆိုင်ထားရသော လူတစ်ယောက်ကို ခံစားချက်မဲ့စွာ ငေးကြည့်နေမိပါသည်။

ခက်တော့ခက်သားရှင့်။ ဒေါ်ခင်မြကြည်မှာ 'အချစ်' ဆိုတဲ့အရာကို ခေါင်းထဲသွင်းထားလို့လဲမရ။ နှလုံးသားထဲမှာလဲ ရှိကိုရှိမနေခဲ့တော့ ရှင့်ကိုဘယ်လိုလုပ် ပြန်ချစ်နိုင်လိမ့်မလဲ။ ကျွန်မဟာ မလိမ်မညာလိုတဲ့ သူတစ်ယောက်မို့ ရှင့်ကိုဒီလိုအတိအလင်း ကြော်ညာပြီးမှ ကျွန်မဆန္ဒကို ဖွင့်ပြောတယ် အဲ့ဒီအတွက် ရှင် လက်ခံတာ၊ မလက်ခံတာဟာ ရှင့်အပိုင်းပဲ။

ကျွန်မကတော့ ရှင်းရှင်းပြောရရင် ကျွန်မဖြစ်စေချင်တာတွေအကုန် ဖြစ်စေချင်သည်ကွယ်။

"ဪ... ဒါ့ထက် စကားမစပ်မေးရဦးမယ်... ရှင့်မှာ အမြဲတမ်း စွဲစွဲမြဲမြဲမက်တဲ့ အိပ်မက်တစ်ခုများ ရှိနေမလားလို့..."

ဒေါ်ခင်မြကြည်သည် ရုတ်တရက်ပင် အဲ့ဒီအဖြစ်ကို ချက်ချင်းသတိရသွားလျက် ပါးစပ်က အလိုလိုမေးမိရက်သား





ဖြစ်သွားခြင်းကို မဆန်းစစ်မိခဲ့ချေ။

"မင်းဘယ်လိုလုပ်သိသလဲ... ကျွန်တော်များ ပြောပြ သလား..."

"မပြောပြပါဘူး... မေးကြည့်ချင်လို့မေးတာ..."

"အမြဲမက်တဲ့အိပ်မက် ရှိနေတာပေါ့... ဒါပေမဲ့ အခုမမ တာ တော်တော်ကြာပြီ... ဘာဖြစ်လို့မေးတာလဲ..."

"နောက်တော့ရှင်သိလာမှာပါ... ကဲ... ကျွန်မတို့ပြန်ဖြ ရင်ကောင်းမယ်နော်... သိပ်နောက်ကျသွားရင် မကောင် ဘူး..."

"ဒေါ်ခင်မြကြည်မှာ အချစ်ဆိုတာလုံးဝမရှိဘူးနော်... အချ ဆိုတဲ့အရာတစ်ခုကို ဘာဖြစ်လို့ မခံစားတတ်တာလဲ..."

နိုင်သမိန်ထော၏ ခပ်ကြောင်ကြောင်ရေရွတ်လျှ အရင်ထသွားနှင့်သော ဒေါ်ခင်မြကြည်၏နောက်သို့ထလိုက် လာ၏။ ကိုယ့်ခြေလှမ်းတွေက မျှော်လင့်ချက်မဲ့တဲ့လူရဲ့ ခြေလှမ်းတွေ ပဲ ဒေါ်ခင်မြကြည်။ ကိုယ် မျှော်လင့်တောင့်တတာက မင်းရဲ့ အချ ပဲ။ ဒါပေမယ့် မင်းဆီကရခဲ့တာကတော့ ကလဲ့စားချေလိုစိတ် တစ်ခုတည်းနဲ့ ဆုံးဖြတ်တဲ့ နိုင်သမိန်ထောဆိုတဲ့ လူတစ်ယောက် ကို ပိုင်ဆိုင်ရယူလိုမှု။ ကိုယ့်ဘဝမှာ ဒီဆန္ဒတစ်ခု ပြည့်ခွင့် မရလ ဟာ ကိုယ့်နှလုံးသားတစ်ခုလုံးကို ချေမွခံလိုက်ရတာနဲ့ အတူတူပဲ။

"ဪ... အိမ်အပြန်စကားတစ်ခွန်းတော့ ရှင့်ကိုလက် ဆောင်ပေးခဲ့ပါ့မယ်... အဲ့ဒါက ဘာလဲဆိုတော့ ရှင့်ဘက်



www.burmeseclassic.com

က ရှင်ကြိုက်သလိုဆုံးဖြတ်ပါ... ကျွန်မဘာက်က ကျွန်မဖြစ်ချင်တဲ့ဆန္ဒကို ရှင်သိအောင် ပြောပြတာပါ။ ကျွန်မက ရှင့်အမေကို နိုင်ချင်လို့ ရှင့်ကိုပိုင်ဆိုင်ချင်တယ်လို့ အတိအလင်း ဝန်ခံထားတယ်နော်... ရှင်လိုချင်တဲ့ အချစ်ဆိုတာတော့ ကျွန်မမှာ ရှိမနေတဲ့အတွက် ကျွန်မ,မပေးနိုင်တာ စိတ်မကောင်းပါဘူး..."

"ကျွန်တော်ကတော့ ဒေါင်းမြကြည်ကို သိပ်မြတ်နိုးခဲ့ရတာ..."

"အဲ့ဒါ... ရှင့်အပိုင်းလေ... ရှင့်ခံစားချက်ကို ကျွန်မ,မသိချင်ဘူး။ ကျွန်မခံစားချက်ကို ရှင်သိအောင် တမင်ပြောပြထားပြီးသား...။ ရှင့်ဘာသာ ရှင်ကြိုက်သလို ရွေးချယ်ပါ။ ရှင်ရွေးချယ်ရမှာက ရှင်သိပ်မြတ်နိုးပါတယ်... ချစ်ပါတယ်လို့ကြွေးကြော်နေတဲ့ ကျွန်မကရှင့်ကို မချစ်နိုင်မှန်းသိရက်နဲ့ လက်ထပ်မလား။ အချစ်ကို သိပ်တန်ဖိုးထားတဲ့အတွက် အချစ်မပါတဲ့ မိန်းမတစ်ယောက်ကို လက်မထပ်တော့ဖို့ပဲ ဆုံးဖြတ်မလား... အဲ့ဒီနှစ်ချက်တည်းပါပဲ..."

"ကျွန်တော့်အတွက် ရွေးချယ်မှုတဲ့လား ဒေါင်းမြကြည်ရယ်..."

ဒေါင်းမြကြည်သည် သူမ၏အနိုင်တစ်ကွက်ကို မရလိုက်မှာ စိုးရိမ်သောအတွက်ဖြင့် သူရင်ကိုထိမည့်စကားတစ်ခွန်းကိုတော့ ပြောဖြစ်အောင် ပြောခဲ့ပါသေးသည်။



"ဒါပေမဲ့... ရှင်သိပ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ရဲ့ လိုလားတောင့်တတဲ့ ဆန္ဒဟာဘာလဲဆိုတာလဲ ရှင့်ခေါင်းထဲမှာ ထည့်ထားပေးပါလို့ ကျွန်မအဲ့ဒီတစ်ခုတော့ မှာလိုက်ပါရစေနော်... ရှင့်ရဲ့ရွေးချယ်မှုဟာ ကျွန်မရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မလား၊ မဖြည့်ဆည်းပေးနိုင်မလား ဆိုတာကိုပဲ ကျွန်မ မျှော်လင့်နေလိမ့်မယ်..."

----◎----

ထိုနေ့မှစ၍ နောက်ထပ်ရက်များစွာအထိ နိုင်သမိန်ထော သည် သူ့အတွက် ဒေါင်းမြကြည်ဖန်တီးပေးခဲ့သော ရွေးချယ်မှုတစ်ခု၌ စတင်တွေဝေရတော့သည်။

သူ၏ရွေးချယ်မှုတဲ့။ နိုင်သမိန်ထော၏ ရွေးချယ်မှုတဲ့။ မိမိချစ်မြတ်နိုးရသော ချစ်သူကိုပိုင်ဆိုင်ရရုံဖြင့် သူကျေနပ်နိုင်မလား။ ထိုချစ်သူက သူ့ကိုအချစ်ဆိုသော သူတန်ဖိုးထားသည့် အရာတစ်ခုကို မပေးအပ်မှန်းသိရက်၊ သူ့မိခင်ကို ကလဲ့စားချေလို၍ သူ့ကို ဒီလိုအခွင့်အရေးတွေ ပေးမှန်းသိရက်၊ သူ့မိခင်နှင့် သူမတို့၏အတ္တပြိုင်ပွဲအတွက် သူ့ကိုအသုံးချမှန်းသိရက် ဒေါင်းမြကြည်ဆိုသည့် သူအရူးအမူးတမ်းတခဲ့ရသော မိန်းမတစ်ယောက်ကို မျက်စိမှိတ်၍ ပိုင်ဆိုင်ရရင်ပြီးရော ဟုသဘောနဲ့ သူမကိုလက်ထပ်ရမလား။

ဒါမှမဟုတ် ကိုယ့်ကိုတစ်စက်ကလေးမှမချစ်သော မိန်းမတစ်ယောက်ထံမှာ ကိုယ့်ဘဝကို မိုက်မိုက်မဲမဲ မနှစ်မြှုပ်မစ်သင့်ဘူး။ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ အမြန်အလှန်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတည်းဟူသော နားလည်မှုတစ်ခုမရှိပဲနဲ့ အိမ်ထောင်တစ်ခုကို မထူထောင်သင့်ဘူးဟူ၍ပဲ ဆုံးဖြတ်ရင်ကောင်းမလား။

သူမကို ပိုင်ဆိုင်ချင်သည်။ လက်လွှတ်ဆုံးရှုံးမခံချင်။ လောကမှာ ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ရတာလောက် ပြီးပြည့်စုံတဲ့ဘဝမရှိ။ အစကတည်းက ကိုယ့်ကိုမချစ်မှန်း သိသိကြီးနဲ့တောင် သူချစ်နေနိုင်သေးတာပဲ။ အဲ့ဒီအချက်ကိုလည်း မေ့ထားလို့မရပေ။

အလိုလားအတောင့်တဆုံးကတော့ သူမထံမှ ချစ်ခြင်းတစ်ခုတည်းပါပဲ။

သို့သော် သူပိုင်ဆိုင်ရရှိသည်မှာ သူမထံမှ အညိုးအတေးများ မကင်းသော ဆုံးဖြတ်ချက်တစ်ခု။ ထိုဆုံးဖြတ်ချက်က နိုင်သမိန်ထောဟူသော လူတစ်ယောက်အား သူမတစ်ယောက်တည်း တစ်သက်တာ ပိုင်ဆိုင်ရယူလိုခြင်းတဲ့။

သို့ပေမယ့် နောက်ဆုံးမှာတော့ နိုင်သမိန်ထောသည် ဆုံးဖြတ်ချက် (သို့မဟုတ်) ရွေးချယ်မှုတစ်ခုခုကို မဖြစ်မနေ အကောင်အထည်ဖေါ်ရတော့မှာပဲ ဖြစ်သည်။

သူ၏ ဆုံးဖြတ်ချက် (သို့မဟုတ်) ရွေးချယ်မှုမှာ သူ့အရှုံးအမှုးပင် ချစ်မြတ်နိုးခဲ့ပြီး ဖြစ်နေသော အမျိုးသမီးကလေး တစ်ယောက်အား လက်လွှတ်မခံနိုင်သည့်အဆုံးမှာ ထိုအမျိုးသမီးကို သူ့ဘဝထဲ ခေါ်သွင်းဖို့ ကျေကျေနပ်နပ် လက်ခံလိုက်ခြင်းပင် ဖြစ်ခဲ့တော့သည်။

----- ◎ -----

# ထူးဆန်းလှတဲ့ ကျိန်စာ

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ နိုင်သမိန်ထောနှင့် ဒေါင်းမြကြည်ဟူသော လူသားနှစ်ယောက်၏ ဘဝသည် ဤဘဝ၌လည်း တစ်ဦးအပေါ် တစ်ဦး ဆန့်ကျင်ဖက်ခံစားချက်ကိုယ်စီဖြင့် လက်ထပ်ဖြစ်သွား ခဲ့ကြပြီတည်း။

သူတို့နှစ်ယောက် စတင်လက်ထပ်ဖြစ်သည့် နေ့မှစ၍ သူတို့နှစ်ဦး၌ ကိုယ်စီကိုယ်ငှ ထပ်တူမက်ခဲ့ကြဖူးသော အမြဲမက်သည့် အိပ်မက်တစ်ခုက အလိုလိုပင် ပျောက်ကွယ်တာ ဘယ်တော့မှ ထပ်မမက်တော့ချေ။

နိုင်သမိန်ထောကလည်း အဲဒါကိုသတိထားမိသည်။ ဒေါင်းမြကြည်ကလည်း အဲဒါကို မမေ့မပျောက်ရှိသလို သူမ,မယုံကြည်ပဲရှိခဲ့သော တစ်ခါကကြားခဲ့ဖူးသည့် အကြောင်းအရာတစ်ရပ်ကို သံသယဖြစ်ချင်နေခဲ့သည်။ ဒါပေမဲ့ ဒေါင်းမြကြည်က တစ်နေ့နေ့မှာတော့ နိုင်သမိန်ထောအား သူမ,ကြိုတင်သိရှိထားပြီးဖြစ်သော သံသယဖြစ်ဖွယ် ဖြစ်ရပ်တစ်ခုကို ပြောပြဖို့တော့ ဆုံးဖြတ်မိသားပင်။





"ကျွန်တော်က ကိုယ်သိပ်ချစ်မြတ်နိုးရတဲ့ မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ရချင်တဲ့ ဆန္ဒလောက်လိုလားတောင့်တမိတဲ့ ဆန္ဒမရှိတော့ဘူး.. အဲဒါကြောင့်မင်းကို လက်ထပ်တာ..."

ဟု နိုင်သမိန်ထောက သူ့ဘဝသူ ကျေနပ်ကာ ဤသို့ ဝန်ခံခဲ့ပါသည်။

"အဲ့ဩစရာကောင်းတာက ကျွန်မလုံးဝချစ်ကြည်လို့မရတဲ့ ရှင့်ကို ကျွန်မ သိပ်ပိုင်ဆိုင်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေခဲ့တာတော့အမှန်ပဲ.. အဲ့ဒါကြောင့် ရှင့်ကိုကျွန်မ လက်ထပ်တာ..."

ဟု ဒေါင်းမြကြည်က သူမဘဝ သူမကျေနပ်ကာ ဤသို့ ဝန်ခံခဲ့ပါသည်။

သူတို့နှစ်ယောက်၏ ဘဝရှေ့ဆက်၍ နှစ်ယောက်အတူတူလက်တွဲကာ ဘယ်တော့မှ မခွဲမခွါရှိနေမှာကတော့ အသေအချာပဲတည်း။ အဲ့ဒါကတော့ သံသယဖြစ်ဖွယ် မရှိတော့ပြီ။ သူတို့နှစ်ယောက်ကြား၌ တည်ရှိသော လျှို့ဝှက်သော ဆက်နွယ်ပတ်သက်မှုတစ်ခုကြောင့်ပင် နိုင်သမိန်ထောနှင့် ဒေါင်းမြကြည်တို့သည် ဆန့်ကျင်ဖက်ခံစားချက်ကိုယ်စီဖြင့် တစ်ဦးဘဝကို တစ်ဦးပိုင်ဆိုင်ခွင့် ရခဲ့ခြင်းအား ကျေနပ်ခြင်းအတိဖြင့် ဘဝတစ်ခုကို နိုင်ခံ့အောင် တည်ဆောက်နေကြတော့တာ ဖြစ်သည်။

.....◎.....



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ထူးဆန်း၍ ချစ်ခြင်းဖြင့် လှပသော ကျိန်စာတစ်ခုကြောင့် ဤဘဝ၌လည်း ဆုံဆည်းပေါင်းဖက်ခွင့် ရခဲ့ကြပြီ။


ရှေ့ဆက်၍ ဘာတွေဆက်ဖြစ်ကြဦးမလဲ။

ဒေါင်းမြကြည် သိထားပြီးသည့်အတိုင်းပဲ တသွေမတိမ်း ဖြစ်ပျက်လိမ့်မလား။

ဒါမှမဟုတ် တစ်မျိုးတစ်ဖုံပဲ ဖြစ်ပျက်မလား။

အဲဒါတော့ ဘယ်သူမှ အတပ်မပြောနိုင်။

သို့သော် သေချာတာတစ်ခုကတော့ သူတို့နှစ်ယောက်သည် တစ်ဦးကတစ်ဦးကို ပိုင်ဆိုင်ခွင့်ရရှိခြင်းတည်းဟူသော အခွင့်အရေးကို ဘယ်တော့မှ လက်လွှတ်ဆုံးရှုံးခံတော့မှာ မဟုတ်ချေ။



ရှင်မိုး
(ဆေးတက္ကသိုလ်)
10:20 pm,
16th June, Sunday, 1996

စေတနာစာပေ

www.burmeseclassic.com